www.burmeseclassic.com

# မင်းကာရာလေး

ကိုယ်တိုင်သွန်းတဲ့
သက်တံရောင်စဉ်




DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# မိန်းကလေး

## ကိုယ်တိုင်သွန်းတဲ့သက်တံရောင်စဉ်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၀၀၄၇၀၁၁၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၅၀၀၁၃၁၀၂၁၂

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ–၀၄၅၀၆) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ–၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းဇေရွှေကြည်

**အတွင်းဖလင်**

ကိုဝေပါက် (Image Art Work)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ မေလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

| | |
|---|---|
| | ၈၉၅ . ၈၃ |
| မိန်းကလေး | |
| ကိုယ်တိုင်သွန်းတဲ့သက်တံရောင်စဉ် / မိန်းကလေး ။ – ရန်ကုန်၊ ဖျူးစာပေ ၊ ၂၀၁၂ ။ | |
| ၂၇၂ – စာ ၊ ၁၂ X ၁၈ စင်တီ။ | |
| (၁) ကိုယ်တိုင်သွန်းတဲ့သက်တံရောင်စဉ် | |

## အခန်း (၁)

"ဖြစ်ပါ့မလား ကြီးမေရယ်"

"ဘာလို့ မဖြစ်ရမှာလဲ ရှိုးလေး"

ရှိုးကဗျာ ဆေးထုပ်လေးဖောက်နေရာမှ ကြီးမေကို မော့ကြည့်၏။ ကြီးမေ ပေါ့ပါးစွာပြောလျှင် –

"ဟိုလေ အဲဒီအိမ်ကြီးရှင်တွေက တအားအဆင့်အတန်းခွဲတတ်ပြီး မာနခေါင်ခိုက်နေကြတာဆိုတော့လေ"

"အိုအေ သူတို့ ဘယ်လိုပဲ အဆင့်အတန်းခွဲခွဲပါအေ၊ မာနခေါင်ခိုက်ရုံမက ကောင်းကောင်ပေါ်ပဲ တက်ချိတ်နေပေ့စေ၊ သူတို့လူတန်းစားတွေ ကြီးမေတို့လက်နဲ့ ကင်းပြီးနေလို့မရဘူးလေ၊ ဒါကြောင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မလုပ်လိုတဲ့၊ မလုပ်ချင်တဲ့၊ မလုပ်တတ်တဲ့အလုပ်တွေကို ကြီးမေတို့ကို ခေါ်ပြီးခိုင်းတယ်မဟုတ်လား။ ကြီးမေတို့က ကိုယ်လုပ်တတ်တာကို လုပ်ပေးတယ်၊ အဲဒီအတွက် ထိုက်သင့်တဲ့လစာ တောင်းတယ်၊ သူတို့ကလည်း ပေးတယ်''

''ဟုတ်တော့ဟုတ်ပါတယ်ကြီးမေရယ်၊ ဒါပေမဲ့''

''ဒါပေမဲ့ ဟုတ်လား။ ဒီမှာ ကြီးမေတို့က ငွေအားမရှိလို့ လုပ်အားရင်းပြီး ဝမ်းစာရှာစားတာ၊ သူတို့က သူတို့လိုရာခိုင်းပြီးမှ လစာပေးတာ၊ အဲဒီအတွက် ဘာကိုမှတွေးတောပြီး ရှုံ့နေစရာ၊ ကြောက်နေစရာ မလိုဘူး တူမလေး''

''ရှီးက ရှုံ့တာမျိုး၊ ကြောက်တာမျိုး မဟုတ်ပါဘူးကြီးမေရယ်''

''ကဲ ဆိုပါဦး၊ ဘာကြောင့်လဲဆိုတာ''

ဆေးလုံးတွေကို ကြီးမေ လက်ခုပ်ထဲထည့်ပေးရင်း –

''ရှီးကလေ ဘယ်သူ့အရှိန်အဝါအောက်မှာမှ သိမ်သိမ်ငယ်ငယ်နဲ့ အလုပ်မလုပ်ချင်ဘူး။ တစ်ဝမ်းတစ်ခါးအတွက် ဘယ်မှာဖြစ်ဖြစ် အလုပ်ဝင်လုပ်လို့ရပါတယ်၊ မိသက်တို့နဲ့ ဖိနပ်ချုပ်တဲ့အလုပ်ရုံမှာ နေ့စားဝင်လုပ်ရင်လည်း ကြီးမေနဲ့ရှီး ထမင်းစားရမှာပဲလေ''

''ဩော် သမီးရယ် ထမင်းစားရတာချင်းအတူတူ အလုပ်ပင်ပန်းတာနဲ့ မပင်ပန်းတာ၊ အလုပ်ချိန်နည်းတာနဲ့ များတာလည်း တွက်ကြည့်ကြရမယ်လေ''





ရှီး မသိမသာလေး သက်မ,ချလေသည်။ ဒေါ်မြလေးက လက်ခုပ်ထဲက ဆေးကို ခံတွင်းထဲပက်ထည့်ရင်း ရေနဲ့မျှောချနေလို့ စကားခေတ္တရပ်လိုက်ခြင်း ဖြစ်သည်။

ဆေးသောက်လို့ပြီးမှ တူမချောကို စာနာစွာကြည့်ပြီး –

''ကြီးမေပြောတာ တူမလေးနားလည်လား့ကွယ်''

ရှီး ခေါင်းလေးကုတ်လိုက်၊ လည်ပင်းလေးပွတ်လိုက်နဲ့ တွေးဆဆလေး ဖြစ်လို့နေပါသည်။

''တူမပဲ စဉ်းစားကြည့်လေ၊ ဒေါ်လေး ''ရွှေပါရမီစံအိမ်'' မှာ ဆယ်နှစ်ကျော်ပြီ အလုပ်လုပ်ခဲ့တာ၊ အဲဒီကရတဲ့လစာကို အသားတင်စုဆောင်းနိုင်လို့ ဒီအိမ်နဲ့ခြံငယ်လေးတွေ ဝယ်နိုင်ခဲ့တယ်၊ တူမကြီးကိုလည်း ကျောင်းထားနိုင်ခဲ့တယ်မဟုတ်လား . . .၊

ကြီးမေ နေထိုင်မကောင်းဖြစ်တိုင်း နားနေဖို့ အချိန်ပေးတယ်၊ ဆေးဖိုးနဲ့ စာတ်စာဖိုးလည်း ရက်ရက်ရောရောထုတ်ပေးခဲ့လို့ ကြီးမေ အေးအေးဆေးဆေး ဆေးကုပြီး နားနေနိုင်တာလေ၊ တစ်နေ့လုပ်တစ်နေ့စား အပြင်မှာ အလုပ်လုပ်လို့ရ ပေမယ့် ခုလို နေထိုင်မကောင်းလို့ နားနေချိန်ဆိုရင် ဘာနဲ့သွားစားမလဲ၊ ဆေးကုဖို့ မခက်ပေဘူးလား၊ ဓာတ်စာဝယ်စားဖို့ အဝေးဆုံးပေါ့ တူမရယ်''

ကြီးမေ ချင့်တွက်ပြတာကလည်း ဟုတ်နေသည်။

တစ်နေ့လုပ် တစ်နေ့စား မိသက်ဘဝနဲ့စာရင် ရှီး့ကျွဘဝက



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူချောင်ပေသည်။

မိသက်ဆို ရှစ်တန်းကတည်းက ကျောင်းထွက်ပြီး မိသားစုအတွက် ဖိနပ်စက်ရုံ နေ့စားဝင်လုပ်ရသည်။

ဦးလေးက ကျပန်းအလုပ်သမား၊ ဒေါ်လေးက ခေါင်းရွက်ဟင်းရွက်သည်။ ဒီနေ့ အလုပ်မထွက်နိုင်ရင် ဒီတစ်နေ့အတွက် ဆန်ဖိုး၊ ဟင်းစားဖိုးက မလွယ်။ နေ့ပေးလေး ဘာလေး ပူထားတာရှိရင် ခက်ပြီလေ။

မိသက်မောင်လေးနှစ်ယောက်ရဲ့ ကျောင်းစရိတ်က ရှိသေးတယ်။

ဒီလိုနဲ့ မိသက်တို့မိသားစု မပြေမလည်ရပ်တည်ရကာ ဟိုအကြွေး ဒီအကြွေးလေးနဲ့ အမြဲတမ်း ပူပင်သောကနဲ့ လုံးလို့နေသည်။

ပြီးတော့ ကြီးမေလို အိမ်နဲ့ခြံမပိုင်တော့ အိမ်ငှားခကြောင့် ပိုပြီးအဆင်မပြေတာတွေ ဖြစ်တတ်သည်။

ဘာပဲဖြစ်ဖြစ် ကြီးမေက စည်းကမ်းရှိသည်။ လစာအားလုံးနီးပါး စုဆောင်းနိုင်ပါသည်။ အိမ်ကြီးရှင်တွေက ကြီးမေကို အားကိုးယုံကြည်ရတဲ့ မီးဖိုဆောင်မှူးကြီးမို့ မတွန့်တိုပါ။

လစာအပြင် ဆန်ဖိုး အဆစ်ပေးသည်။

ညနေ ကြီးမေ အိမ်ပြန်လာတဲ့အခါ သူတို့မစားချင်သော ဟင်းများ၊ မစားဖြစ်သောဟင်းများ ထည့်ပေးတတ်သည်။

ခုလို နေမကောင်းဖြစ်ရင် အနည်းဆုံး သုံးသောင်းမျိုး၊ လေး





သောင်းမျိုး ပေးတတ်သည်။ ကြီးမေက တော်ရုံလည်း နေမကောင်းမဖြစ်တတ်ပါ။

ဒီတစ်ခါ ဖြစ်သည်က အအေးမိရာက အဆုပ်ပွသည်။ ထို့မှတစ်ဆင့် ချောင်းဆိုးလာသည်။ အဲဒါကြောင့် အိမ်ကြီးရှင်က ချက်ချင်းအလုပ်အနားပေး၏။

အလုပ်အနားပေးလို့ လစာထဲက ဖြတ်မှာလည်း မပူရပါ။ လစာအပြည့်ပေးမည်။

လုံးဝကောင်းသွားမှ အလုပ်ပြန်ဆင်းဖို့ပြောကာ ကြီးမေက စေတနာပိုပြီး –

"ကျွန်မ နေမကောင်းဖြစ်လို့ နားနေတုန်း တူမလေးကို လွှတ်ပေးပါ့မယ်"

လို့ ပြောခဲ့သည်။ အိမ်ကြီးရှင်ကလည်း –

"မမြလေးလို ချက်လို့ပြုတ်လို့ တတ်ရဲ့လား"

မေးသည်။ ကြီးမေက –

"တတ်ပါတယ်ကွယ်၊ စမ်းကြည့်ပါလေ၊ မမကြီးစိတ်ကြိုက်ဖြစ်စေပါ့မယ်"

ကြွားတာမဟုတ်ပေမယ့် အတည်အကြည်ပဲ ကြီးမေပြောခဲ့သည်။

"အဲဒါဆိုလည်း မနက်ဖြန် လွှတ်ပေး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟု အိမ်ကြီးရှင်ဆိုတဲ့အတိုင်း ကြီးမေက "ရှိုး" ကို နားချနေပါသည်။ အိမ်ကြီးရှင်ရဲ့ကောင်းမှုကြောင့် ရှိုးနဲ့ကြီးမေ အကြွေးအမြီမရှိဘဲ အိမ်ပိုင်ခြံပိုင်လေးနဲ့ နေနိုင်ရတဲ့ဘဝဆိုလည်း မမှားပေ။

"အဟွတ် ဟွတ် ဟွတ်"

စကားပြောများသွားလို့ဖြစ်မယ်။ ကြီးမေ ချောင်းဆိုးလာပြန်သည်။

"ဟော ဆိုးလာပြန်ပြီ၊ ကြီးမေ ဆေးသောက်ပြီးပြီလား၊ နားပါဦး"

"အေးပါကွယ် အေးပါ"

ရင်ဘတ်ကို လက်နဲ့ဖိရင်း အသက်ဝအောင်ရှူရရှာတဲ့ ကြီးမေကို ရှိုး အသနားပိုမိကာ၊ ကြီးမေ ပြောရင်း အိပ်ရာပေါ်လှဲချသည်။ ရှိုးက ကြီးမေခါးစောင်းအထိ ချည်စောင်လေး ခြုံပေးလိုက်သည်။

"ကြီးမေ ဘာမှလျှောက်တွေးမနေပါ၊ ကြီးမေ သွားလို့ရှိုင်းရင် ရှိုးသွားရမယ်လေ"

"သာဓုပါကွယ် သာဓု သာဓု၊ ကြီးမေစကား နားထောင်တဲ့ သမီးလေး တစ်သက်လုံး စိတ်ချမ်းသာစေရမယ်ကွယ်"

ရှိုးကဗျာ သက်မပြေပြေလေးချ၏။ ကြီးမေ စိတ်ကျေနပ်သွားတာ မြင်တော့လည်း ရှိုးရင်ထဲ သောကတို့ ပါးလွှာသွားလေသည်။ ဆေးရှိန်နဲ့မို့ ကြီးမေမျက်လွှာလေး စင်းကျသွား၏။





ထိုအခါ ရှိုးကဗျာ ကြီးမေအိပ်ခန်းထဲက ခြေဖော့နင်း၍ ထွက်ခဲ့ကာ နက်ဖြန်အလုပ်စဝင်မယ့် ရွှေပါရမီစံအိမ်ရဲ့ အရှိန်အဝါ ဘယ်သို့ ရှိနေမလဲ။

လက်တွေ့ကျကျ ရင်ဆိုင်ရမှာကို ရှိုးကဗျာတွေးလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟိတ်၊ ကလင် လင် လင်"

အော်သံနဲ့ စက်ဘီးခေါင်းလောင်းသံ အနားကပ်ကြားလျှင်–

"အမေ့ ဟာ ဝင်းသိုက်၊ ဘာလဲဟာ လန့်လိုက်တာ"

ရိုးကဗျာ ရင်ဘတ်လေးဖိကာ ဝင်းသိုက်ကို မျက်စောင်းထိုးသည်။ ရိုးနား စက်ဘီးကပ်ရပ်လိုက်တဲ့ ဝင်းသိုက် ရယ်ကျဲကျဲလေးနဲ့ –

"လန့်တယ်တဲ့၊ ဟား ဟား ဟား၊ ရိုးလေး နှင့်စိတ် ပုံမှန်မဟုတ်တော့ဘူးနော်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာရယ်"

ရိုးကဗျာ ထဘီစလေးဆွဲကိုင်ကာ ရန်ဖြစ်တော့မယ့်ဟန်လေးနဲ့





ခြေကလေးဆောင့်လိုက်သည်။ ဝင်းသိုက် စက်ဘီးပေါ်ကဆင်းရင်း –

"ဟုတ်တယ်လေ ရိုးလေး၊ နင် ပုံမဟုတ်တော့ဘူးနော်၊ ခုလည်းကြည့်၊ မနက်ရှစ်နာရီ မထိုးသေးဘူး၊ ပြင်ဆင်ပြီး လမ်းထွက်ခဲ့တာ၊ ဘယ်သွားဖို့လဲ"

ထဘီပြာပွင့်လေးနဲ့ လိုက်ဖက်တဲ့ ပြောင်အင်္ကျီအသစ်ကလေးဖြင့် ယဉ်ယဉ်ကလေး အလှသွေးကြွနေသော ရိုးကဗျာကို ထက်အောက်အနှံ့ကြည့်ပြီး ဝင်းသိုက် ခနဲ့လေသည်။

ရိုးကဗျာ လက်ကိုင်အိတ်သေးသေးကို ဆုပ်ကိုင်လျက် နှုတ်ခမ်းကလေး ဆူမှုဟန်လေးနဲ့ ပြောသည်။

"အလုပ်သွားမလို့"

"ဘယ်လို၊ အလုပ် ဟုတ်လား၊ ဟား ဟား ဟား"

ဝင်းသိုက်ပြောရင်း တဟားဟားရယ်ပြန်သည်။ အဲဒီဝင်းသိုက်က အဲလိုပဲ။ ဘာမဆို ပြောပြီးရင် ဟား ဟား ဟားနဲ့ ရယ်တတ်သည်။

ခုလည်း ကြည့်ပါလား။

အလုပ်သွားမလို့ ပြောတာကို ရယ်နေတာ မဆုံးတော့ပါ။

"အို ဘာလို့ ရယ်နေတာလဲ"

"ဟား ဟား ဟား"

"ကြည့်ပါလား၊ အမြင်ကတ်စရာကြီး"

"အမယ် အမြင်ကတ်စရာကြီးတဲ့၊ နေပါဦး၊ ညည်းက



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားမယ်ဆိုတော့ ရယ်တာပေါ့"

"ဘာလဲ မယုံလို့လား"

ရိုးကဗျာ ခါးမှာ လက်ထောက်မတတ် ရန်တွေ့ချင်ဟန်မျိုးနဲ့ မေး၏။ ဝင်းသိုက် ပခုံးလေးတွန့်ကာ ဆူနွဲ့ဟန်လေးနဲ့ ချစ်စရာကောင်းနေတဲ့ ရိုးလေးမျက်နှာကို စိုက်ကြည့်ပြီး –

"ယုံစရာလားလို့ ကြီးမေက နင့်ကို အလှထားသလို မွေးထားတာလေ၊ မနိုင်းရက် မစေရက်နဲ့"

"ဟုတ်ပါတယ်၊ အခု ကြီးမေ နေမကောင်းဘူး၊ ကြီးမေ ကိုယ်စား ရိုးကသွားရမှာ"

"ဪ ဒီလိုလား"

"အဲလိုလေ၊ နားလည်ပြီလား"

"ညည်းလည်း အပြင်ထွက်ပြီး အလုပ်လုပ်ချင်နေတာနဲ့ အံကိုက်ဖြစ်သွားတာပေါ့၊ ဟုတ်လား ရိုးလေး"

"ဟုတ်တယ်၊ ရိုး အခု ကားဂိတ်သွားဖို့ ထွက်လာတာ"

"လာ ငါလိုက်ပို့မယ်"

"အေး ကောင်းသားပဲ၊ ရိုးလည်း တစ်ယောက်တည်းမို့ စိတ်က တစ်မျိုးဖြစ်နေတာ၊ ဒါနဲ့ နင် အလုပ်ပြီးပြီလား"

"ပြီးပြီပေါ့ဟ"

"ဟုတ်သား"





"လာ၊ စက်ဘီးနဲ့လိုက်ပို့မယ်"

ရပ်ထားတဲ့စက်ဘီးကို ဝင်းသိုက်ပြန်နင်းလေသည်။ ရိုးကဗျာ ကယ်ရီယာခုံပေါ် ခုန်တက်ပြီး စီးနေကျဆိုတော့ ဝင်းသိုက်နင်းတဲ့ စက်ဘီးပေါ် အလိုက်သင့်ပါသွားကာ ကားဂိတ်ရောက်တော့ အသိဆိုင်မှာ စက်ဘီးအပ်ပြီး ဝင်းသိုက်ပါ ရိုးကဗျာနောက်က ကားပေါ်တက်လိုက်လာလျှင် –

"ဟဲ့ နင်က ဘယ်လဲ"

"နင်သွားမယ့် ရွှေပါရမီစံအိမ် အရောက်ပို့ပေးမယ်လေ၊ နင့်ကို ပို့ပြီး ငါပြန်ခဲ့မယ်ပေါ့ဟ၊ ပို့ချင်းပို့ ကူးတို့ရောက်အောင်ပို့ ဆိုသလိုပေါ့ တာ"

"နင်ဟာလေ ပြောရင် ပုဆိန်ပေါက်ကြီးပဲ"

"ပုဆိန်ပေါက် ဖြစ်ဖြစ်, ဘာပေါက်ဖြစ်ဖြစ် အရောက်ပို့မယ်၊ ဒါပဲ"

ရွှေပါရမီစံအိမ်အရောက် လိုက်ပို့မယ်ဆိုတော့လည်း ရိုးကဗျာ စိတ်က အားတက်လို့သွားသည်။

"နင် ပိုက်ဆံလိုက်ကောက်ရဦးမယ်လေ"

"ရပါတယ်၊ ပြန်လာတော့ ကောက်လို့ရတယ်"

"တော်ကြာ နင့်အမေ ဆူနေပါဦးမယ် ဝင်းသိုက်ရယ်"

"အမေလား၊ ဟား ဟား ဟား၊ ဆူစရာလား၊ နင်နဲ့ဆို



www.burmeseclassic.com

www.burmeseclassic.com



ရေဲအိုးထဲ ဆင်းပြေးရင်တောင် အမေက တားမှာမဟုတ်ဘူး''

''တော်ပါ၊ အကောင်းပြောရင်းနဲ့ ဖောက်ဖောက်လာတယ်''

''ဖောက်စရာပေါ့ဟ၊ နင်က ဒီနေ့ ပိုလှနေတယ်လေ''

ထိုင်ခုံမှာ အတူတူထိုင်ရင်း နားနားကပ်လျက် ဝင်းသိုက် တိုးတိုးပြောသည်။ ရိုးကဗျာ ရှက်သွားကာ မျက်စောင်းရင့်ရင့်ထိုး၏။

''ဟား ဟား ဟား''

ဝင်းသိုက် သဘောတကျရယ်လေသည်။

ဒီတစ်ခါရယ်သည်က ပိုကြာလျက်၊ ရိုးကဗျာ မျက်စောင်းရင့်ရင့် လေးကို မျက်တောင်မခတ်တမ်းလည်း စိုက်ကြည့်၏။

''တော်ပါဟယ် နင်ကလည်း၊ သူများတွေကြည့်ကုန်ပြီ''

ဝင်းသိုက်ပခုံးစွန်းကို ခပ်ဆတ်ဆတ်ကလေး ရိုး ပုတ်၍ပြော ခါမှ ရယ်ရှိန်သတ်လေပြီး –

''နင်စိတ်ဆိုးသွားလား''

ရိုးပခုံးစွန်းကို ဖွဖွတို့ကာရင်း ဝင်းသိုက်မေး၏။ ရိုး ခေါင်းလေး ခါ၍ –

''ဟွန်း ဆိုးစရာလား၊ ငါ့ကို ရွှေပါရမီစံအိမ်အထိ လိုက်ပို့ပေး မယ်ဆိုတဲ့အတွက် ကျေးဇူးတောင်တင်သေးတယ်''

''တကယ်နော်''

''တကယ်ပေါ့ဟ''





''တကယ်ဆိုရင် ပြီးရော၊ ကြုံတဲ့အခါ ငါ့အလုပ်တွေလည်း နင် ဝိုင်းကူပေးရမယ်''

''အင်း ကူမှာပါနော်၊ နင် မုန့်တီအဖြူထည် လိုက်ပို့တဲ့ မုန့်ဟင်းခါးဆိုင်တိုင်းကို ငါလိုက်စားပေးမယ့်ဥစ္စာ''

''ကြည့်စမ်း မိရိုး၊ နင်က ဆိုင်ပေါက်စေ့ မုန့်ဟင်းခါးလိုက်စား ရင်း ကူညီမယ်ပေါ့လေ၊ ငါ ထုချလိုက်ရ''

ဝင်းသိုက် အသည်းယားစဖွယ် ပြောရင်း လက်သီးဆုပ်လေး ရွယ်သည်။

ထိုလက်သီးဆုပ်ကို ရိုးကဗျာ ဆုပ်ကိုင်ရင်းရယ်မိလေသည်။

''ခစ် ခစ် ခစ်''

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ရွှေပါရမီစံအိမ်''

လိုင်းကားပေါ်ကဆင်းပြီး ဆယ်မိနစ်လောက် လမ်းလျှောက်ဝင်ခဲ့ကြသည်နှင့် ဆိတ်ငြိမ်ရပ်ကွက်ထဲက လူကုံထံတွေနေတဲ့ တိုက်အိမ်ကြီးတွေကို ခမ်းနားစွာ တွေ့ရလေသည်။

ထိုတိုက်အိမ်ကြီးတွေထဲမှာ ရွှေပါရမီစံအိမ်က ပိုထည်ဝါသည်။

ခြံအဝင်အဝ တံခါးကြီးတစ်ခုလုံးကို မိုးပြီးချိတ်ဆွဲထားတဲ့ ရွှေပါရမီစံအိမ် ဆိုတဲ့ ဖောင်းကြွရွှေစာလုံးတွေ ဖိတ်ဖိတ်တောက်လျက်

ထိုဆိုင်းဘုတ်ကြီးမြင်ရုံနဲ့ ရိုးကဗျာ ခြေလှမ်းလေး တုံ့ခနဲဖြစ်





''အရှိန်အဝါကတော့ ဖိတ်ဖိတ်တောက်ပဲနော် ရိုးလေး''

''ဟုတ်တယ်၊ ရိုးက ဒီလောက်ထိ အရှိန်အဝါကြီးနေမယ်လို့ မထင်ဘူးဟ''

''ခြံဝမှာတင် အရှိန်အဝါက ရွှေရောင်မီးတောက်နေတယ်ဆိုတော့ စံအိမ်ထဲမှာ ဘယ်လောက်ထိ အရှိန်အဝါမီးတွေ ရဲနေမလဲမသိဘူး၊ အဟတ်စ် ကဲပါလေ ရောက်နေပြီပဲ ဝင်သွားတော့၊ လာ ဟိုမှာ လူခေါ်ဘဲလ်၊ ငါ နှိပ်လိုက်မယ်''

ဝင်းသိုက်က ပြောရင်းဆိုရင်း ရိုးကဗျာလက်ကိုဆွဲကာ ပိတ်ထားတဲ့ ပွင့်ခက်တွေနဲ့ လှကြွနေတဲ့ စတီးတံခါးကြီးရှေ့ ခေါ်သွားလေသည်။ တစ်ဆက်တည်းလည်း ဘဲလ်ကို လှမ်းနှိပ်၏။

မကြာပါဘူး လူရိပ်ပေါ်လာသည်။

အသားညိုညို နှုတ်ခမ်းမွေးဆဆနဲ့ လူလတ်ပိုင်းအရွယ်ယောကျ်ားတစ်ယောက်။ ခြံစောင့်ပဲ ထင်ပါရဲ့။

''ဘာကိစ္စရှိလဲ''

''ဒေါ်မြလေးတူမပါ၊ အလုပ်လုပ်ဖို့ လာတာပါ''

ဝင်းသိုက်ပြောတော့ ထိုလူမျက်လုံးမှာ ရင်းနှီးသွားဟန် လက်ဖြာသွားပြီး –

''သြော် လာ လာ ဝင်လာ၊ ဒီဘက်တံခါး ဖွင့်ပေးမယ်''

ထိုလူပြောရင်း တံခါးကြီးနဲ့ဘေးချင်းကပ်မှာ လူတစ်ကိုယ်စာ



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်ကျဉ်းကျဉ်းလေးဆီ သွား၏။ သွက်သွက်ကလေးပဲ ထိုတံခါ ကို ဖွင့်ပေးသည်။

“ဝင်သွားလေ”

ဝင်းသိုက်ပြောမှ ရိုးကဗျာ ခေါင်းလေးညိတ်သည်။

“ကဲ ငါသွားမယ် ရိုးလေး၊ ဒီညနေ လာကြိုပေးမယ်၊ ဟုတ် လား”

ဝင်းသိုက် ပြောရင်း လက်ပြသွားလျှင် ရိုးကဗျာ ဝမ်းနည်းသ လို၊ အားငယ်သလိုလို ဖြစ်လေသည်။

“ဝင်လာ ကလေးမ”

ထိုလူ့အသံကြားမှ ရိုးကဗျာ အသိဝင်လာသည်။

ထိုလူကြီးဖွင့်ပေးတဲ့ တံခါးပေါက်လေးကနေ ခြံထဲဝင်လိုက် ဝင်ဝင်ချင်း ကြက်သီးကလေးများ ဖြန်းခနဲ ထသွားသည့်နှယ် –

“ကလေးမ မှတ်ထားနော်၊ နောက် ဝင်ထွက်ရင် ဒီတံခါးလေ ကပဲ ဝင်ထွက်ရမယ်၊ တို့အလုပ်သမားတွေက ဟိုဘက်တံခါးမကြီးဘက် ဝင်ထွက်ခွင့်မရှိဘူး”

“ဟုတ်”

လူကြီးက ရှင်းပြသလို ပြောသည်။ ရိုး ခြံထဲရောက်သည်နှ တံခါးကို ပြန်ပိတ်သည်။

ရိုးကဗျာက ပုံစံလှတဲ့တိုက်ကြီးကို ငေးနေလျှင် –





“လာ ကလေးမ၊ တို့တွေက ခြံထောင့်ဘက်က လမ်းကလွဲ း တခြားဘယ်ကမှ သွားခွင့်မရှိဘူး။ တိုက်ရှေ့ဘက်ကို ယောင်လို့တောင် သွားရဘူး”

“ဟုတ်ကဲ့၊ ဒါဆို ရိုးက”

“လာ ဦးလိုက်ပို့ပေးမယ်”

ဦးဘသစ်က ရှေ့က ဦးဆောင်လေသည်။ ရိုးကဗျာက တိုက်ရှေ့ မျက်နှာစာက ဥယျာဉ်လိုလို၊ ကစားကွင်းလိုလို အပန်းဖြေစရာကောင်းတဲ့ နေရာမှ အကြည့်လွှဲ၏။

ခြံစည်းရိုးထောင့်ဘက်မှ ရွက်လှပန်းခုံတွေနဲ့ လမ်းကြောင်းဖော် ားတဲ့ လမ်းလေးအတိုင်း လျှောက်ဝင်ခဲ့သည်။

တိုက်ဘေးဘက်မျက်နှာစာကိုပဲ အဆင်တန်ဆာတွေနဲ့ လှနေ ည်။

စိမ်းတောက်နေတဲ့ ဆေးရောင်က မာနရိပ်တို့တောက်ပနေသည် ထင်ရမတတ် ခန့်ခန့်ထည်ထည်ရှိကာ တိုက်ဘေးနဲ့ ရိုးတို့လျှောက်နေ လမ်းကြောင်းက ပေလေးဆယ်လောက် ခြားသည်။ ထိုမြေကွက်၊ စ်ခွပန်းအိမ်တို့နဲ့ တင့်တယ်လျက်။

“ဒေါ်မြလေး ကလေးမကို ပြောထားမယ်ထင်တယ်”

“ဘာကိုလဲ ဦး”

“ဘာရယ်တော့မဟုတ်ဘူး၊ ဒီစံအိမ်မှာနေရင် စည်းကမ်း နဲ့



www.burmeseclassic.com

www.burmeseclassic.com



အမိန့်နာခံဖို့လေ''

ရှိုး သက်မ မသိမသာချရင်း –

''ဟုတ်ကဲ့ဦး''

''ကလေးမ သိနေပြီဆိုတော့ ပြဿနာမရှိလောက်ပါဘူး''

''ရှိုးကလည်း ပြဿနာမဖြစ်အောင် နေမှာပါ၊ ကြီးမေ သေချာ သင်ထားပါတယ်၊ ကိုယ်လုပ်ရမယ့်တာဝန်ကို ကျေဖို့နဲ့ အိမ်ရှင်ကြီး နိုင်တာကလွဲပြီး ကိုယ့်စိတ်နဲ့ကိုယ် ဘာမှမလုပ်ဖို့ပါ''

''ကောင်းတယ်ကွဲ့ ကောင်းတယ်၊ ဒီစံအိမ်က ဦးတို့လို အလုပ်သမားတွေအတွက် လာဘ်လာဘရွှင်တယ်ကွဲ့၊ ဒါပေမဲ့ အစစအရာရာ သူတို့စိတ်တိုင်းကျဖြစ်အောင် လုပ်ကိုင်ပေးဖို့ပဲ၊ ဟုတ်ပြီလား''

''စိတ်ချပါ ဦးရဲ့''

''ကဲ လာ၊ ဒီဘက်လာ''

ရှည်လျားတဲ့တိုက်ကြီးရဲ့ အနောက်ဘက်အဆောင်ဆီ ချိုးကွေ့ဝင်သွားသည်။ ဦးကြီးဝင်သွားတဲ့အတိုင်း ရှိုး နောက်က လိုက်ပါလာသည်။

မီးဖိုဆောင်က တိုက်ကြီးရဲ့ဘေးဘက်ကျကျ သီးခြားအဆောင်ကြီး။

ဆယ့်ငါးပေ ပေနှစ်ဆယ်ရှိတဲ့ ရှိုးတို့ရဲ့ ဝါးထရံကာ ပျဉ်ခင်းအိမ်လုံးကလေးထက် နှစ်ဆမက ကြီး၏။

တိုက်ကြီးနဲ့လျှောကားပြေပြေလေး သုံးထစ်သာခြားသည်။





မီးဖိုဆောင်ရှေ့က တိုက်နောက်ပေါက်တံခါး ပိတ်ထားသည်။

ဦးလေး တံခါး အသာခေါက်လိုက်လျှင် တံခါးချပ် ချက်ချင်း ...လာသည်။

ကြီးမေထက် ငယ်ပုံရတဲ့ အိမ်အကူအမျိုးသမီး။

''ဪ ကိုသစ် ဘာတုံး''

''ဒီမှာ မမြလေးတူမ ရောက်နေပြီ အလှ၊ ဆရာကတော်ကို ...ပြောလိုက်ဦး၊ မင်းက ကလေးမလေးကို သင်ပြစရာရှိရင် သင်ပြပေးလိုက်၊ ...ဦးဆိုတော့ တစ်ခုခုဖြစ်ရင် မကောင်းဘူး''

''စိတ်ချပါ ကိုသစ်ရဲ့၊ လာ ကလေးမ''

ဦးသစ်က ဖနီးသည်ကိုပြောပြီး စိတ်ချပြီး ထွက်သွားလေသည်။ ...က အခေါ်လှခေါ်တဲ့အတိုင်း တိုက်ထဲဝင်သည်။

ဝင်ဝင်ချင်းအခန်းက အဝတ်လှန်းထားတဲ့ အခန်းကျယ်ကြီး။ ...ကို ပန်းရင့်ရောင်ဆေးသား သုတ်ထားသည်က လင်းလင်းထင်းထင်း ...ဖြစ်လို့။

အဝတ်ချိတ်တွေနဲ့ လှန်းထားတဲ့ အဝတ်အစားတွေက ဖက်ရှင် ...ရှော့ပ်တစ်ခုနီးပါး များပြားနေပါသည်။

အဝတ်လှန်းခန်းကိုကျော်ပြီး နောက်ထပ် အခန်းနှစ်ခု လွန်ခဲ့သည်။

ပြီးမှ အခေါ်လှခေါ်သွားတဲ့ အခန်းမှာ အိမ်ကြီးရှင်မိသားစုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တိုက်ဆုံလျှင် ရင်ထဲမှာ တစ်မျိုးကြီး ခံစားရတဲ့အဖြစ်။
ရှိး ဘယ်တော့မှ မေ့နိုင်မယ် မထင်ပါဘူးကွယ်။



## အခန်း (၄)

ထမင်းစားခန်းကြီးက ကျယ်ဝန်းကာ နံရံမှာ ပန်းချီကားတွေ ချိတ်ဆွဲထားသည်မို့ အရှိန်အဝါတစ်မျိုးနဲ့ ထည်နေပါသည်။

ကျွန်းစစ်စစ်နဲ့လုပ်ထားတဲ့ ထမင်းစားပွဲနဲ့ ကုလားထိုင်က ရုပ်ရှင်နဲ့ဗီဒီယိုဇာတ်ကားတွေထဲ သူဌေးအိမ်တွေမှာ ဖတွေ့လေ့တွေ့ထရှိတဲ့ ထမင်းစားပွဲတွေနဲ့ ဘာမှမဆိုင်ပါ။

အရောင်အသွေးနဲ့ ဒီဇိုင်းကအစ လှပတောက်ပြောင်လျက်။ ထိုင်ခုံကျောမှီတွေမှာ ကိန္နရီကိန္နရာကပဟန် ရုပ်လုံးဒီဇိုင်းသစ်နှင့်၊ အရှိန်အဝါကြီးသူတို့ ထိုင်လိုက်ရုံနဲ့ တခမ်းတနား ရှိလှသည်။

နံရံထောင့်တွေမှ မတ်ရပ်ပန်းအိုးရှည်တွေထဲ အလှစိုက်ပန်းပင်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ကြီးတွေက အစစ်ဟုထင်ရတဲ့အထိ၊ စားပွဲပေါ်က အစားအသောက်တွေကလည်း အမယ်စုံ။

မနက်စာဆိုပေမယ့် စုံလင်လျက်။

စားပွဲထိပ်မှာ အိမ်ကြီးရှင် ဒေါ်ဂုဏ်ရည်သင့်ရဲ့ ယောက္ခမ ဒေါ်စောကေရီ။

ဦးမျိုးမြင့်မြင့်နဲ့ ဒေါ်ဂုဏ်ရည်သင့်က မျက်နှာချင်းဆိုင်၊ ရိုးတို့ဘက် ကျောပေးထိုင်နေတဲ့ လူရွယ်တစ်ယောက်။

အဒေါ်လှနဲ့ရိုး ထိုအခန်းထဲ ဝင်ခဲ့သည်နှင့် လူရွယ်မှလွဲ၍ အားလုံးသောမျက်လုံးတွေ ရိုးဆီရောက်လာသည်။ ရိုး ကိုယ်လေးယို့ကာ အရိုအသေပေးလိုက်၏။

"ရိုးကဗျာ ဆိုတာလား"

ဒေါ်ဂုဏ်ရည်သင့်က ချက်ချင်းကောက်မေးသည်။

"ဟုတ်ပါတယ် မမကြီး"

ရိုးက ခေါင်းညိတ်၏။ အဒေါ်လှက သွက်သွက်ကလေး ဖြေလေသည်။

ဒေါ်စောကေရီမျက်လုံးက စူးရှတောက်ပစွာ ရိုးကိုယ်ပေါ် ဖြန့်လျက်ကြည့်၏။

ဦးမျိုးမြင့်မြင့် ပါဝါမျက်မှန်နောက်မှ အကဲခတ်သလို ကြည့်ကာ၊ ထိုလူရွယ်က သူနဲ့မဆိုင်သလိုတဲ လှည့်လည်းမကြည့်ပါ။ စားစရာရှိတာပဲ





စားလို့နေသည်။

အင်းလေ၊ ရိုးက သူနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး။ ရိုးက အလုပ်သမား။

သူက အိမ်ကြီးရှင်ရဲ့ ဖူးဖူးမှုတ်ထားတဲ့ မျိုးဆက်သွေး။

"ရောက်လာပြီဆိုလည်း လုပ်ရကိုင်ရမှာတွေ သေချာပြပေးလိုက်အလှ"

"ပြပေးပါ့မယ် မမကြီး၊ လာ ရိုး"

အဒေါ်လှ ရိုကျိုးစွာပြောပြီး ရိုးကို တစ်ပါတည်းခေါ်သည်။ ရိုးလည်း အဒေါ်လှနောက် လှည့်ထွက်မလိုလုပ်တော့။

"ဟိတ် နေဦး"

"ဘုရားရေ"

ထိုခေါ်သံက ရိုးနောက်ကျောကို လာထုသည့်နှယ် အားပါလှသည်။

ရိုး ချက်ချင်းလှည့်ကြည့်တော့ စိန်ရိုက်တီးအဲရောင် လက်ခါသွားအောင် ဦးခေါင်းကိုထောင်မတ်လိုက်သော ဒေါ်စောကေရီ။

ခေါ်တဲ့နာမ်စားက ရိုးကို "ဟိတ်" တဲ့။

နေဦးလို့ ဟန့်တားတဲ့ အသံကအစ အဆင့်အတန်း ခွဲခြားရေးဆန်ဆန်။

ရိုး ကိုယ်လေးယို့မထားတော့။ ခပ်မတ်မတ်ရပ်လျက် လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် –

“ညည်းလေးကိုယ်ညည်လေး ဘာဆိုတာ သိရမယ်”

စူးရှတဲ့အကြည့်နဲ့ စိုက်ကြည့်ပြီး ဒေါ်စောကေရီ တစ်လုံးချင်း ပြောချသည်က ရှီးကို ကြိုပြီးစည်းတားထားသည့်နှယ်။

ရှီးရင်ထဲက မခံချင်စိတ်ကလေး အုံ့ကြွချင်ချင် ဖြစ်လာသည်။

“စိတ်ချပါ မယ်မယ်ကြီးရယ်၊ ရှီးက ကြီးမေကိုယ်စား လုပ်ကိုင်ပေးရုံ သက်သက်ပါ”

“ဟဲ့ အဲလို ပြန်မပြောရဘူးလေ၊ မယ်မယ့်ကို”

“ရှင်”

ဒေါ်ဂုဏ်ရည်သင့် ဖျတ်ခနဲ ဝင်ပြော၏။ ရှီး ရှင်ခနဲ မျက်လုံးလေး ဝိုင်းလျက်။

ဦးမျိုးမြင့်မြင့်နည်းတူ “သူ” လည်း ရှီးကို မနှစ်မြို့စွာ စိုက်ကြည့်၏။

“ဟုတ်တယ်လေ ရှီးကဗျာရဲ့၊ မယ်မယ့်ကို ဒီလိုပြန်မပြောရဘူး။ ရှီးကဗျာ မသိလို့ပါ မမကြီးရယ်၊ အလှ သေချာသင်ပေးပါဦးမယ်”

အဒေါ်လှ အောက်ကျခံမတတ် လေသံပျော့နဲ့ နှိပ်ချပြောသလို ရှီးကို ဟန့်လေသည်။

ဒေါ်စောကေရီမျက်လုံးက တစ်ကိုယ်လုံးညွှတ်အောင် ဆင်ထားတဲ့ စိန်ရောင်လို ဖျတ်ဖျတ်ခါလျက် –





“မိအလှ ညည်း အဲဒီဟာမလေးကို သေချာသင်ပေးထား။ မိရှီးကဗျာ နောက်တစ်ခါ ညည်း ငါ့ကိုပြန်ပြောရင် ဟောဒီစံအိမ်ထဲက ဆွဲထုတ်ခံရပြီးသာမှတ်၊ တောက်”

ရှီးခမျာ ဒေါ်စောကေရီရဲ့ဒေါသကို မျက်တောင်မခတ်တမ်း ငေးကြည့်မိသွားသည်။

“ကဲ မိရှီးကဗျာ”

“ရှင်”

ဒေါ်ဂုဏ်ရည်သင့် အသံမာနဲ့ဖိခေါ်သည်။

ဒေါ်စောကေရီဆီက ရှီးအကြည့်က ဒေါ်ဂုဏ်ရည်သင့်ဆီ ရောက်သွား၏။

“မယ်မယ်ပြောတာ ကြားတယ်နော်”

“ဟုတ်ကဲ့ပါ”

“ကဲ သွား၊ အလှ လုပ်စရာရှိတာတွေ လုပ်လိုက်”

“ဟုတ်ကဲ့ပါ မမကြီး၊ လာ ရှီး”

ဒေါ်အလှခေါ်တဲ့အတိုင်း ရှီးပါလာခဲ့သည်။ ထိုမိသားစုရှေ့မှာ နေရတာ တစ်မျိုးကြီး။

မွန်းကျပ်တာလည်းမဟုတ်၊ ခံခက်သလိုလို မနှစ်သက်ချင်သလိုလိုနဲ့။

သူတို့ပြောလို့ ရှီးပြောတာကို ပြန်ပြောတယ်လို့ မြင်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တာကြီးဟာယ်။ ရိုးဟာ ဘာလဲဆိုတာ ရိုးသိပါတယ်။

ရိုးဟာ ရွှေပါရမီစံအိမ်က မီးဖိုဆောင်အလုပ်လုပ်ရတဲ့ ကြီးမေရဲ့တူမ၊ ကြီးမေကိုယ်စား အလုပ်လုပ်ဖို့ လာတာက အဓိကရယ်။

ဒေါ်စောကေရီက မဆီမဆိုင် ပါဝါပြတာတော့ တစ်မျိုးကြီး။

တကယ့် တစ်မျိုးကြီးပါ။ ကိစ္စမရှိပါဘူး၊ ရိုးလုပ်ရမယ့်အလုပ်ရိုးလုပ်နေရုံပဲ၊ သူတို့နဲ့ တစ်နေ့လုံးမျက်နှာချင်းဆိုင်နေရတာမှ မဟုတ်တာ။

သူတို့လာစားရတဲ့ ဘဝပေးအခြေအနေဆိုတော့လည်း ဘာတတ်နိုင်မှာတဲ့လဲ။

ကြီးမေရဲ့ကျေးဇူးက ရိုးအပေါ် ကြီးလှတယ်မဟုတ်လား။

အိမ်ကြီးရှင်တွေကို တတ်နိုင်သမျှ သည်းခံပေးလိုက်ပေါ့။

ဟုတ်တယ်လေ။

✿ ✿ ✿



# အခန်း (၂)

"ဖုတ်"

"ဖုတ်"

"ဖုတ်"

အဆက်မပြတ် ကြားနေရတဲ့ တဖုတ်ဖုတ်အသံ။ ဘာသံပါလိမ့်ပေါ့။

ရိုးရင်မှာ သိချင်စိတ်ကလေးဖြစ်ကာ ခြံဝင်းထဲရှိ ရွက်ကြွေတွေကို တံမြက်စည်းနဲ့ သိမ်းလှည်းနေရာမှ အသံလာရာဘက် ခြေဦးလှည့်မိ၏။

လက်ထဲမှာလည်း မတ်ရပ်အုန်းလက်တံမြက်စည်းကိုင်လျက်၊



www.burmeseclassic.com

www.burmeseclassic.com



တဖုတ်ဖုတ်အသံက ထွက်နေဆဲ။ တိုက်ကြီးရဲ့ ညာဘက်ခြမ်းမှ အလှစိုက်ထားတဲ့ အုန်းပင်တန်းနဲ့ကွယ်လျက် ချောင်းကြည့်၏။

မျက်နှာစာဘက်ရှိ ရေကူးကန်နဲ့ မနီးမဝေးမှာ တန်းလန်းချိတ်ဆွဲထားတဲ့ သဲအိတ်ရှည်ကြီးကို လက်သီးနဲ့ အဆက်မပြတ်ထိုးနေတဲ့ မျိုးဆက်သွေး။

လက်ဝှေ့သမားတစ်ယောက်လို အချိန်အဆမှန်မှန် လက်သီးထိုးလေ့ကျင့်နေသည့် သူ့ကို ရိုး မငေးဘဲမနေနိုင် ဖြစ်ရလေပြီ။

အညိုရောင် ဇွပ်ကျယ်ချိုင်းပြတ်လေးသာ ဝတ်ထားသည်မို့ ဖုဖုထစ်ထစ်နှင့် ရှန်းကြွနေဟန်ရှိသော လက်မောင်းကြွက်သားနှင့် လက်တံရှည်များက သန်မာလျက်။

ပခုံးကျယ်ကာ ရင်အုံက ပြန့်ပြန့်ကားကားရှိ၏။ ဝမ်းဗိုက်ပြင်ရှပ်ကာ ပေါင်တံတစ်လျှောက် သွယ်ဖြောင့်ဆင်းသွားတာကအစ ကြည့်လို့ကောင်းနေသည်။

ထောင်ထောင်မောင်းမောင်းရှိတဲ့အရပ်နဲ့ မေးရိုးကားသယောင်ရှိတဲ့ မျက်နှာဟန်ကအစ ခန့်ညားနေသလို အရှိန်အဝါကြီး၏။

ဆံပင်တွေကို သာရေကွင်းပြားကြီးနဲ့ ဘီးကုပ်ပုံစံ နောက်လှန်သိမ်းထားသောကြောင့် ချွေးစို့နေတဲ့ မျက်နှာအစိတ်အပိုင်းအသီးသီးက ထင်ရှား၏။

မဟာနဖူးက ပြေပြေပြစ်ပြစ်ရှိသလို အညိုရောင်လက်နေသော





မျက်ခုံးနှစ်ဖက်က ထူထူခဲခဲမဟုတ်ပါ။

ညိုလက်ကာ ရှည်လျားပြီး အဖျားသွယ်သည်။

ဗာဒံစေ့ပုံ မျက်ဝန်းအိမ်အပေါ် ထိုမျက်ခုံးက ထင်ရှားကာ မျက်တောင်ညိုညိုလေးများဖြင့် ဘောင်ခတ်ထားသော မျက်လုံးထဲမှ မျက်ဆန်ကလည်း ညိုညို့ညို့။

နှာတံက အလယ်မှာ ကျိုးသယောင်ယောင်လေး ဖြစ်ပေမယ့် အလှပျက်မသွားပါ။

ပန်းရောင်သန်းသော သူ့အသားအရေအတိုင်း နှုတ်ခမ်းပါးစပ်လွှာက နှင်းဆီဖူးလို ပန်းသွေးရောင်လဲ့လဲ့စိုအိကာ။

နားရွက်ကားပြီး လည်တံရှည်သည်က သူ့မျက်နှာ ပို၍မော်ကြွကြွလို့နေသည်။

ရိုးထက် ဆယ်နှစ်နီးပါးကြီးပေမယ့် နုပျိုဟန်က ရိုးနဲ့မတိမ်းမယိမ်း ထင်ရ၏။

သဲအိတ်ကို တဘုန်းဘုန်းထိုးပြီး လေ့ကျင့်နေတဲ့ သူ့အမူအရာကို ရိုးသဘောကျသလိုရှိသည်။

အချိုးအဆစ်ကျပြီး ဖွံ့ဖြိုးထွားကျိုင်းတဲ့ ခန္ဓာကိုယ်နဲ့ အရပ်အမောင်းက ငြိချင်စရာပါလေ။

ဝင်းသိုက်နဲ့ကွာပါ့လို့လည်း တွေးမိကာ။

'နေလောင်အသားနဲ့ ရိုးအရပ်ထက် မသိမသာရှည်သော ဝင်း



www.burmeseclassic.com

www.burmeseclassic.com



သိုက်က သူနဲ့ယှဉ်ရပ်နေရင် ဘယ်လိုမှ လိုက်ဖက်မည်မဟုတ်ပါ။

သူက သိသိသာသာမြင့်ပြီး ဝင်းသိုက်ပုနေမှန်း သိသာနေမှာ လေ။ ဘာပဲဖြစ်ဖြစ် တဟားဟားရယ်နေလေ့ရှိတဲ့ ဝင်းသိုက်က ခင်မင်စရာ အကောင်းဆုံးဖြစ်ပါသည်။

သူကတော့ ဝင်းသိုက်နဲ့တခြားစီ။

အရှိန်အဝါကြီးသလို မာန်ဟုန်တကြွကြွနဲ့ ရှိ၏။

ဘယ်သူ့ကိုမှ အထင်အမြင်ကြီးတတ်ပုံလည်း မရပေ။ မတ မတာန် ရှုကြည့်လျှင် ကျဉ်းမြောင်းသွားတတ်တဲ့ သူ့အကြည့်တွေကအစ ဝင်းသိုက်နဲ့ တခြားစီ။

''ဟဲ့ ရှိုးလေး''

''အမေ့''

အနောက်ကနေ ပခုံးပုပ်... ...ဲ့ ဒေါ်ဒေါ်လှ။ ရှိုး လန့်ဖျပ် တုန်တက်ကာ တဖုတ်ဖုတ်အသံတွေ ရပ်သွားသည်။

ရှိုး လန့်ဖျပ်ပြီး ကမန်းကတန်း ပါးစပ်ကို လက်ဖဝါးနဲ့ ပိပိတ်ပြီး ကိုယ်ကို အုန်းပင်နဲ့ အမိအရကွယ်သည်။

''လာစမ်းပါ''

ဒေါ်ဒေါ်လှ အသံမထွက်အောင် ကျိတ်ခေါ်သည်။

သူမြင်သွားလို့လား။ ဒါမှမဟုတ် မောန္တမ်းလို့ နားလိုက်တာလား ဒါတော့ ရှိုးမသိပါ။





တိုက်နောက်ဘက်ဆီ ရောက်သွားကြမှ ဒေါ်ဒေါ်လှ ရပ်လိုက် ပြီး -

''ရှိုးရယ် ဘာလို့ သွားချောင်းနေတာလဲ''

''ဟို ဟိုလေ ချောင်း ချောင်းတာမဟုတ်ပါဘူး ဒေါ်ဒေါ်လှရဲ့ တံမြက်စည်းလှည်းနေရင်းနဲ့ ကြည့်ဖြစ်သွားတာပါ''

''အောင်မယ်လေး ကြည့်ဖြစ်သွားတာ၊ ဟုတ်လား ရှိုးလေးရယ် နောက် ဒီလိုမကြည့်ဖြစ်စေနဲ့၊ မယ်မယ်ကြီးတို့ မမကြီးတို့ သိသွားရင် ပြဿနာအကြီးကြီးတက်မှာအေ့၊ အဲဒီကောင်လေးကို ဒေါ်ဒေါ်လှတို့ ကြည့်မိသွားရင်တောင် ကြိုက်တာမဟုတ်ဘူး''

''ဘယ် ဘယ်လို သူက''

''ဟုတ်တယ်၊ သူ့ကိုကြည့်ရင် ကြိုက်တာမဟုတ်ဘူး။ မျက်မှောင် ကြီးကြုတ်ပြီး ရန်လိုသလိုလို၊ ဘာလိုလို မြှန်ကြည့်တတ်တာလေ၊ ကဲ လှည်းစရာရှိတာ မြန်မြန်လှည်း၊ လှည်းပြီးတဲ့အမှိုက်တွေကို ခြံအနောက် ဘက်ထောင့်မှာ ရှိတဲ့ အမှိုက်ကျင်းထဲ ထည့်၊ ဟုတ်ပြီလား''

ရှိုး ဒေါ်ဒေါ်လှစကားမဆုံးခင် ရှိုးခေါင်းညိတ်လိုက်ရသည်။

''ပြီးရင် လာဝိုင်းကူဦး၊ ဒေါ်ဒေါ်လှ မီးဖိုဆောင်မှာ ရှိနေမယ်၊ ညည်းလေး တံမြက်စည်းလှည်းသံ မကြားရလို့ လာထွက်ကြည့်တာ၊ ပြဿနာအိုး တုတ်နဲ့မထိုးမိစေနဲ့၊ ဒေါ်ဒေါ်လည်း လုပ်စရာရှိတာ သွား လုပ်ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်လှ တတွတ်တွတ်ပြောရင်း မီးဖိုဆောင်ဘက် ခြေဦး လှည့်၏။

ရှိုး တံမြက်စည်းရှည်ကြီးကို မြေမှာထောက်လျက် ကိုင်ထားရင်း ပခုံးစွန်းလေး မသိမသာ တွန့်မိသွားသည်။

သူက အကြည့်မခံနိုင်လောက်အောင် အဆင့်အတန်း ခွဲတတ် သည်လား။

အဟင့် ဝင်းသိုက်နဲ့ကွာပါ့လေ။

✿ ✿ ✿



## အခန်း (၆)

"ဘယ်လိုလဲ ရှိုးလေး"

"ဘာကိုလဲ"

"အလုပ်လုပ်ရတာ အဆင်ပြေလားပေါ့ဟာ"

"အမယ် မပြေစရာ ဘာအကြောင်းရှိလဲ၊ ဒေါ်ဒေါ်လှနိုင်းသမျှ လုပ်ပေးလိုက်ရုံပဲ"

"တော်သေးတာပေါ့"

"အံမယ် နင်က ဘာလဲ၊ တော်သေးတယ်ဆိုတာ"

နှစ်ယောက်သား ယှဉ်လျှောက်ကာ စကားပြောနေရင်း တန်း သန်းနှင့် ရှိုးကဗျာ ရပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသိုက်က သူ့ရဲ့မူပိုင်ဟန်အတိုင်း တဟားဟား အော်ရယ်သည်။ ရယ်ပြီးမှ ပြော၏။

"သိဘူးလေဟာ အိမ်ကြီးရှင်တွေအားလုံးကို ခြေဆုပ်လက်နယ်ပြုစုရတဲ့အထိ အလုပ်လုပ်ပေးရသလားလို့"

"ကြည့်စမ်း ကောင်စုတ်၊ ဘာခြေဆုပ်လက်နယ်လဲ"

"ဟာ ပြောလို့ရတာမှ မဟုတ်တာ"

"သေလိုက်ပါလား။ ဘယ်သူမှ ခြေဆုပ်လက်နယ်ပြုစုဖို့ သွားတာမဟုတ်ဘူး။ ကြီးမေလုပ်နေကျအလုပ်တွေ လုပ်ပေးရုံပဲ"

"နောက်တော့ မခိုင်းဘဲနေမလား"

"ခိုင်းကြည့်ပါလား အားကြီးကြီး"

ရှီးကဗျာ မနှစ်မြို့ဟန်လေးနဲ့ ဖွတ်ပြောပြီး ခြေလှမ်းကို ဆောင့်ဆောင့်အောင့်အောင့် လှမ်းကာ ကားဂိတ်ကနေ လမ်းထဲဝင်လာပြီ။ ရှီးဝန်းကျင်ကလူတွေ ရှီးနဲ့ဝင်းသိုက်ကို သတိထားမိသလို လှမ်းကြည့်ကြသည်။

ဝင်းသိုက်က အရေးစိုက်ဟန်မတူပါ။

ရှီးခြေလှမ်းကို အမီလိုက်ခဲ့ပြီး ပခုံးချင်းထိမတတ် ကပ်လျှောက်လျက်။

"ခိုင်းတာနဲ့ လုပ်ပေးမယ်ပေါ့၊ ဟုတ်လား ရှီး"

"နင်နော် ရှီးကို မနောက်နဲ့"





"ဟ ဒါ နောက်စရာလား။ ညည်းအိမ်ကြီးရှင်တွေက ဒီလောက်အဝင်ခိုက်နေတာ၊ ညည်းကို တကယ်ခိုင်းလာရင် ဘယ့်နှယ်လုပ်မလဲ၊ ငါ စိတ်ပူလို့ပြောတာ ရှီး။ ရုပ်ရှင်တွေထဲမှာ နင်ကြည့်ဖူးသားပဲ၊ အခိုင်းအစေကောင်မလေးတွေကို ဟိုခိုင်းဒီခိုင်းနဲ့ ခိုင်းမယ်၊ မက်လုံးပေးပြီး ခြေတော်တင်တာတို့ ဘာတို့တွေလေ"

"ကျွတ် ဝင်းသိုက်"

ရှီး ဒေါသထွက်ချင်လာသည်။ ဖိအော်ပစ်တော့ ဝင်းသိုက် ဟဲဟဲ ရယ်ပြန်သည်။

"ငါက စိတ်မချလို့ပါ ရှီးရယ်၊ မျိုးဆက်သွေးဆိုတဲ့တစ်ယောက် ရှိနေတယ်မဟုတ်လား"

"အွန်း"

ရှီးကဗျာ နှုတ်ခမ်းလေးမဲ့ရွဲ့ပစ်လိုက်သည်။

"နင် စိတ်မချဘူး ဟုတ်လား၊ ရှီးကဗျာ ရယ်တောင်ရယ်ချင်သေးတယ်၊ ဟင့် ဟင့်"

"ဘာလဲ၊ နင် ငါ့ကို ရွဲ့နေတာလား"

"မရွဲ့ပေါင်၊ နင် စိုးရိမ်နေတယ်ဆိုတဲ့ကိစ္စက တကယ် ရယ်စရာကြီး"

ဝင်းသိုက်နဲ့ယှဉ်လျှောက်နေလျက်နဲ့ တည်တည်လေးပဲ ရှီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းသိုက် မျက်နှာပိုးသတ်ထားရာမှ မယုံချင်သလိုနဲ့ ပြန်မေး၏

"ရယ်စရာ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"အောင်မယ်လေး၊ အဲဒီ မျိုးဆက်သွေးဆိုတဲ့ ငနဲကြီးဟာလေ သူ့ကိုကြည့်ရင်တောင် သူက ကြိုက်တော်မမူဘူးတဲ့"

"ဘယ်သူပြောလဲ"

"ဒေါ်ဒေါ်လှ"

ဝင်းသိုက် မျက်မှောင်ကုတ်ကျသွားသည်။ ပြီးတော့ အတွေး တစ်ခုလည်း ချက်ချင်းဝင်လာသည်။

"သူ့ကိုကြည့်တာ မကြိုက်ပေမယ့် သူက မကြည့်တဲ့နေမလား"

"ဟင်"

ဝင်းသိုက်မေးတာကို ရှိုး နားမလည်။ ဟင်ခနဲ ဖြစ်သွား၏ ဝင်းသိုက်က သူ့အတွေးအတိုင်း သူဆက်ပြော၏။

"ဟုတ်တယ်လေ၊ သူက နင့်ကို မကြည့်ဘဲနေမလား"

"ကြည့်စရာလား၊ ရှိုးက ကမ္ဘာကျော်နေတဲ့ ရုပ်ရှင်ရာလို အလှ တွေ တရှန်းရှန်းကြွနေတဲ့ မိန်းမချောမှမဟုတ်တာ"

"ဘာရယ်"

"ဟုတ်တယ်လေ၊ ရှိုးက ရုပ်ရှင်ရာလို အလှပဂေးမှ မဟုတ် တာ၊ ကြည့်စရာလား"

"မကြည့်ရင်တော့ ကောင်းတာပေါ့၊ ကြည့်မိလို့ကတော့"





"ကြည့်မိလို့ ဟုတ်လား၊ ကြည့်မိရင် ဘာဖြစ်သွားမလဲ"

"နင့်ရုပ်ကို အိုးမည်းသုတ်ချင်စိတ် ဖြစ်သွားမှာစိုးလို့"

"ကြည့်စမ်း၊ လူကိုပြောလိုက်တာများ ရှိုးရုပ်က အိုးမည်းသုတ် ချင်စရာလား၊ ပြောဦးဟယ် ပြောဦး"

ရှိုးကဗျာ ဒေါသနုနုလေးနဲ့ ဝင်းသိုက်ပခုံးကို အဆက်မပြတ် ထုပစ်သည်။ ဝင်းသိုက် ရယ်ချလျက် –

"ဟား ဟား ဟား၊ ပြောလို့မရဘူးလား၊ ဟိုက ရှိုးမျက်နှာကို မြင်လို့ စိတ်လှုပ်ရှားပြီး အိုးမည်းသုတ်ပစ်လိုက်ရင် ရှိုးကဗျာလေး အကျည်းတန်သွားမှာလေ၊ မဟုတ်ဘူးလား"

"နင်နော်၊ ပြောလေ ကဲလေနဲ့၊ သွား မခေါ်တော့ဘူး"

ရှိုး တကယ်စိတ်ဆိုးချင်ချင်အမူအရာနဲ့ ရှေ့က လျှောက်ထွက် ခဲ့သည်။

ဝင်းသိုက် သဘောတကျ ရယ်မဆုံးပါ။ ရယ်ရင်းလည်း ရှိုး နောက် အပြေးကလေးလိုက်လာပြီး –

"နေပါဦး ရှိုးရယ်၊ ငါ နောက်တာပါဟ"

"မနောက်နဲ့၊ ရှိုး မကြိုက်ဘူး"

"ဘွာ၊ နောက်တစ်ခါ မပြောတော့ပါဘူး၊ ငါ့ရင်ထဲမှာက နင့်ကို မျိုးဆက်သွေး ကြည့်မိသွားမှာ စိုးတယ်ဟ၊ ဘာဖြစ်လို့လဲ သိလား"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသိရင် ပြောပြမယ်"

ကြည့် ဝင်းသိုက်ဆိုတာ အဲသလို။ မပြောနဲ့ဆို ပြောမယ်နဲ့ နွတ်း ရှိုး ဒေါသနဲ့ နှုတ်ခမ်းဖိကိုက်ပြီး ကြည့်ပစ်၏။

ဝင်းသိုက် မပူဟန်လေးနဲ့ ရယ်ချကာ သူ့ ဆံပင်ကို လက်နဲ့ တစ်ချက်သရင်း ခေါ်သည်။

"ရှိုးလေး"

"မခေါ်နဲ့"

"မခေါ်ပါဘူး ပြောမလို့၊ ဒီမှာ ရှိုးကို ဘယ်သူမှမကြည့်မိဖို့ အရေးကြီးတယ်၊ အတူသဖြင့် မျိုးဆက်သွေးလေ၊ ဘာဖြစ်လို့လဲ သိလား၊ နင့်ကိုကြည့်မိသွားရင် နောက်ထပ်အခါခါ ကြည့်နေချင်စိတ် ဖြစ်အောင် ကို နင့်အလှက ဆွဲငင်အားတွေရှိနေလို့"

"ဘုရားရေ"

ရှိုး မဲ့မဲ့လေး ဘုရားတ၏။

"တော်ရုံပဲ မြှောက်ပြောပါဟယ်၊ နင့်အပြောကြောင့် ရှိုးကဗျာ ကောင်းကင်ကို ထိုးဖောက်သွားပါဦးမယ်"

"တကယ်ပြောတာဟ၊ မယုံရင် ရပ်ကွက်ထဲက ကောင်လေး တွေကို လျှောက်မေးကြည့်၊ ငါပြောသလို သူတို့ပြောကြမယ်၊ နင့်အလှက ရှာကီရာလို ဆူဆူကြွကြွအလှမဟုတ်ပေမယ့် ရှာကီရာမှာမရှိတဲ့ သိမ်သိမ် မွေ့မွေ့အလှရှိတယ်၊ နောက်ပြီး ရှာကီရာမှာမရှိတဲ့ ညှို့ရီတဲ့အလှဓာတ်





သည်း ကြွယ်တယ်၊ နင့်ကိုတစ်ခါကြည့်မိရင် ခဏခဏကြည့်နေချင်တဲ့ စိတ် ဖြစ်စေတယ်ဟ၊ တစ်နည်းပြောရရင် နင့်အလှက ငါတို့ယောက်ျား တွေရဲ့မျက်လုံးကို ခြူနိုင်တယ်ပေါ့၊ မယုံဘူးလား၊ မယုံရင် ဘယ်ဘက် ငဲ့ကြည့်လိုက်"

အဲလို ဝင်းသိုက်ပြောတဲ့စကားနောက် ဘာရယ်မဟုတ်ပါ၊ ရှိုး ကဗျာ ငဲ့ကြည့်လျှင် ကွမ်းယာဆိုင်မှာထိုင်နေကြတဲ့ ကောင်လေးတစ်သိုက် ရှိုးကို နစ်မျောစွာ ငေးကြည့်နေကြတဲ့အဖြစ်။

မျက်တောင်များလည်း မခတ်ချေ၊ အသက်မရှူနိုင်ဘဲ ရှိုးကို စူးစူးနစ်နစ်ရှာတာ။

ထိုကောင်လေးတွေရဲ့အကြည့်ကြောင့် ရှိုး ရှက်သွားပါသည်။ ပါးပြင်လေးရဲကာ နှုတ်ခမ်းလွှာလေး လှုပ်ခတ်ခတ်ဖြစ်၏။

"မြင်တယ်မဟုတ်လား၊ နင့်ကို မမြင်ဖူးကြတာ မဟုတ်ဘူး၊ မြင်လိုက်တိုင်းမကြည့်ရရင် မနေစေနိုင်ဘူး၊ ငါတို့ယောက်ျားတွေရဲ့မျက်လုံး ကို နင့်အလှက ထူးထူးခြားခြား ခြူထားနိုင်တယ့်လေ"

"ဟယ် သွား၊ အပိုတွေ လာမပြောနဲ့"

ရှိုးကဗျာ ရှက်ရှက်နဲ့ပြောကာ ဝင်းသိုက်နဲ့ဟကွ ထိုကောင်လေး တစ်သိုက်ရဲ့ မျက်လုံးတွေကို ရှောင်ထွက်ကာ ပြေးထွက်ခဲ့မိသည်။

ဟုတ်ရဲ့လားကွယ်။

ရှိုးလေးရဲ့အလှက ရှာကီရာမှာမရှိတဲ့အလှမျိုး ရှိနေသလား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယောက်ျားတွေရဲ့မျက်လုံးကို ခြုံထားနိုင်တဲ့ အလှမာတ်တွေ ယိုစီးနေသတဲ့လား။

နေနှင့်ဦးလေ။ အိမ်ရောက်ရင် ရှိုးကိုယ်ရှိုး မှန်ထောင်ကြည့်ဦးမှ။

✿ ✿ ✿



## အခန်း (၇)

"ရှိုးလေးရေ"

"ပြောပါ ဒေါ်ဒေါ်လှ"

အလုပ်တွေပြီးပြီမို့ ရှိုးကဗျာ ထိုင်နားရုံရှိသေးတယ်။ အဝတ်လျှော်စက်နဲ့ အဝတ်တွေလျှော်နေတဲ့ ဒေါ်အလှ ‡လှမ်းခေါ်သည်။

ရှိုး ထူးရင်း ထိုင်ရာမှ ထလေသည်။ ဒေါ်အလှရှိနေတဲ့ အဝတ်လျှော်ခန်းဆီ လာခဲ့၏။

"အေး နိုင်းမလို့ကွဲ့"

"နိုင်းလေ ဒေါ်ဒေါ်လှရဲ့၊ အဝတ်တွေ ကူလျှော်နိုင်းဖို့လား၊ ရတယ်လေ၊ ရှိုး အဝတ်လျှော်စက်ကိုင်တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း၊ ရိုးလေးက ခြေပေါ့လက်ပေါ့ ရှိတာပဲနော်"

"ရှိရမယ်လေ ဒေါ်ဒေါ်လှရဲ့၊ ဒါမှ အလုပ်မြန်မြန်ပြီးမှာပေါ့"

"ဟုတ်ပ၊ အလုပ်မြန်မြန်ပြီးတော့ မြန်မြန်အနားရတာပေါ့၊ နော် ရိုးလေး"

"သေချာတာပေါ့ ဒေါ်ဒေါ်လှရဲ့၊ ပေး စက်နဲ့ချုပ်ပြီးသားတွေ ချိတ်နဲ့လှန်းပေးမယ်လေ"

"ရတယ် ရိုးလေး၊ နေ နေ"

"ခုပဲ ခိုင်းမလို့ဆို"

"ဟုတ်ပါတယ်ကွယ်၊ ဒါ ခိုင်းဖို့မဟုတ်ဘူး၊ ခိုင်းစရာက တခြား ရယ်"

စက်ထဲ အခြောက်ခံပြီးတဲ့အဝတ်တွေကို ခလုတ်ပိတ်ပြီး ဒေါ်အလှ ထုတ်ယူ၏။

ဇလားထဲ တစ်ဆင့်ဆွဲထည့်ရင်း ပြောသည်။

"ဘာလဲဟင်"

"နေ့လယ်က လှန်းခိုင်းထားတဲ့ ငါးပုတ်ခြောက်နဲ့ ပုစွန်ခြောက်တွေလေ၊ အဲဒါ သွားရုပ်ပေးပါလို့"

"ဒါများ ဒေါ်ဒေါ်လှရယ်၊ ရုပ်ပေးမှာပေါ့၊ အပေါ်ဆုံးထပ် နေသာဆောင်မှာ လှန်းထားတာမဟုတ်လား"

"ဟုတ်တယ်လေ"





"ဒါဆို သွားရုပ်လိုက်မယ်"

ရိုးပြောပြီး လှည့်ထွက်ခဲ့၏။ ဒေါ်ဒေါ်လှက ကျေနပ်စွာပြုံးလျက် ကျန်ခဲ့မှာ မလွဲပေ။

ရိုးက ခိုင်းသမျှကို သွက်သွက်ကလေး လုပ်ပေးတတ်သည် မဟုတ်လား။

ခုလည်း ခိုင်းတဲ့အတိုင်း ကျွန်းလှေကားထစ်တွေနင်းပြီး အပေါ်ဆုံးထပ် အနောက်ဘက်ရှိ နေသာဆောင်ပေါ် တက်ခဲ့ရပြီ။

ညနေချိန် ဖြစ်သွားပြီမို့ နေက အေးသွားပြီး အပူတလှိုင်လှိုင်နဲ့ မဟုတ်တော့ပါ။

နေသာဆောင်ပေါ်ရှိ ခုံမြင့်တွေပေါ်လှန်းထားတဲ့ ပုစွန်ခြောက် အကောင်ကြီးတွေနဲ့ ငါးပုတ်ခြောက်တို့ရဲ့ရနံ့က မွှေးလျက်။

နေရောင်ထိထားတဲ့ ငါးပုတ်ခြောက်ကြီးက တင်းကား၊ ပုစွန် ခြောက်တွေကလည်း ကွေးကွေးကြွကြွ။

အထူးသဖြင့် ပုစွန်ခြောက်ကွေးကွေးတွေက ရိုးမျက်လုံးကို ခြူ၏။ ထို့ပြင် လျှာရည်လေးလည်း ယိုစိမ့်ထွက်လာသည်။

ရိုး ပုစွန်ခြောက်တွေဆီက မျက်လုံးခွာကာ ဟိုဘက် ဒီဘက် ကြည့်သည်။ မရှိ ဘယ်သူမှမရှိပေ။ ဘယ်သူမှမရှိဘူးဆိုတဲ့အသိနဲ့ လက် သန်းလုံးလောက်ရှိတဲ့ ပုစွန်ခြောက်အကောင်ကြီးကို ဖျတ်ခနဲ ကောက်ခဲ့၏။

ကောက်ပြီးသည်နှင့် ဒုတိယအကြိမ် ဟိုဘက် ဒီဘက် လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မရှိ။ ဘယ်သူမှ မရှိ။ ဒါ အခွင့်အရေးပဲ။

ပြီး တစ်ကောင်လုံးကို ပါးစပ်ထဲထည့်ပြီး ဝါးလိုက်သည်က အားရပါးရပင်။ မာကျစ်ပေမယ့် ပုစွန်ခြောက်အသားလေးက ချိုကာ ခံတွင်းမှာမြိန်လျက်။

ရိုး မျက်လွှာလေးချကာ ဖိမ်ခံဝါးနေလိုက်တာ အရာရာကို မေ့မတတ်ပါ။

မေ့မတတ် မဟုတ်ပါဘူး။ တကယ်ကိုမေ့ကာ ပုစွန်ခြောက်ကြီး ကို ဆွေမေ့မျိုးမေ့ ဝါးရင်း အရသာခံနေလျှင် ရိုးရဲ့မသိစိတ်က တစ်မျိုး ဖြစ်လာသည်။

ရိုးကို တစ်ယောက်ယောက်က စူးစူးစိုက်စိုက် ကြည့်နေသလို ခံစားရ၏။ ထိုခံစားသိကြောင့် ရိုး ပုစွန်ခြောက်ဝါးတာ နှေးကျသွားသည်။ ဒါတင်မက မျက်လွှာမှေးချထားတာ ပြန်ကြွတက်လာသည်။

မျက်တောင်တစ်ချက်နှစ်ချက် ဖျတ်ခတ်ရင်း မလုံတဲ့စိတ်နဲ့ အပေါ်စီးမှမြင်နေတဲ့ တိုက်ဝန်းကျင်အနှံ့ လိုက်ကြည့်သည်။

တိုက်ကြီးရဲ့ ညာဘက်ဘေးရှိ လေသာဆောင်ဆီ ရိုးမျက်စိ ရောက်သွားလျှင် –

"ဟင်"

ပုစွန်ခြောက်ဝါးနေတဲ့ ရိုးနှုတ်ခမ်းလေး မလှုပ်ရှားနိုင်တော့ပါ။ နှုတ်ခမ်းလေး ဟလျက်သားနဲ့ အသက်မဲ့သလို ဖြစ်ကာ။





မဖြစ်ခံနိုင်ရိုးလား။

ဘယ်သူမှ မရှိဘူး၊ မမြင်ဘူးဆိုတဲ့အသိနဲ့ ခိုးစားမိပါတယ်။ ဆက်ပူးလက်ကြပ်မိတဲ့အဖြစ်။

မိတဲ့သူက တခြားသူဆို တော်သေး။ ခုတော့ "မျိုးဆက်သွေး" ကိုယ်တိုင်။

ညိုလဲ့စိမ်းမှောင်ရီနေတဲ့ သူ့မျက်ဝန်းဟာ သူခိုးမလို့ စွပ်စွဲတဲ့ အကြည့်စူးနဲ့ လက်နှစ်ဖက်ပါ ခါးထောက်လျက်။

မျိုးဆက်သွေးအကြည့်ကြောင့် ရိုးအမူအရာလေး ပျာယာခတ် ခတ် ဖြစ်လေသည်။

ပါးစပ်ထဲက ဝါးရင်းတန်းလန်းဖြစ်နေတဲ့ ပုစွန်ခြောက်ကို ဆက် ပေးရဲတော့ပါ။

လက်ခုပ်ထဲ ပြွန်ထွေးထုတ်ကာ အပြင်ဘက် လွှင့်ပစ်လိုက်တဲ့ အမူအရာနောက်မှာ သူ့အကြည့် ရုပ်သိမ်းသွားသည်။ တစ်ပါတည်းပင် လေသာဆောင်ပေါ်မှ ဆင်းသွားတဲ့ မျိုးဆက်သွေး။

ရပ်နေတဲ့ ရိုး ခြေနှစ်ဖက်တုန်လာသည်၊ ရိုးရင်ထဲမှာလည်း ဘာလို့ ဒီပုစွန်ခြောက်ကို ကောက်ဝါးမိပါလိမ့်၊ မဝါးမိရင် အကောင်းသား။ သွားရင်း နောင်တလည်းရကာ ပြဿနာတော့တက်ပြီဆိုတာ ရိုး အလိုအ လျောက် သိလေသည်။

ဒီပုစွန်ခြောက်က မျိုးဆက်သွေးစားဖို့ ရှယ်ရွေးဝယ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ပုစွန်ခြောက်ကို ခပ်ပွပွဖြစ်အောင်ထောင်းထုပြီး မြေပဲဆီဆမ်း ကြက်သွန်နီ ပါးပါးလေးလှီး၊ ကြက်သွန်ဖြူနှစ်မွှာစိတ်ထည့်၊ ပြီးရင် ငရုတ်ကောင်း မှုန့်လေးဖြူးပြီး သုပ်ထားတဲ့ ပုစွန်ခြောက်သုပ်။

ဒါမှမဟုတ် ပုစွန်ခြောက် မပါမဖြစ် ဟင်းပွဲပြင်ပေးရတဲ့ သူ့အကြိုက် စားစရာ။

သူ့အစာကို ရိုးက မတူမတန် ခိုးစားမိတဲ့အဖြစ်။

ဒီပြဿနာ ဘယ်လောက်ကြီးထွားစေမလဲ။ ရိုးကဗျာ မတွေးတော့ပါ။

ပုစွန်ခြောက်လှန်းထားတဲ့ စတီးဗန်းဝိုင်းနဲ့ ငါးပုတ်ခြောက်ထည့်လှန်းထားတဲ့ ဗန်းနှစ်ဗန်းကို ထပ်ကိုင်ပင့်မကာ စားဖိုဆောင်ကို ဆင်းခဲ့ရသော်လည်း ရိုးရင်ထဲ မီးလိုပူလောင်လျက်။

"ကြာလိုက်တာ ရိုးရေ"

ဒေါ်ဒေါ် ဆီးပြောသော်လည်း ရိုး ဘာမှပြန်မပြောမိ။ မျက်နှာမကောင်းဖြစ်နေတဲ့ ရိုးကို ဒေါ်ဒေါ်လှ စိုက်ကြည့်၏။

"ရိုးလေးရယ်၊ ဒေါ်ဒေါ်လှ ဆူတာမဟုတ်ပါဘူး၊ ကြာနေလို့ စိတ်ပူနေတာ၊ ခုပဲ နေသာဆောင်လိုက်တက်လာမလို့"

ရိုး မသိမသာ သက်မချ၏။

ဒေါ်ဒေါ်လှ ဆူတာမဟုတ်မှန်း သိပါသည်။ ရိုး ရင်ထဲပူနေလို့ မျက်နှာပျက်နေတာ ဒေါ်ဒေါ်လှ မရိပ်မိလို့ပါ။





ရိုး ဘာမှ ပြန်မပြောပါ။

"ပုလင်းထဲ ထည့်လိုက်တော့မယ် ဒေါ်ဒေါ်လှ"

"အေး အေး သေချာထည့်၊ ငါးပုတ်ခြောက်ကို လက်တစ်ဝါးလောက် ခုတ်ပြီးမှ ပုလင်းတစ်လုံးနဲ့ ထည့်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဒေါ်ဒေါ်လှ"

ဒေါ်ဒေါ်လှ ညွှန်ကြားပြီး အဝတ်တွေလှန်းဖို့ ထွက်သွားလေသည်။ ဒေါ်ဒေါ်လှ မရှိမှ ရိုး မသိမသာ သက်မချသည်။

ဒေါ်ဒေါ်လှ ခိုင်းတဲ့အတိုင်း ငါးပုတ်ခြောက်အကောင်လိုက်ကို စဉ်းနီးတုံးပေါ်တင်၍ လက်တစ်ဝါးအရွယ်တွေဖြစ်အောင် ခုတ်ပိုင်းသည်။ ပိုင်းပြီးသည်နှင့် ပုလင်းထဲ စီထည့်၏။

ငါးပုတ်ခြောက်ကိုစွပြီးတော့ ပုစွန်ခြောက်ဗန်းကို ဆွဲယူပြီး ပုလင်းထဲထည့်ဖို့ ကိုင်မိလျှင် သူ့မျက်နှာလေး ဘွားခနဲ ပေါ်၏။

သူရယ် –

ရိုးကို ပြဿနာမရှာပါနဲ့လားကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညနေစောင်းမို့ နေရောင်နုနုလေး နွေးလှသည်။ ဆည်းဆာနီရှိန်လေပြည်သည်လည်း အေးတမြမြသုတ်ဖြူးနေလျှင် မျိုးဆက်သွေး စိတ်ကြည်လင်ကာ။

သာယာလှတဲ့ နွေညနေခင်းရဲ့ နေစောင်းချိန်ဆိုလျှင် မျိုးဆက်သွေး လသာဆောင်ပေါ်လာရောက်ပြီး သာယာသောသဘာဝကို လွတ်လပ်ပေါ့ပါးစွာ ခံစားတတ်တဲ့ ယဉ်ကျင့်လေး ရှိပါသည်။

မပျောက်သေးတဲ့ ယဉ်ကျင့်အတိုင်း ထိုညနေက လသာဆောင်ပေါ် စိတ်အေးလက်အေး တက်ခဲ့၏။

နေရောင်ဖျဖျလေး ရှိနေသေးသည်မို့ ထက်ဝန်းကျင်က တစ်မျိုး





လှနေကာ၊ အပေါ်စီးက မြင်ကွင်းကို မျိုးဆက်သွေး ငေးကောင်းနေဆဲ။

အုန်းပင်ပေါ် နားနေတဲ့ စာကလေးတစ်အုပ် ကျလိကျလိနဲ့ အော်ကာ သုတ်ခနဲ ထပျံသွားတာကို ကြည့်မိရာ မျက်လုံးက တိုက်နောက်ဘက် နေသာဆောင်ဆီ အလိုလိုရောက်၏။

ထိုအခါ ဘွားခနဲမြင်ရတဲ့ မျက်နှာနုနုလေးတစ်ခုရယ်။

ကြည့်စမ်း။

ပုစွန်ခြောက်ကို ဖိမ်ခံဝါးနေတာက အရသာရှိရှိ။ သူ့အတွက် သက်ရွေးဝယ်ထားတဲ့ ပုစွန်ခြောက်အကောင်ကြီးကိုမှ ရွေးစားနေတဲ့ အစေခံမလေး။

မတန်မရာစားလေခြင်း ဆိုတဲ့စိတ်နဲ့ ရဲရဲဝံ့ဝံ့ ခိုးစားနေတဲ့ မိန်းကလေးကို စိုက်ကြည့်ဖြစ်သည်။

စိုက်ကြည့်ခါမှ ထိုမိန်းကလေးလှည့်ကြည့်တာနဲ့ တန်းခနဲ ဆုံတဲ့အဖြစ်။

မျိုးဆက်သွေးစိတ်က ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိပါ။ ချက်ချင်းပဲ လသာဆောင်ပေါ်က ဆင်းခဲ့တဲ့အဖြစ်။

ရင်ထဲမှာလည်း တနုံ့နုံ့နဲ့။

အံ့ကြိတ်ရင်း မျက်လုံးထဲ မြင်ယောင်လာတဲ့ သူမလေး။ ကျွတ်ခေါင်းခါပြီး မောင်းထုတ်ပစ်၏။

မရ။ လုံးဝမရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်ဟာလေးလဲ။ ခိုင်းစေတာ မလုပ်တဲ့အပြင် လူ့အလယ်မှာ တိတ်တိတ်ကလေး ခိုးစားတတ်တဲ့အကျင့်။

လူ့အဆင့်အတန်းဆိုတာ အဲဒါပဲထင်ရဲ့။

ကိုယ်နဲ့ တန်မှန်းမသိ မတန်မှန်းမသိ၊ စားသင့်မှန်းမသိ မစားသင့်မှန်းမသိ။ လူမှုရေးအထာမနပ်တဲ့ မိန်းကလေး။

ဒီလိုမိန်းကလေးတစ်ယောက် သူ့ရဲ့စံအိမ်ကြီးထဲ ရှိနေတာက သူ့အဖို့ အော်ဂလီဆန်ချင်စဖွယ် ကောင်းနေသည်။

"မြေးကြီးရေ"

ထိုအတွေးနဲ့ ညစ်နေတုန်း မယ်မယ့်ခေါ်သံ တဒိုင်းဒိုင်း ကြားရသည်။

မျိုးဆက်သွေး ဣန္ဒြေမပျက် ကိုယ်ရှိန်ထိန်းကာ ကွန်ပျူတာရှေ့ထိုင်ပြီး လုပ်ငန်းကိစ္စတွေ စစ်ဆေးနေဟန်ဆောင်နေလိုက်၏။

"သြော် မြေးကြီးက အလုပ်လုပ်နေတာကိုး"

အခန်းထဲဝင်လာတဲ့ မယ်မယ့်ခြေသံနဲ့ ပြောသံ တစ်ပြိုင်တည်း ကြားလေသည်။

မျိုးဆက်သွေးက မယ်မယ်အနားရောက်လာမှ လှည့်ကြည့်ပြီး ပြုံးပြ၏။

"ဟုတ်တယ် မယ်မယ်၊ ပြောစရာရှိလို့လား"

"ရှိတာပေါ့ မြေးကြီးရဲ့၊ ဟင့် ဟင့် ဟင့်"





"ပြောလေ မယ်မယ်"

"မြေး အလုပ်လုပ်နေတယ် မဟုတ်လားကွဲ့"

"ရပါတယ် မယ်မယ်၊ ပြောလေ"

မျိုးဆက်သွေး ကွန်ပျူတာရှေ့က ချက်ချင်းထ၏၊ မယ်မယ့်လက်နှစ်ဖက်ကို ချစ်မြတ်နိုးစွာ ပွေ့ဖက်လျှင် မယ်မယ်က ကြည်နူးစွာ ပြုံးသည်။

"မြေးကို မင်္ဂလာဆောင်ပေးမလို့"

"ဒါများ မယ်မယ်ရယ်"

"မြေးစိတ်ကို မယ်မယ် သိပါတယ်၊ တော်ကြာ မယ်မယ်တို့ ဆုံးပြီးမှ အသိပေးရင် မြေးမျက်နှာဆူနေမှာစိုးလို့"

"ဆူစရာလား မယ်မယ်ရယ်"

"ပြီးရောလေ၊ ကဲ လာ၊ ထမင်းစားချိန်ရောက်နေပြီ"

"ဟုတ်ကဲ့ မယ်မယ်"

မျိုးဆက်သွေး ခေါင်းညိတ်ပြီး မယ်မယ်နဲ့အတူ ထမင်းစားခန်း သို့

ထမင်းပွဲမှာ သူ့အကြိုက် ဟင်းတွေချည်းသာ။ အထူးသဖြင့် သူ့ အနှစ်သက်ဆုံးဖြစ်သည့် ပုစွန်ခြောက်ဟင်းတစ်မယ်က မပါမဖြစ် ပါမြဲဖြစ်၏။

ဒီညစားပွဲမှာတော့ ပုစွန်ခြောက်ကို ကြက်သွန်ဥနီစိပ်၊ ငရုတ်သီး



www.burmeseclassic.com

www.burmeseclassic.com



မှ ထက်ခြမ်းခွဲနဲ့ ကြော်ထားပေးသည်က ဆီရောင်လေး ဝင်းဝါလျက်
စားချင်စဖွယ်။

မယ်မယ်က ထုံးစံအတိုင်း သူ့ထမင်းပန်းကန်ထဲ ပုစွန်ခြောက်
ကြော်ခပ်ထည့်ပေးလျှင် –

"မထည့်နဲ့ မယ်မယ်"

"ဟင်"

"ဘာ ဘာဖြစ်လို့"

မယ်မယ်ရဲ့အံ့ဩသံနဲ့ မေမေ့မေးသံ ပြိုင်တူပေါ်ထွက်လာသည်

ဖေဖေက အသံတိတ် စိုက်ကြည့်နေသည်က မအံ့ဩဘဲ မ
နိုင်စွာ။

ယယ်ယယ်ကတည်းက မမုန်းတမ်း မရိုးတမ်း စားလာတဲ့ အစာ
အစာလေ။ ဒီနေ့မှ ဘာဖြစ်ရတာလဲဆိုတဲ့ ရှုစမ်းစိတ်လည်း ဖြစ်ကြ

သူ ဘာမှမပြောမိတော့ ခေါင်းတစ်ချက်ယမ်းလျက် –

"မစားချင်တော့လို့"

"ဟင်"

"ဘုရားရေ"

မယ်မယ်နဲ့မေမေ အံ့ဩလွန်းလို့ ဘုရားပင်တလေပြီ။ ဖေဖေ
တော့ အကြောင်းတစ်ခုခုရှိမှာပဲလို့ ကောက်ချက်ဆွဲတဲ့အကြည့်နဲ့ ကြည့်
နေသဲ။





မျိုးဆက်သွေး ဘယ်သူ့ကိုမှ ငဲ့မကြည့်မနေတော့ပါ။ ထမင်းပွဲ
ရှေ့က ထထွက်ခဲ့သည်။

"မြေး"

မယ်မယ့်ခေါ်သံ လွှတ်ခနဲ ရှန်းထွက်လာသည်။ မျိုးဆက်သွေး
လှည့်မကြည့်တော့ပါ။

ပုစွန်ခြောက်အကောင်ကွေးကွေးကြီးက သူမလေး မျက်နှာ
အဖြစ် ပြောင်းလဲမြင်ယောင်လျှင် ပုစွန်ခြောက်ကိုလည်း မုန်းချင်သည်။

သူမကိုလည်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''ဟင် ဘယ်လိုဖြစ်တာလဲ မယ်မယ်''

''ဘယ်သိမလဲ ဟဲ့၊ နေဦး၊ မယ်မယ်လိုက်သွားဦးမယ်''

ဒေါ်ဂုဏ်ရည်သင့်မေးသည်ကို ဒေါ်စောကေရီ ခပ်ဆတ်ဆတ်ပြောရင်း ထမင်းစားဝိုင်းက ထထွက်သွားလေသည်။

မြေးအတွက် ဘွားအေ သည်းသည်းလှုပ်ဖြစ်သလို မိခင်လည်း ထိုနည်းတူ။

ဦးမျိုးမြင့်မြင့် သက်မတချချနဲ့ ဇနီးသည်ကို ကြည့်၏။ ဇနီးသည်က ခင်ပွန်းသည်အကြည့်နောက်မှာ ပုစွန်ခြောက်ပန်းကန်ဆီ မျက်လုံးရောက်၏။





စားချင့်စဖွယ် ဖြစ်နေတဲ့ ပုစွန်ခြောက်ကြော်ကလည်း သွားရည်ကျစရာဖြစ်လျက်။

ဘာကြောင့်မစားချင်ဘူးဆိုရတာလဲ။

ပုစွန်ခြောက်ကြော်ကို မြည်းကြည့်ပါသည်။ ချိုစပ်စပ်လေးနဲ့ ပန်းရောင်နုလေး မွှေးသင်းလျက်။ ခံတွင်းလိုက်စေတဲ့ ဟင်းတစ်မယ် ဖြစ်နေပါလျက်။

နေဦး။

တစ်ခုခုတော့ အကြောင်းရှိရမယ်။ ထိုအကြောင်းက ဘာလဲ။ သိချင်စိတ်ကို မအောင့်နိုင်တော့ပါ။

ဒေါ်ဂုဏ်ရည်သင့် ထမင်းစားဝိုင်းက ထထွက်သွားပြန်သည်။ ထို့အတူ ဦးမျိုးမြင့်မြင့်လည်း သက်မတချချနှင့် ထွက်သွားလျှင် ဟင်းအမယ်စုံလင်သော ထမင်းဝိုင်းက စားသူမဲ့ကာ မျက်နှာငယ်ရတဲ့အဖြစ်။

ထိုအဖြစ်ကို တပ်အပ်မြင်မိတဲ့ ဒေါ်အလှ ရိုးကိုကြည့်လျှင် လုံမလဲစိတ်နဲ့ ရိုး မျက်နှာလေးပျက်နေပါသည်။

''စိတ်မကောင်းမဖြစ်ပါနဲ့အေ၊ မောင်မျိုးဆက်သွေး တစ်ခုခုဖြစ်ရင် စံအိမ်တစ်ခုလုံး တလွဲတချော်ဖြစ်အောင် သည်းသည်းလှုပ်လှုပ်ဖြစ်နေကျ၊ ဒေါ်ဒေါ်လှမြင်နေတာ ရိုးနေပါပြီ၊ ရိုးရဲ့ကြီးမေလည်း ကြုံနေကျပါအေ၊ ရိုးကသာ ခုမှကြုံရလို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒေါ်ဒေါ်လှရယ်"

"ဘယ်လို"

"ဟုတ်တယ်၊ ရိုးထင်တာကလေ"

ရိုးကဗျာ စိတ်ထဲထင်တဲ့အတိုင်း ဒေါ်ဒေါ်လှနားကပ်၍ တိုးတိုးလေး ပြောမိသွား၏။

"အလို ဘုရားရေ ရိုးက ပွန်ခြောက်ခိုးစားမိလို့ ဟုတ်လား"

ဒေါ်ဒေါ်လှ ရင်ဘတ်ဖိရင်း ဘုရားတလေသည်။

ဘုရားတပြီး တစ်ဆက်တည်းလည်း မေးသည်။ ရိုး မျက်လွှာချလျက် ခေါင်းညိတ်ပြီး ...

"ဟုတ်တယ် ဒေါ်ဒေါ်လှရယ်၊ သူတွေ့သွားတယ်၊ အဲဒါကြောင့်ထင်တယ်၊ ရိုးစိတ်ထဲ ထင့်နေခဲ့တာဖွဲ၊ ခုတော့"

"ဟင်း"

ဒေါ်အလှ သက်ပြင်းရှည်ကြီး ချလေသည်။

"ခက်တော့တာပဲ ရိုးလေးရယ်၊ ရိုးကြောင့်မှန်း မမကြီးနဲ့ မယ်မယ် သိသွားရင် မိရိုးကဗျာရယ် ညည်းလေး ဒီစံအိမ်ထဲက လေးဖက်ထောက် ပြေးရမယ်အေ့၊ စားချင်ရင်လည်း ဒေါ်ဒေါ်လှကို ပြောပေါ့၊ ခုတော့ဟယ် အပျက်အပျက်နဲ့ မိုးမီးလောင်မှာလေ"

"ရိုးကလည်း ဘာရယ်ညာရယ် မဟုတ်ပါဘူး၊ ပွန်ခြောက်ကြီးတွေမြင်တော့ စိတ်ဖြစ်သွားတာ၊ ဘယ်သူမှ မမြင်လောက်ဘူးဆိုပြီး





တစ်ကောင်လေး ကောက်ဝါးမိပါတယ်၊ ဒါပေမဲ့ သူမြင်သွားလို့ ရိုး ထွေးပစ်လိုက်ပါတယ် ဒေါ်ဒေါ်လှရယ်"

"ကဲ မရိုးလေးရယ်၊ ဖြစ်ပြီးမှတော့ ဘာမှလုပ်လို့ မရတော့ဘူး"

ဒေါ်အလှက နှစ်သိမ့်ပေးလိုတဲ့သဘောနဲ့ ရိုးကဗျာရဲ့ လက်ဖျားလေးကို ဆွဲကိုင်သည်။

လက်ဖျားကလေးများက စိုးရိမ်စိတ်ကြောင့် အေးကာ၊ ဒေါ်အလှ စာနာမိပါသည်။ ဘဝတူချင်းကိုး။

"ရိုးလေးကို ရိုးရဲ့ကြီးမေ သေချာပြောမထားဘူးထင်တယ်"

"ဘာလဲဟင် ဒေါ်ဒေါ်လှ"

"မျိုးဆက်သွေးအကြောင်းလေ"

"ဟင့်အင်း"

ရိုး ခေါင်းလေးယမ်းသည်။ ရွှေပါရမီစံအိမ်မှာ မျိုးဆက်သွေး ရှိတယ်လို့ ကြီးမေ မပြောဖူးပါ။

ဒေါ်အလှ ခေါင်းလေးတစ်ချက်ဆတ်၍ အိမ်ကြီးရှင်တွေကို အကဲခတ်ကြည့်မိသည်။ ထမင်းစားခန်းဆီ ဦးတည်လာတဲ့ အိမ်ကြီးရှင်တွေရဲ့ အရိပ်ကလေးတောင် မမြင်ရပါ။

မမြင်ရတော့ ဒေါ်ဒေါ်လှ ပြောပြဖို့ စိတ်အားထက်သန် ဖြစ်လေသည်။ ဟင်းပွဲတွေကို အုပ်စောင်းနဲ့ သေသေချာချာဖုံးအုပ်၍ ပြီးတော့ ရိုးလက်ကိုဆွဲကာ ထမင်းချက်ခန်းဘက် ရှောင်ကာ ဆိုင်ခုံနိမ့်နိမ့်



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ ကိုယ်စီထိုင်ချရင်း ဒေါ်ဒေါ်လှ ပြောလေသည်။

''အင်း မျိုးဆက်သွေးအကြောင်းသိရရင် ရှိုးလေးတော့ အံ့ဩဘနန်း ဖြစ်ရမှာပဲကွယ်''

ဒေါ်ဒေါ်လှပြောတာကို ရှိုး ရှုးရှုးရိုက်ရိုက် နားစိုက်ထောင်လျက်။

ရွှေပါရမီစံအိမ်ရဲ့ မျိုးရိုးက အစဉ်အလာကြီးလှသည်။ အထူးသဖြင့် သားဦးယောက်ျားလေးက အရေးအပါဆုံး ဖြစ်သည်။

[illegible]စောကေရှိမှာ သားသုံးယောက်နဲ့ သမီးတစ်ယောက် မွေးခဲ့သည်။

သားကြီးမျိုးမြင့်မြင့်က သားဦး။ ထိုသားဦးရဲ့မြေးဦးက ယောက်ျားလေးဖြစ်ပြန်တော့ မျိုးဆက်အမွေအနှစ်ဟာ မျိုးဆက်သွေးအတွက် ဖြစ်လေသည်။

တခြားသားသမီးတွေက မြေးတွေက အရေးမပါ။ ဒီမြေးဦးသာ အခရာ။ မျိုးဆက်သွေးအောက်က မြေးမိန်းကလေးနှစ်ယောက် ရှိသော်လည်း သာမန်သာ။

''သမီးမိန်းကလေးဆိုတာ သူများအိမ်က မီးခွက်ပဲအေ၊ အရွယ်ရောက်ရင် သူများအိမ်ပါသွားတဲ့ အစဉ်အလာလေ။ ဒါတင်မက သူများသွေးနဲ့ရောပြီး သူများရဲ့မျိုးဆက်တွေကို မွေးကြမှာ၊ ငါ့သားဦးကမွေးတဲ့ မြေးဦးကမှ ငါတို့မျိုးဆက် ရှင်သန်အောင် သွေးဆက်မွေးနိုင်မယ့် သွေးစစ်စစ်၊ ဟောဒီမြေးဦးယောက်ျားလေးဟာ ရွှေပါရမီစံအိမ်အတွက် မီးခွက်





မဟုတ်ဘူး၊ မာကျူရီမီး၊ အိုး မာကျူရီမီး ဘယ်ဟုတ်ဦးမလဲ၊ လမင်းကြီးဆိုလည်း မှန်တယ်၊ နေမင်းကြီးဆိုလည်း မမှားဘူးကွယ်တို့''

မယ်မယ်၏ ဂုဏ်သံတွေ မိုးမွှန်နေခဲ့သည်။

သူနဲ့ပတ်သက်ရင် ရွှေပါရမီစံအိမ်တွင်းသာမက ဆွေမျိုးအသိုင်းအဝိုင်းကြားမှာလည်း မျိုးဆက်သွေးမှ မျိုးဆက်သွေး ဖြစ်နေကြသည်။

နားထောင်နေရင်း ရှိုးလေး မသိမသာ သက်မချရလေသည်။ သူက စန်းပွင့်နေတဲ့ သားရတနာတဲ့။

''ဒါနဲ့ ဒေါ်ဒေါ်လှ၊ သူ့ညီမနှစ်ယောက်က ဘယ်မှာလဲ၊ ရှိုးလည်း မမြင်ရဘူး''

''အဲဒါပေါ့အေ၊ မောင်မျိုးဆက်သွေးရဲ့ညီမနှစ်ယောက်ဖြစ်တဲ့ ဝတီသွေးနဲ့ သီတာသွေးလေးကို ကျောင်းမပြီးသေးဘဲ တစ်ယောက်ပြီး တစ်ယောက် မင်္ဂလာဆောင်ပေးလိုက်တာလေ''

''ဘာ ဘာဖြစ်လို့လဲဟင်''

''ဘာဖြစ်ရမလဲ၊ ဒေါ်ဒေါ်လှအထင်ပြောရရင် ရွှေပါရမီစံအိမ်မှာ မထားချင်လို့ ဖြစ်မှာပေါ့''

''ဟယ်တော် အတ္တကြီးလိုက်တာ၊ ဘယ်သူက ဒီလောက်တောင် ကြိုးကိုင်နေရတာလဲ ဒေါ်ဒေါ်လှရယ်''

ရှိုးလေးမေးတာကို ဒေါ်အလှ ချက်ချင်းမဖြေသေး။ စိတ်က မလုံသလိုဖြစ်တာမို့ ဘေးဘီအကဲခတ်ကြည့်ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ဆိုတဲ့ ဒေါ်စောကေရီဟာ အိုသာအိုတယ် လှုငယ်များလို သွက်လက်သည်၊ ခြေသံလည်း လုံသည်၊ တစ်ခါတလေ အနားရောက်လာလို့ ရောက်လာမှန်းမသိ ဖြစ်တတ်သည်မဟုတ်လား။

ဘယ်သူ့အရိပ်မှ မမြင်သာသော်လည်း အသံလေးနှိမ့်ချ၍ ရှိုးလေးသိချင်တာကိုလည်း စိတ်အားပါပါ ပြောလေသည်။

"ရှိုးလေးရယ်၊ ရွှေပါရမီစံအိမ်မှာ မယ်မယ်က သေဆို ဘိုင်းခနဲ ကျသေပြီသား၊ ရှင်ဟဲ့ဆိုရင် ဝေါက်ခနဲ ထထိုင်ပြီးသားအေ့၊ မယ်မယ့် ရည်ရွယ်ချက်က သမီးတွေကို မင်္ဂလာဆောင်ပေးပြီး ရှင်းထုတ်လိုက်တာ အကြောင်းမဲ့ မဟုတ်ဘူး"

"ဟင်"

"ဟုတ်တယ် ရှိုးလေးရဲ့၊ သမီးတွေ မရှိတော့ ဒီမြေကို အစဉ်အလာအတိုင်း မင်းမှုပိုင်ခွင့်ပေးလိုက်တဲ့သဘော၊ မကြာခင် မောင်မျိုးဆက်ကို မင်္ဂလာဆောင်ပေးမယ်၊ မောင်မျိုးဆက်က မွေးလာမယ့် မြစ်ဦးလေးနဲ့ ဒီစံအိမ်ကြီး စည်ပင်စေမယ်လေ၊ အဲဒီမြစ်ဦးက ယောကျ်ားလေးပဲဆိုရင် ဒေါ်စောကေရီခြေထောက် မြေထိတော့မှာ မဟုတ်ဘူး ဒေါ်စောကေရီတို့ မျိုးရိုးဂုဏ်ဆိုတာ အဲဒါပေါ့"

"အလိုလေ"

ရှိုးကဗျာ စိတ်မှာမနှစ်သက်သလို ဖြစ်ပါသည်။ ဒေါ်ဒေါ်လှက အံဩစိတ်နဲ့ ရှိုးကိုစိုက်ကြည့်ပြီး –





"ဘာဖြစ်လို့လဲ ရှိုးလေးရဲ့"

"အဟင့် သားသမီးချင်း, မြေချင်းအတူတူဖြစ်ရက်နဲ့ ခွဲခြားခြား ဆက်ဆံတာက"

ရှိုး စကားမဆုံးခင် ဒေါ်ဒေါ်လှက သက်မဖွဖွချ၍ ပြုံးလေသည်။

"ဒါကတော့ သူတို့မျိုးရိုးရဲ့အစဉ်အလာကိုး ရှိုးလေးရဲ့"

"အဲဒီအစဉ်အလာက ပဒေသရာဇ်ခေတ်ရဲ့ အစဉ်အလာဟောင်းကြီးပါ ဒေါ်ဒေါ်လှရယ်"

"အောင်မယ်လေး ရှူး တိုးတိုး၊ ကြားသွားပါဦးမယ်၊ ပုစွန်ခြောက်နီးစားတဲ့အမှုနဲ့ အနှင်မခံရဘဲ ဝေဖန်တဲ့အမှုနဲ့ အနှင်ခံနေရပါဦးမယ်ဟယ်၊ တော်ပါတော့ ဒီစကားဒီမျှနဲ့ နိဂုံးချုပ်ရအောင်၊ တော်ကြာ ဒေါ်ဒေါ်လှပါ စက်ကွင်းမိနေပါဦးမယ်အေ"

ဒေါ်ဒေါ်လှစကား တောက်လျှောက်ပြောနေရာမှ ချက်ချင်း ဖြတ်လေ...က်လေသည်။

ရှိုးလည်း ရှေ့ဆက်မဝေဖန်သာ။

နီးစားတဲ့အမှုတွဲက ရှိနေသေးသည်။ ထိုအမှုကြောင့် ဘာတွေဖြစ်လာမလဲ၊ ဒါလည်း တွေးရပြန်သေးသည်။

ဒေါ်ဒေါ်လှ ထမင်းစားခန်းဘက် ပြန်ကူးပြီး အိမ်ကြီးရှင်တွေရဲ့ ခြေအနေကို အကဲခတ်ဖို့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးက အစဉ်အလာကြီးတယ်ဆိုတဲ့ သူ့မျိုးရိုးရဲ့ ယူဆချက်ကို သဘောမတွေ့စွာ တွေးရင်းနှင့် –

✿ ✿ ✿



## အခန်း (၁၀)

အိမ်တက်သွားမယ့် လမ်းကလေးထဲ ရှိုးကဗျာ ချိုးဝင်လိုက်လျှင်ရင်းမှာ ထိတ်ခနဲဖြစ်ကာ။

ရှိုး လှမ်းမြင်နေရတဲ့ ရှိုးတို့ခြံဝင်းထဲမှာ အိမ်နားနီးချင်းတွေ ပြည့်လျှံဟ။ အိမ်ပေါ်မှာလည်း လှုပ်လှုပ်ရှားရှားနဲ့။

ဘာဖြစ်တာပါလိမ့်။

ကြီးမေ တစ်ခုခုဖြစ်တာလား။

ဘုရား ဘုရား။ ဖွဟဲ့၊ ဘာမှ မဖြစ်ပါစေနဲ့၊ လွဲပါစေလေ။ ရှိုး နောက် အလုပ်သွားချိန်တုန်းကတောင် ကြီးမေ အကောင်းကြီးဥစ္စာ။

ရှိုးကို ခြံဝအထိ ပြုံးပြုံးရွှင်ရွှင် လိုက်ပို့သေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ လူအဝင်အထွက်များနေတာ ရိုးမေမေများ ပြန်ရောက်နေလို့လား။ ဖြစ်နိုင်တယ်လေ။

ရိုးမေမေက ရိုးကိုထားခဲ့ပြီး မေမေချစ်တဲ့ယောက်ျားနောက် လိုက်သွားတယ်မဟုတ်လား။ အဲဒီကတည်းက မေမေ့သတင်း မရတော့ပါ။ ကြီးမေ စုံစမ်းပါသေးတယ်။

နယ်စပ်မြို့ဘက်ရောက်သွားသလိုလို တစ်ဖက်နိုင်ငံပဲ ကူးသွားသလိုလိုနှင့်။ မသေချာသော သတင်းလောက်သာရပြီး ငြိမ်သက်နေခဲ့တာ။ မေမေ့ဘက်ကလည်း အဆက်အသွယ်မလုပ်တော့ စုံစမ်းရပိုခက်လျက်။ အဆက်အသွယ်ပြတ်နေခဲ့တာ ဆယ်စုနှစ်တစ်စု မကတော့ပါ။

ဟော ခုမှ ဒုန်းခနဲ ဒိုင်းခနဲဆိုသလို ပြန်ရောက်လာတာပဲ ဖြစ်ရမယ်။ ဒါကြောင့် အိမ်နီးချင်းတွေ ဝိုင်းအုံနေတာနေမှာပါ။

ရိုးကလည်း မေမေကို ... ...ပါသည်၊ တွေ့လိုပါသည်။

မျှော်လင့်တကြီးနဲ့ ခြံထဲ သုတ်သုတ်လေးပြေးဝင်လာလျှင် -

"ရိုး ရိုးလေး"

ဝင်းသိုက် ဦးစွာမြင်သွားသည်။ အသံတုန်တုန်လေးနဲ့ ခေါ်ရင်း ရိုးဆီ မပြေးရုံတမယ် လွှားခနဲ ရောက်လာသည်။

"ဝင်း ဝင်းသိုက်၊ ဘာဖြစ်တာလဲဟင် မေမေ မေမေ ပြန်ရောက်လာလို့လားဟင်"

ဝင်းသိုက်လက်နှစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်ရင်း ရိုး





...တ်လှုပ်ရှားစွာ မေးသည်။

ရိုးရဲ့မေးသံကြောင့် ဝင်းသိုက် မျက်နှာပျက်သွား၏။ ရိုးကိုလည်း ...ရုဏာသက်မိလေသည်။

"မ မဟုတ်ပါဘူး ဟာ"

"ဒါ ဒါ ဆို ဘာ ဘာဖြစ်လို့လဲ ဝင်းသိုက်၊ ဘာဖြစ်လို့လဲ"

ရိုး ဝမ်းနည်းလာကာ ဝင်းသိုက်လက်ကို လှုပ်ခါရင်းမေးလျှင် ဝင်းသိုက် မဖြေရက်။ မျက်ရည်များ ဝဲသီနေသောအကြည့်နဲ့ ဆို့နင့်စွာ ကြည့်မိ၏။

"ပြောလေ ဝင်းသိုက်၊ ဘာဖြစ်တာလဲ"

"ရိုးလေး၊ ရိုးလေးကြီးမေ အသက်မရှိတော့ဘူး သမီးရယ်၊ ဟင့် ဟင့် ဟင့်"

ဝင်းသိုက်မပြောရက်တာကို ဝင်းသိုက်အမေ ဒေါ်စန်းမြင့် လှမ်းပြောရင်း ငိုချသည်။

ဘုရားရေ။

ဝင်းသိုက်ကို ဆုပ်ကိုင်ထားမိတဲ့လက်ကို ဖြုန်းခနဲ ပြန်ရုပ်မိတဲ့ ...နီးကဗျာ၊ ထိတ်ထိတ်လန့်လန့်နဲ့ ဘုရားတ၏။

"ကြီး ကြီးမေ၊ ကြီးမေ မ မရှိတော့ဘူး၊ ဟုတ်လား"

"ဟုတ် ဟုတ်တယ် ရိုးလေးရယ်၊ နင့်ကြီးမေ မရှိတော့ဘူးဟာ"

"ဟင့်အင်း၊ ရိုး ရိုး မယုံဘူး၊ ဟင့်အင်း၊ မယုံဘူး၊ ကြီးမေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ ကြီးမေရေ ရှိုးပြန်လာပြီလေ"

ဆို့ဆို့နင့်နင့်ပြောလျက် အိမ်ပေါ်ပြေးတက်သွားရှာတဲ့ ရှိုးကမျာ

ဝင်းသိုက် သက်မလေးချကာ စီးကျလာတဲ့ ကြေကွဲမျက်ရည်ကို သုတ်ရင်း စိုးရိမ်စိတ်နဲ့ ရှိုးနောက်က ပါသွားသည်။

"ကြီးမေ ဟင့် ဟင့် ဟင့်"

အိမ်မလယ်မှာ ဆန့်ဆန့်ကြီးလဲလျောင်းနေတဲ့ ကြီးမေရယ် ရှိုးနှလုံးသားလေး မခံစားနိုင်တော့ပါ။

အေးစက်တောင့်တင်းနေရှာတဲ့ ကြီးမေရင်အုံကို လှုပ်ခါငိုကြွေး လျက်။

"ရှိုး မယုံချင်ဘူး ကြီးမေရယ်၊ ကြီးမေ ဘယ်လိုဖြစ်တာလဲ ပြောကြစမ်းပါ၊ ဟင့် ဟင့် ဟင့်"

အိမ်နားနီးချင်းတွေ ရှိုးကို စာနာနစ်သိမ့်စွာ ကြည့်ကြ၊ ဖျောင်း ဖျပြောကြနဲ့ ငိုသံ ညံစီလို့သွားသည်။

"အဒေါ်လည်း မယုံနိုင်ပါဘူးကွယ်၊ နေ့လယ်ကတောင် အဒေါ် အိမ်ဘက်ကူးလာပြီး စကားတွေ အများကြီးပြောသွားသေးတယ်၊ စကား ပြောနေရင်း ခေါင်းနည်းနည်းမူးတယ်၊ သွားပြီးနားပါဦးမယ်တဲ့ အဲလိုပြော ပြီး အဒေါ်နားက ပြန်တာပါကွယ်၊ ဟင့် ဟင့်"

ဒေါ်စန်းမြင့် ပြောရင်း တဟင့်ဟင့် ရှိုက်လေသည်။

"ဟုတ်တယ် ရှိုးရဲ့၊ ညနေမှာ နင်တို့အိမ်ဘက် ငါကူးလာတယ်





နင့်ကိုသွားကြိုမလို့ ကြီးမေကို သွားပြောတာ၊ အဲဒီအချိန်မှာ ကြီးမေကို ခေါ်လို့မရတော့ဘူး၊ ကြီးမေ အိပ်နေရင်းနဲ့ ငြိမ်နေတော့တာဟ၊ ငါလည်း လန့်ဖျပ်ပြီး အမေနဲ့ အိမ်နားနီးချင်းတွေကိုခေါ်တယ်၊ ဆရာဝန်ပင့်ပြီး ကြီးမေကို ကြည့်ခိုင်းတော့ အသက်မရှိတော့ဘူးတဲ့၊ ဆရာဝန်ပြောတာက သွေးတိုးပြီး ဦးနှောက်သွေးကြောပြတ်သွားတာတဲ့လေ"

"ဟီး ဟီး ဟီး"

ဝင်းသိုက် ဆို့ဆို့နင့်နင့် ပြောပြလို့မဆုံးခင် ရှိုးကမျာ ဟီးခနဲ ငိုချကာ –

"ကြီးမေ ရယ်၊ ဟီး ဟီး ဟီး၊ ရှိုးကို တစ်ယောက်တည်း ထားခဲ့ပြီးပေါ့ ဟုတ်လား၊ ကြီးမေရယ် ဟီး ဟီး ဟီး"

ရှိုးလေးကို သနားကာ အိမ်နားနီးချင်းတွေလည်း မျက်ရည် ဆည်နိုင်တော့ပါလေ။

"ငါတို့လည်း မယုံနိုင်အောင်ဘဲ သူငယ်ချင်းရယ်၊ ဝင်းသိုက် လာပြောတော့လေ ငါက မယုံလို့ ဝင်းသိုက်ကို ဘာညာပြောလိုက်သေး တယ်၊ နောက် စိတ်ထဲကထင့်ပြီး လာကြည့်တော့မှ ကြီးမေ တကယ် ဆုံးနေတာဟ"

မိသက် ရှိုက်သံရော၍ ပြောပြန်သည်။

"ငါတို့ နင့်ကို သွားခေါ်မလို့လုပ်နေတုန်း နင် ရောက်လာ တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေ ဟင့် ဟင့် ဟင့်"

"ဘာတတ်နိုင်မှာလဲ သမီးရယ်၊ တရားနဲ့သာဖြေပါနော်၊ အခေါ်မပြောချင်ပါဘူး။ ဟင့် ဟင့်၊ မမြလေးရယ် ရှင့်တူမလေး တ ကောင်ကြွက် တစ်မျက်နှာတည်း ကျန်ခဲ့အောင် ထားရက်ခဲ့ပြီးလာအေ ညည်းတူမလေးကို ညည်းထကြည့်ပါဦးဟဲ့"

ခေါ်စန်းမြင့် ရင်ကွဲစွာပြောရင်း ဖြည်မဆည်နိုင်အောင် ငိုရှ သည်။

"အမေရယ် တော်ပါတော့"

ဝင်းသိုက် အမေဖြစ်သူကို ဆွဲတားရင်း အပြင်ဘက် ခေါ်ထုတ် ခဲ့သည်။ အမေပြောလေ ငိုလေဖြစ်နေရင် ရှိုးနှလုံးသား ဘယ်ခံနိုင်မလဲ

ရှိုးမျှော်လင့်နေတဲ့ ခိုကိုးရာမိခင်ရင်ခွင်နဲ့ ရင်ကွဲကွဲရသလို အားကိုးတွယ်မှီနေရရှာတဲ့ ကြီးမေနဲ့လည်း သေခွဲခွဲနေရလေပြီ။

ရှိုးအဖြစ်ကို ဘယ်သူက မစာနာဘဲ နေနိုင်မှာလဲ။ ဘယ်သူက မသနားဘဲ နေမတဲ့လဲ။ ငိုလိုက်ပါတော့ သူငယ်ချင်းရယ်။

"ငိုလိုက်ပါတော့၊ ရှိုးကို ရှိုးရဲ့ကြီးမေ သေခွဲခွဲသွားပြီလေ၊ ဟင့် ဟင့် ဟင့်"

"ကြီးမေ"

ရင်ကွဲစွာ ခေါ်လိုက်တဲ့ ရှိုးအသံလေး အဆုံးထိပင် မရောက် လိုက်ပါ။ အေးစက်နေတဲ့ ကြီးမေရင်အုံအပေါ် ခေါင်းလေးကျိုးကျကာ





"ရှိုး ရှိုးလေး"

"ဟဲ့ ဟဲ့ လုပ်ကြပါဦး"

"ရှိုးလေး သတိထားပါကွယ် ရှိုးလေး"

"ဆရာဝန် မြန်မြန်သွားခေါ်၊ ဟဲ့ ဝင်းသိုက် မြန်မြန်"

အသံတွေ ညံစီသွားသော်လည်း ရှိုးကဗျာ ဘာမှ မကြားနိုင် တော့ပါ။ မခံစားနိုင်တော့ဘဲ နှလုံးသားလေး သေဆုံးသွားသည့်နှယ်။

"ဟင့် ဟင့်"

ငိုရှိုက်သံနဲ့ ကြေကွဲသံတွေ အငွေ့ပြန်ကာ ဟိုအဝေးဆီ ဦးတည် လွင့်မျောလို့သွားကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ခါတိုင်း မနက်ခုနစ်နာရီထိုးရင် ရှီးလေးရောက်နေပါပြီ။ အိမ်ကြီးရှင်တွေအတွက် မနက်စာစားပွဲကို နှစ်ယောက်အတူတူ ပြင်ကြဆင်ကြနဲ့ အလုပ်လုပ်ရတာ သွက်လက်လို့နေသည်။

ဒီနေ့မှ ဒေါ်အလှစိတ်ထဲ တစ်မျိုးကြီး၊ လေးနေသလိုလို၊ နင်နေသလိုလိုနှင့်။

ရှီးလေးကလည်း ရောက်မလာသေး။ ခုပဲ ခုနစ်နာရီခွဲကျော်လို့ ရှစ်နာရီပင် ထိုးခါနီးပြီ။

မနက်စာ စားပွဲအတွက် စားစရာ အမယ်စုံဖြစ်အောင် ပြင်ဆင်လို့ မပြီးသေးပါ။ ကြက်ဥပူတင်း ပေါင်းရဦးမယ်။ အသားကင်နဲ့ရောပြီး





သီးစုံထမင်းလည်း မကြော်ရသေး။ မုန့်ဟင်းခါးရည်အိုးလည်း ဆီသတ်ရဦးမယ်။

ရှီးလေးက ရောက်မလာသေးလေ ဒေါ်အလှ ရင်ပူလေ။ ကိုးနာရီထိုးလို့ မနက်စာစားဝိုင်း အဆင်သင့်မဖြစ်ရင် ဒေါ်အလှ အဆူခံရမယ် ရှိသည်။

ဒါကြောင့် အချိန်ဆိုင်းနေလို့ မရပါ။

တစ်ယောက်တည်း အလျင်မီလုပ်လည်း ပြီးမှာမဟုတ်တာ သေချာတယ်။ ကိုဘသစ်ကို ကူခိုင်းဦးမှ။

အတွေးအတိုင်း ခြေလှမ်းတွေပါသွားကာ၊ မီးဖိုခန်းထဲက ထွက်လျှင် အခန်းဝမှာ ကိုဘသစ်နဲ့ ဘွားခနဲဆုံသည်။

“ကိုသစ်ရယ် အတော်ပဲ ရောက်လာတာနဲ့ အလှကို နည်းနည်းကူလုပ်ပေးဦး။ ရှီးလေး ရောက်မလာသေးလို့”

“ဟုတ်တယ်၊ ရှီးလေး ဒီနေ့လာနိုင်မှာ မဟုတ်ဘူး”

“ဘာဖြစ်လို့လဲ ဟင်”

“မမြလေး ဆုံးသွားပြီတဲ့”

“ဘုရားရေ”

ဒေါ်အလှ ရင်ဘတ်လေးဖိကာ တစ်ကိုယ်လုံး တောင့်တွင်းလို့သွားသည်။ ဦးဘသစ်လည်း မျက်နှာမကောင်း၊ ဝမ်းနည်းခြင်းတွေနဲ့ အုံ့မှိုင်းကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီနေ့လယ် အသုဘတဲ့၊ ခုနကပဲ ရှိုးလေး သူငယ်ချင်းကောင်လေး သတင်းလာပေးသွားတာ၊ ကဲ လာ၊ လုပ်စရာရှိတာ အမြန်လုပ်ရအောင်၊ တော်ကြာ မမကြီးဆင်းလာလို့ စားဝိုင်းအဆင်သင့်မဖြစ်ရင် အဆူခံနေရဦးမယ်"

ကိုဘသစ် ပြောပြောဆိုဆို မီးဖိုဆောင်ထဲ တိုးဝင်သည်။ ဒေါ်အလှခမျာ မယုံချင်ချင်စိတ်နဲ့ ဆို့နင့်လျက်။

✿

"ဘာရယ်"

"အသုဘလိုက်ပို့ချင်လို့ပါ"

ကိုဘသစ် အပြောနောက်မှာ ဒေါ်အလှက ခေါင်းလေးညိတ်သည်။ ဒေါ်စောဧကရီမျက်နှာကြီး မှောင်တူးသွား၏။

"ကျွတ်၊ ဒီမှာ မင်္ဂလာစကားပြောဖို့ သွားကြလာကြမယ့်အချိန်ဟဲ့၊ ဒါတောင် နင်တို့လင်မယား နားမလည်ဘူးလား"

"ဟို ဟိုလေ"

"မပြောနဲ့၊ ဒီနေ့ဟာ ငါ့မြေးချွေးမလောင်းအတွက် ငါတို့ မင်္ဂလာယူရမယ့်အချိန်လေ"





"ဟုတ်ပါတယ် မယ်မယ်ရယ်၊ မယ်မယ့်သဘောပါ"

"အေး ငါ့သဘောဆိုပြီး အသုဘအကြောင်း လေသံမဟကြနဲ့ နောက်မှ ငါ အလှူငွေထည့်လိုက်မယ်၊ မောင်ဘသစ် ကားအဆင်သင့် ပြင်ထား။ ကြားတယ်နော်"

"ဟုတ် ဟုတ်ကဲ့ပါ မယ်မယ်"

"မိအလှ ညည်းအလုပ် ညည်းဆက်လုပ်"

ဒေါ်အလှ ဟုတ်ကဲ့လို့ပင် မပြောနိုင်ရှာ၊ ဝမ်းနည်းလွန်းလို့ စိတ်ထိခိုက်စွာ ခေါင်းပဲညိတ်မိတော့သည်။

တကယ်ဆို အသုဘပို့ခွင့်ပေးသင့်တယ်လို့ ဒေါ်အလှ ယူဆသည်က အခြားကြောင့်မဟုတ်ပါ။

ဒေါ်မြလေးဆိုတာ အလှနဲ့ ညီမလိုပဲ ခင်မင်ကြသည်။ တစ်ယောက်အလုပ် တစ်ယောက် ခွဲခြားမနေ၊ လုပ်စရာရှိတာကို နှစ်ယောက်သား တိုင်တိုင်ပင်ပင် လုပ်လာတာ နှစ်ပေါင်းများစွာ။

မထင်မှတ်ဘဲ ဆုံးသွားပေမယ့် ခင်မင်ရင်းနှီးမှုနဲ့ နောက်ဆုံးခရီးကို လိုက်ပို့ချင်တာ ချစ်ခင်တွယ်တာတဲ့စိတ်နဲ့လေ။

ငွေရှင်ခနရှင်က အလှူငွေထည့်ရင် တာဝန်ကျေတယ်လို့ ထင်တယ်ဖြစ်မယ်။ ပြန်တွေးကြည့်စတမ်းဆိုရင် ဒေါ်မြလေးဟာ တကယ့်ကို တာဝန်ကျေလုပ်ပေးတတ်တဲ့ စံအိမ်ရဲ့ဝန်ထမ်းပါ။

အိမ်ကြီးရှင်အနေနဲ့ အသုဘလိုက်မပို့ချင်ရင်တော့ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ မျက်နှာလေး တစ်ချက်သွားကြည့်ဖို့ ကောင်းပါသည်။

ခုတော့ ထင်သလို မဟုတ်ဘူးလေ။

အသုဘသွားပို့ရင် ဒါမှမဟုတ် သေသူမျက်နှာကို သွားကြည့်ရင်ပဲ ဂုဏ်ရှိန်ဝါတွေ တဖြုတ်ဖြုတ်ကြွေကျတော့မတတ် ဖြစ်နေပုံက ရင်ထဲမှာ မချမ်းမြေ့ ဖြစ်ရကာ။

ဘဝပေးအခြေအနေချင်း မတူတဲ့အထဲမှာ ဒီလိုကိစ္စတွေကအစ ခွဲခြားခံနေရတဲ့အဖြစ်။

လူကို လူလိုသဘောထား မခံရတာ စိတ်မကောင်း ဖြစ်ရဆုံးပါ။

မမြလေးရယ် –

ရောက်ရာဘဝက နားလည်ပါကွယ်။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



## အခန်း (၁၂)

မိတ်ကပ်ရောင်နဲ့ တောက်ပနေရုံမက ကာလာရောင်စုံ ခြယ်ထားတဲ့ အနွယ်တော့်မျက်နှာလေးကို ငေးကြည့်ရင်း ထိုမျက်နှာကို အစားထိုး မြင်ယောင်လာတာ ခက်ချေပြီ။

တကယ်။

မသိမသိုင်ဘဲနဲ့ကွာ ဘာလို့ မြင်ယောင်ရတာလဲ၊ သူ့အာရုံထဲက ပုံရိပ်ကို သူ ဒေါသဖြစ်ချင်လာသည်။

အနွယ်တော့် အပြုံးမျက်နှာလေးနောက်မှာ ငိုယိုနေရှာမယ့် ထိုမျက်နှာလေး ဘွားခနဲ ဘွားခနဲ မြင်ယောင်လာလျှင် မျိုးဆက်ခွေး ထိုင်နေရတာ ဂနာမငြိမ်သလို ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လူကြီးမိဘက အစဉ်အလာကြီးစွာပင် စေ့စပ်ပွဲအခမ်းအနားလုပ်ဖို့ ဗေဒင်ဆရာပါ ခေါ်ကာ တွက်ချက်ပြီး အကြိုတ်အနယ် ရက်ရွေးနေကြသည်။

ရက်ရွေးတဲ့ကိစ္စအပေါ် သူ စိတ်မဝင်စား။

မျက်နှာချင်းဆိုင်မှာရှိနေတဲ့ အနွယ်တော့်အပြုံးတွေကို ခံစားမှုမဲ့ကာ ပြန်ပြုံးပြနေရတာ ရင်ထဲမှာ ပင်ပန်းလွန်းသည်။

မွန်းကျပ်စိတ်နဲ့လည်း မျက်နှာက ရွှင်လန်းခြင်းကင်းကာ၊ ထိုင်နေရာမှ ဖျပ်ဆို ထမိလျှင် –

''မြေးကြီး''

မယ်မယ်က သူ့လက်ကောက်ဝတ်ကို ဖမ်းဆွဲကာ ခေါ်သည်။

''ဘယ်လဲ ကိုကို''

အားလုံးထက်ဦးစွာ အနွယ်တော်မေးလေသည်။ ရုတ်တရက်မို့ သူ ဘာဖြေရကောင်းမှန်းမသိ ဖြစ်ကာ –

''ဟို သူငယ်ချင်းတွေကို ဖုန်းဆက်စရာရှိလို့ မယ်မယ်''

''အို နောက်မှဆက်လေ''

''ရပါတယ်၊ မယ်မယ်တို့စိတ်ကြိုက် ရက်ရွေးကြပါ၊ အရေးကြီးလို့ပါ မယ်မယ်''

''သားနှယ်ကွယ်၊ ဘယ်လောက်အရေးကြီးကြီး သားကိစ္စလောက် အရေးထားစရာ မလိုပါဘူး''





မေမေလည်း အလိုမကျစွာ ဝင်ပြောသည်။ အနွယ်တော်က သူ့အပါး ချက်ချင်းထလာရင်း သူ့လက်မောင်းကို ဆုပ်ကိုင်လျက် –

''ဟုတ်သားပဲ ကိုကိုရယ်၊ နွယ်တို့ကိစ္စက ကိုကို့အတွက် အရေးအကြီးဆုံး ဖြစ်ရမယ်လေ၊ ဟုတ်ဘူးလား လို့''

ချွဲချွဲနွဲ့နွဲ့ အမူအရာလေးနဲ့ ဆိုလာတဲ့ အနွယ်တော့်အပေါ် သူ့စိတ် ယိုင်နဲ့မသွားပါ။

ဆုပ်ကိုင်ထားတဲ့ အနွယ်တော့်လက်ကို ဖယ်ချသည်က လူကြီးသာတွေကိုလည်း အားမနာစွာ။

''ကိုကို''

အနွယ်တော် ချက်ချင်းပဲ အလိုမကျစွာ ခြေဆောင့်၏။

''ဆောရီး အနွယ်၊ အနွယ့်ကိစ္စအတွက် ကိုကို အရေးထားပါတယ်၊ အဲဒါကြောင့် သူငယ်ချင်းကို အရေးတကြီး ဖုန်းဆက်မလို့''

''ဘာဆိုင်လို့လဲ ကိုကိုရဲ့''

''အနွယ့်အတွက် လက်ဆောင်ပစ္စည်းတစ်ခု ကိုကို စီစဉ်ခိုင်းထားတာ ဒီကောင်တွေ ခုထိ မရောက်သေးဘူး၊ အဲဒါ သိချင်လို့ကွ''

''အနွယ့်အတွက် လက်ဆောင်''

''ဟုတ်တယ်''

လျှပ်တစ်ပြက်ပေါ်လာတဲ့ အတွေးလေးအတိုင်း သူပြောချလိုက်တာ အိုကေမယ့်အလားအလာ ဖြစ်လာတာမို့ ဟုတ်တယ်လို့ သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



လေး ပြောဏ်။

ထိုအခါ အနွယ်တော်နဲ့အတူ နှစ်ဖက်မိဘနဲ့ ဆွေမျိုးတွေ သဘောကျကာ အနွယ်တော်က ပီတိဖြာတဲ့မျက်နှာလေးနဲ့ မြူးမြူးလေး ဆိုသည်။

"အဲဒါဆို သွားဆက်လေ ကိုကို"

ဟု ခွင့်ပြုလေသည်။ မယ်မယ်ကလည်း ခုတော့ ခေါင်းဆတ် ကာ ခွင့်ပေး၏။

အခွင့်အရေးရသည်နှင့် သူ အချိန်ဖြုန်းမနေတော့ပါ။ လူကြီးတွေ ခေါင်းချင်းဆိုင်ပြီး အကြိတ်အနယ် ရက်ရွေးနေကြတဲ့ အခန်းကျယ်ထဲက ထွက်ခဲ့၏။

တိုက်အပြင်ရောက်သည်နှင့် ဖလပ္ပတစ်ချက် မှုတ်ထုပ်ကာ လည်ပြန် ပြန်ငဲ့ကြည့်သည်။ တစ်[illegible]ဘက် ထလိုက်လာသလား ဆိုတဲ့ အသိနဲ့ပါ။

ဘယ်သူမှ လိုက်လာတာမမြင်တော့မှ သူ့ရင်ထဲ ပေါ့ပါးသွား သည်။

အနွယ်တော်တို့ပေါ်တီကိုအောက်တွင် အစီအရီ ရပ်ထားကြတဲ့ ဇိမ်ခံကားတွေထဲက ပါရာဒိုကားပေါ် သူတက်မိသွားသည်။

ထိုကားကို ကိုယ်တိုင်မောင်းထွက်လာခဲ့သည်က ဘာကို ဆင်ခြင်မှုမရှိစွာ။





မယ်မယ်သိရင် မိုးမီးလောင်မှာ သေချာနေသည် မဟုတ်ပါ

မသိတာဘဲ ကောင်းပါတယ်လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူတို့မျိုးရိုးရဲ့ အစဉ်အလာဟာ သာမန်နဲ့မတူပါ။

ရှင်သန်နေထိုင်ရတဲ့ ... မြေပေါ်နေက သာမန်လူနေ...
ပုံစံနဲ့ မတူ၊ အဆောင်အယောင်နဲ့ တခမ်းတနား နေတတ်ကြသည်...

ဘယ်သူနဲ့မှ တူတူတန်တန် ဆက်ဆံလေ့မရှိတာ သူ့မျိုး...
ဓါဒထူးပါ။ ထို့အတူ သေကြရင်လည်း သူများတွေနဲ့မတူ။

သူလိုကိုယ်လို သင်္ချိုင်းကုန်းပို့ကာ သဂြိုဟ်ပစ်တာမျိုးမ...
ကိုယ်ပိုင်ဥယျာဉ်ခြံကျယ်ကြီးတစ်ခု ထားရှိသည်။

အစဉ်အဆက် ထိုဥယျာဉ်ကြီးထဲမှာပဲ အုတ်ဂူတွေလု...
တခမ်းတနား သဂြိုဟ်လေ့ရှိသည်။ သင်္ချိုင်းဆိုပေမယ့် သာမန်သ...





...ပါ။

ပန်းဥယျာဉ်တစ်ခုသဖွယ် ဖန်တီးထားကာ အုတ်ဂူတွေကလည်း
...ပြီး ဒီဇိုင်းလှလှဖြစ်သလို အဆင်တန်ဆာအမျိုးမျိုးနဲ့ နားခိုချင်
...ကောင်းအောင် ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ဖန်တီး
...ခြင်းဖြစ်သည်။

ခုဆိုရင် သူတို့မျိုးရိုးရဲ့ သင်္ချိုင်းဂူ သုံးဆယ်မကတော့ပါ။

ဘိုးဘိုးအုတ်ဂူဘေးမှာ မယ်မယ့်အတွက်ပင် အုတ်ဂူလှလှလေး
...တင်ဖန်တီးပြီးသားဖြစ်သည်။ မသေဆုံးခင် အသက်မှဲ့ခန္ဓာ လဲ
...ောင်းရမယ့်အုတ်ဂူကို စိတ်တိုင်းကျ ကိုယ်တိုင်စီမံဖန်တီးလေ့ရှိတာက
... သူတို့မျိုးရိုးရဲ့ ထည်ဝါတဲ့အစဉ်အလာ မဟုတ်လား။

ဘိုးဘေးအစရှိတဲ့ ဝိညာဉ်တွေအားလုံး တစ်စည်းတစ်လုံးတည်း
...ပျော်ရွှင်ကျက်စားရာ ရွှေပါရမီသင်္ချိုင်းဥယျာဉ်ဟာ ဆွေမျိုးအသိုင်းအဝိုင်း
...တွက် ဂုဏ်တက်စရာ၊ ဂုဏ်ယူစရာဆိုလည်း မမှားပေ။

ဒါပေမဲ့ အခု သူရောက်နေတဲ့ သင်္ချိုင်းမြေက သူတို့သင်္ချိုင်း
...ျာဉ်နဲ့ ခြားနားကာ သစ်ပင်ပန်းမန်အမျိုးစုံ မရှိသလို နားခိုစရာ
...ဆောက်အအုံခန့်ခန့်ကြီးတွေလည်း ရှိမနေပါ။

အမိုးအကာမဲ့ ကောင်းကင်ပြင်အောက် ခြောက်သွေ့လျက်။

မြေတွင်းထဲ ဒေါ်မြလေးအလောင်းပါတဲ့ ဝါးအခေါင်းလေးချ...
...က် မြေသားလေးဖို့ရုံနဲ့ ပြီးစီးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်မြလေး

### အသက် (၅၈) နှစ်

ခေါင်းရင်းမှာ ကမ္ဗည်းတိုင်လေး စိုက်ထူထားရုံကလွဲပြီး ဘာ
မရှိပါ။ မြေပုံဖို့ပြီးပေမယ့် ထိုမိန်းကလေးက မြေပုံပေါ်က မြေကြီးပွပွ
တင်းအောင်ဆုပ်ကိုင်ရင်း ယူကျုံးမရစိတ်နဲ့ ထိခိုက်ကြေကွဲစွာ ငို
ကောင်းနေဆဲ။

သူမဘေးနားမှာ သူငယ်ချင်းတွေနဲ့ အိမ်နားနီးချင်းတွေ
မော့ဖျောင်းဖျနေတဲ့မြင်ကွင်း။

ဒီလိုမြင်ရတော့လည်း ရင်ထဲမှာ မကောင်းလှပါ။

ရိုးကဗျာဆိုတဲ့ သူမ။

အဖေက ပစ်သွားတဲ့သမီးလေး။ မအေလုပ်သူက ဒီသမီး နှ
နှစ်အရွယ်မှာ တခြားယောက်ျားနဲ့ လိုက်ပြေးသွား၏။

ကြီးမေဖြစ်သူက ထိန်းသိမ်းစောင့်ရှောက် ပြုစုလာလို့ အရွယ်
ရောက်လာသည်။ အရွယ်ရောက်လာပေမယ့် ဒင်းလေးက ပညာပါ
လည်း ပါပုံမရ။ ဆယ်တန်းနှစ်နှစ်ကျနဲ့ ကျောင်းထွက်ထားတဲ့ အရပ်
သာမန်မိန်းကလေး။

အန္တယ်တော်နဲ့ အကျွာကြီး ကွာလှသည်။

ဟင့်။ သူ ဘာတွေ တွေးနေပါလိမ့်။

တွေးလက်စကို ဖြတ်ပစ်ကာ သူ့ကိုယ်သူ မလုံမလဲလည်





ဖြစ်သည်။ ခပ်လှမ်းလှမ်းရှိ မီးသင်္ဂြိုဟ်စက် ခေါင်းတိုင်မှထွက်တဲ့ အညို
ရောင်မီးခိုးတွေဟာ လေထုထဲ လွင့်မျောပျောက်ကွယ်သွားသည်က
တရိပ်ရိပ်။

သူ့ခြေလှမ်းတွေ မြေပုံမို့မို့လေးနဲ့ တဖြည်းဖြည်း ဝေးကာ။

သူ ဘာကြောင့် ဒီသင်္ချိုင်းမြေပေါ် ရောက်လာရတာလဲ။ တစ်
ယောက်ယောက် သိသွားရင် ခက်ရချည်ရဲ့။

မီးသင်္ဂြိုဟ်ဖို့ စောင့်ဆိုင်းနေကြတဲ့ အလောင်းတွေနဲ့ အသုဘရှင်
တွေ မြေချမြှုပ်နှံသင်္ဂြိုဟ်သူတို့နဲ့ သင်္ချိုင်းပရဝဏ်ဟာ စည်ကားနေဆဲ။

ငိုသံတွေ၊ ဖျောင်းဖျနှစ်သိမ့်သံနဲ့ တရားစကားပြောသံတွေဟာ
သူ့မြင်လွှာကို လှုပ်ခတ်စေလျက်။

မငိုပါနဲ့ မိန်းကလေးရယ်လို့ သူ မချော့ချင်ပါ။

ဘာဖြစ်လို့လဲဆိုတော့ သူမက အန္တယ်တော်မှမဟုတ်ဘဲ။

ဒါပေမဲ့ သူ့ရင်ထဲ နှစ်ဝင်ခံစားနေမိတာက ဘာကြောင့်လဲ။
ဒီအဖြေကိုတော့ သူ မထုတ်တတ်ပေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မယ်မယ် ပေးနိုင်းလိုက်တာပါ ရှိုးလေ။ အသုဘအတွက် သုံးဖို့ စွဲဖို့တဲ့၊ လိုသေးရင်လည်း ပြောပါတဲ့ကွယ်"

ပိုက်ဆံတစ်သိန်းခွဲ ကူငွေထည့်တဲ့ မယ်မယ်။ ရှိုးကဗျာ အဲ့ဒါ လှုပေမယ့် မယူချင်ပါဘူး။

ဦးဘသစ် လှမ်းပေးသလို ဒေါ်ဒေါ်လှက ထိုသို့ ပြောလေသည်။

ဝမ်းနည်းရိပ်မပြယ်သေးတဲ့ ရှိုးမျက်ရည်တွေက သွန်ချသ ဟောခနဲ ကျပြန်သည်။ ရှိုး မျက်ရည်ကိုသုတ်ရင်း –

"မလိုပါဘူး ဒေါ်ဒေါ်လှရယ်၊ ကြီးမေအတွက် ရှိုးတို့အိမ်နား ချင်းအားလုံး ဝိုင်းကူကြပါတယ်၊ ရက်လည်ဆွမ်းချက်ဖို့က ကြီးမေရ





တဲ့ ပိုက်ဆံငါးသောင်းကျော်ကျော် ရှိတယ်၊ အဲဒါနဲ့ အဆင်ပြေအောင် လုပ်ကြမှာပါ၊ မယ်မယ့်ပိုက်ဆံကိုတော့ မယူပါရစေနဲ့"

ဦးဘသစ်နဲ့ ဒေါ်အလှ သက်မချသည်က ရှိုးစိတ်ကို ဖတ်တတ်ပွာ။

ရှိုးစိတ်ထဲမှာလည်း ကြီးမေရဲ့ နောက်ဆုံးခရီးကို လာပို့စေချင်တာက အဓိက။ တကယ်တမ်းမှာ လိုက်ပို့ဖို့နေနေသာသာ သတင်းမေးဖို့ပင် လှူလှတ်မလာ။

လေးရက်မြောက်နေ့မှ ဦးဘသစ်နဲ့ဒေါ်အလှကို ပိုက်ဆံတစ်သိန်းခွဲ ကူငွေထည့်နိုင်းတဲ့အဖြစ်။ ငွေကလွဲပြီး လူလူချင်း ကိုယ်ချင်းစာတဲ့ စိတ်ကလေးသော်မျှ မရှိပါနဲ့။ ငွေတွေသာ ပုံချပေးရုံနဲ့ ပြီးပြီလို့ သတ်မှတ်နေမှတော့ ရှိုးက မက်မောပြီး ယူနေစရာလား။

"အဲလိုလည်း မငြင်းနဲ့လေ ရှိုး"

ဦးဘသစ်က ဖျောင်းဖျသလို ပြောရှာသည်။

"ရပါတယ်၊ ရှိုးတို့မှာ လုံလောက်ပါတယ်၊ ဦးဘသစ်နဲ့ ဒေါ်ဒေါ်လှပဲ ကြည့်ကောင်းအောင်ပြောလိုက်ပါ"

ဦးဘသစ်တို့လင်မယား နားလည်စွာပဲ သက်မ,ချသည်။ ရှိုးနဲ့ သူတို့လင်မယား စိတ်သဘောနဲ့ တူလှသည်မဟုတ်လား။

"အေးလေ ရှိုးလေးသဘောပါ၊ ဒေါ်ဒေါ်လှကတော့ ရှိုးလေးရဲ့ သဘောထားကို နားလည်ပါတယ်၊ မယ်မယ့်ကိုတော့ အဆင်ပြေအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပေးပါ့မယ်၊ ဒါပေမဲ့ အဘွားကြီး တင်းသွားမှာသေချာတယ် ရှိုးရဲ့"

"တင်းပါစေပေါ့၊ ကြီးမေကိစ္စကို ရှိုးတို့ပတ်ဝန်းကျင်က အဆင်ပြေအောင်လုပ်ပေးတာကို ရှိုး လက်ခံရမှာပေါ့၊ ငွေရေးကြေးရေးမရှိလည်း ဖဲဝိုင်းက အကောက်ငွေနဲ့လည်း ကြီးမေအတွက် အလှူအတန်းလုပ်လို့ နိုင်ပါသေးတယ်၊ ဒါကြောင့်ပါ"

"ဒါလည်း ဟုတ်တာပဲ အလှရဲ့"

ဦးဘသစ် ထောက်ခံလေသည်။ ဒေါ်ဒေါ်လှကလည်း နားလည်သဘောပေါက်ကာ ခေါင်းညိတ်၏။

"တစ်မျိုးတော့ မထင်ကြပါနဲ့ကွယ်၊ ကျွန်မတို့ပတ်ဝန်းကျင်မှာက ဒီလိုပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် နိုင်သမျှ ကူညီပေးလေ့ ရှိပါတယ်၊ ပြီးတော့ မမြလေးနဲ့ သမီးရှိုးလေးဆိုတာ ကျွန်မတို့နဲ့အတူတူ နေလာတာ မိသားစုလို၊ မောင်နှမလို၊ သားသမီးလို ဖြစ်နေပါပြီ၊ ဒါကြောင့် ရှိုးလေးသဘောအတိုင်း ဆုံးဖြတ်တာ၊ မမြလေးကလည်း သူ့တူမသဘောအတိုင်း ရောက်ရာဘဝက ကျေနပ်နေမှာပါ"

ဒေါ်စန်းမြင့်က လူကြီးပီပီ ပြေရာပြေကြောင်း ဝင်ပြောသည်။

ထိုအခါ ဦးဘသစ်က ပိုက်ဆံအထပ်လိုက်ကို အိတ်ထဲပြန်ထည့်သည်။

ဒေါ်ဒေါ်လှက သူမ ဘော်လီအိတ်ထဲ ယူလာတဲ့ ပိုက်ဆံကို ဆွဲထုတ်လေသည်။

"မယ်မယ်တို့အကူငွေကို လက်မခံချင်လည်း ရပါတယ်၊ ဒါပေမဲ့





ဒေါ်ဒေါ်လှတတ်နိုင်သမျှ အကူငွေထည့်မယ်လေ၊ ဒေါ်ဒေါ်လှ အကူငွေကိုတော့ ရှိုးလက်ခံရမယ်၊ ရော့"

ထုတ်ထားတဲ့ပိုက်ဆံငါးထောင်ကို ရှိုးလက်ဖဝါးထဲ အတင်းထည့်ပေးလိုက်သည်။

ရှိုး ငြင်းရအခက်ဖြစ်သွားကာ တစ်ခုခု ပြန်ပြောဖို့ပြင်လျှင် –

"မမြလေးရဲ့နောက်ဆုံးခရီးကို ဒေါ်ဒေါ်လှတို့ အကြောင်းကြောင်းကြောင့် မပို့ရတဲ့အတွက် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အဲဒီနေ့က မောင်မျိုးဆက်သွေးရဲ့ စေ့စပ်ပွဲအစီအစဉ် ရက်ရွေးရမယ့်နေ့နဲ့ တိုက်ဆိုင်နေတော့လေ"

"ရှိုး နားလည်ပါတယ် ဒေါ်ဒေါ်လှ"

ရှိုးကဗျာ ရင်နင့်စွာ ခေါင်းညိတ်၍ တိုးတိုးပြော၏။

"ကဲ ရှိုးလေး ဦးဘသစ်တို့ အကူငွေကိုတော့ မယူဘဲမနေပါနဲ့ တတ်နိုင်သလောက်ကူတာကို လက်ခံပေးလိုက်ပါကွယ်"

"ဟုတ်သားပဲ ရှိုးလေး၊ မမြလေးနဲ့ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်၊ ဘဝတူလည်း ဖြစ်တာဆိုတော့"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်ရဲ့၊ ရော့ မိသက် ကူငွေမှတ်တဲ့စာအုပ်ထဲမှာ ဒေါ်ဒေါ်လှတို့နာမည်နဲ့ မှတ်လိုက်"

ဒေါ်စန်းမြင့် စကားမဆုံးခင် ရှိုးကဗျာလက်ခံကာ မိသက်ကို လှမ်းပေးလိုက်သည်။ မိသက်ကလည်း ကူငွေစာရင်းစာအုပ်ထဲ ထည့်မှတ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဒေါ်ဒေါ်လှ ကျေးဇူးတင်ပါတယ် ရှီးလေးရယ်"

"ရပါတယ်၊ ကြီးမေရဲ့ ရက်လည်အလှူနေ့ကျရင် လာခဲ့ပါလား။ မယ်မယ့်ဆီ ခွင့်တောင်းပြီးတော့လေ"

"စိတ်ချပါ ရှီးလေးရဲ့၊ မယ်မယ်သာခွင့်ပြုရင် အလုပ်အကိုင်နေ့ကတည်းက ကူလုပ်ပေးဖို့ လာချင်ပါတယ်တော်"

ဒေါ်ဒေါ်လှ ရင်ထဲဆန္ဒအတိုင်း စိတ်အားထက်သန်စွာ ပြောလေသည်။ ထိုစကားက ရှီးအတွက် အားတက်စေတာအမှန်။

"ဟုတ်တယ်နော်၊ မယ်မယ်ခွင့်ပြုရင် သိပ်ကောင်းမှာ၊ ခွင့်ပြုပါစေလို့ ရှီး ဆုတောင်းပေးပါ့မယ်"

"ဆုတောင်းပြည့်ပါစေဟယ်၊ ကဲ ရှီးလေး ဒေါ်ဒေါ်လှတို့ ပြန်ဦးမယ်"

"ဟုတ်၊ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်လှနဲ့ ဦးသစ်ကိုပေါ့"

"ရပါတယ်လေ"

နှစ်ယောက်သား ပြောရင်း ထိုင်ရာမှထလေသည်။ ရှီးလည်း ဒေါ်ဒေါ်လှတို့နဲ့အတူ ထကာ ခြံဝအထိ လိုက်ပို့ပေး၏။

မယ်မယ်ပေးခဲ့တဲ့ ကျွေပိုက်ဆံအိတ်လေးကို ဒေါ်ဒေါ်လှ မိမိရရဆုပ်ကိုင်ရင်း ကားပေါ်တက်သွားသည်။

ဦးသစ်က မယ်မယ်တို့စံအိမ်အတွက် ဈေးသွားဈေးလာရင်





သုံးတဲ့ ဘင်နီကားလေးကို ကိုယ်တိုင်မောင်းထွက်သွားလျှင် ရှီး လက်တပြပြနဲ့ ကျန်ရစ်ခဲ့သည်။

ခုမှပဲ ရှီးဘဝကို ရှီး သတိထားမိသည်။ ရှီးဟာ တစ်ယောက်တည်း အထီးကျန် ဖြစ်တော့မယ်ပါလား။

ဒေါ်ဒေါ်နဲ့ မေမေရယ် –

ရှီးဆီ ဘယ်သူမှ လာနိုင်ကြတော့မယ် မထင်ပါဘူးကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

“ကောင်မလေး ဘာအချိုးချိုးနေမှန်း မသိဘူး”

မေမေပြောနေတာက အလိုမကျစွာ။ မယ်မယ်က မျက်နှာကို တွန့်ခါပြီး –

“အို့ ဘာအချိုး ချိုးချိုးပေါ့”

“ချိုးတာက အရေးမကြီးဘူး မယ်မယ်ရယ်၊ မမြလေးရက်လည် ပြီးတာ ဟိုဘက်ကမ်းတောင် လွန်နေပြီ၊ အလုပ်မဆင်းသေးတာ ပြောတာ”

“အေး ဒါတော့ မဟုတ်သေးဘူး။ ရက်လည်ပြီးတာ ဒီနေ့ပါ ဆို တစ်ပတ်ရှိရောပေါ့”





ညနေခင်း မိသားစုအနားယူနေတုန်း စကားလမ်းကြောင်းက ကာဗျာဆီရောက်နေတာ ခုချိန်မှာ အရှိန်တက်နေပုံရသည်။

မယ်မယ်နဲ့မေမေ ပြောနေတာတွေက သည်းမခံချင်တဲ့စိတ် ွနဲ့မှန်း သိသာသည်။

သူက တီဗွီအစီအစဉ်ကိုပဲ အာရုံစိုက်ကြည့်နေလိုက်၏။

“ဟုတ်တယ် မယ်မယ်၊ ဒီလောက်ဆို အလုပ်ဆင်းသင့်နေပြီ၊ အိမ်မှာ ဒေါ်အလှတစ်ယောက်တည်းနဲ့ အလျှင်မမီ ဖြစ်နေတာလေ”

“အဲဒါပေါ့၊ ဘာသစ်ကို သွားပြီး ခေါ်နိုင်းချေ၊ ကူငွေထည့်ပေး က်တာ လက်မခံကတည်းက ဒင်းလေးမျက်နှာကို စေ့စေ့ကြည့်လိုက် ဘယ်၊ ဟွန်း ဘာစိတ်သဘောနဲ့လဲလို့ တဲ့မေးချင်နေတာ၊ ပါးစပ်ယား တာပဲ၊ ဘာသစ်ကို အမြန်သွားခေါ်နိုင်းခမ်း သင့်သင့်”

မယ်မယ် အားမလိုအားမရ ဖိပြောရင်း အမိန့်ပေးလေသည်။

“ဟုတ်ကဲ့ မယ်မယ်၊ သွားခေါ်ခိုင်းမယ်”

မေမေက မယ်မယ့်အမိန့်အတိုင်း ချက်ချင်း ထွက်သွားသည်။ ခြံထဲရှိနေတဲ့ ဦးဘာသစ်ကို လှမ်းခေါ်ရင်း ခိုင်းလေပြီ။ ဦးဘာသစ် သည်း မေမေခိုင်းတဲ့အတိုင်း ကားမောင်းထွက်သွားတာ အလျှင်အမြန်။ မေပြန်ဝင်လာတော့ မယ်မယ် ဟင်းခနဲ သက်ပြင်းချရင်း –

“မမြလေးလို လုပ်တတ်ကိုင်တတ် ဖြစ်နေလို့ပါအေ၊ နို့မို့ဆို လေးကို စံအိမ်မှာ ခေါ်မခိုင်းပါဘူး။ မယ်မယ့်ကူငွေကို လက်မ

www.burmeseclassic.com



ကတည်းက အလုပ်ထုတ်ပစ်ချင်နေတာ''

''ဟုတ်တယ် မယ်မယ်ရဲ့၊ သင့်သင့်လည်း အဲဒီကတည်းက အသားတဆတ်ဆတ် တုန်နေတာပေါ့''

''ဘယ့်နှယ်ကွယ်၊ ကူငွေထည့်တာကိုပဲ ငြင်းရတယ်လို့ အဲဒါပဲ လူ့အဆင့်အတန်းဆိုတာ၊ ကူညီတာကို နားမလည်တတ်တဲ့အတန်းအစားဒင်းကြောင့် ခေါင်းရှုပ်ရတယ်ကွယ်၊ သင့်သင့် သံပုရာရည်တစ်ခွက် ဖျော်ခိုင်းစမ်း အလှကို''

မယ်မယ် ပြောရင်း ပြောရင်း မကျေနပ်စိတ်တွေ ပိုကဲလာလေသည်။ မေမေက ဟုတ်ကဲ့ပြောရင်း မီးဖိုဆောင်ဘက် ထွက်သွားလေသည်။ မယ်မယ့်စိတ်က တစ်ခုခုကို အလိုမကျဖြစ်ပြီဆိုရင် တဖျစ်တောက်တောက် ပြောလို့မဆုံးတော့ပါ။

ပြောရင်းဆိုရင်း မောလာသည်က ခဏခဏရယ်။

သူ့ ငယ်ငယ်တုန်းကဆိုရင် စံအိမ်ထဲမှာ အလုပ်သမားက ခြေချင်းလိမ်မတတ် များလှသည်၊ ဘယ်တစ်ယောက်ကိုမှလည်း မယ်မယ် စိတ်တိုင်းမတွေ့လှပါ။

တစ်ချိန်ကုန် တဖျစ်တောက်တောက် လုပ်ရလွန်းလို့ မယ်မယ့်ခမျာ ခဏ ခဏ အမောထတတ်သည်။ အမောထရာကနေ နှလုံးအားနည်းကာ။

မိသားစုဆရာ ပါရဂူဦးဝေလင်းက နောက်ဆုံး အကြိမ်တစ်ရ





ဆေးသည်။ အလုပ်သမားတွေကို ဆူပူရာက မောလာရာက စတယ်ဆိုတော့ အလုပ်သမားအရေအတွက်ကို လျှော့ချဖို့ပါ။

မေမေလည်း ဆရာဝန်ပြောတဲ့အတိုင်း အလုပ်သမားအားလုံးကို အလုပ်ထုတ်၏။ အလုပ်သမားအသစ် ထပ်ခန့်တော့ ခပ်ငယ်ငယ် မိန်းကလေးတွေကို မရွေးတော့ပါ။

ရိုကျိုးပုံရတဲ့ ဒေါ်မြလေးကို ဦးဆုံးရွေးခိုင်းကြည့်သည်။ ဦးဘသစ်က ဒေါ်အလှကို ခိုင်းကြည့်ပါပြောတာနဲ့ ဒေါ်အလှကိုခိုင်းကြည့်ရာ စိတ်တိုင်းကျလေသည်။

ထိုအခါ လစာကို ပိုပိုသာသာပေးလျက် မီးဖိုဆောင်တာဝန် အပ်နှင်းလိုက်သည်။

ဒေါ်မြလေးနဲ့ ဒေါ်အလှ လက်တွဲညီညီ အလုပ်လုပ်ကြတာ ပြန်လှည့်ကြည့်စရာမလို။ ခိုင်းတဲ့အတိုင်း လုပ်သလို လုပ်တိုင်းလည်း နေစိတကျ ရှိလေသည်။ တခြားအလုပ်သမားတွေတုန်းကလို တစ်ယောက်နဲ့တစ်ယောက် ရန်စောင်ကြတဲ့ပြဿနာနဲ့မရှိ။

မီးဖိုဆောင်ပြဿနာလည်း အေးသွားတော့ မယ်မယ်လည်း အမောလည်း မမောတော့ပါ။ ကျန်းကျန်းမာမာနဲ့ စိတ်သွားတိုင်းကိုယ်ပါ သွက်။

မယ်မယ် စိတ်တိုင်းကျဖြစ်သည်မို့ ဦးဘသစ်နဲ့ ဒေါ်အလှတို့ ခြံထဲက အလုပ်သမားတန်းလျားမှာပဲ နေစေသည်။ ဒေါ်မြလေးကတော့မ



www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးရှိလို့ ပြန်ပါရစေ ခွင့်တောင်းတာကြောင့် ညနေ ပြန်ခွင့်ပေး
သည်။

ခုဆို ဆယ်စုနှစ်နီးပါး ရှိလေပြီ။

ဒေါ်မြလေးဆုံးသွားခါမှ ရိုးကဗျာကြောင့် မယ်မယ် ဇျစ်တော
ဇျစ်တောက် ဖြစ်ရချေသည်။

"စိတ်လျှော့ပါ မယ်မယ်ရယ်၊ သူတို့ဘာသာသူတို့ ပြေလ
တော့လည်း ပြီးတာပဲမဟုတ်လား"

သူ တစ်ခွန်းဝင်ပြောမိသည်။ မယ်မယ် မျက်မှောင်ကြုတ်လျ
စိုက်ကြည့်ပြီး –

"ဒီလိုတော့ မငြင်းသင့်ဘူးလေ၊ ငြင်းတာကိုက မယ်မယ်
ကူပံ့တာကို ဆန့်ကျင်တဲ့သဘောပေါ့ မြေးကြီးရဲ၊ ပြီးတော့ အလုပ်မအ
သေးတာက ပိုပြီး အလေးမထားရာရောက်တယ် မဟုတ်လား"

"သူလည်း သူ့အကြောင်းနဲ့သူ ရှုပ်နေလို့ဖြစ်မှာပေါ့"

"ရှုပ်နေရင်လည်း လူလွှတ်ပြီး ပြောခိုင်းလေ၊ ခုတော့ အ
မစိုက်သလိုနေတာ မယ်မယ် မကြိုက်ဆုံးပဲ၊ ဒင်း အဆင့်အတန်းချင်း
တော့ နားမလည်တာပေါ့ မြေးရဲ့"

သူ မသိမသာ သက်မချလေသည်။

ဒေါ်ဂုဏ်ရည်သင့်နောက်က သံပုရာရည်ခွက်နဲ့ လက်သုတ်
ထည့်ထားတဲ့ ရွှေနားကွပ်ဗန်းဝိုင်းလေး ကိုင်လာတဲ့ ဒေါ်အလှ မဝံ့





လို့သွားသည်။

ရိုးလေးကို ဆုပ္ပက်နေသံ ကြားတာမို့လေ။

အိမ်ကြီးရှင်တွေရဲ့အထာကို နောကျေနေပြီမို့ နားနေခန်းထဲ
ယ်လေးကျုံ့ကာ မယ်မယ်ထိုင်နေတဲ့ဆိုဖာခြေရင်းမှာ ထိုင်ချရင်း
ပုရာရည်ဗန်းလေးရှေ့တိုးပေးပြီး –

"မယ်မယ် သံပုရာရည်ရပြီ၊ သောက်လိုက်ပါဦး"

ဟု လေသံနှိမ့်ချလျက်ပြော၏။ သူက အလိုက်သိသိနဲ့ သံပုရာ
ည်ခွက် မယူပြီး မယ်မယ့်ကိုပေးသည်။

"မယ်မယ် သောက်လိုက်ပါဦး"

မယ်မယ်က သံပုရာရည်ခွက်ကို မျက်စောင်းထိုးကြည့်၏။ ပြီးမှ
မ်းယူပြီး သံပုရာရည်တစ်ငုံသောက်သည်။

သူက ဒေါ်အလှကို မျက်ရိပ်ပြ၍ ဗန်းကို စားပွဲပေါ်တင်ကာ
ားစေသည်။ ဒေါ်အလှကလည်း လျင်လှပေသည်။

မျိုးဆက်သွေး မျက်ရိပ်ပြသည်နှင့် ဘာဆိုတာ သိနှင့်၏။ ဗန်း
းလေးကို စားပွဲပေါ် အသာတင်လျက် လှစ်ခနဲထွက်သွားတာ လျှပ်
စ်လိုပဲ မြန်လှသည်။

သံပုရာရည်သောက်ပြီးသွားတဲ့ မယ်မယ် သက်မချကာ ကျော
ဆိုဖာကျောမှာ ကပ်လျက်မှီချသည်။

မေမေက တစ်ဝက်ကျန်နေသေးတဲ့ သံပုရာရည်ခွက်ကို မယ်



www.burmeseclassic.com

www.burmeseclassic.com



မယ့်ထံမှယူပြီး ဗန်းဝိုင်းပေါ်က အောက်ခံကြွေပန်းကန်ပေါ် တင်သည်။

"နေသာရဲ့လား မယ်မယ်"

"သာသလို မသာသလိုပေ့ါကွယ်"

"အဲဒါဆို ခြံထဲဆင်းပြီး လမ်းလျှောက်ရအောင်လား မယ်မ ခြံထဲမှာက လေနုအေးက အဲကွန်းအေးတာနဲ့ မတူဘူး၊ လတ်လ ဆတ်ဆတ်နဲ့ လမ်းလျှောက်ရတာ သိပ်ကောင်းတယ်မယ်မယ်"

"အေး ကောင်းသား၊ နောက်ဆို ရင်ထဲ တနံ့နံ့နဲ့ရယ်"

"လာ မယ်မယ်"

သူနဲ့ မေမေ တစ်ဖက်တစ်ချက်က ခြံရှုပြီး မယ်မယ့်ကို ခြံ ခေါ်ဆင်းခဲ့သည်။

သူတို့ခြံရှေ့က ပန်းဥယျာဉ်နဲ့ အလားတူတယ်မဟုတ်လား

ပန်းပေါင်းစုံကို အကန့်လိုက်စိုက်ပျိုးထားသော ပန်းရနံ့တွေ လေပြည်ထဲ လွင့်မျောနိုးကား၊ ရှုရှိုက်မိတိုင်း မွှေး၏။ စိတ်ကို ကြည် လန်းဆန်းစေသည်။

ခြံထဲဆင်းပြီး လမ်းလျှောက်ရလို့ မယ်မယ့်မျက်နှာမှုရာက ကလေးများနှယ် လန်းလျက်။

ထိုစဉ် ကိုဘာသစ်ကားလေး ခြံထဲ ဝင်လာလေပြီ။

ကိုဘာသစ် ဂိုထောင်ထဲအထိ မောင်းဝင်သွားသည်။ ဂိုထေ ရှေ့မှာ ကားရပ်ပြီးသည်နှင့် မယ်မယ့်ဆီ သွက်သွက်ကလေးလာသည်





"ဟဲ့ ဘာတဲ့လဲ ဘာသစ်"

"ရိုးကဗျာနဲ့ မတွေ့ခဲ့ဘူး၊ သူတို့ မြို့ထဲကိစ္စရှိလို့ ထွက်သွား ာ ပြန်မရောက်သေးဘူးတဲ့၊ ရောက်ရောက်ချင်း လာခဲ့ပါလို့ ဘေးအိမ် ာ လူတွေကို သေချာမှာခဲ့ပါတယ် မယ်မယ်"

"အေး ကောင်းတယ်၊ လာပါစေ၊ လာမှပြောမယ်၊ ကဲ သွား၊ ယ်စရာရှိတာ ဆက်လုပ်"

"ဟုတ်ကဲ့ပါ မယ်မယ်"

ဦးဘာသစ် ရိုရိုကျိုးကျိုးနဲ့ မယ်မယ့်ရှေ့က ခွာသွားသည်။ မယ် ယ်က တွေ့မှပြောတော့မယ်ဟုဆိုတဲ့ ကြေးကြော်ဟန်မျိုးနဲ့ မျက်နှာ သေးမော့ကာ ခြံထဲ လေညင်းခံ ဆက်လျှောက်နေတာက ရွှေပါရမီခံအိမ် ဲ အရှင်သခင်မကြီး ပီသစွာ။

သူ့ရင်မှာတော့ မကြည်မလင်ဖြစ်လျက်။

ရိုးကဗျာ -

မင်းလေးရဲ့ စိတ်သဘောက ဘယ်လိုလေးလဲ။

အနွယ်တော့်လို မယ်မယ်ပြောတိုင်း နာခံလေ့ရှိမှာမဟုတ်တဲ့ န်းမစားလေးလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ရှေ့မှာ ရိပ်ခနဲ တွေ့လိုက်ပါသည်။ ရှိုးကဗျာမှန်း သူ မမှတ်မိ... ဘဲ မနေပါ။ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ဦး အဖော်... သေးသည်။

သုံးယောက်စလုံး စိတ်အားထက်သန်တဲ့မျက်နှာနဲ့ တစ်နေရာ... ရာဆီ ဦးတည်နေတဲ့ခြေလှမ်းမျိုး။ ပလက်ဖောင်းပေါ်မှာ ထိုခြေလှမ်းတွေ... သွက်လို့နေသည်။

ရှိုးကဗျာဆိုတဲ့အသိနဲ့ ကိုယ်တိုင်မောင်းလာတဲ့ လင်ခရူဇာကား... ကို သူမတို့အနား ရပ်ပစ်လိုက်သည်။

ကားပေါ်ပါလာတဲ့ သူငယ်ချင်းနှစ်ယောက် အံ့ဩကာ။





“မျိုးဆက်”

ကားနောက်ခန်းမှာထိုင်နေတဲ့ ဇော်ဝဏ္ဏ လွှတ်ခနဲခေါ်သည်ကို ...ည်း မမှုစွာ။

“ရှိုးကဗျာ”

ကားလေးအနားကပ်ရပ်လိုက်တာတောင် သုံးယောက်သား ...ားတပြောပြောနဲ့ လျှောက်နေတဲ့ခြေလှမ်းတွေ ရပ်မသွား။ လှည့်လည်း ...ကြည့်။ လိုရာကို လှမ်းနေဆဲမို့ မျိုးဆက်သွေး ဖိခေါ်လိုက်သည်။

သူ့ခေါ်သံက ကြည်လင်ကာ။ သို့သော် အရှိန်အဝါတို့နဲ့ တင်း ...က်။

နာမည်ခေါ်ခံမှ ခြေလှမ်း အလိုလိုရပ်သွားသလို လှည့်ကြည့် ...ကြသည်။

“ဟင်”

သူ့ကို မြင်လိုက်ရတော့ ရှိုးကဗျာ အံ့ဩကာ နှုတ်ခမ်းလေး ...ဟသွားလေပြီ။

ရှိုးသူငယ်ချင်းနှစ်ယောက်လည်း အံ့ဩလျက် ငေးကြည့်၏။ ...ဆက်သူငယ်ချင်းနှစ်ယောက်က ကားနောက်ခန်းမှာ ခန့်ခန့်ကြီးထိုင် ...လျက် အခြေအနေကို အကဲခတ်နေကြကာ။

သူတို့သူငယ်ချင်းမျိုးဆက်နဲ့ ထိုမိန်းကလေး ပတ်သက်မှုက ...ာလဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မလုံမလဲဖြစ်ပုံလေးနဲ့ မျက်နှာလေး အရောင်ဖျော့သွားသည်။

''မယ်မယ်ခေါ်ခိုင်းလို့ ဦးဘသစ် သွားခေါ်တယ်လေ၊ မင်းအိမ်နီးချင်းတွေ မပြောပြလို့လား''

''ပြောပါတယ်''

''ပြောရင် ဘာလို့ မလာတာလဲ''

''ဟို ရှီးက တခြားအလုပ်ပဲ လုပ်တော့မလို့''

''ဘာကွ''

မျိုးဆက်သွေးအသံကြီး ဟိန်းထွက်သွားသည်။ ကားတံခါးလည်း ဖျတ်ခနဲ ဖွင့်မိသွားကာ ဆင်းမလို့ပြင်ပြီးမှ အဆင့်အတန်းရှိမတူပါလားဆိုတဲ့အသိ ဝင်လာသည်။

''ဟုတ်တယ်ခင်ဗျ၊ ရှီးက ရွှေပါရမီစံအိမ်မှာ မလုပ်ချင်ဘူး၊ အဲဒါနဲ့ ကျွန်တော်တို့ အလုပ်လိုက်ရှာပေးနေတာ''

''မိသက်တို့ ဖိနပ်စက်ရုံမှာ နေ့စားဝင်လုပ်ဖို့လေ၊ စက်ရုံကို သွားနေကြတာရှင့်''

ဝင်းသိုက်နောက်က မိသက်ပါ ဝင်ပြောလျှင် မျိုးဆက်သွေး မျက်နှာ မနှစ်မြို့ဖွယ်ဖြစ်လျက်။

''ဘယ်က ဖိနပ်စက်ရုံလဲ''

''မော်ဒန်သစ်''





''ဟွန်း မော်ဒန်သစ်၊ ဘယ်သူက မင်းကို အလုပ်ခန့်မှာလဲ''

''မန်နေဂျာကို မိသက် ကြိုပြောထားပါတယ်၊ မန်နေဂျာက ခန့်မယ်တဲ့''

သူငယ်ချင်းနှစ်ယောက်ထက် ဦးစွာ ရှီးကဗျာ ဖြေလေသည်။ ထိုအခါ မျိုးဆက်သွေးမျက်နှာ မဲ့မဲ့ကြီး ဖြစ်လျက် –

''အဲဒီမန်နေဂျာ ကိုအောင်ဝင်းကို ငါက မခန့်နဲ့ပြောရရင် သူ ခန့်လို့ရမယ် ထင်လား''

''ဟင်''

ရှီးနဲ့အတူ သူငယ်ချင်းနှစ်ယောက်ပါ မျက်လုံးပြူးသွားသည်။

ထမင်းချိုင့်ကိုယ်စီဆွဲကိုင်ထားတဲ့ လက်ကလေးပါ တုန်ယင်ကာ ခေါင်းထဲ ဖျတ်ခနဲ အသိတစ်ခုပြေးဝင်သည်။ ဒါဆိုရင် မော်ဒန်သစ် ဖိနပ်စက်ရုံက သူ့ပိုင်ဖြစ်နေတာပေါ့။

''မင်းကို လစာကောင်းကောင်းပေးထားရဲ့နဲ့ကွာ၊ မယ်မယ် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ နက်ဖြန်ကစ အလုပ်ဆင်းဒါပဲ''

အမိန့်ပေးသလို သူပြောရင်း ကားကို ဝူးခနဲ ဆောင့်အောင့်မောင်းထွက်သွားလေသည်။

ရှီး ဘာမှ ပြန်ပြောခွင့်မသာ၊ သူ့ကား ထွက်သွားရာနောက် ငေးကြည့်မိတာက လက်မခံနိုင်စွာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြီးလဲကွ"

"ဟုတ်ပါ့၊ သူ့အမိန့်ကိုပဲ နာခံရမလိုလိုနဲ့"

ဝင်းသိုက်နဲ့မိသက် အလိုကျဟန်မတူ။ တစ်ခွန်းစီ ဝင်ပြောကြ၏။ ရှိုးမျက်နှာလေး အသာခါလျက် –

"အိုး သူပြောတိုင်း နာခံရမတဲ့လား၊ သူ့စိတ်နဲ့သူ ရှိုးစိတ်နဲ့ ရှိုးလေ"

"ဟုတ်တာပေါ့၊ လာ သွားကြမယ်"

"ဘယ်ကိုသွားမှာလဲ ရှိုးရဲ့"

စက်ရုံဆီ ဦးတည်ရပ်နေတဲ့ ရှိုးခြေလှမ်း ရှေ့တိုးသွားဖို့ ခက်နေပြီ မဟုတ်လား။

မိသက်မေးတာကို ချက်ချင်း ပြန်မဖြေနိုင်။

"မသိတော့ဘူး မိသက်ရယ်၊ မိသက်တို့မန်နေဂျာက ရှိုးကို အလုပ်ပေးမှာမဟုတ်တော့ဘူး သေချာတယ်"

"အေးလေ၊ သေချာလို့ မေးတာပေါ့၊ အခု ဘယ်သွားမလဲ၊ အိမ်လှည့်ပြန်မလား၊ ဒါမှမဟုတ် တခြားမှာ အလုပ်လိုက်ရှာမလား"

"ကဲ ဒီလောက်လည်း ခေါင်းစားမနေနဲ့၊ ဒီအလုပ်မရလည်း ဘာအရေးလဲ၊ တခြားအလုပ် လိုက်ရှာကြတာပေါ့၊ မြို့ထဲမှာ ငါ့အသိတွေ ရှိတယ်၊ မေးမြန်းကြည့်ရင် တစ်နေရာမဟုတ် တစ်နေရာတော့ ရမှာပါကွာ၊ လာ"





ဝင်းသိုက်က သိပ်စိတ်ရှုပ်ဟန်မတူ။

ပြောလို့ပင်မဆုံးသေး ရှိုးလက်ကိုဆွဲကာ မြို့ထဲဘက်သွားဖို့ ကားမှတ်တိုင်ဆီ ခြေဦးလှည့်၏။ ရှိုးလည်းမငြင်းပါ။

"မိသက် ညနေမှ ပြန်ဆုံမယ်"

ရှိုးရဲ့ နှုတ်ဆက်သံလေး လွင့်ကျန်ခဲ့သည်။ မိသက်က ရှိုးတို့နဲ့ လိုက်လို့မဖြစ်ပါ။

စက်ရုံမှာ အလုပ်ဝင်ရဦးမယ်မဟုတ်လား။ နှစ်ယောက်က တစ်ဖက်၊ တစ်ယောက်ကတစ်ဖက် လမ်းခွဲလျက်။ မိသက်ခမျာ စက်ရုံဘက် ခြေလှမ်းရပေမယ့် ထိုခြေလှမ်းက လေးလံစွာ။

မိသက်ရထားတဲ့ နေ့စားအလုပ်ကလေး ဖြုတ်ခံရရင် ရင်မောရပါရဲ့ နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မင်း အရင်နဲ့မတူတော့ဘူး မျိုးဆက်"

"ဘာမတူတာလဲ စစ်ညီ"

သုံးယောက်သား ကားပေါ်က ဆင်းကြချိန်မှာ စစ်ညီ ဦးစွာ စကားစသည်။ ဇော်ဝဏ္ဏက စစ်ညီစကားကို ထောက်ခံသယောင် ခေါင်းညိတ်၏။

ဇင်မျိုးဆက်သွေး မရှင်းတာမို့ မေးလျှင် –

"မင်းအပြုအမူပေါ့ကွာ"

"ကိုယ့်အပြုအမူ ဟုတ်လား၊ ဘာအပြုအမူအလဲ"

"အရင်တုန်းက အဆင့်အတန်းမတူတဲ့ ဘယ်မိန်းကလေးနဲ့မှ





မင်း စကားမပြောပါဘူးကွ"

စစ်ညီ စကားအဆုံးမှာ မျိုးဆက်သွေး ခေါင်းညိတ်၏။ ဒါတော့ သူ အလေးအနက်ထောက်ခံကာ။

"ခုမှ မင်းအပြုအမူတွေ ပြောင်းနေသလားလို့"

ဇော်ဝဏ္ဏလည်း ထင်မြင်ချက်ပေးသည်။ မျိုးဆက်သွေး မျက်မှောင်ကြုတ်သွားကာ –

"နေပါဦး၊ မင်းတို့ ကိုယ့်ကို တစ်မျိုးမြင်နေတာ မဟုတ်လား"

"ကိုယ်တို့မြင်တာက မင်းပြုနေတဲ့ကိစ္စလေကွာ၊ မင်းပြုမူနေတာတွေက ကိုယ်တို့အတွက် အံ့သြရတယ်၊ ဒါကြောင့် မေးတာ"

သုံးယောက်သား ကြိုတင်ဘိုကင်လုပ်ထားတဲ့ စားသောက်ခန်းထဲ ဦးတည်လျှောက်လာရင်း စစ်ညီပြောလေသည်။

"ပလက်ဖောင်းပေါ် လမ်းလျှောက်သွားနေတဲ့ အလုပ်သမလေး တစ်ယောက်ကို မင်း ကားရပ်ပစ်ပြီး ပြောဆိုတာမျိုး ကိုယ်တို့ မကြုံဖူးဘူး၊ မင်းလည်း အဲလိုမျိုး အရင်က မလုပ်ဖူးဘူး၊ မလုပ်ဖူးတာတွေ မင်းလုပ်နေတာဆိုတော့ကွာ"

ဇော်ဝဏ္ဏ စကားအဆက်အစပ်မိအောင် ဆိုလာတော့မှ သူ ကောင်းစွာ သဘောပေါက်၏။ ဝိတ်တာကောင်လေး တရိုသေ ဖွင့်ပေးတဲ့ အတွင်းဘက်အခန်းထဲ သူ ဦးစွာ လှမ်းဝင်လျက် –

"ဒါက မယ်မယ့်ကြောင့်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ဖြစ်ဖြစ် မင်းမျက်လုံးထဲမှာ အဲဒီကောင်မလေးကို ပိုင်စိုးလိုတဲ့အရိပ်တွေ မြင်နေရတယ်"

"ဘယ်လို"

"ကဲ ထိုင်စမ်းပါကွာ၊ အေးအေးဆေးဆေး ပြောကြတာပေါ့ကွ"

စစ်ညီ လေသံဖျော့ချပြီး ဆိုဖာထိုင်ခုံမြင့်မြင့်မှာ ထိုင်စေသည်။ သူ အရင်ဝင်ထိုင်လျှင် သူငယ်ချင်းနှစ်ယောက်လည်း ထိုင်ကြကာ။

ဝိတ်တာက အနားမှာရောက်နေတာမို့ စားသောက်စရာ အရင်မှာသည်။ ပြီးမှ စကားဆက်ကြ၏။

"ရိုးကဗျာဆိုတာက"

"ဒေါ်မြလေးတူမပါကွာ၊ ဒေါ်မြလေး နေထိုင်မကောင်းကတည်းက ဒေါ်မြလေးကိုယ်စား လာလုပ်တာ၊ ဒေါ်မြလေးဆုံးသွားတော့ နှင်မထုတ်ပါလူး၊ ဆက်လုပ်ခွင့်ပေးထားရဲ့နဲ့"

မျိုးဆက်သွေး အလိုမကျစိတ်နဲ့ စကားကို တိခနဲရပ်ထားလိုက်သည်။ ဇော်ဝဏ္ဏနဲ့စစ်ညီက အဲဒါကိုပဲ သဘောကျသလိုလို ဘာလိုလို မျက်နှာပေးက မချိုမချဉ်လေး ဖြစ်ကာ –

"အဲဒါနဲ့ မင်းရင်မှာ ခိုက်နေတယ်ပေါ့"

"ဘယ်လို ခိုက်နေတာ"

"ကိုယ်တို့အမြင်အရတော့ မင်း ခိုက်နေသလားလို့"





"မဆိုင်လိုက်တာကွာ"

"မဆိုင်လည်း ဘာသိဘာသာ နေလို့ရတာပဲ မျိုးဆက်ရာ၊ နိုင်းတဲ့,စေတဲ့မိန်းကလေးပဲ၊ တစ်ယောက်မဟုတ်တစ်ယောက် ခေါ်နိုင်းလို့ ရရဲ့နဲ့ အမိန့်ပေးနေတာ သဘာဝသိပ်မကျသလိုပဲ"

ဇော်ဝဏ္ဏကို သူ စူးစိုက်ကြည့်မိသွားသည်။ စစ်ညီနဲ့ ဇော်ဝဏ္ဏဆိုတာ သူတို့ ကျောင်းတုန်းကတည်းက တွဲလာတဲ့သူငယ်ချင်း။ လုပ်ငန်းခွင်ဝင်ကြပြီးသော်လည်း အဆက်အသွယ်မပြတ်ကြပါ။

ဘာကိစ္စမဆို အားမနာတမ်း ပြောတတ်စမြဲ။ ခုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ပြောလျှင် –

"ဟုတ်မယ်၊ ကိုယ်လည်း သဘာဝမကျသလိုဘဲ ထင်တယ်ကွ"

စစ်ညီပါ ဝင်ပြော၏။ သူ ပို၍ စူးစိုက်ကြည့်မိကာ –

"ကိုယ် အမိန့်ပေးနေတာ"

"ဟုတ်တယ်လေကွာ၊ တကယ်ဆို မင်းတို့စံအိမ်မှာ သူ မလုပ်ချင်တာ သူ့အခွင့်အရေးပဲ၊ ဒါကို မင်း တားမြစ်သလို အမိန့်ပေးနေတာဆိုတော့ သူ့အခွင့်အရေးကို လွှမ်းမိုးချင်တဲ့သဘော ဆောင်မနေဘူးလား"

"ဟ အဲဒါတော့ မင်းတို့ အမြင်လွဲတာပဲ၊ ဒီမှာ စက်ရုံမှာပဲ လုပ်တော့ သူ ဝင်ငွေဘယ်လောက်ရှိမှာမို့လဲ၊ မယ်မယ်ပေးထားတဲ့ လစာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ စက်ရုံမှာ နေ့စားလုပ်တဲ့လုပ်အားခထက် လေးဆမကဘူးကွ၊ ပြီးတော့ မယ်မယ့်ဆီမှာက အလုပ်အတည်တကျ၊ စက်ရုံမှာက နေ့စားဆိုတာ လိုအပ်ချက်အရ ခေါ်ထားတာ၊ မလိုတာနဲ့ နားပစ်လို့ရတယ်၊ အာမခံချက်ရှိတဲ့အလုပ် မဟုတ်ဘူး။ ဒါကို ရှိုးကဗျာ နားမလည်တာလား၊ ဒါမှမဟုတ် မယ်မယ့်ဆန္ဒကို ကလန်ကဆန်လုပ်နေတာလား၊ အဲဒါကို ကိုယ် လက်မခံနိုင်တာ"

"မဟုတ်သေးဘူး မျိုးဆက်"

စစ်ညီက ခေါင်းတခါခါနဲ့ ဆိုပြန်သည်။ ဝိတ်တာလာချပေးတဲ့ ကော်ဖီနဲ့ ပီစာမုန့်နဲ့ ခရင်မ်ကိတ်တွေအပေါ်မှာ ဘယ်သူမှ အာရုံမရောက်ကြပါ။ စကားတွေသာ ဆက်တိုက်ပြောကြ၏။

"မဟုတ်သေးဘူး ဟုတ်လား"

"ဒါပေါ့ကွာ၊ လူဆိုတာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိတယ်၊ မယ်မယ့်ဆီမှာ လစာနဲ့ အတည်တကျအလုပ်ဖြစ်ပေမယ့် ရှိုးကဗျာ မလုပ်ချင်ဘူး၊ သူ မလုပ်ချင်တာကို အမိန့်ပေးခွင့်မရှိဘူး၊ အဲလို အမိန့်ပေးခွင့်မရှိတာကို မင်းက အမိန့်တွေ သွားပေးတယ်၊ ဒါ ဘယ်လိုမှ မဖြစ်သင့်ဘူး၊ တခြားလူခေါ်နိုင်းလို့ ရတယ်လေကွာ၊ မင်းမယ်မယ် ငါ စဉ်းပါစေပေါ့၊ ရေကြီးခွင်ကျယ်လုပ်ပြီး လမ်းမှာ ကားရပ်အမိန့်ပေးနေတာက မင်းတို့အယူအဆနဲ့ပြောရရင် ဂုဏ်နိမ့်စေတယ်လေကွာ"

"ကျွတ်"





စစ်ညီ စကားအဆုံးမှာ မျိုးဆက်သွေး ခံခက်ခက်ကြီး ဖြစ်သွားသည်။ ဇော်ဝဏ္ဏက မျက်ခုံးပင့်ပြီး ဘယ့်နှယ်ကွာလို့ အသံတိတ်ဆိုသည်က ပို၍ ခံခက်စေ၏။

"မင်းတို့က မျိုးရိုးအစဉ်အလာဂုဏ်ကို တန်ဖိုးထားကြတာ မဟုတ်လား၊ ဂုဏ်ချင်းညီမှ အဆင့်အတန်းချင်းတူတယ်လို့ ဟစ်ကြွေးထားတယ်၊ ဟစ်ကြွေးခဲ့တဲ့အတိုင်းလည်း မင်း နေထိုင်ခဲ့ရဲ့နဲ့ မင်းအမူအရာ အခုမှ ပြောင်းနေတာကွ၊ အရင်ကနဲ့ မတူဘူးဆိုတာ အဲဒါကို ပြောတာ"

စစ်ညီ အဆုံးအထိပြောချလိုက်တော့ သူ့မျက်နှာ ပြာတူးမတတ် အရောင်ပြောင်းလို့သွားသည်။

"အဲလိုပြောင်းလဲနေတာ ဘာကြောင့်လို့ မင်းထင်လဲ မျိုးဆက်"

ဇော်ဝဏ္ဏ တည့်တည့်ကြည့်၍မေးတဲ့အခါ သူ ပြန်မဖြေနိုင်။

ပျက်ယွင်းသွားတဲ့အမူအရာနောက်မှ ယောင်ယောင်မှားမှားနဲ့ ကော်ဖီခွက်ပဲ ကိုင်တော့မလိုလို၊ ခရင်မ်ကိတ်ဆီပဲ လက်ရောက်ရနိုးနိုးနဲ့။

နောက်ဆုံးတော့ ပီစာမုန့်တစ်ခု ကောက်ကိုင်ရင်း -

"မသိဘူးကွာ"

လို့ ခပ်ဘုဘု ဖြေမိသွားသည်။ ထိုအခါ စစ်ညီနဲ့ ဇော်ဝဏ္ဏ လက်ခုပ်လက်ဝါးတီးမိတတ် ရယ်မောကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး မင်းက မသိပေမယ့် ကိုယ်တို့သိနေသလိုလိုပဲကွ"

"ဘာလဲ၊ ဘာသိတာလဲ"

သူ အလောတကော မေးဖြစ်သည်။ စစ်ညီက ဇော်ဝဏ္ဏကို မျက်စလေးနဲ့ပြောသည်။

"သိတဲ့အကြောင်းလေး 'ဇော်' မင်းပဲပြောလိုက်ကွာ၊ ကိုယ် အာခြောက်လာပြီ"

စစ်ညီ ကော်ဖီခွက်ကောက်ကိုင်တာကို ကြည့်မနေ၊ ဇော်ဝဏ္ဏ ဘက် သူ လှည့်ကြည့်သည်။ ဇော်ဝဏ္ဏက ပခုံးလေးပင့်ကာ လှလှပပ ပြုံးလျက် –

"ကိုယ် တကယ်ပြောရမလား"

"ပြောစမ်းကွာ၊ မင်းတို့သိတယ်ဆိုတာ ဘာလဲ"

"ပြောရမယ်ဆိုရင် မင်း[illegible]ဖြစ်ဖြစ်၊ နှလုံးသားဖြစ်ဖြစ် တစ်နေရာရာမှာ ရိုးကဗျာ ရှိနေလို့ပဲ"

"ဟာ"

ဇော်ဝဏ္ဏ စကားဆုံးရုံလေးတင် သူ့နှုတ်ခမ်းလွှာ ပွင့်ဟလျက်၊ စောစောတုန်းက လက်ထဲ ယောင်ယောင်နနကိုင်ထားမိတဲ့ ပီစာမှုန့် တုံးလေး လွတ်ကျလို့သွားသည်။

"မင်း အံ့သြချင် အံ့သြနေလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အနွယ်တော်နဲ့ စေ့စပ်ပွဲရက် ရွေးနေတာသိသိကြီးနဲ့ မင်း ထထွက်ခဲ့





...ယ် အကြောင်းပြချက်က တကယ်လှတယ်၊ အနွယ်တော်အတွက် ...က်ဆောင်ပစ္စည်း စီစဉ်ခိုင်းထားရဲ့နဲ့ ကိုယ်တို့မရောက်သေးလို့တဲ့၊ ...နေ့က မင်း တကယ်ရောက်လာရမှာ ကိုယ်တို့ဆီကို၊ မင်းရောက်သွား ... ရေဝေး"

သူ့မျက်နှာ တဖြန်းဖြန်း ပူခြစ်ကာ –

"အနွယ်တော်အတွက် ကိုယ်တို့ကို မင်း ဘာလက်ဆောင်မှ ...ဉ်ခိုင်းပါဘူး၊ ဟုတ်တယ်နော်"

မျိုးဆက်သွေးတစ်ကိုယ်လုံး တုန်ခါသွားတာ ဣန္ဒြေဆည်ဖို့ပင် ...သွားသည်။

သူငယ်ချင်းနှစ်ယောက်က ပြောရင်း သူ့ကို မေးခွန်းထုတ်သလို ...ကြည့်နေတော့ သူ ပို၍ပင် မနေသာတော့ပါ။

သူ ဝုန်းခနဲထလျှင် –

"မျိုးဆက်"

သူ ခေါင်းတွင်တွင်ယမ်းပစ်၏။

"တော်ပြီ၊ မပြောနဲ့တော့ကွာ"

သူ့အသံက ပုံမှန်နဲ့မတူတော့ပါ။ အက်ကွဲတာလည်း မဟုတ်၊ ...ယင်က အဖျားခတ် လှိုင်းထသွားသည့်နှယ်။

သူ မဆန်းစစ်ချင်တဲ့အဖြေကို သူငယ်ချင်းတွေက ဒက်ခနဲ ...ထုတ်လိုက်တဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဝန်မခံချင်တော့ပြီ။

ထို့ကြောင့် ရှောင်ထွက်ခဲ့ကာ။ သူငယ်ချင်းနှစ်ယောက်က ဆွံ့အသလို ကျန်ရစ်ခဲ့တဲ့နောက် –

✿ ✿ ✿



## အခန်း (၁၈)

''ဟူး''

ရှိုး ခြေထောက်ကလေးညှောင်းကာ ခြေလှမ်းလေးပင် မသယ်ချင်တော့ပါ။ တစ်နေရာပြီးတစ်နေရာ ခေါ်သွားပြီး ဝင်းသိုက် အလုပ်ရှာပေးပေမယ့် အဆင်မပြေ။

လောလောဆယ် အလုပ်သမား မလိုသေးဘူး၊ လိုတဲ့အခါပြောမယ် ဘာညာချည်း ပြောတာနဲ့ပဲ ကြုံရ၏။ နောက်ဆုံးမှာ မောလျှာပဲ အဖတ်တင်လျက်။

မောမောနဲ့ လေပူတစ်ချက် မှုတ်ထုတ်လေသည်။

ထို့နောက် ကားမှတ်တိုင်နဲ့ မလှမ်းမကမ်းရှိ သစ်ပင်ပိုင်ပေလး



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ လွတ်နေတဲ့ ခုံတန်းလေးမှာ ကမန်းကတန်း ဝင်ထိုင်မိသည်။

ဝင်းသိုက်ပါ ဝင်ထိုင်ရင်း ခေါင်းပေါ်က ကက်ဦးထုပ်လေးချွတ်ကာ ယပ်ခတ်နေသလို ရှိုးကိုပါ ယပ်ခပ်ပေးလေသည်။

ရှိုးလက်ထဲက ထမင်းချိုင့်က နှစ်ယောက်သားကြားမှာ ထား လျက်။

"အလုပ်တစ်နေရာရဖို့ မလွယ်ပါလားနော် သိုက်"

"အင်း မလွယ်တဲ့အခါလည်း မလွယ်ဘူးပေါ့ဟာ"

"အံမယ် လွယ်တဲ့အခါ ရှိဖူးလို့လား"

"ရှိတာပေါ့"

"ဘာအလုပ်လဲ"

ရှိုး အတည်အကြည်လေး မေးခါမှ ဝင်းသိုက်မျက်နှာ ရယ်ကျဲ ကျဲဖြစ်သွားသည်။ ရှိုး မျက်စောင်းထိုး၏။

ထိုမျက်စောင်းလေးကပဲ ဝင်းသိုက်မျက်နှာကို ချိုမြိန်သွားစေ သည်။

"နင် ငါ့ကို လက်ထပ်လိုက်လေ၊ နင် တစ်သက်လုံး အလုပ် ပြီးပေါ့ဟ"

"ကြည့်စမ်း သိုက်စုတ်"

ချွေးစို့နေတဲ့ ရှိုးမျက်နှာလေး ရှက်ရှက်နဲ့ နီမြန်းသွား၏။ လက် သီးဆုပ်နဲ့လည်း ဝင်းသိုက်ပေါင်ကို ထုချလျှင် -





"အား နာတယ်ကွာ၊ ကျွတ် ကျွတ်"

"နာ နာ သေအောင်နာပေါ့"

"ရှိုးကလည်း ငါ အတည်ပြောတာဟ"

"ကြည့်စမ်း၊ ပြောပြန်ပြီ၊ သိုက်နော်"

ရှိုး မျက်စောင်းထိုး၏။ တစ်ဆက်တည်း နှုတ်ခမ်းကို ဖိကိုက် လျှင် ဝင်းသိုက်က သူ့မူပိုင်ဟန်အတိုင်း ရယ်မောလိုက်သည်။

ရှိုးက အမြင်ကတ်စွာ ဝင်းသိုက်ပေါင်ကို အဆက်မပြတ် ထု ၏။ ဝင်းသိုက်က ယပ်ခပ်နေတဲ့ဦးထုပ်ကို ခေါင်းပေါ်ပြန်တင်ပြီးမှ ရှိုး လက်သီးဆုပ်ကို အမိအရကိုင်ဆွဲပြီး -

"ငါပြောတာ နားထောင်ပါဦးဟ"

"မထောင်ဘူး လွှတ်နော်"

"လွှတ်ပေးမှာပါ၊ နင် ခဏလေးနားထောင် ငါပြောမယ်"

ဝင်းသိုက် အရယ်မျက်နှာကို အရှိန်သတ်ပြောသည်။ ဖမ်းကိုင် ထားတာက မလွှတ်သေး။ ကားမှတ်တိုင်နဲ့ နီးနီးလေးမို့ ကားစောင့်နေသူ တချို့ ငဲ့ကြည့်ကြတာမို့ ရှိုး ကိုယ်ရှိန်သတ်လိုက်ရသည်။

ဝင်းသိုက်အကြောင်း အမြဲမချေးခါးသိနေလို့ ငြိမ်လိုက်ခြင်း။ ဝင်းသိုက်က ပြောမယ်ဆို ဖွတ်ပဲ။ ခုလည်း ကြည့်၊ လူရှေ့သူရှေ့မရှောင် လက်ကောက်ဝတ်ကို ဖွတ်ဖမ်းကိုင်ထားသည်။

"ပြော မြန်မြန်ပြော"



www.burmeseclassic.com

www.burmeseclassic.com



ရှီး လက်သီးဆုပ်ကို နောက်လက်တစ်ဖက်နဲ့ ဝင်းသိုက် ဆုပ်ကိုင်ရင်း –

"အမေက ပြောတယ်၊ ရှီးကို အိမ်မှာခေါ်ထားမယ်တဲ့၊ ငါက ပြောတာပေါ့၊ ရှီးရှီးလေး ခေါ်မထားချင်ဘူး၊ တစ်ခါတည်း လက်ထပ်ပြီး ခေါ်တင်မှာလို့"

"အံမယ်၊ နင့်ကို ရှီးက လက်ထပ်ရမယ်"

"ဟုတ်တယ်လေ၊ အဲဒီတော့ နင် အလုပ်ရပြီးပေါ့၊ ငါ့ကို ချက်ပြုတ်ကျွေးမွေးပြုစုတဲ့အလုပ်လေ"

"ဟွန်း၊ ဝါသနာမပါဘူး၊ အားအားယားယား နင့်ကိုပြုစုရမယ့် အလုပ် မလုပ်ရေးချ မလုပ်၊ သိရဲ့လား"

"ဟ ငါက နင့်ကို ရှာကျွေးရမှာလေ ရှီးရဲ့၊ ငါ စိတ်တောင်ကူးထားပြီးပြီ၊ နင်နဲ့ငါ လက်ထပ်ပြီးရင် မုန့်တီဖိုသတ်သတ် ထောင်လိုက်မယ်၊ ငါတို့နှစ်ယောက် စီးပွားပေါ့ဟာ"

"အောင်မာ ကြည့်စမ်း၊ မိဘကို စုံကန်မယ်ပေါ့၊ ဟုတ်လား နင် မုန့်တီဖို သီးခြားထောင်ရင် နင့်အမေအလုပ်တွေ ဘယ်သူလုပ်မလဲ"

ဝင်းသိုက်ဆုပ်ကိုင်ထားတဲ့လက်ကို ရှီး ရုန်းခါ၏။ လွတ်သွားတော့ ခါးထောက်မတတ်ဟန်နဲ့ ပြောတော့ ဝင်းသိုက်က လက်ညှိုးစုံထိုးပြီး ပြောသည်။

"နင်"တဲ့။





"ရှီးက"

"ဟုတ်တယ်၊ အမေ့အလုပ် ဝိုင်းလုပ်ရင် ငါ့အမေက နင့်ကို ပိုချစ်မှာပေါ့ ရှီးရဲ့၊ ငါ့ညီမတွေကလည်း နင့်ကို အစကတည်းက ချစ်ပြီးသားဥစ္စာ၊ ဘာလိုသေးလဲ"

"ကြည့်စမ်း၊ နင်က အကြံပိုင်ပိုင်နဲ့ပေါ့လေ"

"ငါချစ်တာလည်း အဓိကပေါ့ဟာ"

ချစ်တဲ့အကြောင်းပါလာတော့ ဝင်းသိုက်မျက်နှာမူဟန်က ရင်ခုန်ခြင်းတွေနဲ့ လေးနက်နိုင်မာလျက်။ ရှီးကိုချစ်တဲ့အကြောင်း ဝင်းသိုက်ပြောတာ အကြိမ်တစ်ရာ မကတော့ပါ။

"သိုက်နော် ရှီး မချစ်ဘူး၊ ချစ်တာ ဘာလဲဆိုတာ ရှီး မခံစားတတ်ဘူး၊ နောက်ထပ် ချစ်တဲ့အကြောင်း မပြောကြေး၊ ပြောရင် ရှီး ခေါ်တော့ဘူး၊ ဒါပဲ"

ဟု ကက်ကက်လန် ရှီးပြန်ပြောနေကျ။ ရှီးပြောတိုင်း သိုက်က ရယ်မောလျက်။

"နင် မခေါ်ချင်မခေါ်နဲ့ပေါ့ဟ၊ ငါက ခေါ်မှာပဲ၊ ရှီးရေ ရှီး၊ ရှီးဘျာရေ၊ ဟား ဟား ဟား"

သိုက်ကလည်း မနေ၊ အရွဲ့တိုက်သလို ဖွတ်ခေါ်သည်။ ခေါ်ပြီး ရယ်မောတတ်လေသည်။ ရှီးက ဒေါသဖြစ်ပြီး တွေ့ကရာနဲ့ ကောက်ပေါက်ရင် သိုက်က ရယ်မောရင်း ရှောင်ပုန်းမည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးအလစ်မှာ ခေါင်းလေးပြူထွက်လာပြီး –

"ရှိုးရေ ရှိုး၊ ငါ ခေါ်နေတယ်လေ၊ ရှိုးကဗျာရေ"

လို့ အသံကုန်အော်ဟစ်ကာ လမ်းတစ်ပတ် ပတ်ပြေး အော်ခေါ်ရင်း ရှိုး ဒေါသမွန်တူလာအောင် စတတ် နောက်တတ်သည်

သိုက် စမုန်းသိတော့ ရှိုးဒေါသက တာရှည်မခံ။ ဆောင့်အော ဆူပွက်ာ ပါးစပ်က ပတွတ်ပတွတ်ရွတ်ရင်း ပြီးသွားတတ်သည်။

ရှိုး စိတ်ပြေလောက်ချိန်ဆို သိုက်က လူလုံးပြပြီး –

"ရှိုးရေ၊ ငါတို့ ညဈေးတန်းဘက် မုန့်သွားဝယ်စားမယ် အဆင်သင့်ပြင်ထား"

လို့ လာပြောမည်။ တစ်ခါတစ်ရံ –

"ရုပ်ရှင်ကားသစ်လဲပြီးဟ၊ ငါ ကြိုတင်လက်မှတ် သွား ထားမယ်၊ မိသက်ကိုလည်း ပြောလိုက်ဦး"

ဘာညာနဲ့ ပြောမယ်။ အဲဒါက ရှိုးကို ပြန်ချော့တဲ့ သိုက် နည်းလမ်းလေးတွေပါ။ သိုက်ချော့ရင် ရှိုးကလည်း ကျေနပ်သွားတာ ဘာမှ အမှတ်မထားတော့ဘူး။

ဒါပေမဲ့ ရှိုးစိတ်၊ ရှိုးခံစားချက်က ချစ်တာကို ခံစားလို့မတ လေတော့ သိုက်ကို ယေပေါင်းပီပီ ရင်းရင်းနှီးနှီး ပေါင်းနေတာ ချိန်ထိ။

မိသက်ကတော့ ပြောဖူးပါတယ်။





"ဘာပဲဖြစ်ဖြစ် ရှိုးနဲ့သိုက်က သူငယ်ချင်းသာဆိုတယ် ချစ်သူတွေလိုပဲလေ၊ သိုက်က စလိုက်နောက်လိုက်၊ ပြီးရင် ပြန်ချော့လိုက်တော့ ရှိုးက ပြုံးသွားတာပဲမဟုတ်လား။ အဲလို ပြုံးသွားနိုင်တာက ရှိုးရှိုးချစ်သူ မဟုတ်ဘူး။ သူငယ်ချင်းချစ်သူလို့ ခေါ်တယ်ဟ"

"တော်ပါဟယ်၊ သူငယ်ချင်းချစ်သူတွေ ဘာတွေ ရှိုးမသိဘူး။ ရှိုးသိတာက နင့်ကိုခင်သလို တွယ်တာသလို သိုက်ကိုခင်မင်တွယ်တာတယ်၊ သံယောဇဉ်ရှိတယ်၊ သူငယ်ချင်းအချစ်နဲ့ ချစ်တယ်ဟယ်၊ ဒီလောက်ပဲ"

မိသက်နဲ့တော့ ထိုသို့ အပြန်အလှန် ပြောဖြစ်သေးသည်။ ခုနေခါ မိသက်ရှိနေရင် မိသက် တစ်ခုခုပြန်ပြောမှာ သေချာတယ်။

မိသက် ရှိမနေသော်လည်း ရှိုး အရင်ကလို မချစ်ဘူး ဘာညာ ပြန်မပြောတော့ပါ။

ဘာဖြစ်လို့လဲဆိုတော့ သိုက်ကို သူငယ်ချင်းစိတ်နဲ့ နားလည်ပေးလိုက်တဲ့သဘောပါ။

ချစ်သူလို မချစ်နိုင်တာကလွဲရင် သိုက်ကို ရှိုး သံယောဇဉ် ရှိတယ်လေ။ သံယောဇဉ်က သံယောဇဉ်၊ ထိုသံယောဇဉ်နောက်က အချစ်ခံစားချက်တွေ မွေးဖွားလာနိုင်မှာ မဟုတ်ဘူးထင်ပါတယ်။

"ဆာတယ်ဟ သိုက်ရေ၊ ထမင်းစားရအောင်"

ရှိုး စကားလမ်းကြောင်း လွှဲပြောလေသည်။ သိုက်က အားမလို



www.burmeseclassic.com

www.burmeseclassic.com



အားမရဟန်လေးနဲ့ သက်မတစ်ချက်ရှိုက်၏။

နှစ်ယောက်အလယ်မှာ ရှိနေတဲ့ ထမင်းချိုင့်ကို ရှိုး ဖွင့်လေသည်

"နင်က အရှောင်အတိမ်းတော်တာပဲနော် ရှိုး"

"ဘာ အရှောင်အတိမ်းလဲ"

"ငါချစ်တယ်ဆိုတာပေါ့ဟ"

"ရော့"

ရှိုးဘာမှ ပြန်မပြောပါ။ ထမင်းတစ်ချိုင့်ကို သိုက်လက်ထဲ ထည့်ပေးလိုက်သည်။ ထမင်းချိုင့်ကို သိုက် ကိုင်လိုက်ပေမယ့် ရှိုးကို စိုက်ကြည့်ပြီး –

"ရှိုး နင် အရင်ကနဲ့ မတူတော့ဘူးနော်"

"ဘာလို့ မတူရမှာလဲ၊ ရှိုးက အရင်ကလည်း ဒီလိုပဲ၊ ခုလည်း ဒီအတိုင်းပဲ"

"ဟွန်း၊ အဲဒါ နင်ညာတာ"

ရှိုးက ထမင်းကို ဇွန်းနဲ့ခပ်ရင်း သိုက်ကို မော့ကြည့်သည်။

"ငါညာတာ"

"ဟုတ်တယ်လေ၊ အရင်က ငါချစ်တယ်ပြောတိုင်း နင် က... ကက်လန့် ရန်တွေ့နေကျ"

သိုက်စကားနောက်မှာ ရှိုး တွေခနဲ ဖြစ်သွားသည်။ ပြီး... အသိဝင်လာကာ –





"ဟဲ့ ရန်တွေ့ဖို့က အိမ်မှာမှ မဟုတ်တာ၊ လမ်းမှာလေ သိုက်ရဲ့၊ သူများတွေ ဝိုင်းကြည့်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဩော် ဟော ဒါကြောင့်ကိုး"

သိုက်မျက်နှာလေး အခုမှ ရွှင်လာသည်။ ရှိုးက မျက်စောင်းထိုးလိုက်သည်။ သိုက် တဟားဟားရယ်ပြန်ပြီး ရှိုးနားကပ်လျက် –

"နောက်တစ်ခါဆို လမ်းမှာ မပြောတော့ဘူး၊ အိမ်မှာပဲ ပြောတော့မယ်၊ သိလား"

"ကဲ တော်ပါတော့၊ ထမင်းစားပါဆို"

ရှိုးက ဟင်းခွက်ထဲက ပုစွန်ခြောက်ကြော်တစ်ဇွန်းခပ်ပြီး သိုက် ထမင်းချိုင့်ထဲ ထည့်ပေးသည်။

ဝင်းသိုက်က ပုစွန်ခြောက်ကြော်နဲ့ ထမင်းတစ်ဇွန်း ခပ်စားလျက် –

"နင့်ပုစွန်ခြောက်ကလည်း အကောင်မမြင်ရဘူးနော် ရှိုး"

"အဲဒါ ဘာဖြစ်လဲ၊ ငါ့မှာ ရှိတဲ့ ပိုက်ဆံနဲ့ ဟင်းတစ်ခွက်ဖြစ်အောင် ငါဘာသာငါ ကြံဖန်ထည့်လာတာ၊ နင် မစားချင်ဘည်း နေပေါ့"

"ဟာ မစားဘဲမနေပါဘူး၊ စားမှာပေါ့ဟ"

"စားရင်လည်း စကားမပြောဘဲစား"

"ကဲ နင်လည်းစား၊ ရော့"

သိုက် ပြောပြောဆိုဆို ထမင်းတစ်ဇွန်းခပ်ကျွေးလေသည်။ ရှိုး



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလည်း စားနေကျပါ။ ခုတော့ မစားချင်ဖြစ်ကာ –

"နင့်ဘာသာနင် စားစမ်းပါ"

လို့ တွန်းဖယ်မိတာက အကြောင်းမဲ့မဟုတ်ပါ။

ရိုးတို့ထိုင်နေတဲ့ ခုံတန်းရှေ့က လမ်းပေါ်ဖြတ်မောင်းသွားတဲ့ လင့်ခရူဇာဖိမ်ခံကားပေါ်မှ စူးစိုက်ကြည့်သွားတဲ့ မျက်ဝန်းတစ်စုံကြောင့်လေ။

မျိုးဆက်သွေးရယ် –

ရှင့်မျက်ဝန်းထဲက အနက်အဓိပ္ပာယ်က ဘာလဲ။

✿ ✿ ✿



## အခန်း (၁၉)

ရိုးကိုမြင်သည်နှင့် ဦးဘာသစ် ဝင်ပေါက်တံခါးချပ် ဖွင့်ပေးလေ ညီ၊ လိုက်ပို့ပေးကြတဲ့ ဝင်းသိုက်နဲ့မိသက် လက်ပြနှုတ်ဆက်သွားလျှင် သိမသာ သက်မချ၏။

ရွှေပါရမီစံအိမ်မှာ အလုပ်ဆက်မလုပ်ချင်ပေမယ့်လည်း ရိုး ပ်ဆက်လုပ်ရဦးမယ်လေ။

ထိုအခါ ရွှေပါရမီစံအိမ်ပိုင်နက်ထဲ ရိုး ခြေလှမ်းလေး စသွင်း သည်နှင့် ရိုးရင်မှာ တလှပ်လှပ်နဲ့။

ဘာကြောင့် ရိုးရင်ခွင်ရိုင်းလေး မငြိမ်သလိုနေတာလဲ။

မနေ့က ရင်ဆိုင်လိုက်ရတဲ့ သူ့စကားလုံးတွေနဲ့ သူ့အကြည့်ပူး



www.burmeseclassic.com

www.burmeseclassic.com



ရှုးလေးကြောင့်လား။

ခွဲခွဲခြားခြား ရှိုးမသိသော်လည်း အလုပ်လက်မဲ့ မနေလိုတဲ့ စိတ်ကြောင့်ပဲလို့ ယူဆလျက်။

ရှိုးအယူအဆကို သူငယ်ချင်းနှစ်ယောက်ကလည်း ထောက်ခံကြ သည်။

"လောလောဆယ် ဘယ်မှာမှ အလုပ်မရသေးခင် ရွှေပါရမီမှာ ပဲ လုပ်နေဦးလေ ရှိုးရဲ့"

မိသက် အကြံပေးလေသည်။ ရှိုးကလည်း အလုပ်မရှိတဲ့ မနေ ချင်ပါ။ ရှိုးဘဝအတွက် ရှိုးကိုယ်ရှိုး အားကိုးပြီး ရပ်တည်ရမယ် မဟုတ် လား။

"အေးပါ၊ ရှိုးလည်း အဲဒါပဲ စဉ်းစားမိတယ်လေ"

"ရှိုးစိတ်ကို ငါချစ်တာ အဲဒါကြောင့်ပဲ"

"ဘာရယ်"

စကားအကောင်းပြောနေရင်းကြားက ဝင်းသိုက် ဝင်ဖောက်ပေး ရှိုးနဲ့ မိသက် မျက်မှောင်ကြုတ်လျက် ပြိုင်တူကြည့်ကာ။

ဝင်းသိုက် မျက်ခုံးနှစ်ဖက် စုပင့်သလို သူ့ဆံပင်ကေကို လက် ဝါးနဲ့ တစ်ချက်သပ်ရင်း ပြုံးပြုံးရွှင်ရွှင် စိုက်ကြည့်လေသည်။

"ဘာရယ်မှ မဟုတ်ဘူး၊ အတည်ပြောတာ၊ တကယ်ဆို ရှိုး အတွက် ထမင်းနှစ်နပ်ကို ငါ့အမေ တာဝန်ယူပြီးသား၊ အလုပ်ထွက်လည်





...မှ ထမင်းဖိုး ရှိုး ရှာစားစရာ မလိုပါဘူး။ ဒါပေမဲ့ ရှိုးက သူများရှာစာ ...ထိုင်မစားချင်ဘူး။ ဥပမာ ကြက်တွေလိုပေါ့ဟာ"

"ဘာ"

ရှိုးနဲ့မိသက် လက်တွေ ခါးပေါ်ရောက်ကာ ဒေါသနဲ့ ပြူးပြူးပြဲပြဲ ...ကုန်သည်။

"ဘာရယ်၊ ကြက်တွေလို၊ နင် မိုက်ရိုင်းလှချည်လား"

BURMESE CLASSIC .com

ရှိုးက ဝင်းသိုက်လက်မောင်းကို ဒေါသတကြီး ထုပစ်ရင်း ရန် ...ခါ။ ဝင်းသိုက် လက်ဝါးတီးရင်း ရယ်လေပြီ။

"နေပါဦး၊ ငါ့စကားဆုံးအောင် နားထောင်ဦး၊ ကြက်ဆိုတာ ...ဘ်လေ၊ သူတို့ကို အစာပစ်ချပြီးကျွေးကြည့်၊ ခွက်ခနဲ ကောက်မစား ... သူတို့ခြေထောက်လေးနဲ့ တစ်ချက်နှစ်ချက် ယက်ပြီးမှ ကောက်စား ...တဲ့ သတ္တဝါမျိုးလေ။ တစ်နည်းပြောရရင် ကိုယ့်ခွန်အားလေးနဲ့ ...ပြီးမှ အစာစားချင်တဲ့စိတ်ဓာတ်ပေါ့ဟာ၊ ရှိုးမှာ အဲလိုစိတ်ဓာတ် ရှိ ...လို့ ပြောတာပါကွာ"

ဝင်းသိုက်စကားတွေမဆုံးခင် ရှိုးနဲ့မိသက် မျက်နှာပေါ်မှ ဒေါသ ...ောင်တွေ ပျောက်ကျသွားသည်။

ရှိုးက ဒေါသရောင်မပြယ်သေးတဲ့ မျက်စောင်းလေးနဲ့ ထိုးပစ် ...

"အဲဒါ ဘာဖြစ်လဲ၊ ရှိုးစိတ်နဲ့ရှိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစိတ်ကို ငါက ချစ်နေတာပါဆို"

"တော်စမ်းပါဟယ်၊ အားအားရှိရင် ချစ်တယ်ပြောပြောနေတာ ဒီမှာစိတ်ညစ်ရတဲ့အထဲ"

ရှိုး ပြောရင်း နောက်ကျောနဲ့ကပ်လျက်ရှိနေတဲ့ ပိန္နဲပင် ပင်စည် ကို ကျောကပ်မှီထိုင်လိုက်သည်။

"ဟုတ်သားပဲ နင်ကလည်း"

မိသက်ကလည်း ဝင်းသိုက်ကို မျက်စောင်းထိုး၏။ ဝင်းသိုက် က ရယ်လေသည်။ ပိန္နဲပင်ကိုမှီပြီး ဆောက်ထားတဲ့ ကွပ်ပျစ်လေးပေါ် သူငယ်ချင်းသုံးယောက် စကားစုပြောနေခြင်း။ ဝင်းသိုက်က ပြောလည်း ပြောတတ်သလို ရယ်လည်းရယ်နိုင်တဲ့သူ။

အခုလည်း ရယ်လျက် ပြောပြန်သည်။

"ငါချစ်တာက ချစ်တာ ... ကဲလို ချစ်ရတာကလည်း စိတ်ခွန်အားလှလှလေးကို မြင်လေ ချစ်လေ"

"ပြောပြန်ပြီ"

"အတည်ပြောနေတာ ရှိုးရဲ့၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ မိန်းကလေး ဆိုတာ ကိုယ့်ဘဝ ကိုယ့်ခွန်အားနဲ့ရင်းပြီး ရပ်တည်နိုင်တာ၊ ရပ်တည် ကြိုးစားတာ စစ်မှန်တဲ့စိတ်ဓာတ်စွမ်းရည်ပဲ၊ အဲလို စိတ်စွမ်းရည်မျိုး မိန်းကလေးတိုင်းမှာ မရှိဘူး"

"အံမယ် နင်ပဲ ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောနေတာ"





"တကယ်ပြောတာလေ ရှိုးရဲ့"

"အဲဒါတော့ မိသက်ထောက်ခံတယ်"

မိသက်က ရှိုးပခုံးလေးကို ပုတ်ရင်း ထောက်ခံပြန်သည်။ ရှိုး ခေါင်းလေးရှုံ့တွ လှုပ်ရင်း –

"ရှိုးက ဘာတွေညာတွေ တွေးမနေပါဘူး၊ ကြီးမေက သင် ားတယ်၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူရမယ်တဲ့၊ ကိုယ့်တာ န် သူများကိုထမ်းခိုင်းရင် လူဖျင်းဖြစ်မယ်တဲ့၊ ဒါကြောင့်ပေါ့၊ ရှိုး လူဖျင်း ဖြစ်ချင်ဘူး"

"သိပါတယ်၊ ရှိုးစိတ်ဓာတ် ခပ်ဖျင်းဖျင်းဆိုရင် သိုက်အမေ အိမ်ပေါ်တက်ပြီး ထမင်းထိုင်စားနေမှာပေါ့၊ ပြီးတော့ အသည်းအသန် ချင်နေတဲ့ သိုက်ကို အလွယ်တကူ လက်ထပ်လိုက်မှာပေါ့၊ မဟုတ် ဘူးလား"

"ဟွန်း၊ သိုက်ကိုမှ ရှိုး မချစ်တာ"

"အဲဒါပြောတာပေါ့ဟ၊ ယောကျ်ားတစ်ယောက်ကို မချစ်ဘူးဆို ည်း ပွင့်ပွင့်လင်းလင်းပြောရဲတယ်၊ ကိုယ့်လုပ်အားနဲ့ကိုယ့်ဘဝကို ကိုယ်ရပ်တည်မယ်၊ ဘယ်ယောကျ်ားကိုမှ အားကိုးပြီး ဘဝကိုပုံအပ်ဖို့ မကူးဘူး၊ ပြီးရင်ပြီးရောသဘောနဲ့ အလွယ်တကူ လက်မထပ်ချင်ဘူး၊ စိတ်ကိုက ကိုယ့်ကိုယ်ကိုယ် တာဝန်ယူနိုင်တဲ့စိတ်၊ တစ်နည်းပြောရရင် ကလေးတစ်ယောက်ရဲ့ ကိုယ်ပိုင်စွမ်းရည်နဲ့ ကိုယ့်ဘဝကိုယ်ရပ်တည်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ့် စိတ်ဓာတ်ကောင်းလေးပေါ့ဟဲ့''

''တော်ပါတော့ မိသက်ရယ်၊ နင်တို့နှစ်ယောက် ပြောနေတာနဲ့ ရှိုး ကွပ်ပျစ်ပေါ်ကနေ ပိန္နဲပင်ထိပ်ပေါ် ရောက်နေပြီ၊ မပြောပါနဲ့တော့ တော်ကြာ ကောင်းကင်ပေါ် ရောက်နေပါဦးမယ်''

ရှိုး ရယ်ချင်စိတ်ကလေးနဲ့ပြောတော့ မိသက်ကပြုံးသည်။ ဝင်းသိုက်က သဘောကျပြီးရင်း ကျကာ –

''ရှိုး ကောင်းကင်ပေါ်ရောက်ရင် ငါကလည်း လေယာဉ်ပျံ ကြီး လိုက်ရမှာပေါ့''

သိုက်ကို ရှိုး မျက်စောင်းလေးထိုးမိပြန်သည်။ ရှိုးမျက်စောင်းလေးက လရောင်လို ဝင်းဖြာနေတယ်လို့ သူငယ်ချင်းနှစ်ယောက် ယူဆမှာ မလွဲ။ ရှိုး သိတာပေါ့။

''ကဲပါ ရှိုးက ရှိုးဘာသာ ရှိုးရှိုးသားသား လုပ်ကိုင်ရှာဖွေ စားသောက်ချင်တာပါ၊ ရှိုးတာဝန် ရှိုးထမ်းတော့ သိုက်အမေလည်း တာဝန်ပေ့ါတာပေါ့၊ မဟုတ်ဘူးလား''

''ကောင်းပါတယ် ရှိုးရဲ့၊ ရှိုးစိတ်ကို မိသက်လည်း သဘောကျ တယ်၊ ဒါကြောင့် မိသားစုအတွက် မိသက်လည်း မိဘလုပ်စာ ထိုင်မစား ဘဲ ရတဲ့အလုပ်ကလေးလုပ်ပြီး ထောက်ကူနေတာပေါ့''

''ဘာပဲဖြစ်ဖြစ် နင်တို့ငါတို့ဘဝက တိုက်ကြီးတာကြီးတွေ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ စည်းစိမ်ဥစ္စာပိုင်ဆိုင်မှု ဘာမှမရှိပေမယ့်လည်း





ဘဝကို ရုန်းကန်လှုပ်ရှားရင်း ကိုယ့်တာဝန် ကိုယ်ယူ, တတ်နိုင်သလောက် မိသားစုကို ကူညီပံ့ပိုးနေကြတယ်၊ အဲဒီအတွက် ငါတို့စိတ်ချမ်းသာတယ်၊ ဒူတော့ ဆင်းရဲတာပေါ့ဟာ''

''ဆင်းရဲပါစေပေါ့၊ ဆင်းရဲတာက သိမ်ငယ်စရာမှ မဟုတ်တာ၊ အဓိက ကိုယ့်ကိုယ်ကိုယ် တာဝန်ယူ၊ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်နိုင် ဖို့ပဲလေ''

''ဟုတ်ပါတယ် ရှိုးကဗျာဆိုတဲ့ ဆရာမကြီးရယ်၊ ဒါကြောင့် လောလောဆယ် ဘယ်မှာမှ အလုပ်မရသေးခင် ရွှေပါရမီမှာပဲ ဆက်လုပ် ပေါ့''

''အေးပါ၊ ရှိုးလည်း အဲလိုပဲ စဉ်းစားထားပါတယ်''

''စဉ်းစားနေရုံနဲ့ မပြီးသေးဘူး၊ မနက်ဖြန် အလုပ်ဆင်းလိုက် တော့၊ ငါတို့လိုက်ပို့ပေးမယ်၊ နော် မိသက်''

''အေး ပို့ပေးမှာပေါ့၊ ပြီးမှ မိသက် ဖိနပ်စက်ရုံသွားမယ်''

ဝင်းသိုက် အလေးအနက်ပြောတော့ မိသက် ခေါင်းညိတ်ပြော သျှင် ရှိုးရင်မှာ ခွန်အားတို့ပြည့်ကာ။

တကယ်လိုက်ပို့ပြီး သူငယ်ချင်းနှစ်ယောက် လှည့်ပြန်တော့ ရင်မှာ ဟာတာတာနဲ့။

ခြံထဲ ခြေလှမ်းဝင်မိသည်နှင့်လည်း ရင်တလှပ်လှပ်ဖြစ်ကာ ရင်ခုန်တယ်ဆိုတာ ဒါလား။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပါလိမ့်။

အတွေးပါတဲ့ ခြေလှမ်းများက ရွှေပါရမီအိမ်တွင်း ဝင်ဖို့ တိုက်ကြီးဘေးလမ်းပေါ်က လျှောက်ရင်း ဟိုဟိုဒီဒီ ငေးကြည့်မိလျှင် တိုက်ကြီးရဲ့အပေါ်ဆုံးထပ် လသာဆောင် ဝရန်တာကျယ်ပေါ်မှာ ခါးထောက်လျက် ရပ်ကြည့်နေတဲ့သူ့ကို မြင်တဲ့အခါ ရှိးရင်မှာ မနက်ခင်းနေရောင်ခြည်လို နွေးလှသွားလေသည်။

သူရယ်

ရှိးရင်မှာ နွေးနေရာမှ ဗိုသွားအောင် မပြုစားပါနဲ့လားကွယ်။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၂၀)

"မိရှိး"

နှိမ့်ချဟန်နဲ့ ခေါ်သောအသံက ရှိးနားထဲ ပြေးဝင်လာသည်။

...ည့်မကြည့်ပါဘဲ သူ့မှာမိမှန်း ရှိးသိ၏။

ဘေစင်မှာ စားသောက်ပြီးသားပန်းကန်တွေ ဆေးကြောနေ...မှ ရှိး လှည့်ကြည့်ရသည်။ လှည့်မကြည့်လို့ မရပါ။

ခေါ်ရင် ဘာလုပ်နေနေ လှည့်ကြည့်ရမည်၊ ရိုရိုကျိုးကျိုး ထူး...ည် ပြောသမျှကို နားထောင်ရမည်၊ ပြန်ပြောတာမျိုး မလုပ်မိစေနဲ့။

အဲဒါမှ အိမ်ကြီးရှင်က နှစ်သက်သည်မဟုတ်လား။

ရှိးလည်း ကျင့်သားရနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်လက်စကို ရပ်ပစ်ရင်း လှည့်ကြည့်ပြီး ရိုကျိုးဟန်ဖြင့် ထူးရသည်။

"ရှိပါတယ် မေမေကြီး"

ဟိတ်ဟန်ကြီးနဲ့ ထည်ဝါနေတဲ့ ဒေါ်ဂုဏ်ရည်သင့် အခန်း ရပ်နေရာမှ လှမ်းပြောသည်။

"ညည်း ဒီညနေကစ မပြန်နဲ့တော့"

"ရှင်"

ရှိုး မျက်လုံးလေး ဝိုင်းသွားသည်။ ဒေါ်ဂုဏ်ရည်သင့်က နားအထိ လှမ်းလာရင်းပြောသည်။

"အေး ညည်း လာလိုက်သွားလိုက်လုပ်နေရရင် ပင်ပန်း ညည်းက တစ်ကောင်ကြွက်ပဲ၊ ဘသစ်နဲ့အလုပ်လုပ်နေတဲ့ ဂိုထောင်အ ထပ်က အခန်းမှာ နေလိုက်"

အမိန့်ပေးသလို ပြောနေသည်က ရှိုးလက်ခံဖို့ ခဲယဉ်းနေသ ရှိုး တစ်ခုခုပြန်ပြောချင်လာသည်။ ပြန်ပြောလို့မရအောင် ဒေါ်ဂုဏ် သင့်က တောက်လျှောက်ပြောချကာ –

"ညည်းဘဝ လုံခြုံဖို့ အရေးကြီးတယ်မဟုတ်လား၊ ဟို ရပ်ကွက်ဆိုတော့ ပြောလို့ရတာမဟုတ်ဘူး၊ မိန်းကလေး အပျို မဟုတ်လား၊ မိဘလည်း မရှိ၊ အုပ်ထိန်းထားတဲ့ ကြီးတော်လည်း ဒီမှာက ညည်းဘဝ လုံခြုံမယ်၊ လစာလည်း ပိုပေးမယ်၊ ညည်း



BURMESE CLASSIC .com



ညည်းကြီးမေရဲ့မျက်နှာနဲ့မို့ ဒီစံအိမ်မှာထားတာ၊ ပြီးတော့ ညည်းလုပ်တာကိုင်တာအားလုံးကို သဘောကျတယ်၊ အဲဒါကြောင့် မယ်မယ်က ညည်းကို ဒီမှာညအိပ်နေပေးဖို့ ခွင့်ပြုတာ၊ ဒါပဲ၊ လုပ်စရာရှိတာ ဆက်လုပ်"

တဲ့။ ရှိုး ပါးစပ်အဟောင်းသားနဲ့ ငေးကျန်ရစ်၏။

ဒီစံအိမ်မှာ ရှိုး နေချင်စိတ်ရှိလား မရှိလား ဘာမှမေးမြန်းမနေ။ အရုပ်တစ်ရုပ်ကို ဟိုရွှေ့ဒီရွှေ့လုပ်သလို ပြီးစလွယ်ပြောသွားတာ။

ရှိုး ပြန်ပြောချိန်လည်းမရ၊ ငြင်းလို့လည်းမရနဲ့။

လူတစ်ယောက်ကို လူလို့မမြင်ဘဲ အရုပ်လို့မြင်နေတဲ့ အိမ်ကြီးရှင်တို့ရဲ့ စိတ်နေသဘောကို ရှိုး အံ့ဩစိတ်လည်းဖြစ်သည်။ မခံချင်အောင်လည်း ဖြစ်ရကာ –

"ကျွတ်"

ရှိုး ဘေးစင်ဘက်ပြန်လှည့်လိုက် ကျောခိုင်းထွက်သွားတဲ့ ဒေါ်ဂုဏ်ရည်သင့်ကို ကြည့်လိုက်နဲ့အမူအရာတွေ ဗျာယာခတ်မတတ်ဖြစ်ရလေပြီ။

"ရှိုးလေး"

ဒေါ်ဒေါ်လှခေါ်သံကြောင့် ရှိုးကိုယ်လေး တောင့်မတ်သွား၏။ ဒေါ်ဒေါ်လှက အားလုံးကြားလိုက်ပါသည်။

ဒေါ်ဂုဏ်ရည်သင့်အရိပ်ပျောက်သွားမှ ထမင်းစားခန်းထဲ မပြေး



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့တာမယ် ဝင်လာသည်။

ဝင်လာတာက ဖျောင်းဖျချင်စိတ်လောလောနဲ့ပါ။

"ဒေါ်ဒေါ်လှ"

"အေး ပြောလေ၊ နိုးလေး တစ်ခုခုပြောချင်တယ် မဟုတ်လား၊ ဒေါ်ဒေါ်လှ သိပါတယ်၊ ဒါပေမဲ့ မပြောပါနဲ့ကွယ်"

"ဟင်"

ရိုး မျက်လုံးလေး အံ့သြစိတ်နဲ့ဝိုင်းသွားပြန်သည်။

"ဒေါ်ဒေါ်လှ ပြောမယ်၊ လာ ထိုင်ဦး"

ထမင်းစားခန်းထောင့်ရှိ စားပွဲငယ်လေးဆီ ဒေါ်ဒေါ်လှ လက်ဆွဲခေါ်သွားပြီး ရိုးကိုထိုင်စေသည်။ ရိုးနဲ့အတူ ဒေါ်ဒေါ်လှလည်း ဝင်ထိုင်ကာ –

"ဒီလို ရိုးလေးရဲ့၊ တကယ်တော့ ရိုးကို အိမ်ကြီးရှင်တွေ လက်မလွှတ်မခံချင်တာပါကွယ်၊ မမြလေးလိုပဲ ဒေါ်ဒေါ်လှနဲ့ အပေးအယူမှု အလုပ်လုပ်တာကိုလည်း သဘောကျတယ်၊ မီးဖိုဆောင်ပြဿနာနဲ့ အိမ်တွင်းရေးအလုပ်မှန်သမျှ လှည့်ကြည့်စရာမလိုအောင် အစစအရာရာ အဆင်ပြေနေတော့ တခြားလူသစ်လည်း မရှာချင်တော့တဲ့သဘောနဲ့ ရိုးကိုထားတာပါအေ၊ ဒါပေမဲ့ သူတို့က သူတို့ဝသီအတိုင်း ပြောချသွားတာကို စွဲမယူပါနဲ့ကွယ်"

"ရိုး ပြောချင်တာက"





"ဒေါ်ဒေါ်လှ နားလည်ပါတယ်ဆိုနေမှကွယ်၊ တစ်ဖက်သား ဆန္ဒကို မမေးမြန်းတတ်တဲ့ သူတို့အစဉ်အလာက သူတို့မျိုးရိုးအတွက် ထာတစ်ခုလို့ မှတ်ယူထားတာအေ့၊ ဒါကြောင့် သူတို့က ဘယ်သူ့ကိုဖြစ်ဖြစ် သူတို့သဘောချည်းဖြစ်စေဖို့ တစ်ဖက်သတ် ဆုံးဖြတ်သွားလေ၊ အဓိက ရိုးလေးဘဝ လုံလုံခြုံခြုံနေရဖို့ လစာကောင်းကောင်း ရဖို့ပဲမဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဟိုမှာက ရပ်ကွက်ဆိုတော့ ဘာညာနဲ့ ရပ်ကွက်ထဲက လူတွေကို မကောင်းမြင်သလိုကြီး ပြောချသွားတာ ရိုးတော့ ခံချင်ဘူး၊ ရိုးတို့ရပ်ကွက်ထဲကလူတွေ သဘောထားကြီးကြပါတယ်၊ သိုက်အမေ ဒေါ်ဒေါ်စန်းမြင့်ဆိုရင် ရိုးကို သမီးရင်းလိုချစ်တာ၊ အလုပ်ဆောင် ပေးလုပ်ချင်တာမဟုတ်ဘူး၊ ရိုးကို စေတနာအပြည့်နဲ့ စောင့်ရှောက်ကြတာလေ၊ ကြီးမေမရှိတော့ပေမယ့် ကြီးမေရှိသလို ရိုးဘဝ လုံခြုံပါတယ်၊ ဒေါ်ဒေါ်လှရဲ့"

"သိပါတယ် ရိုးလေးရယ်၊ သူတို့က ဂုဏ်ကြီးရှင်တွေမဟုတ်သား၊ အရာရာကို သူတို့ တလွဲမြင်ချင် မြင်တတ်ပါပေ့ါအေ၊ ဆင်းရဲကြပေမယ့် အချင်းချင်းစာနာတတ်၊ မေတ္တာပေးဝေတတ်တဲ့သဘောကို သူတို့ မကြုံဖူးတော့ နားမလည်ကြတဲ့သဘောပေ့ါ ရိုးလေးရဲ့"

ဒေါ်အလှ အာခြောက်မတတ် ရှင်းပြရှာသည်။ ရိုးကမူ သက်ပြင်းလေးလေးချရင်း –

"ရိုးလေ အဲဒါကြောင့်ပဲ ဒီမှာမလုပ်ချင်တာ ဒေါ်ဒေါ်လှရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တခြားမှာ အလုပ်ရှာပါသေးတယ်၊ မရလို့ ပြန်လာလုပ်တာ''

''သိပါတယ် ရှီးရယ်၊ ဒေါ်ဒေါ်လှ သိပါတယ်၊ ဒါပေမဲ့ ရှီးအေ ရယ် ဒီမှာ လစာကောင်းသလို အစားအသောက်ဆိုလည်း မငြိုငြင်ရ ကိုယ်စိတ်ကိုယ့်သဘော စားရတယ်၊ တခြား ဘာဘာညာညာပစ္စည်း လည်း လက်ဆောင်ပေးတယ်၊ သီတင်းကျွတ်တို့ ဘာတို့ဆိုလည်း မု သာမက အဝတ်အထည်အသစ်တွေ ဝယ်ပေးတယ်မဟုတ်လား၊ လ ကောင်းပြီး လာဘ်လာဘရှိတဲ့ ဒီစံအိမ်မျိုး ဒေါ်ဒေါ်လှ ဘယ်အိမ်မှ မကြုံဖူးပါဘူးအေ၊ ဒေါ်ဒေါ်လှ ဒီမှာမလုပ်ခင် တခြားအိမ်တွေမှာ လု ပါတယ်၊ စားရင် စားပြန်ပြီ၊ ကိုင်ရင် ကိုင်ပြန်ပြီနဲ့ ဗျစ်တောက်ဗျစ်တော အပြောခံရတာ နားမှာ ပရစ်များအော်သလား အောက်မေ့ရတယ်ရှီး ဒီမှာက နားအေးပါးအေး သူတို့နိုင်းတာ စိတ်တိုင်းကျအောင် လုပ် လိုက်ရင် ပြီးပြီလေ''

''ကဲပါ ဒေါ်ဒေါ်လှ မောနေပါဦးမယ်''

ခပ်ဆတ်ဆတ်နဲ့ ခံခက်ခက်ဖြစ်နေတဲ့ ရှီးစိတ်က ဒေါ်ဒေါ် ဖျောင်းဖျတဲ့နောက်မှာ ပျက်ကျသွားဟန်တူသည်။ မျက်နှာလေး သိ သာသာ ကြည်လာတာမို့ ဒေါ်အလှ ပြုံး၏။

''မမောပါဘူးအေ၊ ရှီး အရိပ်ကောင်းတစ်ခုထဲက ခွာပြေး မှာစိုးလို့ပါ၊ မကြီးပြောတဲ့ မယ်မယ့်သဘောကလည်း ရှီးအတွက် နာပါတယ်ကွယ်''





''ဘာစေတနာလဲ ဒေါ်ဒေါ်လှရဲ့''

''သြော် ရှီးလေးက အပျိုအရွယ် မဟုတ်လား၊ အုပ်ထိန်းသူ ရှိလို့ ရှီးလေးတစ်ခုခု ဖြစ်သွားမှာစိုးတာမျိုးပါ''

''ဖြစ်စရာလား ဒေါ်ဒေါ်လှရဲ့၊ ရှီးက ရှီးကိုယ်ရှီး တန်ဖိုးထား တယ်၊ ရှီးကိုယ်ရှီး ထိန်းထိန်းသိမ်းသိမ်းနေတတ်ပါတယ်၊ ဒါကြောင့် ကိုနဲ့ လက်မထပ်ဘဲနေတာပေါ့လို့''

ဒေါ်ဒေါ်လှက သဘောကျစွာပြုံးလျက် ရှီးလက်မောင်းအိုးလေး ကို ချစ်စဖွယ် ဆုပ်ကိုင်လှုပ်ခါ၏။

''ဒါကြောင့် မမြလေးက သူ့တူမကို တစ်ချိန်ကုန် ချီးကျူးတာ နေ''

''ဘယ်လို ကြီးမေက''

''ဟုတ်ပါတယ်အေ၊ သူ့တူမလေးက ဆယ်ကျော်သက်ဖြစ်ပေ မဲ့ တခြားဆယ်ကျော်သက်ကောင်မလေးတွေလို ရည်းစားထားဖို့ စိတ် ခေါင်းစားဘူး၊ လင်ယူသားမွေးလုပ်ဖို့လည်း စိတ်ကူးမယဉ်ပါဘူးတဲ့''

''စိတ်ကူးယဉ်စရာမှ မဟုတ်တာ ဒေါ်ဒေါ်လှရယ်၊ မေမေ့ဘဝ က ရှီးအတွက် အကောင်းဆုံးသင်ခန်းစာပဲ မဟုတ်လား''

ဒေါ်အလှလည်း အသိနှင့်သိမို့ ခေါင်းတဆတ်ဆတ်ညိတ်လေ သည်။

''ဟုတ်ပါတယ်အေ၊ ချစ်တယ်ကြိုက်တယ်ဆိုပြီး ရည်းစားထား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ယူတယ်၊ အားမကိုးရတဲ့အပြင် အဖေက အမေ့ကို ပစ်သွားတယ် မဟုတ်လား''

ရှိုး ခေါင်းညိတ်လျက် –

''အမိကကတော့ ဒေါ်ဒေါ်လှရယ် ဖေဖေ့ဘက်က အရှိန်အဝါ ကြီးတယ်၊ ချမ်းသာတယ်၊ ဖေဖေကိုယ်တိုင်က အလုပ်နဲ့အကိုင်နဲ့ဆိုတော့ မေမေက အားကိုးပြီးယူတာပေါ့၊ ဖေ့ဖေ့မိဘက အမွေဖြတ်သလိုလို ဘာလိုလိုနဲ့ စွန့်ပစ်ထားတယ်၊ ရှိုး တစ်နှစ်လောက်ကတည်းကပေါ့ ဒေါ်ဒေါ်လှရယ်၊ မေမေက ဖေဖေ့ကို တမျှော်မျှော်နဲ့ စောင့်ရှာပါတယ် အဖေက ခြေဦးပြန်မလှည့်ဘူး၊ တခြားတစ်မြို့မှာ နောက်မိန်းမတစ် ယောက် ယူသလိုလိုသတင်းကြားတော့ အမေကလည်း နောက်ယောက်ျား ယူပါလေရော၊ ခုချိန်ထိ အဖေရော အမေရော နောက်ထပ်ထူထောင်ကြတဲ့ အိမ်ထောင်နဲ့ ဘယ်ဆီရောက်လို့ရောက်နေမှန်း မသိဘူးလေ၊ အဲဒါကို ရှိုး, တွေးမိရင်း စိတ်မကောင်းဖြစ်ရတယ် ဒေါ်ဒေါ်လှရယ်၊ ကြီးမေ ကောင်းလို့သာ ရှိုး လူလူသူသူ နေရတာပါ၊ အဲဒါကြောင့်မို့ ရှိုးဘဝကို လက်လွတ်စပယ် မပြုရက်ဘူး၊ မေမေနဲ့ဖေဖေ့လို တစ်ယောက်ပြီးတစ် ယောက်နဲ့ တစ်အိမ်ထောင်ပြီးတစ်အိမ်ထောင် မထူထောင်ချင်ဘူး''

''ဟုတ်တာပေါ့ ရှိုးရဲ့၊ တစ်ယောက်နဲ့ သေတစ်ပန်သက်တစ်ဆုံး ပေါင်းသင်းနိုင်တဲ့ဂုဏ်က ဒေါ်ဒေါ်လှတို့မိန်းမသားအတွက် တန်ဖိုးအရှိ ဆုံးပါပဲ''





''ရှိုးလည်း အဲလိုပဲ ယူဆတယ်၊ ဒါကြောင့် သိုက်ကို အလွယ် တကူ လက်မခံတာပေါ့၊ သိုက်က ယုံကြည်စိတ်ချစွာ ပေါင်းသင်းသွားနိုင် တဲ့ ယောကျ်ားတစ်ယောက်ပါ၊ ရှိုးက မချစ်လို့သာ လက်မခံတာ၊ ရှိုး ချစ်တဲ့သူကိုပဲ ရှိုးဘဝကို ပုံအပ်ချင်တယ်၊ သေတစ်ပန်သက်တစ်ဆုံးအထိ ဆဲ''

''ရှိုးလေးစိတ်ဓာတ်ကို ဒေါ်ဒေါ်လှ တကယ်ချီးကျူးပါတယ် ကွယ်၊ မိန်းကလေးဆိုတာ စိတ်ဓာတ်ခိုင်မာလေးနက်မှုရှိဖို့ အရေးအကြီး ပဲ ကိုယ်ထားတဲ့စိတ်ဓာတ်အတိုင်း ကံကြမ္မာက ဖန်တီးပေးမှာပါကွယ်၊ ဘာမှ စိတ်အားမငယ်ပါနဲ့၊ ရှိုးလို စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့မိန်းကလေး က လင်ယောကျ်ားကောင်းကောင်းနဲ့ ညားမှာပါအေ''

ရှိုး ကျောပြင်ပြန့်ပြန့်လေးကို ဒေါ်ဒေါ်လှ လက်နဲ့သပ်ပြောတော့ နှုတ်ခမ်းလေး နီမြန်းသွားသည်။

လင်ယောကျ်ားကောင်းကောင်းရမှာတဲ့။

ရှိုး မျှော်လင့်တာကလည်း ရှိုးအချစ်၊ ရှိုးနှလုံးသားနဲ့ ရှိုးဘဝ ကို တစ်သက်လုံး အပ်နှံရမယ်ဆိုရင် ရှိုးလိုစိတ်ရှိတဲ့ ခင်ပွန်းကောင်း ကောင်းနဲ့ တွေ့ခွင့်ရရင်ပေါ့။ ရှိုး ယုံကြည်စွာ လက်တွဲရပါတယ်။

''ကဲပါ ရှိုးလေးရယ်၊ စကားလမ်းကြောင်းတွေက ဟိုဘက် ဒီ ဘက်ရောက် ဖြစ်ကုန်ပြီ၊ မမကြီးပြောတဲ့အတိုင်း ဒီမှာပဲ ညအိပ်လိုက် တော့ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



ရှိုးခေါင်းညိတ်လျှင် –

"ရှိုးသူငယ်ချင်းတွေ ညနေ လာကြဦးမလား"

"ကြုံမနိုင်းထားဘူး"

"အဲဒါဆိုလည်း ဖုန်းဆက်ပြောလိုက်၊ ဒီမှာပဲ ညအိပ်ဖြစ်မယ်ဆိုတဲ့အကြောင်းကိုပေါ့"

"ဟုတ်၊ ဖုန်းပဲဆက်ရတော့မှာပေါ့"

"အိမ်ကြီးရှင်တွေအပေါ် နားလည်ပေးပြီး လုပ်စရာရှိတာဆက်လုပ်ရအောင်လား ရှိုးလေးရယ်"

"ဟုတ်သားပဲ"

ဒီတော့မှ ရှိုး ဆေးကြောရင်းတန်းလန်းဆိုတာ သတိရသည်။

သတိရလျှင်ရချင်း ချက်ချင်းထကာ နှစ်ဦးသားတက်ညီလက်ညီ အလုပ်တွေဆက်လုပ်ကြသည်က အိမ်ကြီးရှင်တွေအလိုကျစေဖို့ပဲ မဟုတ်လား။

✿ ✿ ✿



## အခန်း (၂၁)

နေခြည်ရောင်နုနုကလေးက ဖျော့ဖျော့လင်းနေဆဲ။

ဒေါ်ဒေါ်လှ ဈေးက အသစ်ဝယ်လာတဲ့ ပုစွန်ခြောက်နှစ်မျိုးကို န်းထဲထည့်ပြီး သီးခြားလှန်းရန် ရှိုး ပြင်ဆင်နေမိသည်။

ဗတီးလင်ပန်းကို ခုံတန်းပေါ် အရင်တင်၏။ သူ့အတွက်က ယ်ပုစွန်ခြောက်အကောင်ကြီးတွေက တစ်မျိုး။

ငါးပိကြော် ဘာညာကြော်ရင် သုံးတဲ့ ပုစွန်ခြောက်က အကောင် းလေးတွေပါ။ အကောင်သေးကို ဗတီးလင်ပန်းတစ်ချပ်နဲ့ အရင်လှန်း ည်။ အကောင်ကြီးကို ဗန်းပေါ် သေချာစီပြီးလှန်းနေစဉ် –

ရှိုးနှာခေါင်းမှာ မွှေးရနံ့လေး သင်းလာသည်။ ထိုမွှေးရနံ့က



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးရနံ့ဖြစ်မှန်း ရှီးသိလေသည်။ ရှူရှိုက်မိရင် မွှေးအီကာ စိတ်အာရုံမှာ ကြည်နူးနှစ်သိမ့်စေသော ခံစားမှုကို ပေးစွမ်းနေသည်။

ဘယ်ဆီက လွင့်လာတဲ့ မွှေးရနံ့လေးလဲ။

သိလိုစိတ်ကလေးနဲ့ ပုစွန်ခြောက်ကောင်တွေ ဇန်းထဲ တန်းစီပြီး လှန်းနေရာမှ ခေါင်းလေးမတ်၏။

မွှေးရနံ့လေးသင်းရာဆီ ရှီး ငဲ့စောင်းကြည့်လျှင် –

“ဟင်”

ရှီး အံ့ဩကာ ငြိမ်သက်ငေးမောသွားကာ နေသာဆောင်ကျွန်း တံခါးကိုကိုင်လျက် ရှီးကို စိုက်ကြည့်နေတဲ့သူ။ ရှီးနဲ့ အကြည့်ချင်းဆုံလျှင် မျက်နက်ဝန်းမှာ ရီဝေရွှန်းစိုသွားကာ ခြေလှမ်းတွေ ရှေ့တိုးလာလေပြီ။

ရှီးရင်မှာ တဒိတ်ဒိတ်နဲ့ အခုန်မြန်လျက်။ သူ့ဆီက အကြည့်လွှဲရမလိုလို။ ကိုယ်ကိုရှိပြီး ရှောင်[illegible]ကောင်းနေမလား။

ဒါမှမဟုတ် ဣန္ဒြေမပျက်ဘဲ ရှီးအလုပ်ကို ရှီး ဆက်လုပ်နေရမလား။

လားပေါင်းများစွာနဲ့ ရှီးအမူအရာလေး ပျာယီးပျာယာ ဖြစ်နေချိန်မယ် –

“ရှီး”

ရှီးနာမည်တစ်လုံးတည်းကို ပထမဦးဆုံးအကြိမ် ခေါ်သည်။ ခေါ်သံသည် တောင့်တဖွယ်ခံစားမှုတချို့ ပျော်ဝင်လျက်။





ခြေလှမ်းတွေ နီးကပ်လာလေ မွှေးရနံ့က ပိုသင်းလာလေ၊ …ရနံ့ကြောင့်ပဲ ထင်ပါရဲ့၊ ရှီး ရှောင်လွှဲသွားဖို့ ခဲယဉ်းနေသည်။

“ပြော ပြောပါ”

ဟု မျက်လွှာချကာ ယောင်ယမ်းဆိုမိပြီး –

“ရှီးကို ကိုယ် ကျေးဇူးတင်ပါတယ်”

“မ မလိုပါဘူး။ ရှီးစိတ်နဲ့ ရှီးပါ”

“ဘာပဲဖြစ်ဖြစ် မယ်မယ့်ကို စိတ်အနှောင့်အယှက်မဖြစ်စေတဲ့ …တွက်ပါ”

“ရပါတယ်”

ရှီး မတိုးမကျယ်ပြောလျက် ရှောင်ထွက်ရကောင်းနိုးနိုး စဉ်းစား…သည်။ တော်ကြာ တစ်ယောက်ယောက်တွေ့သွားရင် ပြဿနာတက်…လေ။ သူတို့က အဆင့်အတန်းဆိုတာကို စင်တင်ကြသူများ၊ မဟုတ်…။

ရှီး ပုစွန်ခြောက်အကောင်ကြီးတွေကို မြန်မြန်ပြီးအောင် ကမန်း…န်း စီနေလျှင် လက်ဆစ်ကလေးများပင် မပေါ်၊ ဖြူဖွေးသွယ်လျတဲ့ …က်ချောင်းလေး ပုစွန်ခြောက်ဇန်းပေါ် ရောက်လာသည်။

ရှီး မော့ကြည့်တော့ ပုစွန်ခြောက်အကောင်အကြီးဆုံးတစ်…င် သူကောက်ပြီး ရှီးကိုပေးသည်။

“ရော့ ယူလေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

သူ့ကိုယ်သင်းရနံ့ မွှေးမြမြကို ဒီတစ်ကြိမ် မရှူရှိုက်ဖြစ်။ နှ… အသက်အောင့်ကာ ခေါင်းခါလေသည်။

"ဘာဖြစ်လို့လဲ"

ရှောင်လွှဲချင်ချင်ဖြစ်နေတဲ့ ရိုးမျက်လုံးကို အမိအရ ဖမ်းကြည့်… ကာ သူမေးသည်။ ရိုး ခေါင်းအသာယမ်း၍ –

"ဘာ ဘာမှမဖြစ်ပါဘူး"

"မဖြစ်ရင် ယူလေ"

"ဟို ဒါက ရိုးနဲ့တန်တဲ့ အ အစား အစား မဟုတ်ပါဘူး… ဒါကြောင့်ပါ"

"အဟင့်၊ ရိုး ဒီလိုကျတော့လည်း မင်းလေးက ရှောင်ဖယ်… တတ်သားပါလား"

"ရှောင်ဖယ်တာ မဟုတ်ပါဘူး၊ ရိုးကိုယ်ရိုး သိပါတယ်၊ ဟိုတ… ခါက ခိုးစားမိတဲ့အတွက်လည်း တောင်းပန်ပါတယ်"

"ရိုး မတောင်းပန်ခင်ကတည်းက ကိုယ်ကျေနပ်ပြီးသား… နောက်ဆို အဲဒီကတည်းက အလုပ်ဖြုတ်ပစ်လို့ရတယ်"

"ရှင်"

ရိုး ဖျတ်ခနဲ မော့ကြည့်၏။ တောက်ပရွှန်းစိုသော မျက်ဝန်းအစုံ… နားသယ်စပ်မှ ဖြာဆင်းသွားသော မွှေးညင်းရာလေးများနဲ့ စိမ်းမြသော…





…နှုတ်ခမ်းမွှေးအရာတို့ ထင်နေသော သူ့မျက်နှာလေးကို ရိုး ငေးမိသွား…သည်။

သိုက်မျက်နှာမှာ ထိုသို့သောအလှတရားတို့ မရှိနေ။

နေလောင်ကာ နီစပ်စပ်မျက်နှာပေါ်မှာ တစ်ခါတစ်ရံ မရိတ် …သင်ဘဲထားတတ်တဲ့ နှုတ်ခမ်းမွှေးတို့က အမြင်ရိုင်းစွာ။ နှုတ်ခမ်းအစုံက …လို စိုပြည့်ရဲရဲမနေ။

သိုက်က အရိုးဆန်တဲ့အသွင်နဲ့ ဖျတ်လတ်တက်ကြွနေသလို …က နှစ်လိုမက်မောဖွယ် အယဉ်အနုကလေးနဲ့ ညှို့ဆွယ်သော အမှု …ရာတို့ဖြင့် ရှုန်းတကြွကြွလှနေကာ။

ရိုးစိတ်က ထိန်းထားရင်းကြားက မျက်နှာဆီက မခွာနိုင်ဖြစ် …ကာ။

"ဟုတ်တယ်လေ၊ မြင်စက မတန်မရာ ခိုးစားလေခြင်းလို့ …ကိုယ် ဒေါသဖြစ်မိသေးတယ်၊ နောက်မှ တွေးမိရင်း ကိုယ်ကျေနပ်သွား …တယ်"

"ဘာဖြစ်လို့ ကျေနပ်သွားတာလဲ ဟင့်"

ရိုးမေးခွန်းနောက်မှာ သူ ပြုံး၏။ နှုတ်ခမ်းလေး လှုပ်ကာပြုံး …င် ပါးပြင်လေးက စိမ်းမြနေရာမှ ပန်းနုရောင်သန်းသွားတာကအစ …အမြင်ကို ဆွဲငင်လေပြီ မဟုတ်လား။

"ရိုးသိချင်လား၊ ကိုယ် ကျေနပ်သွားတဲ့အကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ရှိး ရှိုးစင်းစွာ ခေါင်းအ သာညိတ်၏။ ထိုအခါ သူ့မျက်နှာ မော့၍ တစ်ချက်ရယ်မောလေသည်။ ရယ်ပြီးမှ မော့ထားတဲ့ ရှိးမျက် လေးကို ငုံ့ကြည့်သလို လုံးချွန်ပြည့်ဝန်းသော ရှိးမေးဖျားလေးကို ကိုင်၍ တိုးတိုးပြော၏။

"ရှိးကို ကိုယ်ချစ်လို့ပေါ့တဲ့"

"ဘုရားရေ"

ရှိး ရင်ဘတ်ဖိကာ ဘုရားတတဲ့အသံလေးပါ ခုန်ထွက် နေရောင်လင်းဖျဖျက ရတ်ခြည်း အပြာရောင်သန်းသွားသလို ရှိးမျ ဝန်းမှာ ပြာရီမှိုင်းဝေသွားလေပြီ။

"ရှိး အံ့သြသွားလား"

ရှိး မဖြေအား။ ဆွံ့အအနဲ့ ငေးနေမိနေသည်။

"ချစ်တဲ့စိတ်က ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြတယ်လို့ ပြေ ရင် ရှိး ရယ်မလားဟင်"

ပြောရင်း ရှိး လက်ဖဝါးနုနုစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက် သိသလို ရှိးလက်ထဲ သူကိုယ်တိုင်ကောက်ယူထားတဲ့ ပုစွန်ခြော အကောင်ကြီးကို ထည့်ပေးလိုက်တာကအစ နွေးဖို့တဲ့ ခံစားမှုအသ သိနှင့်ပေမယ့် ရှိး ရှောင်ဖယ်ရှန်းခါဖို့ မေ့လျော့ကာ။

"ကိုယ့်ကို ပြန်ချစ်ရမယ်နော် ရှိးလေး၊ ရှိးလေးကို မော





မြတ်မြတ်နိုးနိုး ချစ်တယ်"

ပြောရင်း ဆုပ်ကိုင်ထားတဲ့ ရှိးလက်ကို ဖွဖွဖျစ်ညှစ်ကာ ဖြေ ထွတ်ပေးရင်း ထွက်သွားလျှင် ရှိုက်ရှူမိတဲ့ မွှေးရနံ့လေး တဖြည်းဖြည်း လွင့်ပါးသွားလေပြီ။

ချစ်တယ်ဆိုတဲ့ ရင်ဖွင့်စကား သိုက်ဆီက အကြိမ်ကြိမ် ကြားခဲ့ နူးပါသည်။ တစ်ကြိမ်တစ်ခါမှ ရှိး ရင်ခုန်သံမြန်လျက် မျောပါသွားခြင်း မရှိပါခဲ့ဖူးပါ။

မွှေးရနံ့ရော သူ့အရိပ်ပါ နေသာဆောင်မှ ကွယ်လွင့်သွားခါမှ ရှိး အသိဝင်လာသည်။

အနွေးဓာတ်မပြယ်သေးတဲ့ ရှိးလက်ဖဝါးဆုပ်လေးထဲမှာ သူ ထည့်ပေးခဲ့တဲ့ ပုစွန်ခြောက်အကောင်ကြီးတစ်ကောင်က မြဲမြဲစွာ တွယ် ငြိလျက်။

ချစ်တယ်ဆိုတဲ့ စကားလုံးလေးရယ်၊

မောင်ဆိုတဲ့ နာမ်စားရယ်က ရှိးနှလုံးသားမှာ သဘာဝနေရောင် ခြည်လို လင်းဖြာကာ နွေးလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

''ရှိုးလေးကို မောင် မြတ်မြတ်နိုးနိုးချစ်တယ်'' တဲ့။

ထိုစကားလုံးလေးများက ရှိုး နားစည်မှာ ပဲ့တင်ထပ် မြည်ဟည်းကာ။ ဟုတ်ပါရဲ့လား။

မယုံမရဲ မေးချင်စိတ်ကလေးများနဲ့ ရှိုးရင်မှာ မငြိမ်သက်နိုင်ဖြစ်ရလေပြီ၊ ညစာစားပွဲမှာ ဆုံတော့လည်း ရှိုး ရှောင်ဖယ်ဖယ်နေခဲ့သည်။ မောင်က မျက်လုံးချင်းဆုံအောင် အမိအရ လှမ်းကြည့်ပြီး အသံတိတ်ဘာသာဗေဒနဲ့ ပြောနေတတ်သည်။

ရှိုး ဣန္ဒြေပျက်သွားမှာ ကိုယ်တိုင်စိုးရိမ်ကာ။

လုပ်ဆောင်ပေးစရာရှိသမျှ လုပ်ပေးပြီး မသိမသာ ရှောင်





ထွက်ခဲ့၏။ ဒေါ်ဒေါ်လှကိုတော့ ထမင်းစားခန်းမှာ ထားခဲ့ရတာပေါ့။

တော်ကြာ နိုင်းစရာရှိတာခိုင်းဖို့ တစ်ယောက်ယောက်ရှိမနေရင် အိမ်ကြီးရှင်တွေ ငြူစူနေမယ်မဟုတ်လား။

မောင့်မျက်လုံးတွေထဲမှာ ရှိုးကို တွေ့ချင်စိတ်တွေ ရှိနေမှန်း ရှိုး သိနှင့်နေပေမယ့် နှစ်ယောက်တည်း အတွေ့ခံရမှာ မဝံ့မရဲ။

တတ်နိုင်သမျှ ရှိုး ရှောင်နေခဲ့သည်။

ရှိုး ရှောင်ဖယ်မှန်းသိတော့ မောင်ကလည်း ဣန္ဒြေရနေသည်။ မောင့်မယ်မယ်၊ ဖေဖေနဲ့ မေမေတို့ရှေ့မှာ ပုံမှန်အတိုင်း လှုပ်ရှားနေတဲ့ မောင်က ရှိုးထက် ဣန္ဒြေရနေသည်။

ရှိုးမှာသာ မယုံမရဲအတွေးတွေနဲ့ မလုံမလဲဖြစ်ကာ နေ့တွေ ညတွေကို ဖြတ်သန်းနေရသည် မဟုတ်လား။

ဒါပေမဲ့ အတွေးထဲမှာ မောင်၊ နားထဲမှာလည်း မောင့်အသံတွေသာ ပျားပိတုန်းလေးတွေလို ဝဲပျံလို့။

လုပ်စရာရှိတာတွေ လုပ်ကိုင်ပြီးစီးလို့ တစ်ယောက်တည်း နားနေချိန်မယ် မောင့်စကားလုံးတွေက အတွေးထဲ နစ်ဝင်နေတော့လည်း ကြားယောင်နေတာ ခက်ချေပြီမဟုတ်လား။

ထိုအခါ ရှိုးနှလုံးသားနုနုဟာ တလှပ်လှပ်နဲ့ နွေးနွေးလှိုက်လှိုက် ဒိုလျက် မောင့်အကြောင်းတွေ တွေးရင်း ငေးမောနေတာ သတိလက်လွတ် ဖြစ်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း တွေးကောင်းနေဆဲ။

"ရိုးလေး"

"ရှင် ရှင် ရှင်"

အနားကပ်လာပြီး ဖိအော်ခေါ်သံ။ ဒေါ်ဒေါ်လှအသံ ရုတ်တရက်

နားထဲ တဒိုင်းဒိုင်း တိုးဝင်၏။ ထိုအခါ ရိုးကိုယ်လေး တုန်တက်လျက်

ထူးဖြစ်၏။

"ရိုးလေးရယ်၊ ခေါ်မကြား အော်မကြားနဲ့ ဘာတွေ တွေး

တာလဲ၊ ဒေါ်ဒေါ်လှလည်း ပြောပါဦး"

"ဘာ ဘာမှမတွေးပါဘူး ဒေါ်ဒေါ်လှရယ်"

ရိုး ကိုယ်ဟန်မူရာလေး မပျက်အောင်ထိန်း၍ ဆိုလိုက်ရသည်

"သိပါဘူး၊ ရိုးလေး တွေးနေသလားလို့"

"ရိုးမှာ တွေးစရာမရှိပါဘူး ဒေါ်ဒေါ်လှရယ်"

"အေး တွေးစရာမရှိတာ ခပ်ကောင်းကောင်းပဲ၊ ဒါနဲ့ ရိုးလေ

သူငယ်ချင်းတွေကို ဘာညာမှာမယ်ဆို"

"ဟုတ်သားပဲ"

ဒေါ်ဒေါ်လှ သတိပေးသလိုပြောခါမှ ရိုးလည်းသတိရလာသည်

မီးဖိုအပြင်ဘက် ခုံတန်းမှာ ထိုင်နေရာမှ ရိုး ချက်ချင်းထကာ-

"ကျေးဇူးပဲ ဒေါ်ဒေါ်လှရယ်၊ ရိုးမေ့နေတာ"

"ရပါတယ်အေ၊ အလုပ်နားနေတုန်း မှာစရာရှိတာ သွာ





ဖုန်းဆက်မှာချေ"

"ဟုတ်၊ ရိုး လမ်းထိပ်သွားပြီး ခုပဲ ဖုန်းဆက်လိုက်မယ်လေ"

"အေး၊ ဟဲ့ နေဦး၊ အိမ်ကြီးရှင်တွေ တစ်ယောက်မှမရှိဘူး၊

ဧည့်ခန်းထဲက ဖုန်းနဲ့ပဲ ပြောလိုက်တော့"

"ဖြစ်ပါ့မလား တော်ကြာ"

"ဖြစ်ပါတယ်အေ၊ သူတို့မရှိတုန်း မြန်မြန်လေးဆက်၊ အပြင်

ထွက်တာတွေ့ရင်လည်း သူတို့ပြောဆိုလာရင် နားငြီးရဦးမယ် မဟုတ်

လား"

ဒါတော့လည်း ဟုတ်သည်။

ရိုးကို စံအိမ်အပြင်ဘက် ထွက်ခွင့်မပေးထားပါ။ ထွက်ချင်ရင်

သူတို့ကို ခွင့်တောင်းရသေးသည်။ သူတို့က ထွက်စေဆိုမှသာ။ ခုလို

သူတို့အခွင့်အပေးဘဲ ထွက်မိပြန်ရင်လည်း တစ်ပြစ်ဖြစ်ဦးမယ်။

ဒေါ်ဒေါ်လှပြောသလိုပဲ သူတို့မရှိတုန်း မှာစရာလေးရှိတာ

ဖုန်းဆက်မှာလိုက်ဦးမှ။ ရိုး ချက်ချင်း တိုက်ထဲဝင်ခဲ့သည်။

"မြန်မြန်ဆက်နော် ရိုးလေး"

ဒေါ်ဒေါ်လှ သတိပေးသလို အော်ပြောလေသည်။ ရိုး သိပါတယ်

ပေါ့ ခေါင်းညိတ်ရင်း ဧည့်ခန်းကျယ်ကြီးဆီ သွက်သွက်လေး လှမ်းခဲ့သည်။

တခမ်းတနားရှိလှတဲ့ ဧည့်ခန်းကြီးက ဂုဏ်ပကာသနတို့နဲ့ ပြိ

ဗိတ်ထလျက်။ ဆိုဖာဆက်တီက ရဲရဲတွတ်ကာ ခေတ်မီသောဒီဇိုင်းလှလှ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖြစ်သည်။

ဖက်ပူးစိမ်းရောင် တောက်ပနေတဲ့နံရံမှာ ပန်းချီကားတွေ ချိတ်ထားတာ ပန်ရပေသည်။

အခန်းထောင့်တွေမှာ ပန်းအိုးတွေနဲ့ အလှဆင်ထားသလို အရှေ့ထောင့်မှာ မယ်မယ့်ရုပ်တုက တကယ်အသက်ဝင်နေကာ အပြင်ကနေ ညော်ခန်းထဲဝင်တာနဲ့ တန်းခနဲ မြင်ရ၏။ ရုတ်တရက် မယ်မယ်ဟု ရိုး ထင်သွားလေသည်။

ကြည့်ပါဦးဟယ်။

ကနုတ်ပန်းတွေတောင် ကွပ်ထားတဲ့ ရှေးဟောင်းထိုင်ခုံမှာ ခြေချိတ်ထိုင်နေတဲ့ မယ်မယ်က မျက်နှာကိုမော့လျက် ဂုဏ်ရှိန်ဝါကြီးမားစွာ ပြုံးနေဟန်က အသက်ဝင်ကာ။

မယ်မယ့်တစ်ကိုယ်လုံးက ရွှေရောင်ဖိတ်ဖိတ်တောက်လျက် ရှေးဟောင်းထိုင်ခုံကလည်း ရွှေရောင်ဝင်းမှည့်နေသည်။

ရွှေချထားတာလား။

တကယ့်ရွှေအစစ်နဲ့ ထုလုပ်ထားတာလား။ ရိုး စိတ်ဝင်တစား ကြည့်လျက် စူးစမ်းကြည့်ရင်း မယ်မယ်ရုပ်တုနား ရွှေမှန်းမသိ ရွှေသွားခေါ်

အနီးနားကပ်ကြည့်ခါမှ ရိုးမျက်လုံးအစုံ အံ့သြစွာ ပြူးရလေသည်။ အနီးကပ်လေ ရွှေရောင်က ပိုမှည့်လေ၊ ရိုး လက်ကလေးနဲ့ မရဲတရဲ တို့ထိကြည့်ချင်စိတ် ပေါက်လာသည်။





စိတ်ထဲရှိတဲ့အတိုင်း ရိုး လက်ညှိုးလေးနဲ့ တို့ကြည့်သည်။

ရွှေရုပ်တုက အေးစက်နေပေမယ့် ဝင်းမှည့်နေတဲ့ ရွှေရောင်က ရွှေရည်ချထားတာမျိုး မဟုတ်၊ ရွှေစင်ရွှေကောင်းနဲ့ ပုံထုထားမှန်း ပို၍ သိသာသည်။

ကြည့်စမ်း။ ရွှေနဲ့တောင် ရုပ်တုထုနိုင်တာ အံ့သြပါရဲ့။ ရွှေဘယ်နှပိဿာ ကုန်သွားမလဲနော်။ ရွှေရုပ်တုမှာ ဆင်မြန်းထားတဲ့ ရတနာတွေက စိန်တွေထင်ရဲ့။

ဘီးဆံထုံး ထုံးထားတဲ့ ဆံပင်ထုံးအလယ်မှာ ပြိုးပြိုးပြက်ပြက်တောက်လျက်။ နားနှစ်ဖက်နဲ့ လည်တိုင်ဘယက်က စိန်ရောင်ဝင်းဝင်း။

ဘယ်လက်သူကြွယ်က တစ်လုံးတည်းသော စိန်လက်စွပ်ကြီးက ရွှေသားလက်ချောင်းပေါ်မှာ ကြွလို့။

စိန်ပွင့်တွေမြုပ်ထားတဲ့ မုန်ကြိုးလိမ်လက်ကောက်ကြီးကလည်း ဘယ်လက်ကောက်ဝတ်မှာ ထည်ထည်ဝံ့ဝံ့နှင့်။

မယ်မယ်ရဲ့ ရွှေရုပ်တုကြီးက မယ်မယ်တို့မျိုးရိုးစဉ်လာရဲ့ အရှိန်အဝါတစ်မျိုးအဖြစ် ကိုယ်စားပြုနေတာလား။ ဘယ်သူမဆို မြင်ရင် အံ့သြငေးမောသွားမှာပဲ။

တော်တန်ရုံ သူဌေးတွေ ရွှေပန်းပုထုနိုင်မယ် မထင်။

ပြီးတော့ ဒီစံအိမ်မှာ မယ်မယ်က ဦးဆောင်သရဖူမှန်း သိသာစေမယ့်အမှတ်အသားလည်း ဖြစ်ဟန်တူသည်။

ဖြစ်မှာသေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစံအိမ်မှာ မယ်မယ်က ဖါဆို အားလုံး ဒါပဲဖြစ်ကြသည့် မဟုတ်လား။

ရွှေရုပ်တုကို ငေးကြည့်နေရင်း လာရင်းကိစ္စပါ ရှိးမေ့ကာ -

"ဟဲ့ ဟဲ့ မိရှိးကဗျာ"

မယ်မယ့်အသံနက်ကြီး ဟုန်းခနဲ ပျံ့လွင့်လာသည်။ ထိုအသံကြောင့် ရှိး လန့်ဖျပ်ကာ အသိဝင်လျက် ရွှေရုပ်တုကို ငေးကြည့်နေရာမှ ကမန်းကတန်းအကြည့် ရုပ်၏။ အသံလာရာ ဧည့်ခန်းဝသို့ ဖျတ်ခနဲ ကြည့်၏။

မယ်မယ်နဲ့ ဒေါ်ဂုဏ်ရည်သင့်။ နောက်မှ မောင်။

"ညည်း ညည်း ဘာလာလုပ်တာလဲ၊ ဒီနေရာ ညည်းနဲ့ တန်သလား ဟင်"

ဒေါ်ဂုဏ်ရည်သင့် ပြောရင်း ရှေ့တိုးလာသည်။

"ဟို ဟိုလေ"

"ဘာလုပ်တာလဲ၊ ညည်းနဲ့ ဒီဧည့်ခန်း ဘာဆိုင်လဲအေ့"

"ရှိ၊ ရှိး ဖုန်းဆက်ချင်လို့ ဝင် ဝင်လာတာပါ မယ်မယ်ရယ်"

"ဘာရယ်"

မယ်မယ် လက်တစ်ဖက် ခါးထောက်လျက် ရှိးကို စိုက်ကြည့်နေ၏။

ဒေါ်ဂုဏ်ရည်သင့် မီးဝင်းဝင်းတောက်တဲ့မျက်လုံးနဲ့ စူးစူးရဲရဲ





…ည့်လျှင် -

"ရှိးက သူငယ်ချင်းတွေဆီ ဖုန်းဆက်ဖို့ပါ၊ ဧည့်ခန်းထဲမှာ …ယ်ရဲ့ ရွှေရုပ်တုကိုတွေ့လို့ ငေးကြည့်မိတာပါ၊ တခြား ဘာရည်ရွယ် …ချက်မှမပါဘူး မယ်မယ်ရယ်"

"တောက် ညည်းတို့ဟာ အဆင့်အတန်းကို နားမလည်ဘူး၊ …နေရာရှု့ တော်နေရာတော်အေ့၊ ညည်း ဖုန်းဆက်ချင်ရင် ငါတို့လာတဲ့ …ဆီ စောင့်ပေါ့အေ့"

ရှိး ဘာမှ ပြန်မပြောချင်တော့ပါ။

"ကဲ သွား၊ နောက်မှဆက်၊ ငါ့အတွက် သံပုရာရည်ဖျော်ခဲ့"

မယ်မယ် လက်ညှိုးထိုး ပြောသည်။

"ဟုတ်"

ဒေါ်ဂုဏ်ရည်သင့်က -

"နောက်တစ်ခါ ညည်း ဒီလိုအချိုးမချိုးပါနဲ့၊ ညည်းကို ပစား…ားတယ်ဆိုပြီး ရောင့်တက်ဖို့ စိတ်မကူးနဲ့တဲ့"

ရှိးလှည့်ထွက်ခဲ့တော့ ဒေါ်ဂုဏ်ရည်သင့်ပြောသံက နောက်ကျော …ပြဲဝင်ဆောင့်ကန်တာခံရသည့်နှယ်။ ရှိး ရင်ဘတ်အထိ အောင့်မျက် …် ခံစားရလေသည်။

ဒါတင်မက ဝမ်းနည်းတာလည်း အကြောင်းမဲ့မဟုတ်ပါ။

မယ်မယ်နဲ့ ဒေါ်ဂုဏ်ရည်သင့်နောက်မှာ ရှိနေတဲ့ မောင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးကို ချစ်ပါတယ်ဆိုတဲ့မောင်က ဘာမှလည်း ဝင်မပြော။

မိခင်နဲ့ဘွားအေ ပြောချတဲ့နောက်မှာ ဒီအတိုင်း ရပ်ကြည့်နေတာ ရှိုး ထိခိုက်ခံစားရဆုံးပါ။ တကယ်ဆို ရှိုးဘက်က ဖာဖာထေးထေး ဝင်ပြောပေးပါတော့လား။

ငြိမ်ရပ်ပြီး နားထောင်နေတာ ဘာသဘောလဲ။

အဲဒီအတွက် ရှိုး သိပ်ခံစားရတယ်။

တကယ်ပါကွယ်။

✿ ✿ ✿



## အခန်း (၂၃)

"မယ်မယ်"

"ပြော မြေးကြီး"

"ကျွန်တော် သွားနားတော့မယ်"

"အေး၊ ခြောက် နေဦး၊ သံပုရာရည်သောက်သွားဦးလေ"

"မသောက်တော့ဘူး မယ်မယ်"

သူ ဒါပဲပြောပြီး အပေါ်ထပ်တက်ခဲ့သည်။ မယ်မယ် တစ်ခုခု ပြောချင်ပေမယ့် ဘာမှဆက်မပြောဘဲ ကျန်ခဲ့သည်။ မေမေက သံပုရာရည်ဗန်းယူလာတဲ့ ရှိုးကို မျက်စောင်းနဲ့ကြည့်သည်။

"အဲဒါ ညည်းကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် မယ်မယ် ပြောပြန်သည်။

"သွား။ မြေးအတွက် အပေါ်သွားပို့ချေ။ ညည်း အလိုက်[...]တာနဲ့ ငါ့မြေး ငါတို့နားမှာ အနားမယူဘဲ အပေါ်တက်သွားတာ"

ရှိုးနဲ့ ဘာဆိုင်လဲ၊ သူ့စိတ်နဲ့သူ တက်ခဲ့တာ။ သူ့ရှေ့မှာ ရှိ[...] ပြောနေတာမြင်တော့ သူ မကြည့်ရက်ပါ။

ဒါကြောင့် သူ အပေါ်တက်ခဲ့ခြင်း။

သူ အပေါ်တက်ခဲ့တာလည်း ခပ်ကောင်းကောင်းရယ်။ ရှိ[...] နှစ်ယောက်သား တွေ့ခွင့်ရမယ်လေ။ ရှိုး သံပုရာရည်လာပို့ရင် အခ[...] ဆွဲထားပြီး ချော့မော့ရမှာပေါ့လို့ စိတ်မှာ တေးထားမိသည်။

တကယ်တမ်း သံပုရာရည်လာပို့တာက ရှိုးမဟုတ်ပါ။

ဒေါ်အလှဖြစ်နေတော့ သူ့ရင်မှာ လိုက်ခနဲ ဟာဆင်းသွား[...] မယ်မယ်နဲ့မေမေ ဖိပြောတဲ့နေ[...] [...]ကျသွားတဲ့ ရှိုးမျက်နှ[...] သူ့အာရုံမှာစွဲလျက်။

သနားခြင်း၊ ကရုဏာသက်ခြင်းတွေနဲ့ ခံစားရတာ နေ[...] ထိုင်မသာဖြစ်လျက်။ ထိုသို့ ခံစားရတာကို သူ သည်းမခံချင်တော့[...]

"ဒေါ်ဒေါ်လှကိုသာ အပြစ်တင်ပါကွယ်၊ ရှိုးလေးက လိုတဲ့[...] ပစ္စယလေး သူ့သူငယ်ချင်းတွေကို မှာမလို့ပါ၊ ဒေါ်ဒေါ်လှပဲ သွားဆက်[...] ဆိုတာနဲ့"

သံပုရာရည်ခွက်ကို လှမ်းမယူဖြစ်တဲ့ ငေးစိုက်ကြည့်နေ[...]





[...]ဒေါ်အလှက ပြေရာပြေကြောင်း ရှင်းပြသလို ပြောတဲ့နောက်မှာ ရှိုး[...]အတွက် ပို၍ပင် စိတ်မကောင်းဖြစ်မိသည်။

ဒေါ်ဒေါ်လှ သံပုရာရည်ဖန်းလေး စားပွဲပေါ်တင်ပြီး ထွက်သွား[...]တော့ သူ သက်မချသည်။ မခံစားရက်စွာ ခေါင်းတစ်ချက်ယမ်း၏။

ထို့နောက် အခန်းထဲကထွက်ကာ မယ်မယ်နဲ့မေမေ့အရိပ်[...]အခြည်ကို ကြည့်၏။

မယ်မယ်တို့ အခန်းထဲ အသီးသီးဝင်သွားကြတာ မြင်တာနဲ့[...] တိုက်နောက်ဘက်အခန်းတွေဆီ ခြေဦးလှည့်သည်။

ထမင်းစားခန်းမှာလည်း မမြင်ရ။ မီးဖိုဆောင်ဘက် ချောင်းကြည့်တော့လည်း ဒေါ်အလှတစ်ယောက်တည်း။

ရှိုးလေးရယ်။

ရှိုးလေး ဘယ်မှာလဲ။

ဝမ်းနည်းစိတ်နဲ့ ထောင့်တစ်နေရာရာမှာ ပုန်းလျှိုးကွယ်လျှိုးနဲ့[...]နေမှာလား။

တွေ့ချင်စိတ်က ပြင်းပြနေတာမို့ ဆင်ခြင်နိုင်စွမ်းလေး ပြယ်လွင့်[...]ာ လိုက်ရှာမိတဲ့ သူ့မျက်လုံးတွေက တိုက်သေးဘက် သစ်ခွပန်းခြံဘက်[...]ထိ နှံ့လေပြီ။

သစ်ခွခြံဘက်မှာလည်း မတွေ့။

ခြံဘေးနဲ့ကပ်လျက် အလုပ်သမားတွေအတွက် သွားလာ[...]လုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ရွက်လှပန်းချုံတန်းထောင့် တစ်နေရာမှာ ရွက်လှကိုင်းလေး မသိမသာ လှုပ်နေတာမြင်လျှင် သူ စူးစိုက်ကြည့်မိလေသည်။

ဒီတော့မှ ရွက်လှချုံနဲ့ အကာအကွယ်ယူပြီး ပုန်းအောင်းသလို ငုငုလေးထိုင်နေရှာတဲ့ ရှီးကဗျာလေးရယ်။

သူ့ခြေလှမ်းတွေ သွက်ကာ ရွက်လှချုံနောက် ရောက်သွားလေပြီ။

"ရှီး"

ခေါ်သံကြောင့် ရှီး ဖျတ်ခနဲ မော့ကြည့်သည်။ မျက်ရည်ကလေးများ စီတွဲနေတဲ့ ရှီးမျက်ဝန်းလေးနဲ့ဆုံကာ –

"ရှီးရယ်"

သူ့ရင်မှာ ရှီးအတွက် အကြင်နာတရားတွေ ပြည့်လျှံလို့သွား၏။ တူတာ တန်တာတွေ၊ အဆင့်အတန်းတွေဆိုတဲ့ စည်းကိုလည်း သတိမရတော့။

ချစ်တဲ့စိတ်နောက်မှာ အကြင်နာလှိုင်းက ဘောင်ဘင်ခတ်နေတော့လည်း။ တိုက်ထဲက လှမ်းကြည့်ရင် ဘယ်သူမှမမြင်မိစေဖို့ အနေကြီး၏။

ကာကွယ်တဲ့အနေနဲ့လည်း ရှီးထိုင်နေတဲ့ ရွက်လှပန်းခြေရင်းမှာပဲ ထိုင်ချမိပြီး –

"ရှီး"





ရှီး မျက်ရည်တွေသုတ်ရင်း သူ့ဘေးက ကိုယ်လုံးလေးရွှေ့လျက် သွားဖို့ ပြင်သည်။ ထိုအခါ ရှီးလက်ကို သူ ကမန်းကတန်း ဆုပ်ကိုင်ထားတော့၏။

"နေပါဦး ရှီးလေးရယ်၊ မောင် ပြောပါရစေဦး"

"ဟွန်း ဘာမောင်လဲ၊ ရှင့်ကို ဘယ်သူက ချစ်တယ်ပြောလို့လဲ၊ ရှီးကို နိုင်ထက်စီးနင်း လာမလုပ်နဲ့"

ဆွဲထားထားတော့ ရှီး ရှောင်ထွက်ခဲ့မသာ။ သို့သော် မျက်စောင်းထိုးရင်း ခပ်တင်းတင်းပြောချ၏။ သူ မသိမသာ သက်မချ၍ ရှီးလေးမျက်နှာကို စိုက်ကြည့်သည်။

"မောင်"

"တော်ပါ၊ နားကြားပြင်းကတ်တယ်၊ မပြောနဲ့"

ဆုပ်ကိုင်ထားတဲ့ သူ့လက်ကို ပုတ်ချလေသည်။ သူ ဖြေလျှော့ပေးလိုက်တော့ ရှီးက သူနဲ့ခပ်ခွာခွာ ရွှေ့ထိုင်သည်။ ဖွတ် ထထွက်မသွားခဲ့တဲ့ ရှီးကို ကျေးဇူးတင်ကာ –

"ရှီး ဖုန်းဆက်မလို့ဆို၊ ရော့"

သူ့ခါးကြားက လက်ကိုင်ဖုန်းထုတ်ကာ ကမ်းပေးလိုက်သည်။ သူနဲ့ လက်ကိုင်ဖုန်းကို တစ်လှည့်စီကြည့်ပြီး ရှီး ခေါင်းလေးယမ်းလေ၏။

"ဟင့်အင်း မဆက်တော့ဘူး"

"ဘာဖြစ်လို့လဲ ရှီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဘာဖြစ်ရမှာလဲ၊ အဆင့်အတန်းမတူလို့လေ"

"စကားနာမထိုးပါနဲ့ ရိုးရယ်၊ ရိုးကို မောင်ချစ်နေတာ အဲဒါတွေ ဘာမှမပါဘူး"

"သေချာလို့လား"

ရိုး စိုက်ကြည့်ပြီးမေးလာတော့ သူ့မျက်နှာ ဖြူဖျော့ဖျော့ ဖြ လို့သွားသည်။ သေချာပါတယ်လို့ ချက်ချင်းဖြေဖို့ နှုတ်လေးကာ။

"အဟင့်"

ရိုး ခနဲ့သဲ့သဲ့ ရယ်လျက်။ သူ ချွေးပြန်ချင်လာသည်၊ တကယ် ပါ။ သူ့နှလုံးသားက ချစ်သွားလို့သာ ရိုးကို ပိုင်ချင်ဆိုင်ချင်စိတ်ဖြစ်တာ မှန်ပါသည်။

ဂုဏ်အဆင့်အတန်းဆိုတဲ့ ငါးဟင်းကြားထဲ ရိုးလက်ကို ဆွဲသွင်း ဖို့ သတ္တိတွေရှိရဲ့လား။

ထိုမေးခွန်းကို သူကိုယ်တိုင် မမေးရဲသလို၊ ဖြေလည်းဖြေရဲ မဟုတ်ဘူး။ သူ့ကိုယ်သူ သိနှင့်နေသည်။

ရိုး ခနဲ့သဲ့သဲ့ရယ်သံနောက်မှာ သူ့စိတ်ကို သူ မလုံလျက်။

"ရော့"

ရိုးလက်ကိုဆွဲယူပြီး လက်ကိုင်ဖုန်းကိုထည့်ပေးကာ သူ ထ ချီးတည်း လှည့်ထွက်ခဲ့လေသည်။

လက်ကိုင်ဖုန်းကိုစိုက်ကြည့်ရင်း ရိုးရင်မှာ ဝမ်းနည်းပြီးရှိ





ဝမ်းနည်းလာကာ။

ရိုးကိုချစ်နေရဲ့နဲ့ ရိုးမေးတာကို ဘာလို့မဖြေရဲတာလဲ မောင်ရယ်။

မောင့်ကြောင့် ရိုး ရင်မကွဲပါရစေနဲ့။

နော်၊ နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကိုကို"

ချိုချိုခွဲခွဲ ခေါ်တတ်တဲ့ အနွယ်တော် အသံလေးလွင်နေလွှင့် သူ့ရင်မှာ မွန်းကျပ်လို့သွားသည်။

"ပြော ပြောလေ နွယ်"

"ဟိုးအမြင့်က ရွှေဝါရောင်သစ်ခွပန်းခိုင်လေး ခူးပေးပါလား"

"နေဦး၊ ဦးဘသစ်ကို ခေါ်ပြီး ခူးခိုင်းလိုက်မယ်"

"အဟင့်၊ နွယ်က ကိုကို့ကို ခူးခိုင်းတာလေ၊ ကိုကို့လက်နဲ့ ခူးပေးတာကို နွယ်လိုချင်တာ၊ ခူးပေးနော် ကိုကို"

လက်မောင်းကို ဆုပ်ကိုင်ရင်း နွဲ့ဆိုးဆိုးချင်တဲ့ အမူအရာလေး





နဲ့ ပြောပြန်သည်။ ထိုအခါ သူ့မျက်နှာမှာ ချွေးပြန်မတတ် ပူရှလာသည်။

ဘာဖြစ်လို့လဲဆိုတော့ ရိုးရှေ့တင် မဟုတ်လား။

အနွယ်တော်တို့မိသားစု အလည်လာကြဖို့ မယ်မယ်ဖိတ်ခေါ်ထားသည်။ ဖိတ်ခေါ်ထားတဲ့အတိုင်း ရောက်လာကြတော့ နှုတ်ဆက်ပြီး ခြံထဲဆင်းခဲ့သည်။

သဘောကတော့ ရှောင်ချင်စိတ်နဲ့ပါ။ ရှောင်လိုက်ခါမှ ပိုဆိုးနေရောသလား။ အနွယ်တော်က မယ်မယ်တို့လူကြီးတွေရဲ့စကားဝိုင်းထဲမှာ ထိုင်မနေ။ သစ်ခွပန်းခြံဘက်က အပန်းဖြေနားနေဆောင်မှာ ထိုင်ရင်း လက်တော့ပ်နဲ့ လုပ်ငန်းကိစ္စတွေ ဆက်လုပ်နေချိန်မှာ အနွယ်တော် ရောက်ခဲ့သည် မဟုတ်လား။

ခွဲခွဲနွဲ့နွဲ့ ခေါ်သလို အနားမှာလည်း လာထိုင်သည်။

ရိုးက မယ်မယ်နိုင်းလို့ထင်ရဲ့ အနွယ်တော်ကြိုက်တဲ့ သစ်သီးနဲ့ ချော်ရည်ကို ခြံထဲအထိ ဆင်းပို့တာနဲ့ တိုက်ဆိုင်နေတော့ သူ့ခမျာ အကျဉ်းအကျပ်ထဲ ရောက်ရလေသည်။

"ကိုကို ခူးပေးနော်"

ခွဲခွဲရွရွလေး အနွယ်တော် ပြောပြန်သည်။ ခူးမပေးဘူး ပြောဖို့လည်း မသင့်တော်။ စိတ်ထဲကလည်း ခူးမပေးချင်။ သူ မွန်းကျပ်စွာ ခေါင်းကုတ်ပြီး –

"အင်း နွယ်ပြန်ခါနီးတော့ ကိုကို ခူးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ အခု ရှူးပေး"

အနွယ်တော်က ပူဆာရမယ်ဆိုရင် ဖွတ်။

"ရှူးပေးမယ်မဟုတ်လားဟင်"

သူ့လက်မောင်းကို ပိုင်ပိုင်ကြီးလှုပ်ခါလျက် သူ့မျက်နှာလေးကို မော့ကြည့်ပြီး အနွယ်တော် မေးချေသည်။ ထိုအခါ သင်းသီးဗန်းကို သားပွဲပေါ်တင်နေတဲ့ ရှီးနဲ့ အကြည့်ချင်းဆုံသွားသည်။

"ဟိတ် ကတ်ကြေးသွားယူပေး"

သူ အကြည့်မလွှဲရသေးခင် အနွယ်တော်က ရှီးကို အရှိန်အဟုန်ကြီးစွာ ခိုင်းစေသည်။ ရှီးမျက်နှာလေး တည်သွားကာ ခေါင်းညိတ်ပြီး ထွက်သွားသည်။

"နွယ်ကလည်းကွာ"

သူ့ရင်မှာ တစ်မျိုးတစ်မည်လှုပ်ခတ်သွားကာ အနွယ်တော့်ကို ဟန့်တားသလို ပြော၏။ အနွယ်တော်က မျက်နှာလေးဝင့်၍ -

"ဘာဖြစ်လဲ ကိုကိုရဲ့၊ ခိုင်းတဲ့မိန်းကလေးပဲ၊ ကတ်ကြေးယူခိုင်းတာ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူးကွာ၊ ကဲ ရှူးပေးမယ်"

နောက်ဆုံး သူပဲ လိုက်လျောရတဲ့အဖြစ်။

"ဟေး ဒါမှ နွယ့်ကိုကို"

အနွယ်တော့်မြူးသံက သူ့ရင်ကို မွန်းကျပ်သထက် ကျပ်လာ





သည်။ ဆုပ်ကိုင်ထားတဲ့ သူ့လက်မောင်းပေါ်က အနွယ်တော် လက်ကို သိမသာ ဖယ်ချရင်း ထိုင်ရာမှ ထဖြစ်သည်။

ကတ်ကြေးလေးကိုင်ပြီး ပြန်ရောက်လာတဲ့ ရှီးလေး။

ရှီးကမ်းပေးတဲ့ ကတ်ကြေးကို သူလှမ်းယူရတာ မလုံမလဲနှင့်ပါ။

"ကိုကို ဟိုအခိုင် အရင်ရှူးပေး"

အနွယ်တော် မြူးမြူးလေးပြောရင်း လက်ညှိုးထိုးပြသည်။ သစ်ခွပန်းစင် ထိပ်ကျကျမှာ ရှီးတံအရှည်ကြီးနဲ့ ပွင့်လန်းနေတဲ့ ရွှေဝါရောင်သစ်ခွပန်းကလေးများက လေပြည်အနေ့မှာ နွဲ့နွဲ့လေး ယမ်းနေသည်က ပိုလို့လှကာ အနွယ်တော်ရှူးခိုင်းတဲ့ပန်းခိုင်ကို ဆွဲယူပြီး ပန်းခိုင်အရင်းမှ ကတ်ကြေးနဲ့ညှပ်ချ၏။

ပန်းခိုင်လေး ရသွားတော့ အနွယ်တော် သဘောတွေကျကာ

"လှလိုက်တာကိုကိုရယ်၊ ဟိုဘက်က အခိုင်တွေလည်း ရှူးပေးဦး"

အနွယ်တော် လက်ညှိုးထိုးသမျှ သူရှူးပေးရင်း ရှီးကို အကဲခတ်ကြည့်တော့ ကျောခိုင်းသွားလေသည်။

ရှီးရယ် မောင့်ကို နားလည်ပေးပါလို့ တောင်းဆိုပါရစေ။

✿



www.burmeseclassic.com

www.burmeseclassic.com



''ရှိး''

''အိုး လွှတ်လေ''

ရှိး လန့်လန့်ဖျပ်ဖျပ်လေး ရုန်းလိုက်ပေမယ့် မလွှတ်တော့

''ရှူး တိုးတိုး''

သူပြောရင်း ရှိးပါးစပ်ကို သူ့လက်ဖဝါးနဲ့ အသာဖိအုပ်

တိုက်ဘေးဘက် အမှောင်ရိပ်ထဲအရောက် ရှိးကို ဆွဲခေါ်သွား၏။

ရှိး အားရှိသမျှ ရုန်းပါသေးသည်။

သန်မာသော သူ့လက်တွေကို ရှိး အန်တုမနိုင်။ ပွေ့ချီမသွား

ရုံတမယ် ရှိးကို ဆွဲယူသိုင်းဖက်ခေါ်သွားတဲ့အတိုင်း အမှောင်ရိပ်ကျ

မရန်းပင်အုံ့အုံ့ကလေးထဲ ရောက်လေတဲ့အဖြစ်။

''ဖယ်ပါ၊ ရှိးကို အဲလိုမလုပ်နဲ့၊ ရှိးမကြိုက်ဘူး''

ပိတ်ထားတဲ့ သူ့လက်ဖဝါး ရုပ်လိုက်သည်နှင့် ရှိးအသံထွ

၏။

''ဖယ် သွားမယ်''

ရှိး ဖွတ်တိုးထွက်သွားဖို့ ပြင်သည်။ သူ ဆီးတားရင်း ရှိးလ

နှစ်ဖက်ကို ဆုပ်ကိုင်၏။

''နေပါဦး ရှိးရယ်''

''မနေဘူး၊ နေစရာအကြောင်း မရှိဘူး၊ ဟွန်း''





အနွယ်တော်ပန်းနုံးခိုင်းတဲ့အဖြစ်အပေါ် ရှိး ခံစားနေရလို့ ဖြစ်

ယ်။ သူ နားလည်နေတာမို့ –

''ရှိးရယ် မောင်ပြောပါရစေကွာ''

''ဟွန်း၊ ပြောပြန်ပြီ မောင်တဲ့၊ ရှင့်ကို ရှိးက ရှင်သတ်မှတ်သလို

ချစ်သူလို့ သတ်မှတ်နေတယ်ထင်လို့လား''

''မောင် တောင်းပန်ပါတယ်ကွာ၊ မောင်တို့အနေအထားကို

ရှိး သိနေတာပဲ''

''သိတယ်၊ သိလို့ ရှင့်အချစ်ကို လက်မခံတာ၊ ဘာလို့ ရှင်

ရှိးကို နှောင့်ယှက်ချင်ရတာလဲ''

''မဟုတ်ပါဘူးကွာ၊ ရှိးကို မောင် ဟို နှောင့်ယှက်တာမဟုတ်

ဘူး ချစ်နေတာ၊ ချစ်တဲ့စိတ်နဲ့ ပိုင်ချင်တာ၊ အဲဒီအတွက် မောင့်ရင်မှာ

ငယ်လောက်ပူလောင်နေတယ်ထင်လဲ ရှိးရယ်''

မှောင်ရိပ်အောက်မှာပေမယ့် နီးနီးကပ်မို့ တစ်ယောက်မျက်နှာ

ကို တစ်ယောက် မြင်နေပါသည်။

ရှိးကို အပျောက်မခံနိုင်စွာ စိုက်ကြည့်ရင်း ခံစားချက်အကြည့်နဲ့

သူ ပြောလျှင် ရှိးမျက်နှာလေး တည်သွားသည်။ မျက်တောင်လေးများ

ခတ်ခတ်လျှင် ညအမှောင်ထဲမှာ လက်ခနဲ ဖြစ်သွားတာကအစ သူ

ငေးစိုက်ကြည့်လျက်။

''ပူလောင်နေတယ်တဲ့၊ လျှာမှာ အရိုးမရှိတိုင်း မပြောပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရယ်၊ ရိုးက အနွယ်တော်လို အဆင့်အတန်းထဲက မဟုတ်ဘူးလေ၊ ရှင့်အချစ်နဲ့ ဘယ်လိုလုပ် အပ်စပ်နိုင်မလဲ၊ တစ်ဆိတ် စဉ်းစားကြည့်ပါ နော်''

''ရိုး ရိုး မောင့်ကို မချစ်နိုင်ဘူးပေါ့၊ အဲလိုလား''

ရိုး ရင်ခုန်စွာ မျက်နှာလေးလွှဲမိ၏။

''ပြောလေ ရိုး''

ရိုးမေးဖျားလေးကို ဆွဲယူပြီး မျက်လုံးတည့်တည့် စိုက်ကြည့်လျက် သူမေးသည်။

ဒီတစ်ခါ ရိုးမျက်နှာလည်း မလွှဲမိ၊ မျက်တောင်လည်း မခတ်ဖြစ်ကာ တိတ်ဆိတ်စွာပဲ သူ့ကို မော့ကြည့်၏။

''ဖြေပါ ရိုးရယ်၊ ရိုးက မောင့်အချစ်နဲ့ မထိုက်တန်ဘူးလို့ မယူဆပါနဲ့၊ အနွယ်တော်နဲ့ရိုးက မောင့်နှလုံးသားအတွက် တခြားစီပါ၊ အနွယ့်ကို ချစ်ချင်မှတော့ ရိုးဆီကအချစ်ကို တောင်းနေဖို့ မလိုပါဘူး ရိုးရယ်၊ ရိုးကိုချစ်လို့သာ ရိုးဆီကအချစ်ကို မောင် အောက်ကျုံ့တောင်း နေတာပါ''

ရိုးကဗျာ ရင်ခုန်သက်မလေး ချရလေပြီ၊ စကားလုံးတွေနောက်မှာ ရိုးပခုံးပေါ် ရောက်လာတဲ့ မောင့်လက်တွေကို ဖယ်ရှားဖို့ မေ့လျော့လျော့ဖြစ်ကာ –

''မောင် အဲ''





ရိုး ခေါ်မိပြီးမှ ကမန်းကတန်း ဘရိတ်အုပ်လေသည်။

''ရိုး''

ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ထားရာမှ ခပ်ဖျစ်ဖျစ်ကလေး လှည့်ကာ မောင်ခေါ်လေပြီ၊ မောင့်ခေါ်သံက အသနားခံတောင်းဆိုဟန်လေးနဲ့ တိမ်းညွတ်လို့ နေပါသည်။

''ရိုးကို မောင် တစ်ခဏအတွက် ချစ်တာလား''

''မေးရက်လိုက်တာ ရိုးရယ်၊ မောင့်အချစ်က တစ်ရာသီမှာ တစ်ခါပေါ်တဲ့ အချစ်မျိုးမဟုတ်ဘူး၊ တစ်သက်လုံးအတွက် တစ်ခါတည်း ပေါ်တဲ့ အချစ်စစ်ပါကွာ''

နောက်မှာ စည်းနှောင်ထားတဲ့ ရိုးဆံပင်က ရှည်ပါသည်။ ရှေ့ဘက်မှာ အဖွယ်လေးများ ကပိုကရိုကျနေသည်က ရိုးမျက်နှာလေးကို ပိုပြီး ဆွဲအားပါစေသည်။

ထိုဆံပင်လေးများကို တယုတယသပ်နေရင်း မောင်ပြော၏။ ထိုအခါ ရိုးနှလုံးသား ညွတ်နူးသွားကာ –

''တကယ်လားဟင်၊ အချစ်စစ်နဲ့ဆိုတာ''

''ပေဘာဒီ မိုးမြေကြီးကို သက်သေတည်ပြီး ပြောရဲပါတယ် ရိုးလေးရဲ့၊ ရိုးကဗျာဆိုတဲ့ ပေဘာဒီကောင်မလေးကို အချစ်စစ်နဲ့ မြတ်မြတ်နိုးနိုး ချစ်ပါတယ်လို့''

''ဟွန်း အပိုတွေ''



www.burmeseclassic.com

www.burmeseclassic.com



ရှိး နှာခေါင်းရှုံ့တွတွနဲ့ ပြုံးကာပြောတော့ သူ အသည်းယား သွား၏။ ရှုံ့တွနေတဲ့ နှာခေါင်းဖျားလေးကို ချစ်စိတ်နဲ့ ဖျစ်ကိုင်ဆွဲရင်း

"အပိုဟုတ်,မဟုတ် သိရအောင် ရှိးလေး မောင့်ကို ချစ်ကြည့် လေ"

"ချစ်ဘူး ဖယ်"

ပြောရင်း မောင့်ရင်ခွင်ကို တွန်းဖယ်လျှင် –

"ဟင့်အင်း မဖယ်ဘူး၊ ရှိးလေး ချစ်တယ်ပြောမှ"

"မပြောချင်ပါဘူး မောင်ရယ်"

"မရဘူး၊ ပြော ပြောလေ"

"ရှက်တယ် မောင်ရဲ့ အဟင့်"

ရှိး ရှက်ရှက်နဲ့ပြောရင်း မောင့်လက်မောင်းကို ဖွဖွထုလေသည်။ မောင်က သဘောတကျရယ်ရင်း နှုတ်ခမ်းချင်းထိလုမတတ် တိုးကပ် လာပြီး –

"ချစ်ရင် မရှက်ရဘူး ရှိးလေးရဲ့၊ နေဦး၊ မောင် သင်ပေးမယ်"

"အိုး ဖယ်"

နှုတ်ခမ်းချင်း တကယ်ထိလာတော့ ရှိးကိုယ်လုံး နွေးလှိုက်တုန် ခါလျက် မနေတတ် မခံစားတတ်ဖြစ်တဲ့ကိုယ်ကို ရှိး ရှန်းသလို ထွေးဖက် လိုက်တဲ့မောင့်ရင်ခွင်ကိုလည်း တွန်းပစ်ကာ လက်လွတ်ရုန်းပြေးခဲ့သည် က ချစ်လို့ပဲ မဟုတ်လား။





"ရှိးလေး"

သူ့ခေါ်သံနောက်မှာ နောက်ပြန်လှည့်ကြည့်ရင်း ပြုံးအိနေသော ...က်နှာလေးနဲ့ မျက်လုံးလှလှလေး မှိတ်ပြတဲ့ရှိးလေး။

"ချစ်တယ် မောင်ရဲ့"

လှုပ်ခတ်သွားတဲ့ နှုတ်ခမ်းလေးက အဖြေပေးကာ မှောင်ရိပ်ထဲ ...နေ အလင်းရောင်ရှိရာဆီ မြူးမြူးလေး ရောင်ထွက်သွားတဲ့ ချစ်ဦးသူ။

နှလုံးသားမှာ အချစ်ခံစားချက်နုနုကလေးဟာ ရင်ခုန်ပိတိ ...ဖြာလျက် သိပ်ပျော်တာပဲ ရှိးရယ်လို့ သူ ဖွဖွလေးရွတ်ရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဘာပြောတာလဲ၊ ရှင်းအောင်ပြောစမ်း"

မေမေက ဖိဟောက်သံပါပါ မေး၏။ ထိုမေးခွန်းနောက် သူ့အကြည့်က ရိုးလေးဆီ ရောက်သည်။ မနက်စာ စားသောက်ပိုင်း ရပ်နေတဲ့ ရိုးက မျက်လွှာချ၍ –

"ရိုး အိမ်ခဏပြန်ချင်လို့ပါ"

"ဘာသွားလုပ်မှာလဲ ညည်းက"

ဒီမေးခွန်းကို မယ်မယ် မနှစ်မြို့စွာမေးသည်။ ရိုးက ဒီတ သွက်သွက်ကလေး ဖြေသည်။

"အိမ်ပိတ်ထားတာ ကြာနေပြီဆိုတော့ ဖုန်တွေဘာတွေ တ





နေမှာလေ၊ အဲဒါ သန့်ရှင်းရေးလုပ်, ပြီးတော့ ကြီးမေဆုံးတာ သုံးလ ပြည့်ခါနီးပြီလေ၊ ကြီးမေအတွက် သုံးလပြည့်ဆွမ်းကပ်ချင်တာလည်း ပါတယ်"

"ဟင်း"

မယ်မယ် တားမြစ်ချင်ပေမယ့် မတားသင့်တာကြောင့် သက် ပြင်းချ၏။

မေမေကလည်း မသွားနဲ့ဦးလို့ ဆိုင်းထားလို့မရတဲ့အခြေအနေ ဖြစ်နေတော့ –

"ညည်းကလည်းအေ၊ ညည်းသွားရင် ဒီမှာ ဒေါ်အလှ တစ် ယောက်တည်း ကသီကုန်မှာပေါ့"

"ဒေါ်ဒေါ်လှအတွက် အဆင်ပြေအောင် ကြိုလုပ်လို့ရတာတွေ ကို လုပ်ပေးထားတယ်"

"ဟုတ်ပါတယ် မမကြီး၊ ရိုးလည်းအဆင်ပြေအောင် လုပ်ထား ပါတယ်၊ အလှတစ်ယောက်တည်း နိုင်ပါတယ်"

ဒေါ်ဒေါ်လှလည်း တစ်ခွန်းဝင်ပြောသည်။ မယ်မယ်နဲ့မေမေ တို့ ပြိုင်ကြည့်ရင်း မယ်မယ်ပဲ ဆက်ပြောသည်။

"အေး၊ တားလို့မရတဲ့ အခြေအနေဆိုတော့ သွားပေါ့အေ၊ ဒါပေမဲ့ ရက်အကြာကြီး မနေနဲ့နော်"

"စိတ်ချပါ မယ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားခါနီး ညည်းကြီးမေအတွက် ဆွမ်းကပ်ဖို့ပိုက်ဆံ ငါပေးမယ်"

"ရပါတယ် မယ်မယ်ရဲ့ ရှိုး ရထားတဲ့လစာနဲ့ ဆွမ်းကပ်ဖို့ အဆင်ပြေမှာပါ"

"ညည်းဟာလေ"

ပေးတာမယူပါဘူးလို့ လုလုပပပြောလိုက်တဲ့ ရှိုးကို ဒေါ်စောကေရီ မျက်စောင်းခဲကြည့်သည်။

"ဟုတ်သားအေ၊ ညည်းကို ငါတို့နားကိုမလည်ဘူး။ မမြလေး ရက်လည်အလှူတုန်းက ကူငွေပေးတာလည်း မယူဘူး၊ အခုလည်း ငြင်းပြန်ပြီ၊ ဘာလဲ ညည်းက ငါတို့စေတနာကို ငြင်းဆန်တာလား"

"မဟုတ်ပါဘူး မေမေကြီး၊ ရှိုးက ရှိုးလစာငွေလေးနဲ့ ဆွမ်းကပ်ပေးဖို့ ရည်ရွယ်ထားလို့ပါ၊ ပြီး [illegible] ရှိုးရဲ့ကျေးဇူးရှင်ဆိုတော့ ရှိုး လုပ်အားနဲ့ရင်းပြီး ရထားတဲ့ ငွေကိုပဲ သုံး"

"တော်ပါတော့"

ရှိုးစကားမဆုံးခင် မယ်မယ် ဟန့်လိုက်သည်။ ရှိုး နှုတ်ဆိတ်နေလိုက်တော့ မယ်မယ် မကြည်မသာဘဲ ခွင့်ပေး၏။

"ကဲ သွားမယ်ဆိုလည်း သွား၊ ခွင့်သုံးရက်ပေးလိုက်မယ် ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် မယ်မယ်"





ရွှင်လန်းသွားတဲ့ မျက်နှာလေးနဲ့ ကြည်လင်စွာ ရှိုး ပြောလေသည်။ သူလိုက်ကြည့်ပြီး မျက်လုံးချင်းဆုံဖို့ ကြိုးစားသော်လည်း ရှိုးက သူ့ကို လုံးဝမမြင်ချင်ဟန်ဆောင်ကာ မနက်စာစားဝိုင်းနားက ခွာသွားလေသည်။

ရှိုး သွားတော့မယ်ဆိုတော့ သူ့ရင်မှာ မောလျလျက်။

✿

"ကွိ"

ဘတ်စ်ကားမှတ်တိုင်သို့ သွက်သွက်ကလေးသွားနေတုန်း ရှိုး ဆားနားမှာ ကားတစ်စီး လာကပ်ရပ်၏။

"အမေ့"

ရှိုး လန့်လန့်ဖျပ်ဖျပ်လေးဖြစ်ကာ ကြည့်လိုက်၏။ အနက်ရောင် ဒိတ်လက်နေသော ပရာဒိုကားကြီး။

ဒီကားကြီးက မောင့်ကားမှန်း ဒက်ခနဲ သိလိုက်သည်နှင့် တစ်ပြိုင်နက် –

"ရှိုး"

ကားမှန်အနက် လျှောခနဲနိမ့်ဆင်းသလို မောင့်ခေါ်သံပည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း ကြားရ၏။ ရှိုး ဟင်ခနဲဖြစ်ကာ –

"လာ ကားပေါ်တက်"

မောင် နောက်ထပ်ပြောလာမှ ရှိုး အသိဝင်လာသည်။ မောင့်ကို မော့မော့လေး ကြည့်ပြီး –

"ရပါတယ်၊ ရှိုး ဘတ်စ်ကားစီးနေကျပါ၊ ဟိုမှာလေ နံပါတ် ၄၅ ကားဂိတ်ဆုံးဆို ရှိုးတို့ရပ်ကွက်ထိပ် ရောက်ပြီလေ"

"မောင်သိတယ်၊ လာ တက်"

နောက်ခန်းကားတံခါးပါ ဖွင့်ပေးရင်း မောင်ပြောပြန်သည်။ ကားကြီးကိုကြည့်ပြီး ရှိုးကိုယ်လေး ရှိန်းခနဲဖြစ်၏။

ဒီကားမျိုး တွေ့ပဲတွေ့ဖူးတာ။ စီးရဖို့ အိပ်မက်ပင် ရှိုး မမက်ဖူးပါ။ တကယ်စီးဖို့ ခေါ်လာတော့လည်း ရှိုးစိတ်က မစီးချင်ဖြစ်ကာ –

"ဟို ရှိုးလေ"

"ဘာမှမပြောနဲ့ကွာ၊ မောင်ခေါ်ရင် လာ၊ ကားပေါ်တက်ဆို တက်လိုက်ပေါ့ကွာ၊ မြန်မြန်တက်၊ တစ်ယောက်ယောက်မြင်သွားရင် ခက်မယ်"

မောင် စိုးရိမ်ဟန်နဲ့ သွက်သွက်ကလေး ပြောပြန်သည်။ ရှိုး စိတ်ညစ်စွာ ခေါင်းကုတ်မိပြီ။ ရှိုး စိတ်ဆန္ဒအတိုင်းဆို မောင့်ကားပေါ် တက်ဖြစ်မှာမဟုတ်။ မောင် အတင်းဆိုတာကြောင့် မတက်ချင်တက်ချင်နဲ့ လှမ်းတက်၏။





ကားက ငြိမ့်ခနဲဖြစ်ကာ ဆိုဖာမှာထိုင်မိလျှင် အိခနဲ ရှိုးကိုယ်လေး နစ်ဝင်မတတ် ဖြစ်၏။

အဲကွန်းကလည်း အေးစိမ့်ကာ အပြင်မှာ နေပူရှိန်နဲ့ ဆန့်ကျင်ဘက် အေးချမ်းသာယာတဲ့ ရာသီဥတုလေးအဖြစ် ပြောင်းလဲသွားသည့် နယ်။

ရှိုး ကားပေါ်ရောက်သည်နှင့် မောင်က ကားတံခါးလော့ခ်ကျအောင် ပိတ်ပေးသည်။

ပြီး ချက်ချင်း ကားလေးမောင်းထွက်သွားတာ ငြိမ့်ခနဲ။

မောင်ရယ် –

ရှိုး ရင်တုန်လိုက်တာကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဟော့ မျိုးဆက် မိပြီကွ"

"ဟား ဟား ဟား"

စစ်ညီ အော်ကျယ် အော်ကျယ်ပြောသံနောက်မှာ ဇော်ဝဏ္ဏ တဟားဟားရယ်လေသည်။ မျိုးဆက်သွေးမျက်နှာကြီး ရဲမှည့်သွားပြီး မျက်နှာချင်းဆိုင်ထိုင်ပြီး ရှိုးလက်ဖဝါးနုနုလေးကို တဖွဖွဆုပ်ကိုင်ထားမိ ပေမယ့် ယောင်ယောင်နန ဖြေလွှတ်ပြီးသားဖြစ်လျက်။

"ကျွတ် မင်းတို့ကွာ"

မျိုးဆက်သွေး အားမလိုအားမရ ရွတ်၏။ ချစ်သူနဲ့အေးအေး လူလူ နှစ်ယောက်သား စကားပြောခွင့်ရဖို့ မနည်းကြိုးစားထားရသည်။





ရှိုးကို ကားပေါ်အတင်းခေါ်တင်ကာ ပတ်ဝန်းကျင်အသိုင်းအ ဝိုင်းနဲ့ဝေးရာ မြို့ပြင်ဘက်ရှိ ကော်ဖီဆိုင် လာထိုင်ခါမှ သူငယ်ချင်းနဲ့ ဘည့်တည့်တိုးတဲ့အဖြစ်။

"ဘယ်လိုလဲ မျိုးဆက်၊ အိုကေနေတယ်ပေါ့လေ"

"ပြောစမ်းပါကွ"

မောင့်သူငယ်ချင်းနှစ်ယောက် အားမနာတမ်းပြောကာ ရှိုးတို့ ဝိုင်းမှာ ဝင်ထိုင်ကြ၏။ ရှိုးက ရှက်လွန်းလို့ မျက်လွှာလေးချနေကာ။ မောင်က စိတ်ထဲက သူငယ်ချင်းနှစ်ယောက်ကို ကျိန်ဆဲနေမှာ သေချာ သည်။ လူမိသွားတော့ ရှက်တာလည်းပါမည်။

"မင်းတို့ မနှောက်ယှက်နဲ့ကွာ"

"ဟား ဟား ဟား "

သူငယ်ချင်းနှစ်ယောက်က မောင့်ပခုံးကို လက်သီးနဲ့ဖွဖွထိုးသွင်း နှောက်ကာ ရယ်မောကြပြန်သည်။

ရှိုးနဲ့မောင်ကို ကြည့်ပြီးရယ်နေကြတာက မပြီးနိုင်မစီးနိုင်။

ကော်ဖီဆိုင်ထဲရှိ တခြားစားပွဲဝိုင်းကလူတွေလည်း သတိထားမိ ဟန်နဲ့ကြည့်တော့ ရှိုးလည်း ရှက်လာသည်။

"ကိုယ်တို့ နှောက်နေတာမဟုတ်ဘူး၊ မင်းက ဝန်မခံချင်ဘဲ ရှောင်နေလို့ အမြင်ကတ်တာ၊ ခုတော့ ဘာတတ်နိုင်သေးလဲ လက်ပူးလက်ကြပ်လေကွာ၊ ကဲ ဘာပြင်းဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် မငြင်းဘူးကွာ"

"ငြင်းလို့လည်း မရဘူး မျိုးဆက်ရ"

"ကဲ မင်းတို့ပြန်မလား၊ ကိုယ်တို့ ထပြန်ရမလား"

မောင် ရှက်စိတ်နဲ့ ဒေါသလေးထွက်လာကာ ရှူးရှူးရှားရှားပြောဏ်။ မောင့်သူငယ်ချင်းနှစ်ယောက် မျက်စပစ်ကာရယ်ကြပြီး -

"ကိုယ်တို့ ပြန်မှာပါကွာ၊ ဒါပေမဲ့ ညကျရင် တစ်ဝိုင်းပေးရမယ် ဘယ့်နှယ်လဲ"

"မင်းတို့ သဘောပါကွာ၊ သွားပါတော့"

"ဟဲ ဟဲ ဟဲ မျိုးဆက်"

"မင်းကွာ"

စပ်စပ်ဖြဲဖြဲ ပြီတီတီဟန်နဲ့လုပ်နေတဲ့ ဇော်ဝဏ္ဏကို မောင် လက်သီးရွယ်သည်။ ဇော်ဝဏ္ဏရှောင်ဖယ်ကာ ထိုနေရာမှ ထလေပြီး -

"ရိုးကဗျာ ကိုယ်တို့သူငယ်ချင်းကိုယုံပြီး ဘာမှပုံမအပ်နဲ့၊ ဒီကောင့်ကို စိတ်ချရတာမဟုတ်ဘူး"

"ဟာ မင်း"

ရိုးကိုပါ ရယ်ရယ်မောမောပြောကာ ဝုန်းခနဲထသည့် စစ်ညီ၊ မောင် သည်းမခံနိုင်စွာ မျက်နှာကြီးမည်းချိတ်လျက် -

"စစ်ညီ မင်းကို ကိုယ်တောင်းပန်တယ်ကွာ၊ ပြန်ပါတော့၊ ရိုး ဒီကောင်တွေပြောတာ နားထဲမထည့်နဲ့"





မောင့်မှာ သူငယ်ချင်းတွေကို မာန်မဲလိုက်၊ ရိုးကို ဖြေရှင်းချက်ပေးလိုက်နဲ့ ပျာယာခတ်လေသည်။

"ရိုးကဗျာ သတိနဲ့ချစ်နော်၊ ဟား ဟား ဟား"

ဇော်ဝဏ္ဏ ထပ်ပြော၏။ မောင်လှမ်းထိုးတာ မမိအောင်ရှောင်ပြေးရင်း တဟားဟားရယ်လျက်။

မောင့်သူငယ်ချင်းနှစ်ယောက် ရှောင်ထွက်သွားတာကို ရိုး ငေးကြည့်ရင်း ရင်မှာ လေးလံလို့သွားသည်။

သတိနဲ့ချစ်နော် တဲ့။

မောင့်သူငယ်ချင်းတွေက ရိုးကို မောင်ချစ်နေတာ အပြည့်အဝ ယုံတာလား။

ဒါမှမဟုတ် ပျော်ရွှင်စေလိုတဲ့စိတ်နဲ့ နောက်နောက်ပြောင်ပြောင် ပြောတာလား။

သူငယ်ချင်းတွေဆိုတော့ နောက်ပြောင်တာပဲ ဖြစ်မှာပါလေ။

"ရိုးလေး"

ရိုး ငေးငေးလေးဖြစ်သွားတော့ မောင်က ရိုးလက်ဖဝါးလေးကို ဆွဲယူရင်း ခေါ်သည်။

"ရိုးစိတ်ညစ်သွားလား၊ မောင့်သူငယ်ချင်းတွေ တမင်နောက်တာကိုလေ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



ရိုး ရိုးရိုးလေးပဲခေါင်းခါမိသည်။ မောင် သက်မောလေးချရင်း–

"ကျေးဇူးတင်တယ် ရိုးရယ်၊ မောင်အချစ်ကို ရိုး သံသယမရှိပါနဲ့နော်၊ ရိုးကို မောင်မြတ်မြတ်နိုးနိုးချစ်တယ်ဆိုတာ ယုံပါကွာ"

"ယုံပါတယ် မောင်ရဲ့"

"အင်း ယုံတယ်ဆိုရင် မောင့်ကိုပြုံးပြ"

"အိုး ရှက်စရာကြီး"

ရိုး ရှက်ရိပ်လေးနဲ့ မျက်နှာလွှဲပြောသည်။

"ပြုံးပြစမ်းပါ ရိုးရယ်၊ ရိုးကို မောင်လွမ်းနေရမှာ သုံးရက်တောင်လေ၊ မောင်အလွမ်းပြေအောင် ရိုးအပြုံးလေးကို သိမ်းထားချင်လို့"

"ဟွန်း မောင် ကဲ"

ရိုးမျက်စောင်းထိုးပြီးပြောတော့ မောင်က ရယ်သည်။ ရယ်တာလေးရဲ့နောက်မှာ –

"ပြုံးလေ ရိုးလေးရဲ့"

ရိုးလက်ချောင်းလေးတွေကို ဖွဖွပွတ်သပ်ရင်း မောင်ပြောပြန်သည်။ ပြုံးရမယ်တဲ့။

"ဟွန်း ရိုး ပြုံးမတတ်ပါဘူး"လို့ ပြောရင်းပြုံးမိသွား၏။

နှုတ်ခမ်းလွှာလေးစေ့ကာ ပြုံးလျက် ရိုးမျက်နှာနုနုလေး ပန်းသွေးရောင်သန်းသွား၏။ မျက်ဝန်းအစုံတောက်ရှန်းကာ ရှက်သောဟန်လေး လွှမ်းတက်သွားသည်က မောင့်နှလုံးသားမှာ စွဲလို့။





"ရိုးရယ် မောင်သိပ်ချစ်တာပဲ"

တိုးတိုးလေးပြောသလို ရိုးလက်ခုံလေးကို ဆွဲယူပြီးနမ်း၏။

"အို"

နွေးသွားတဲ့နောက်မှာ "ဖယ်"လို့ အသံထွက်ငြင်းကာ ရိုးလက်ကို ဆွဲယူမိလေပြီ။

✿

"ဟဲ့ ရိုး ဒီမှာလေ ညည်းတောင်းတဲ့ ဈေးစာရင်း ဘောက်ချာစာရွက်၊ ပေးနေတာမယူဘဲ ဘာလို့ လက်ပြန်ရုပ်ရတာလဲ"

မိသက်အသံ စူးစူးလေးပေါ်လာမှ ရိုး ဖျတ်ခနဲအသိဝင်သည်။ မလုံမလဲဖြစ်သွားတဲ့မျက်နှာနဲ့ –

"ဆော ဆောရီး ဟာ၊ ရိုးလေ ရိုး"

ထစ်ထစ်ငေါ့ငေါ့နဲ့ ရိုး စကားတွေ ဆက်ထွက်မလာနိုင်တော့ပါ။ မိသက် မျက်စောင်းထိုးရင်း –

"ရိုးနော် ရှင် မရိုးတော့ဘူး"

"ဘာ ဘာဆိုင်လဲဟ၊ ရှင်ကလည်း"

"အောင်မယ် မျက်နှာကိုကြည့်ပါလား၊ သရိုးသရီနဲ့ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်နေတာလဲ၊ မျက်နှာကြီးပြုံးလိုက်၊ နွဲ့နွဲ့လေးရှောင်ဖယ်လိုက်နဲ့ ရှင် တစ်ခုခုတော့ တစ်ခုခုပဲနော်၊ ဘာလဲ ရင်ခုန်စရာတွေ့နေပြီမဟုတ်လား။ ပြောစမ်း''

မိသက်က ရှိုး မဖြေမချင်း ဖျစ်ညှစ်မေးလေသည်။ မေးခါမှ ရှိုးမျက်နှာလေး ပိုရဲသွားကာ –

''ဟာ မဟုတ်ပါဘူး။ ပေးပါ ဘောက်ချာစာရွက်''

လို့ပြောရင်း မိသက်လက်ထဲက ဘောက်ချာစာရွက်ကို ဆွဲယူပြီး ရှောင်ထွက်ခဲ့လေသည်။ မိသက်က တစ်ခုခုတော့တစ်ခုခုပဲလို့ ထင်မြင်မိကာ နောက်မှ မေးရဦးမယ်လို့ တေးမှတ်၏။

အိမ်ခန်းလေးထဲရှောင်ဝင်ခဲ့တဲ့ ရှိုးရင်မှာ တဒိတ်ဒိတ်ခုန်လျက် မောင်ရယ် ချစ်တဲ့စိတ်ကို ရှိုး ဟန်ဆောင်ဖုံးကွယ်ထားလို့ မရနိုင်တော့ဘူး ထင်တယ်။ ရှိုး ရှိုးလေ –

✿ ✿ ✿



## အခန်း (၂၇)

''ရှိုးရေ ပဲကြော်ရှိသေးလား''

''ရှိတာပေါ့ မိသက်ရဲ့''

''ရှိရင် ပေးဦးလေ၊ အိမ်ရှေ့စားဝိုင်းမှာ ပဲကြော်ကုန်နေပြီ၊ ပြန်ဖြည့်ရမယ်''

''အေးပါဟဲ့၊ နေဦး ယူပေးမယ်''

ရှိုးက ပန်းကန်စင်ပေါ်တင်ထားတဲ့ ပဲကြော်ချပ် အထုပ်လိုက်ကို ဆွဲယူပြီး ပန်းကန်ပြားအလွတ်ထဲ ဆယ်ခုမက ထည့်လေသည်။

''ရော့ ယူသွား''

ရှိုး ပြောရင်း အကြော်ပန်းကန် ကမ်းပေး၏။ မိသက်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဝိုင်းဘက် ထွက်သွားလျှင် –

"မိသက်ရေ တခြားစားဝိုင်းတွေမှာလည်း ကြည့်ဦး၊ လိုသေးလားလို့ လိုရင်လာယူဦး"

"ယူမှာပါအေ၊ စိတ်ပူမနေပါနဲ့"

မိသက်က ခေါင်းသာညိတ်ပြသည်။ ဟင်းခါးရည်အိုးနား ရှိနေတဲ့ သိုက်အမေ ဒေါ်စန်းမြင့်ဝင်ပြောသည်။

ဒေါ်စန်းမြင့်က ဟင်းရည်ဒိုင်ခံ ထည့်ပေးသမား။ ရိုးက မုန့်ဖတ်တွေ ဖွလိုက်ရင်း –

"အကြော်က ထပ်လိုဦးမလားမသိဘူး ဒေါ်ဒေါ်၊ မုန့်တီခေါင်းတွေ အများကြီးကျန်နေသေးတယ်"

"လိုမှာပေါ့ ရိုးလေးရဲ့"

"အဲဒါဆို အဝယ်လွှတ်ရင် ကောင်းမယ် ဒေါ်ဒေါ်"

"ကောင်းသားပဲ ရိုးရဲ့၊ တော်ကြာ နောက်ကျမှ ရောက်လာကြမယ့်သူတွေ အကြော်လေးတောင် မပါဘဲစားနေဦးမယ်"

"သိုက်ကို ဝယ်ခိုင်းလိုက်မယ်လေ"

"မြန်မြန်သွားဝယ်ခိုင်းပါတော်"

ဒေါ်ဒေါ်စန်းမြင့် စကားမဆုံးခင် ရိုး မုန့်တီခေါင်းထည့်ထားတဲ့ ကော်ဇလားကြီးရှေ့က ထထွက်ခဲ့လေသည်။

အိမ်ရှေ့စားဝိုင်းတွေမှာက ဧည့်သည်တွေ ဝိုင်းတိုင်းပြည့်ကာ





ယ်။ သိုက်တို့မောင်နှမတစ်စုနဲ့ မိသက်တို့တွေနဲ့ လက်မအားကြပေ။

တစ်ရပ်ကွက်လုံးနီးပါး လာအားပေးကြတဲ့ ကြီးမေရဲ့သုံးလပြည့်လှူက ကြီးမေအိမ်ဝန်းကျင်တစ်ခုလုံးစည်ကားကာ။

ကြီးမေရေ ရောက်ရာအရပ်က သာဓုခေါ်ပါကွယ်။

"ရိုး ဘာလဲဟ၊ နင့်အလှူမှာ ဘယ်သူတွေလာကြသလဲ ထွက်ကြည့်တာလား"

သိုက်က အိမ်ရှေ့ကွပ်ပျစ်မှာ ဝိုင်းဖွဲ့စားသောက်နေတဲ့ ရပ်ကွက်ကြီးအုပ်စုကို လိုတာဖြည့်ပေးနေရင်း ရိုး အိမ်ရှေ့ထွက်လာတာ မြင်ည်နှင့် လှမ်းမေးသည်။

"အောင်မယ်လေး ထွက်ကြည့်စရာမလိုပါဘူး သိုက်ရယ်၊ မုန့်တီင်းဘယ်လောက်ကုန်ရင် လူဘယ်လောက်လာလဲဆိုတာ ခန့်မှန်းလို့ရတယ်၊ အခု ပဲကြော်သွားဝယ်ခိုင်းမလို့ သိုက်ရဲ့"

"ရတယ်လေ၊ ငါသွားဝယ်လိုက်မယ်၊ ဒေါ်ကြီးစိုးဆီကပဲ သွားယူယ်၊ ၁ မှာက်မှ အရင်ယူထားတဲ့အကြော်ဖိုးနဲ့ ပေါင်းရှင်းလိုက်ပေါ့၊ တ်ပြီလား"

သိုက်က အလိုက်သိသိပြောရင်း ချက်ချင်း စက်ဘီးနဲ့ထွက်သွားသည်။ မိသက်က နောက်ထပ်ဝင်လာနေတဲ့ ဒေါ်မိမိတို့အုပ်စုကို ဝိုင်းထဲခေါ်သွင်းလေပြီး –

"ရိုးရေ ဒေါ်မိမိတို့အတွက် ပြင်ဆင်ပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ ဒေါ်ဒေါ်မိရေ ခဏနော်"

"ရပါတယ်အေ"

ရှိုး အိမ်ထဲပြန်ဝင်ပြီး ပန်းကန်ထဲ မုန့်ဖတ်တွေထည့်၏။ အသုပ်ဖလုံထဲလည်း အဖြူဖတ်အပြည့်ထည့်ကာ သိုက်ညီမနှစ်ယောက်အိမ်ရှေ့အထိ ပန်းကန်တွေသယ်သွား၏။

အားလုံး တက်ညီလက်ညီဝိုင်းလုပ်ကြတာမို့ ကြီးမေရဲ့အလှူ စည်စည်ကားကားဖြစ်ကာ လက်မလည်အောင်လုပ်ကြရပေမယ့် ပင်ပန်းတယ်လို့ ဘယ်သူမှမထင်ကြပါ။

ကြီးမေရဲ့ခြံဝင်းလေးထဲမှာ အလှူလာစားသူ၊ စားပြီးပြန်သူနဲ့ စကားသံလေးများ လှိုင်လျက်။ ဧည့်သည်တွေပါးသွားချိန်မှာ အမောပြေရင်း ရေတစ်ဖန်ခွက်ငုံသောက်မိ၏။ ထိုစဉ် –

"မမရှိုးရေ ခြံရှေ့မှာ ကားလှလှတစ်စီး လာရပ်တယ်"

"ဟင်"

ရှိုး ရေသီးမတတ် ဖြစ်သွား၏။ သိုက်ညီမ လေးလေးချိုအားတက်သရော ပြောလေသည်။

"ဟုတ်တယ် မမရှိုးရဲ့၊ အဲဒီကားပေါ်က အစ်ကိုကြီး ယောက်ဆင်းလာတာ ချောမှချောပဲ၊ ပြီးတော့ မမရှိုးတို့အိမ်လား မမသက်ကို ဘာညာမေးနေတယ်"

"ဟုတ် ဟုတ်ရဲ့လား လေးလေးရယ်"





ရှိုး ရေဖန်ခွက်လေးကိုင်ထားလျက်နဲ့ တအံ့တသြမေး၏။

"ဟုတ်ပါတယ်ဆို၊ မယုံရင် မမရှိုး ထွက်ကြည့်လေ"

"အေး ကြည့်ရမှာပေါ့ဟဲ့"

ရှိုးကဗျာ ပြောရင်း ရေဖန်ခွက်လေးချကာ လေးလေးချိုနောက်က လိုက်ပါသွားလေသည်။ ဒေါ်စန်းမြင့် တိတ်ဆိတ်စွာကြည့်နေရင်း ခေါင်းတစ်ချက်ယမ်း၏။

ထိုနောက် ယောက်ဖွန်းကြီးကို ဟင်းရည်အိုးပေါ်တင်ကာ ထိုင်နေသည်က ကားကြီးနဲ့ရောက်လာတယ်ဆိုတဲ့ဧည့်သည်က ဘယ်သူလဲ သိချင်စိတ်နဲ့ အိမ်ရှေ့ဘက်ထွက်ခဲ့လေသည်။

✿

ဂယ်တော် မောင် အဲ"

ရှိုးနှုတ်က လွှတ်ခနဲထွက်သွားပြီမှ ပါးစပ်ကို ကမန်းကတန်းပိတ်၏။ မိသက်တို့အားလုံး အံ့သြကာ ငေးကြည့်ကာ –

"လာ လာလေ၊ ထိုင်ပါဦး"

ရှိုးက မောင့်ကိုအားရဝမ်းသာပြောရင်း အိမ်ရှေ့ကွပ်ပျစ်ပေါ်က ဧည့်ခွဲအလွတ်ဆီ ဦးဆောင်ခေါ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ကြည့်ရှင်စွာပြုံး၍ –

"ရှိုးတို့အိမ်က ရှာရလွယ်သားပဲ၊ ရှိုးကဗျာလို့မေးလိုက်တာ ဒက်ခနဲ ညွှန်ပေးကြတာလေ"

"အဟင့် ဟင့် ဒီလိုပါပဲ မောင်ရဲ့၊ ရှိုးတို့ရပ်ကွက် အဲလို တစ်ခုခုဆို အားလုံးက ပြောကြဆိုကြဖို့ ညွှန်ပြကြဖို့ ဝန်မလေးဘူး ထိုင်လေ မောင်"

"အင်း"

ကွပ်ပျစ်ပေါ် တစ်ခါမှမထိုင်ဖူးတဲ့ သူ၊ တကယ်ထိုင်ရတော့ ဆိုတော့ တစ်မျိုးလေးဖြစ်ကာ။ အလှူအိမ်ဆိုတော့ ဟိုနားလူစုစု ဒီနား စုစု ရှိလျက် သူ့ကို အကဲခတ်ကြည့်နေပြန်သည်။

သူ အရဲစွန့်၍သာ လာခဲ့ရတာ၊ သူ့ဂုဏ်၊ သူ့အဆင့်အတန်း ပြန်ငဲ့ကြည့်ဖို့ သတိရမိသေးသည်။ သို့သော်လည်း ထိုင်မိကာ –

"ခဏနေဦး မောင်၊ မောင့်အတွက် မုန့်ဟင်းခါး ရှယ်ပြင်ပေး မယ်"

သွက်သွက်မြူးမြူးလေးပြောပြီး ရှိုး အိမ်ပေါ်ပြန်တက်သွား ရင်ခုန်ဖွယ်တို့နဲ့ ပျော်မြူးသွားတဲ့ ရှိုးအမူအရာကို ကြည့်ပြီး ဒေါ်ငြိမ်း သဘောပေါက်သွားကာ။

နေနှင့်ဦး။

ညှိုသည်ပြန်ရင် ဆုံးမဦးမယ်လို့ တေးမှတ်ရင်း။





ထိုညှိုသည်အတွက် မုန့်ပွဲကို ကူညီပြင်ဆင်လျက် အခြေအနေ ကို မျက်စိဒေါက်ထောက် ကြည့်မိလေပြီ။

ရှိုးကဗျာလေးရယ် –

ညည်းလေး ကို ငါ ဘယ်လိုဖျောင်းဖျရမလဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မောင်က ရှီးကို သိပ်ချစ်တာဟ"

"ဘာရယ်"

မိသက် မယုံနိုင်စွာ ရင်ဘတ်ဖိ၏။ သိုက်က ထိုစကားနောက်မှ

ဒေါသဟုန်းခနဲ ထွက်ကာ –

"ဘာချစ်တာလဲ၊ ဘယ်ကချစ်တာလဲ။ ဟိုက ပါးစပ်နဲ့ချစ်ပြတာ

ကို နင်က နှလုံးသားနဲ့ခံစားလိုက်တာပေါ့၊ ဟုတ်လားရှီး"

"ကျွတ် ငါ ငါ ရှင်းပြပါရစေဦး သိုက်ရယ်"

"ဘာမှရှင်းမပြနဲ့၊ အဲဒီဘဲကြီးက နင့်လိုမနူးမနပ်လေးကို လှည့်

နေတာကွ"





ရှီး သက်မလေးချကာ ခေါင်းယမ်းလျက် –

"ရှီးရယ် စဉ်းစဉ်းစားစားလုပ်ပါဟယ်၊ သူ့လိုအရှိန်အဝါကြီးတဲ့

...ာ ရှီးကို အတည်ကြိုက်မတဲ့လား"

"အေး ညည်းတို့သူငယ်ချင်းကို ညည်းတို့ပဲ ကြည့်ပါတော့၊

...ဒေါ်ကတော့ ရှီးလေး ခြေလှမ်းမှားသွားမှာ စိုးရိမ်တယ်"

ဒေါ်ဒေါ်စန်းမြင့် ပူပင်စိတ်နဲ့ပြောရင်း လူငယ်တွေကြားက ရှောင်

...သွား၏။ သိမ်းဆည်းစရာရှိတာတွေက ဟိုနားနည်းနည်း ဒီနားနည်း

... ရှိနေသေးသည်။

သုံးယောက်သား စားပွဲခုံနဲ့ ပန်းကန်ခွက်ယောက်တွေ အပြီး

...သိမ်းကြဖို့ စိတ်မဝင်စားနိုင်တော့ပါ။ အမြင်ချင်းမတူစွာ ပြောကြဆို

...သပြီ။

"ဟုတ်တယ်၊ ဒေါ်ဒေါ်ပြောသလိုပဲ မိသက်စိုးရိမ်တယ် ရှီးရယ်၊

... မျိုးဆက်သွေးဆိုတဲ့သူက ရှီးလိုတစ်ကောင်ကြွက်ကို တူတူတန်တန်

...တ်ပုံမယ် ထင်သလား၊ သူ့ဘွားအေနဲ့ သူ့မိဘ ဘယ်လောက် ဂုဏ်

...ပြီး အဆင့်အတန်းခွဲတယ်ဆိုတာ သိရဲ့နဲ့ဟယ်၊ ပြီးတော့ သူက

...မိစံအိမ်ရဲ့ ဘုရင်တစ်ဆူလေ၊ သူ့မျိုးရိုးအစဉ်အလာကို သူပဲထိန်း

...သူ၊ ဘယ်လိုမှမဖြစ်နိုင်တာဘဲ ရှီးရယ်"

"ရှီးက မတန်မရာကို မက်နေတာ၊ ဟိုက ချစ်တယ်လို့ပါးစပ်

...ပြာတိုင်း ယုံပြီး လက်ခံလိုက်တာဖြစ်မှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



သိုက်က ရန်စောင်စကားပြော၏။ သူငယ်ချင်းနှစ်ယော

ဝိုင်းပြောနေတဲ့ကြားမှာ ရှိုး ခံရခက်ခက်ကြီး ဖြစ်လေသည်။

"ရှိုးကို မက်တယ်လို့ မစွပ်စွဲပါနဲ့ သိုက်ရယ်"

"စွပ်စွဲနေတာ မဟုတ်ဘူး။ နင် သူ့ကိုပြန်ချစ်တာက နင့်ရင် သံ လွဲချော်နေတာကွ၊ ဒီမှာ နင့်လူအပေါ် နင်ယုံရင် တဲ့မေးကြည့်စ ရှိုးကို လူသိရှင်ကြား တရားဝင်လက်ထပ်ရဲလားလို့"

"ဟင်"

ရှိုး ဆွံ့အသလို သိုက်ကို ငေးနေလိုက်သည်။ သိုက်က စိတ် ရှားစွာ အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လျှောက်လျက် –

"နင် မမေးရဲဘူးမဟုတ်လား ရှိုး"

"ဟို ဟိုလေ"

"နင် ဘာမှ ဟိုဟိုဟယ်ဟယ် ဖြစ်မနေနဲ့၊ နင် ရဲရဲဝံ့ဝံ့ ကြည့်ပြီးမှ ချစ်သူဘဝ ရှေ့ဆက်စမ်းပါ၊ နင် မမေးဘဲနဲ့ ချစ်သူလိုတဲ့ မယ်ဆိုရင် နင့်လူနဲ့ငါနဲ့ တွေ့ပြီးသာမှတ်"

"ဘုရားရေ၊ သိုက် နင် နင် မောင့်ကိုတွေ့ပြီး ပြဿနာမ နော်"

"ပြဿနာမရှာစေချင်ရင် ငါပြောတဲ့အတိုင်း နင်မေး၊ နင့် ဘယ်လိုအဖြေပေးမလဲဆိုတာ ငါစောင့်ကြည့်မယ် ရှိုးကဗျာ၊ တော

ပြောရင်းခံပြင်းလာကာ တောက်ခတ်သလို လက်သီးကိုလ





ကျစ်ကျစ်ဆုပ်၏။ ထိုလက်သီးနဲ့ လေထဲဖိထိုးကာ ရှိုးရှေ့က ထွက်သွားလေသည်။

"သိုက် သိုက် နေဦးလေဟယ်၊ နင်ကလည်း"

မိသက်ပြန်ဖြေသလို ဆွဲတားသော်လည်း မရတော့ပါ။ ဝင်းသိုက်ဆိုတာက ရှိုးနဲ့ပတ်သက်လာရင် သည်းမခံတတ်။ ချစ်သူထိ လက်သီးကြည့်ဆိုတဲ့ ဒေါသမျိုးနဲ့ မဟုတ်လား။ ကြားထဲက မိသက်ပဲ ရင်မောရကာ ရှိုးနားပြန်ကပ်လာပြီး –

"ရှိုးရယ် သိုက်ပြောတာလည်း ဟုတ်သားပဲ၊ မိသက်တို့က ရှိုးဘက်ကပါဟယ်၊ ရှိုးခံစားရမှာကို မလိုလားဘူး။ ခုတောင် ရပ်ကွက်ထဲမှာ မျိုးဆက်သွေးနဲ့ ရှိုးသတင်း ပျံ့နေမှာ၊ ဟိုက တကယ်အတည်တကျမယူနိုင်ဘဲ ရှိုး တွဲနေတယ်, ချစ်သူတော်နေတယ်ဆိုရင် ရပ်ကွက်ထဲက လူတွေ ရှိုးကို ကဲ့ရဲ့ကြမှာလေ"

"ရှိုး နားလည်ပါတယ် မိသက်ရယ်"

"နားလည်တယ်ဆိုရင် ကဲ့ရဲ့ခံရမယ့်လမ်းမြင်လျက် ဖွတ်တရွတ်ရှေ့တိုးမနေပါနဲ့၊ စဉ်းစားချင့်ချိန်မှ တော်ကာကျမယ်လေ၊ မဟုတ်ဘူးလား"

ရှိုး လေးလေးပင်ပင် ခေါင်းညိတ်မိလေသည်။ မိသက် အားတက်သွားပြီး –

"သိုက်က ရှိုးအပေါ် ချစ်သူလိုပဲ ချစ်တာ၊ ပြီးတော့ မောင်နှမလို



www.burmeseclassic.com

www.burmeseclassic.com



လည်း ချစ်တယ်ဆိုတာ မမေ့ပါနဲ့ ရှိုးမောင်က အတည်ဆိုရင် သူလည်း ဖြေသာမှာပေါ့ဟာ၊ အတည်မဟုတ်ဘဲ ''

''တော်ပါတော့ မိသက်ရယ်''

ရှိုး ဆက်ကြားနိုင်စွမ်းမရှိတော့ပါ။

အတည်မဟုတ်ဘဲ ဟင့်အင်း ရှိုး လက်မခံနိုင်စွာ ခေါင်းယမ်းလျှင် မျက်ရည်များပါဝေ့ဝဲလာသည်။

မောင်ရယ် –

ရှိုးကို အပျော်မကြံပါနဲ့၊

ရှိုးအချစ်ကို မကစားပါနဲ့ လို့။

✿ ✿ ✿



အခန်း (၂၉)

''ရှိုး ရှိုးလေး ဘာ ဘာပြောလိုက်တယ်''

သူ စိတ်လှုပ်ရှားစွာ ရှိုးပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်းမေး၏။ ဒုံးထက်က မောင့်လက်ကို ရှိုး တည်ငြိမ်စွာဖယ်ချပြီး –

''ရှိုးကို မောင်ချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုတာ အားလုံးတွေအဖြစ်လား၊ ဒါမှမဟုတ် လေးလေးနက်နက်လား''

''အလေးအနက်ပေါ့ ရှိုးလေးရယ်၊ ဘာလဲ၊ ရှိုး မောင့်ကို ယုံကြည်ဘူးလား''

''ယုံကြည်ချင်ပါတယ် မောင်ရယ်၊ ယုံကြည်လို့ မေးနေတာပါ၊ ရှိုးကို မောင်လက်ထပ်ရဲလားလို့''



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းနောက်မှာ သူ ခြေတစ်လှမ်း အလိုလိုနောက်ဆုတ်မိ ပြီး ရိုးကို သူပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေလိုက်တာ ကမ္ဘာကြီး လည်ပတ်မှု ရပ်ဆိုင်းသွားသည့်အလား။

"တစ်ဆိတ်ဖြေကြည့်ပါလား မောင်ရယ်"

သူလက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရင်း ရိုးမေးလျှင် သူ့ကိုယ်ပေါ် မှ မွေးညင်းကလေးများ ထောင်ထလာသည်။ ရိုးလက်ကို လက်မောင်း ပေါ်က ကမန်းကတန်းဖယ်ချမိပြီး ရိုးနဲ့ ဝေးရာ လျှောက်ထွက်ခဲ့မိလေ သည်။

သူ ရိုးကိုချစ်ပါတယ်၊ တစ်ဘဝလုံးအတွက် ချစ်သွားဖို့လည်း စိတ်ကူးယဉ်ခဲ့သည်။ ဒါပေမဲ့ လက်ထပ်ကြဖို့ကို တစ်ခါမှ မတွေးမိပါ။

လက်ထပ်ကြဖို့က သူ့ဘက်က ရင်ဆိုင်ရမယ့် မျိုးရိုးအသိုင်း အဝိုင်းဂုဏ်က ခွန်အားကြီးမားလှသည် မဟုတ်လား။

သူ ဘယ်လိုရင်ဆိုင်ရမလဲ။

သူ့ကိုယ်သူ မေးမိရုံနဲ့တင် လောင်မြိုက်လျက်။

"မြေးကြီး မယ်မယ်တော့ စေ့စပ်ပွဲရက်ကို နေ့ကောင်းနေ့မြတ် ရွေးပြီး သတ်မှတ်လိုက်ပြီ၊ နောက်အပတ် တနင်္ဂနွေပေါ့၊ ရော့ ဒီမှာ သရဖူ ကြိုယူထားနှင့်၊ ဒီသရဖူက မယ်မယ်တို့မျိုးဆက်ကို လက်ဆက် ကမ်းမွေးဖွားပေးမယ့် မြေးရဲ့ဇနီးလောင်းအတွက် မျိုးရိုးအစဉ်အလာ အတိုင်း စေ့စပ်ပွဲနေ့ကျရင် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှာ မြေး





ကိုယ်တိုင် အနွယ်တော်ခေါင်းမှာ ဆင်ပေးရမယ့် သရဖူ၊ ဒီသရဖူက မယ်မယ်တို့မျိုးရိုးစဉ်ဆက် အစဉ်မပြတ် လက်ဆင့်ကမ်းသယ်ဆောင် လာတဲ့ မြင့်မြတ်တဲ့ဂုဏ်တစ်ခုကွဲ့၊ အခု မြေးလက်ထဲအရောက် မယ်မယ် အပ်လိုက်ပြီ၊ မြေးကြီးသာလျှင် မယ်မယ်တို့မျိုးရိုးရဲ့ဂုဏ်အင်နဲ့ မြေးရဲ့ မျိုးဆက်ဂုဏ်ကို ထိန်းသိမ်းဖို့ တာဝန်ရှိသွားပြီ၊ ဟင့် ဟင့် ဟင့်"

ကျောက်မျက်ရတနာ အရောင်အသွေးစုံနဲ့ ခန့်ခန့်ညားညား တန်ဆာဆင်ထားတဲ့ စိန်နားသပ်သရဖူက မျိုးရိုးဂုဏ်ကို ကိုယ်စားပြု လျက်။

ပြိုးပြက်ဝင်းလက်နေသည်က သူ့နှလုံးသားကို အကြိမ်ကြိမ် ဖောက်ခွဲနေသလို မျက်မျက်ရှရှ ခံစားရစေသည်။

မယ်မယ်အပ်နှင်းထားတဲ့သရဖူက သူ့ကို သရွေတစ်ကောင် ကိုယ်ထင်ပြသလို ချောက်ချောက်ချားချား ဖြစ်နေခဲ့သည်မဟုတ်လား။

အခုတစ်ခါ ရိုးက မေးလာပြီ။

လက်ထပ်ရဲလားတဲ့။

သူ အဖြေမပေးနိုင်ခင် ရိုးက ပြတ်သားနေလေသည်။

"မောင်ဘက်က ပြတ်သားဖို့ခက်နေမယ်ဆိုတာ ရိုးသိပါတယ်၊ ဒါပေမဲ့ ရိုး ပြတ်သားပါစေမောင်၊ ချစ်ခဲ့ကြပေမယ့် လက်မထပ်နိုင်မယ့် အတူတူ လမ်းခွဲလိုက်တာ အကောင်းဆုံးပဲ"

"ဘာ ဘယ်လို ရိုး၊ လမ်းခွဲလိုက်မယ် ဟုတ်လား၊ ရိုး မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူးလား''

''ချစ်လွန်းလို့ပေါ့ မောင်ရယ်''

''ဒါဆိုလည်း လမ်းခွဲမယ့်စကား မပြောပါနဲ့ ရိုးရယ်''

ရိုး မျက်နှာလေးပြုံးပြုံးလေး မဲ့သွားတဲ့နောက်မှာ နှလုံးသားက နာကျင်မှုများ လှိုက်တက်လာလေသည်။

အသနားခံသလို ပြောနေတဲ့ မောင့်မျက်နှာကိုလည်း ရိုးမကြည့်တော့ပါ။

''ရိုးကို ဂုဏ်သိက္ခာရှိရှိ လက်မထပ်ဝံ့တဲ့ ယောကျ်ားတစ်ယောက်ကို ရိုး ဘယ်စိတ်နဲ့ဆက်ချစ်ရမလဲ၊ မောင်သာ ရိုးကို လက်ထပ်ဝံ့တယ်ဆိုရင် ရိုးဆီ အချိန်မရွေးလာခဲ့ပေါ့၊ ခုတော့ Good Bye လို့ နှုတ်ဆက်ပါရစေ''

''ဟင် ရိုး''

မာနရောင်စဉ်လေးနဲ့ လက်ပြကျောခိုင်းသွားတဲ့ ချစ်ဦးသူ၊ သူ့ဆွဲထားခွင့်လည်း မရတော့ပါ။

လည်ပြန်ငဲ့မကြည့်စတမ်းသွားနေတဲ့ ခြေလှမ်းတွေက သူနဲ့တစ်လှမ်းချင်းဝေးကာ သူ့နှလုံးသားကို ဆုပ်ကိုင်ခွဲထုတ်သွားသည့်နှယ်။

မျိုးရိုးစဉ်ဆက် အပ်နှင်းခံရတဲ့သရဖူကို မြင်ယောင်လေ ကျောခိုင်းသွားတဲ့ ရိုးကို မြင်လေနဲ့ အသည်းနှလုံးက ဆောက်တည်ရာမရဖြစ်လျက်။





အချုံ့ ဆိုတာကို ဘဝထဲက ဘေးဖယ်ထုတ်ပစ်လို့ ရမတဲ့လား။ ပြောကြစမ်းပါကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ညက တဖြည်းဖြည်းနက်လို့လာသည်။ သူ့ခမျာ အိပ်မပျော်တဲ့ ခေးများ သောက်ထားသလားအောက်မေ့ရ၏။ မျက်လုံးက ကြောင်နေပါ သည်။

မွေ့ရာပေါ် လူးလူးလိမ့်လိမ့်ဖြစ်နေတဲ့ ဝေဒနာက သူ့အတွက် ခံစားရခက်ခက်ကြီးဖြစ်ကာ ထိုဝေဒနာကို မခံစားနိုင်စွာ မွေ့ရာမှ ဝေါက် ခနဲ ထထိုင်လိုထိုင်နဲ့။

ရင်ခွင်မှာလည်း မီးလိုပူနေ၏။

ဒါပြင် နှလုံးသားနဲ့မြင်ယောင်နေတာက ချစ်သူကိုပဲဖြစ်သည်။ ပန်းနုရောင်သန်းနေသော မျက်နှာလေးက စိုစိုဝင်းဝင်းရယ်





ပြုံးလေး သွယ်ချွန်ပုံက ကြည့်ပြီးရင်းကြည့်ချင်စိတ်ဖြစ်အောင် ညှို့ ဆောင်နေသလိုလို။

ဖူးကြွသောနှုတ်ခမ်းက ရင်ခုန်စေသောသင်ခန်းစာတွေ သင် ကြားပေးနေသယောင် ဆွဲငင်နေတော့လည်း သူ့နှလုံးသားလေး ပြိုလိုင် သွားခဲ့သည် မဟုတ်လား။

ချစ်တယ် ရိုးရယ်။

ဒါပေမဲ့ဆိုတာရဲ့နောက်မှာ သူ ရင်မီးတောက်နေပါပြီ။ ရိုးကို ချစ်နေပါတယ်။ ရိုးကိုပဲ လက်ထပ်မယ်လို့ သူ ဘယ်မျက်နှာနဲ့ မယ်မယ် ကို ပြောရမလဲ။ ဒီကြားထဲ မယ်မယ် ဒါသဖြစ်ရတာက နိုးကြောင့်လေ။

"ဘာတဲ့ မိနိုးကဗျာ အလုပ်ထွက်သွားပြီ ဟုတ်လား ဒေါ်အလု"

"ဟုတ် ဟုတ်ပါတယ် မယ်မယ်"

"တောက်၊ ဒီမိန်းကလေး ဒီလောက်လစာကောင်းကောင်းပေး ထားရဲ့နဲ့၊ နေပါဦး ဘာကြောင့်ထွက်ရတာ ဒေါ်အလု ပြောစမ်း"

"မလုပ်ချင်တော့လို့တဲ့"

"ဘုရားရေ"

ဒေါ်အလုပြောတဲ့နောက်မှာ မယ်မယ် မျက်လုံးပြူးပြီး မျက်နှာမှ သွေးမာထန်သွားကာ –

"ခင်း ခင်းက မလုပ်ချင်လို့တဲ့၊ ကြည့်စမ်း ဘယ်လောက် ဆိုးတားတဲ့ တုံ့ပြန်မှုလဲ၊ အခိုင်းအစေမက ပြောလိုက်တာများ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့စံအိမ်မှာ အလုပ်မလုပ်ချင်လို့တဲ့၊ ဘယ်လုပ်ချင်မလဲ၊ ငါ့စံအိမ်မှ… ခိုင်းစေခံရတဲ့ အစေအပါးအဆင့်မရှိတဲ့ အတန်းအစားဖြစ်နေတာကို… သွားပါစေပေါ့၊ ခွေးဖြစ်ချင်တဲ့ မိန်းမ၊ ပြာပုံသွားတိုးပါစေ၊ နောက်… အလုပ်ပေးပါမယ်မယ်ရယ်လို့ မျက်နှာငယ်လေးနဲ့ လာပြောကြည့်၊ ဟော… ဖနောင့်နဲ့ ပေါက်ပြီးသာမှတ်၊ ဟွန်း အစေခံမတွေအားလုံး သတိထားကြ…

မယ်မယ် မကျေမနပ်ဖြစ်တာက ဒေါ်အလှကိုပါ မျက်နှာမျက်… သွားစေသည်။ တကယ်ဆို ရှီးက သူစိတ်နဲ့သူ အလုပ်ထွက်တာ… နင်ပဲငဆ ပြောနေစရာမလိုဘူးဟု သူထင်တယ်။

မယ်မယ်ပြောတော့ ဒေါ်အလှလည်း မကြည်မလင်ဖြစ်… ဖေဖေနဲ့မေမေက မယ်မယ့်အလိုကျ ဖျောင်းဖျကြသည်။ သူ စေ့စပ်… မှာမို့ စံအိမ်ဆီပြန်လာကြတဲ့ ညီမနှစ်ယောက် မယ်မယ့်ကို မျက်စေ… တထိုးထိုး ရှိကြသည်။ မယ်မယ့်ကျ…ရာမှာ အတင်းတုတ်၏။

"မယ်မယ်က သိပ်အတ္တကြီးတဲ့အဘွားကြီး"

"ဟုတ်တယ်နော် မမဝတီ၊ မယ်မယ့်အတ္တက ကြာလေပို… လေပဲ၊ ရှီးကဗျာ သူ့စိတ်နဲ့သူထွက်တာ ဘာဆိုင်လို့လဲ"

"အေးပေါ့ သိတာရယ်၊ မယ်မယ်က မျိုးရိုးအစဉ်အလာ… သွေးကြီးဝင်နေတဲ့စိတ်က အညွန့်တက်နေတာလေ၊ ဘယ်သူ့ကို… မယ်မယ်ပြောရင် ပြောတဲ့အတိုင်း ဖြစ်ရမယ်၊ မဖြစ်ရင် မယ်မယ်… အတန်းအစားမတူလို့ ဘာညာဆိုပြီး ထိုးနှက်တာလေ"





"အဲဒါပေါ့ မယ်မယ်အမိန့်က သိတာတို့အပေါ်မှာပဲ စိုးမိုးနိုင်တာ၊ …ရှီးကဗျာအပေါ် စိုးမိုးလို့မနိုင်ဘူး၊ အဲဒါဘာဖြစ်လို့လဲ သိလား"

"ဘာဖြစ်လို့လဲ မမရဲ့"

"ဘာဖြစ်ရမှာလဲ ညီမရယ်၊ မယ်မယ်ရဲ့ စိတ်ကြီး သွေးကြီး …င်နေတဲ့ အသိတရားကို တွန်းလှန်နိုင်လို့ပေါ့"

"အင်း ဟုတ်တယ်နော် မမ၊ ဘာပဲဖြစ်ဖြစ် ရှီးကဗျာစိတ်ကို ညီမလေးသဘောကျတယ်၊ ကိုယ့်ဘဝ ကိုယ်တိုင်တည်ဆောက်ဖို့ ကိုယ်ဆုံး …ဖြတ်ချက်နဲ့ကိုယ် ရွေးချယ်တယ်၊ အဲဒီရွေးချက်က မယ်မယ်ရော ဘာရော …ရှိုက်တာမဟုတ်ဘူး"

"ဟုတ်တယ်နော် ညီမလေး၊ မမတို့သာ မယ်မယ့်ကို ဂရုစိုက် …နေလို့ ဘဝတွေနစ်မွန်းနေရတာ"

ဝတီသွေး မျက်နှာဖျော့ဖျော့လေးနဲ့ မခံစားနိုင်စွာပြောသည်။ …သိတာသွေးကလည်း ခေါင်းညိတ်ထောက်ခံကာ –

"ဟုတ်တယ်၊ ညီမလေးလေ စဉ်းစားမိတိုင်း ရင်ထဲမှာ ထိနိုက် …တယ်၊ မမကိုဆို ဆယ်တန်းအောင်တာနဲ့ ကျောင်းထုတ်ပြီး ယောက်ျားပေး …တယ်၊ ညီမလေးကိုရော ဘာထူးလဲ၊ ကိုကို့သူငယ်ချင်း ကိုဇော်ဝဏ္ဏ …ဝင်စားပြီး စာပေးတာမိသွားလို့တဲ့ ချက်ချင်းကျောင်းမတက်ရတော့လို့ …ခိုင်းထုတ်တယ်၊ ပြီးတော့ မကြာဘူး အိမ်ထောင်ချပေးတယ်လေ၊ …မယ်ရဲ့ တစ်ဖက်သတ်ဆုံးဖြတ်ချက်က ညီမလေးတို့ဘဝကို အညွန့်ချိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပဲ၊ ဘယ်မှာလဲ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ဘယ်မှာလဲ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ဆိုတာ''

ညီမလေးစကားအဆုံးမှာ သူ့ရင်မှာ နင့်ခနဲခံစားရလေသည်။ ခံစားချက်တူနေတဲ့ ညီမနှစ်ယောက်က ရင်နင့်ရာမှ မျက်ရည်လေးများ ကာ -

''ပြီးတော့ ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရင်ခုန်ခံစား မှုနဲ့ နှလုံးသားဆိုတာ ဘာမှသိခွင့်မရဘဲ လင်ရခဲ့တယ်၊ အဲဒီနောက် အိမ်ထောင်မှာ ဘယ်လောက်တောင် အေးစက်ခြောက်သွေ့စေခဲ့လဲဆို မမလည်း နားလည်မှာပါ၊ ဂုဏ်ချင်းထပ်ထားလို့ လေးလံဖိစီးတဲ့ စိတ် နှလုံးသားဟာ ဘယ်တော့မှ ရှင်သန်းရတာမျိုး မရှိပါဘူးမမရယ်၊ ဒါ ကိုတွေးမိတိုင်း မယ်မယ်ကိုစိတ်နာတယ်''

''ညီမလေးရယ်''

ဝတီသွေးက ညီမဖြစ်သူ သီတာသွေးကို နှစ်သိမ့်ပေးတဲ့သဘော နဲ့ ပွေ့ဖက်ထားသလို ကိုယ်တိုင်လည်း မျက်ရည်လည်လာသည်။

''တကယ်ပြောတာ မမရဲ့၊ ညီမလေးတို့ မောင်နှမဘဝဟာ စည်းစိမ်ဥစ္စာတပ်မက်မှုတွေနဲ့ မျိုးရိုးအစဉ်အလာဆိုတဲ့ ခေါင်းစဉ်အောက် မှာ လှောင်ပိတ်ခံရတဲ့ ဘဝ၊ ရိုးကဗျာဘဝနဲ့ တခြားစီပဲ၊ စည်းစိမ်ဥစ္စာ လှောင်ပိတ်မှုမရှိသလို ကိုယ့်စိတ်ကိုယ့်သဘော ဆောင်နိုင်တဲ့ဘဝ၊ ကိုယ့် ဘဝ ကိုယ့်နှလုံးသားကို ရွေးချယ်ခွင့်ရတဲ့ လွတ်လပ်တဲ့ဘဝလေး၊ မမစိတ်





ဲ ဘယ်လိုရှိမလဲ မသိဘူး၊ ရိုးကဗျာဘဝကို ညီမလေး အားကျတယ် မရယ်၊ ဟင့် ဟင့် ဟင့်''

ပြောရင်း ထိန်းကြကွဲစွာ ညီမလေး ငိုချလေသည်။

''ညီမလေးရယ် ရိုးကဗျာဘဝကို အားကျလို့လည်း မမတို့ န်း ထွက်လို့မှမရတာ''

''ရုန်းထွက်လို့မရတာထက် မယ်မယ့်အတ္တကြောင့် အန္တယ် တော် ထိပါးပုတ်ခတ်ပြောတာကို ညီမလေး မခံနိုင်ဆုံးပဲ''

''ဘယ်လို''

သီတာသွေး မျက်ရည်တွေသုတ်ရင်း မျက်နှာထားလေး တင်း သွားလေသည်။ အစ်မဖြစ်သူမေးတဲ့နောက်မှာ ညီမ့လုပ်သူက ဒက်ခနဲ ပြောချလေသည်။

''ဒီလိုမမရဲ့၊ အန္တယ်တော်က ရွှေပါရမီစံအိမ်က မျိုးဆက်သရဖူ ကို ဆောင်းခွင့်ရတဲ့မိန်းမတဲ့၊ မျိုးရိုးရဲ့သရဖူကို ဆက်ခံဆောင်းခွင့်ရတဲ့ မိန်းကလေးဟာ အဲဒီမျိုးရိုးထဲကဖြစ်ပြီး သရဖူဆောင်းခွင့်မရတဲ့ မိန်းက လေးတွေထက် မြင့်မြတ်တဲ့မိန်းမတဲ့''

''အလိုလေး၊ အန္တယ်က အဲလိုပဲပြောလား''

''ပြောတာမှ ခဏခဏပဲမမ၊ မမနဲ့ညီမလေးက ကိုယ့်ယောက်ျား မျိုးနွယ်ရဲ့သရဖူကို မဆောင်းရဘူးမဟုတ်လား၊ ညီမလေးတို့ ယောက်ျား က သားကြီးဩရသ မဟုတ်ကြဘူးလေ၊ သားလတ်တို့ သားငယ်တို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့''

''တောက်၊ ဒါ သက်သက်မဲ့ မမတို့ကို နှိမ့်ချ...''

''အဲလိုနှိမ့်ချခံရအောင် ဘယ်သူလုပ်တာလဲ ...''

ပြောကြရင်း ညီအစ်မနှစ်ယောက် မျက်ရည်လေးများ ကျ...
ဖြိုန်သည်။ သူ့ရင်မှာ မခံစားနိုင်အောင် မွန်းကျပ်လျက်။

''ပြောလေ မမရဲ့၊ ကိုကို့ကိုလည်း ယူဦးမယ်၊ ကိုကို့ညီမ...
ဖြစ်တဲ့ ညီမလေးတို့ကိုလည်း တစ်သက်လုံးစကားလုံးတွေ တင်စီး...
အောင်လုပ်တာ မယ်မယ်လေ၊ မယ်မယ်ပေါ့''

အက်ကွဲနေတဲ့ညီမလေးစကားသံကို သူ နားမဆင်ရက်တော့...
အစကတော့ မယ်မယ့်လုပ်ရပ်က မျိုးရိုးအစဉ်အလာကို ထိန်းသိမ်း...
လုပ်ရပ်လို့ သူမြင်ခဲ့သည်။

ညီမနှစ်ယောက်ရဲ့ ရင်ထဲကခံစားချက်ကို ခုလိုသိခွင့်ရ...
တော့ အစ်ကိုတစ်ယောက်အနေနဲ့ ဘယ်လိုမှ မခံစားနိုင်တော့ပါ။

''ညီမတို့ရယ်''

ရင်ထဲမှာ ထိနိုက်ကြေကွဲစွာ ရွတ်လျက် ညီမနှစ်ယောက်...
ဆွဲယူပွေ့ဖက်ကာ ရင်ခွင်ထဲ ထည့်ထားမိ၏။

''ကိုကို''

ညီမနှစ်ယောက်ရဲ့ ခေါ်သံပြိုင်တူပေါ်ထွက်လာသည်။ ကြေ...
မျက်ရည်လေးများ ရွှန်းဝေနေရှာသော မျက်ဝန်းထဲမှာ ထိနိုက်ခံစက်သော...





...နာများနှင့် မျိုးရိုးရဲ့အရှိန်အဝါ ဖိစီးလွှမ်းတဲ့ခံစားချက်တွေကို သူ
...ထင်ရှားရှားမြင်သာနေတော့ ညီမနှစ်ယောက်ပေါ် ပိုလို့ပင် အသနား
...ပြီး –

''ညီမလေးတို့ရယ် ညီမလေးတို့ရင်ထဲမှာ ဒီလောက်ထိခံစား
...မယ်လို့ ကိုကိုမထင်ခဲ့ဘူးကွယ်၊ စိတ်ချပါ၊ ညီမလေးတို့ကို ဘယ်သူက
...နိုင်ထက်စီးနင်းပြောလို့မရဘူး၊ ပြောခွင့်လည်း မပေးနိုင်ပါဘူး''

''တကယ်လား ကိုကို''

''တကယ်ပေါ့ ညီမလေးတို့ရာ၊ ညီမလေးတို့ကို ထိပါးပြောဆိုနေ
...တာ ကိုကို့ကို ထိပါးပြောဆိုတာနဲ့အတူတူပေါ့ ညီမရယ်၊ စိတ်ချပါ၊
...ကို ကိုယုံပါကွယ်၊ အဲဒီအတွက် ညီမတို့ စိတ်ချမ်းမြေ့စေရပါ့မယ်''

အတိုင်းအဆမဲ့ ကြေကွဲနေတဲ့ ဒီညီမနှစ်ယောက်အတွက် သူ
...ခုခုကို ဆုံးဖြတ်ယူဖို့ အချိန်တန်ပြီလို့ယူဆကာ ညီမနှစ်ယောက်
...ပြင်ထက်က မျက်ရည်တွေကို တစ်လှည့်စီ သုတ်ပေးရင်း –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"မြေးကြီးကော"

"ပြန်မရောက်သေးဘူး မယ်မယ်"

"ဟင် ဘယ်အချိန်ရှိနေပြီလဲ ကြည့်စမ်း။ ပြန်မရောက်သေး သိသိကြီးနဲ့ ဒီအတိုင်းထိုင်နေရလား။ မြေးသူငယ်ချင်းတွေဆီ ဖုန်းဆ မေးပေါ့၊ ဒါလေးတောင် ညည်းမသိဘူးလား သင့်သင့်"

ဒေါ်စောကေရီ ချွေးမဖြစ်သူကို မျက်စောင်းထိုးကာ ပြော သည်။ ယောက္ခမရဲ့မျက်စောင်းကြောင့် ဒေါ်ဂုဏ်ရည်သင့် မျာယာ မတတ်ဖြစ်လျက် –

"သင့်သင့်လည်း ခုပဲ ဖုန်းဆက်မေးမလို့ပါ မယ်မယ်ရယ်"





"ဆက်မယ်ဆိုလည်း ဆက်လေ"

ဟု ခပ်ဆတ်ဆတ်ပြောချေ၏။ ဒေါ်ဂုဏ်ရည်သင့်က ချက်ချင်း ဖုန်းခွက် ဆွဲယူလေသည်။ ဒေါ်စောကေရီက သူမရဲ့အရှိန်အဝါကို တောက် ပစေသော ရွှေစင်ရုပ်တုဘေးက ဆိုဖာပေါ်ထိုင်ချသည်။

ရွှေစင်ရုပ်တုနဲ့ ဒေါ်စောကေရီက နေနှစ်စင်းပြိုင်သလို အရှိန် အဝါတွေ လင်းဖြာနေသည့်အလား။

ဝတီသွေးနဲ့ သီတာသွေးက မယ်မယ့်ကို မကြည်ကြပေမယ့် ဘာမှမပြောရဲမဆိုရဲရှာ။ မယ်မယ့်အရိပ်အကဲကို ကြည့်ရင်း တော်ရာမှာ နေလေသည်။

"ဒါပဲနော် မောင်စစ်"

မေမေ မျက်နှာမကောင်းစွာပြောပြီး ဖုန်းခွက်ချလေသည်။

"ဘာတဲ့လဲ သင့်သင့်"

မယ်မယ်မေးလျှင် –

"မယ်မယ်မြေးက မောင်စစ်တို့နဲ့လည်း ရှိမနေဘူး"

"ဟင် အနွယ်တို့ စံအိမ်ဘက်ရောက်နေသလား။ ဖုန်းဆက်စမ်း ပါအေ"

ဒေါ်စောကေရီ နိုင်းပြန်သည်။ အနွယ်တို့အိမ်ဘက်ရောက်နေ သလားတဲ့။ ထိုအပြောနောက်မှာ ညီမနှစ်ယောက် မသိမသာမျက်နှာပျက်ကြ ၏။ ဒေါ်ဂုဏ်ရည်သင့်က အနွယ်တော်ဆီဆက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စေ့စပ်မယ့်ရက်က နီးနေပြီ၊ ကိုကိုက အနွယ့်ဆီလည်း မရောက်ဘူး၊ ကိုကို့ကို အနွယ်ဆီ လာခိုင်းပါဦးလို့"

ချွေးမလောင်းက ညုညုလေးဆိုချေသည်။ သားချွေးမလောင်းနဲ့ ယောက္ခမကြားမှာ ဒေါ်ဂုဏ်ရည်သင့် ချွေးပြန်စပြုလာသည်။ ဖုန်းခွက်ကို ပြန်ချ၊ ယောက္ခမဘက်လှည့်ပြီး လေသံနိမ့်ချကာ ပြောရပြန်သည်။

"မရောက်ဘူး မယ်မယ်"

"အလို မြေးကြီးဘယ်တွေ လျှောက်သွားနေတာလဲ၊ ည အချိန် မတော်ကွယ်"

ညဆယ်နာရီကျော်နေပေမယ့် ခုချိန်ထိ ပြန်မရောက်သေးတာက မယ်မယ့်ရင်ကို ပူပင်စေသည်။

"မနက်ဖြန်သန်ဘက် စေ့စပ်တော့မယ်ဟာ၊ ခြေငြိမ်ပါဆို ပြောလို့မရဘူး၊ သားကြီးကော"

ဦးမျိုးမြင့်မြင့်ကိုပါ ထပ်မေး၏။ ဒေါ်ဂုဏ်ရည်သင့်က မတုံ့မဆိုင်းဖြေ၏။

"ကိုမျိုးက ဒင်နာပွဲရှိလို့သွားတာ ပြန်မရောက်သေးဘူး၊ အနွယ့်အဖေတို့နဲ့ အတူတူသွားကြတာပါ"

"ဟွန်း"

ဒေါ်စောကေရီ ချွေးမကို မျက်ထောင့်နီကြီးနဲ့ကြည့်၏။ ဒေါ်ဂုဏ်ရည်သင့် မသိမသာ အကြည့်လွှဲပြီး –





"မယ်မယ် အခန်းထဲဝင်နားနေပါလား၊ သင့်သင့် စောင့်နေပါ့မယ်၊ သားကြီးပြန်ရောက်တာနဲ့ မယ်မယ့်ဆီ လွှတ်လိုက်မယ်လေ"

"အေး မြေးကြီးလာရင် ပြောလိုက်၊ မယ်မယ်စောင့်နေတယ်လို့"

ဒေါ်စောကေရီ ချက်ချင်းထလေသည်။ အပေါ်ထပ်ရှိအိပ်ခန်းဆီ မယ်မယ်တက်သွားတော့ ညီအစ်မနှစ်ယောက် ပခုံးလေးများကျုံ့၊ ကိုယ်လေးတွေ ယိုကာ ဖယ်ပေး၏။

မယ်မယ် အပေါ်ထပ်အိပ်ခန်းထဲရောက်မှာ သမီးနှစ်ယောက်နဲ့ မိခင်ဖြစ်သူ အသက်ရှူချောင်သည်။ ဒါပေမဲ့ ဒီသားကြီး ပြန်မရောက်သေးတာက မိခင်ရင်ဘတ်ကို မီးလိုပူစေသည်။

သားကြီးက တစ်ခါဖူးမှ ညကိုးနာရီထိုးတဲ့အထိ အပြင်မှာ နေလေ့မရှိပါ။ ဒီနေ့မှာ ညဆယ်နာရီကျော်တဲ့အထိ မရောက်သေးဘူးဆိုတော့ ဒီအမေ ရင်မပူဘဲနေမတဲ့လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘယ် ဘယ်လို ကိုမျိုး"

"သိချင်ရင် အဲဒီစာဖတ်ကြည့်ပေတော့"

ဦးမျိုးမြင့်မြင့် ဒေါသနဲ့ဖိပြောရင်း စာခေါက်ကမ်းပေး၏။ ဒေါ်ဂုဏ်ရည်သင့် ကမန်းကတန်း ဆွဲယူပြီးဖတ်၏။

"မယ်မယ်၊ ဖေဖေနဲ့မေမေ၊ ခွင့်လွှတ်ပါလို့ သား မတောင်းဆိုပါဘူး။ ဒါပေမဲ့ သားဘဝနဲ့ နှလုံးသားအတွက် သားစိတ်ကြိုက် မိန်းကလေးကို ရွေးချယ်ပေါင်းဖက်ပါရစေ၊ မျိုးရိုးအစဉ်အလာဆိုတဲ့ ကျဉ်းမြောင်းတဲ့ စည်းဝိုင်းထဲမှာ ဘုရင်တစ်ဆူဖြစ်ရတာထက် ဘဝကို ကိုယ်တိုင်ဦးဆောင်ခွင့်ရှိတဲ့ လွတ်လပ်တဲ့လူမှုလောကထဲမှာ သာမန်လူတစ်ယောက်အဖြစ်





နေထိုင်ခွင့်ရတာကိုပဲ သား မက်မောတယ်၊

သားဘဝအတွက် လက်တွဲမယ့် မိန်းကလေးဟာလည်း သား မချစ်တဲ့မိန်းကလေး မဖြစ်စေရဘူး။ သားချစ်တဲ့မိန်းကလေးနဲ့ သားဘဝကို သားတည်ဆောက်ပါရစေ၊ မယ်မယ်တို့ ခွင့်မပြုပေမယ့် သားရဲ့ ဆုံးဖြတ်ခွင့်နဲ့သား ရိုးကဗျာကို ရွေးချယ်ပြီးပါပြီ"

"ဟင်"

ဒေါ်ဂုဏ်ရည်သင့် စာဆုံးအောင် ဆက်မဖတ်နိုင်တော့ပါ။ အသည်းနှလုံးကတစ်ဆင့် ခြေလက်နဲ့အသားစိုင်တွေပါ တုန်ကာ လက်ထဲက စာရွက်ကလေးပင် လွတ်ကျသွားလေသည်။

"ကို ကိုမျိုး၊ ဒါ ဒါ တ တကယ်လား။ မ မ ဟုတ်ပါဘူးနော် နော် ကိုမျိုး"

ဒေါ်ဂုဏ်ရည်သင့် ဆောက်တည်ရာမရဖြစ်လျက် ဗလုံးဗထွေး ပြောမေး၏။ ဦးမျိုးမြင့်မြင့်မျက်နှာမှာ မယုံနိုင်ခြင်း၊ ရှက်ခြင်းတွေနဲ့ တင်းမာနေကာ –

"အေး၊ တကယ်ဟုတ်,မဟုတ် သိချင်လို့ ကိုမျိုး မိရိုးကဗျာဆီ ချက်ချင်းလိုက်သွားတယ်"

"ဘာတဲ့လဲ ရိုး၊ ရိုးကဗျာက ဘာပြောလဲ"

"တောက် ဘာပြောရမလဲ၊ ရပ်ကွက်ရုံးမှာ လက်မှတ်ထိုး လက်ထပ်ပြီးပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဘု ဘုရား ရေ၊ မြေးကြီးနဲ့ ရိုးကဗျာ ဟုတ်လား”

အောက်ထပ်က သားနဲ့ချွေးမ ပြောဆိုသံတွေကြောင့် ဒေါ်စောကေရီ အပေါ်ထပ်က ကမန်းကတန်းဆင်းလာခဲ့သည်။ လှေကားအောက်ထစ်နားလည်းရောက်ရော မြေးကြီးက ရိုးကဗျာနဲ့ လက်မှတ်ထိုးပြီးလို့တဲ့ သိရော ဒေါ်စောကေရီ ကျောက်ရုပ်အလားဖြစ်ကာ ဘုရားတပြီး လန့်ဖျပ်မတတ်မေး၏။

ဦးမျိုးမြင့်မြင့် ရင်မှာလေးသွား၏။ လင်မယားနှစ်ယောက်သာ ပြောနေကြတာ၊ မယ်မယ့်ကို အသိမပေးချင်သေးလို့၊ ခုတော့ မယ်မယ့် ဘာသာ သိသွားပေပြီ။ ဦးမျိုးမြင့်မြင့် စိုးရိမ်ကာ မျက်နှာတွေဘာတွေ ညှိုးမည်းသွား၏။

“ပြော ပြောကြလေ၊ မယ်မယ်မေးနေတယ်လေ”

ဦးမျိုးမြင့်မြင့်နဲ့ ဒေါ်ဂုဏ်ရည်သင့် မပြောဖလေ၊ ဒေါ်ခစာကေရီ မေးလေနှင့် နောက်ဆုံး ဒေါ်ဂုဏ်ရည်သင့်က ထိနိုက်စိတ်နဲ့ ငိုချကာ ခေါင်းညိတ်လေသည်။

“ဘာ ဘာ၊ ရိုးကဗျာနဲ့မြေး၊ ဟုတ် ဟုတ်လား၊ ဟုတ်လား သားကြီး”

ဦးမျိုးမြင့်မြင့် နှုတ်ဆိတ်နေလို့ မရတော့ပါ။

“ဟုတ်တယ် မယ်မယ်”

“ဘုရားရေ၊ အခိုင်းစေမ မိရိုးကဗျာနဲ့ ဟင့်အင်း လုံးဝမဖြစ်ရ





ဘူး၊ မယ်မယ်ခွင့်မပြုနိုင်ဘူး၊ အခု ဒင်း ဒင်းတို့ဘယ်မှာလဲ၊ မယ်မယ့်ကို ပြော၊ ဒင်းတို့ဘယ်မှာလဲ၊ မယ်မယ် အခုလိုက် လိုက်သွား”

မယ်မယ်ပြောလို့ပင် မဆုံးလိုက်ပါ။ စကားလုံးတွေ ပြတ်ရတောက်ကာ မယ်မယ့်ကိုယ်လုံးလေး ယှင်နဲ့ပြိုကျသွားလေသည်။

“မယ်မယ်”

ဦးမျိုးမြင့်မြင့်နဲ့ ဒေါ်ဂုဏ်ရည်သင့် စိုးရိမ်တကြီးနဲ့ မယ်မယ့်ကို ပွေ့မကြ၏။ မယ်မယ့်ကိုယ်လေးက ပျော့ခွေလျက်။

သားကြီး –

မင်း လုပ်ရက်တယ်ကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မောင် တစ်ချိန်ချိန်မှာ နောင်တရနေမယ်ဆိုရင်"

"ဘာပြောတယ် ရှီးလေး"

လှုပ်ရှားနေတဲ့ နှုတ်ခမ်းလွှာကို ရှီး ခေတ္တဆွဲစေ့လိုက်သေးသည်။ မောင့်ကိုလည်း မကြည့်ဘဲ ကျောခိုင်းလျက်သားနဲ့ လေးနက်ခိုင်မာစွာ ထုတ်ပြော၏။

"ရှီးပြောတာ ရှင်းရှင်းလေးပါ မောင်ရယ်၊ ခုချိန်မှာ မောင်က ရှီးကို လက်ထပ်မယ်လို့ ပြောတယ်မဟုတ်လား၊ သွေးပူနေတုန်းမို့ မောင် ဒီစကားပြောတာလား၊ သွေးအေးသွားလို့မှ ငါမှားလေခြင်းလို့ နောင်တ ရနေမယ်၊ အဲဒီနောင်တနောက်မှာ မောင် ကျောခိုင်းသွားမယ်ဆိုရင်





ဘာ တစ်ခုလပ် ဒါမှမဟုတ် တစ်လင်ကွဲဖြစ်သွားမှာလေ"

"ရှီး ရှီးက မောင့်အချစ်ကို အထင်သေးတာလား၊ စော်ကားနေတာလား၊ ပြောစမ်းပါကွာ"

ရှီးပခုံးတစ်ဖက်ကို ဆွဲယူပြီး မောင် ခံပြင်းစွာမေးလေသည်။

"အထင်သေးတာ မဟုတ်သလို စော်ကားတာလည်း မဟုတ်ဘူး မောင်၊ ရှီးဟာ ရှီးချစ်တဲ့ယောကျ်ားနဲ့ လက်ထပ်ပေါင်းသင်းချင်တယ်၊ အဲဒီယောကျ်ားနဲ့ သေတစ်ပန်သက်တစ်ဆုံး နေသွားချင်တယ်၊ ဘာဖြစ်လို့ ဆိုတော့ မေမေ့လို တစ်ယောက်ပြီးတစ်ယောက် ပြောင်းယူချင်တဲ့ စိတ်ကူးမရှိဘူး"

"ရှီး ဘာတွေပြောနေတာလဲ"

ရှီးပခုံးနှစ်ဖက်လုံးကိုဆုပ်ကိုင်ကာ မျက်နှာဆိုင်လျက် မောင်မေး ၏။ မောင့်ကိုလည်း မကြည့်ပါ။

ပခုံးထက်က မောင့်လက်အစုံကို အသာဖယ်ချလိုက်သည်။ ... ကြွေကျနေတဲ့ ပိန္နဲရွက်ဝါဝါတွေကို ရှီးငေးကြည့်၏။ ထို့နောက် ... ပျစ်ဘေးရှိ ပိန္နဲပင်ကြီးကို ကျောကပ်မှီချလိုက်ပြီး ဆက်ပြောသည်။

"ရှီးဘဝ, ရှီးနှလုံးသားနဲ့ ခံစားခဲ့ရသမျှကို ပြောနေတာပါ မောင်၊ ရှီးပြောတာကလည်း အကြောင်းမဲ့မဟုတ်ပါဘူး။ မောင်နားလည် အောင်ပြောရရင် ရှီးဖေဖေဟာလေ မောင်တို့လို ကြီးကျယ်မြင့်မြတ်တဲ့ မျိုးထဲ မဟုတ်ပေမယ့် မေမေ့ထက်သာတဲ့ အသိုင်းအဝိုင်းထဲကပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ချစ်ကြိုက်လို့ ယူကြတယ်၊ ဒါပေမဲ့ မေမေ့ကို အသိအမှတ်မပြုဘ
ခွန့်ပစ်လိုက်တယ်ပေါ့၊ ဖေဖေက မေမေနဲ့ ဆင်းဆင်းရဲရဲနေရတယ်၊ အဲ
ဒါကို မခံနိုင်လို့ထင်ပါရဲ့၊ ရိုးကိုမွေးပြီး တစ်နှစ်အရွယ်လောက်မှာ ပစ်သွာ
လိုက်တယ်လေ၊ ဖေဖေက ဖေဖေ့မိဘသဘောတူတဲ့ တခြားတစ်မြို့က
မိန်းမတစ်ယောက်နဲ့ ပြန်ယူတယ်ပေါ့''

''အဲဒါ မောင်နဲ့ဘာဆိုင်လဲ ရိုးရယ်''

''မောင် ရိုးကိုယူရင် အနေဆင်းရဲမယ်၊ အစားလည်းဆင်း
မယ်လေ၊ အချစ်စိတ်မွှန်ပြီး လက်ထပ်ကြဖို့ တာဆူလာတာနဲ့ ရိုးက
လက်ခံလိုက်ပြီးဆိုပါတော့၊ မောင်ဟာ ရိုးဘဝထဲမှာ ဆင်းဆင်းရဲရဲ မနေ
နိုင်လို့ ရိုးကိုပစ်ပြီး မောင့်ရဲ့ ရွှေပါရမီစံအိမ်ရိပ်ကို ပြန်ခိုလှုံမယ်၊ မောင်
မယ်မယ်ကလည်း မောင့်ကို တစ်ယောက်ယောက်နဲ့ ပြန်လက်ဆက်
ပေးမယ်ဆိုရင် ရိုးဟာ အချစ်ဒ--ာ့က် ဂဝပျက်, နာမည်ပျက်ပြီ
ကျန်ရစ်ခဲ့မယ်၊ အဲဒီအတွက် ပတ်ဝန်းကျင်က ရိုးကို ဘာပြောကြမလဲ
မအေတုန်းကလည်း ဒီဇာတ်လမ်း၊ သမီးအလှည့်လည်း ဒီဇာတ်ကပြန်ပြီ
မစဉ်းစားမဆင်ခြင်တတ်တဲ့ မိန်းကလေးဆိုပြီး ဝိုင်းကဲ့ရဲ့ကြမှာလေ၊ ဒု
များကဲ့ရဲ့မှာ လက်ညှိုးထိုးမှာ သေချာနေတာကို တွက်ဆလို့ ရနေရဲ့
ရိုးက''

''တော်ပါတော့ ရိုးရယ်''

ရိုး နှုတ်ခမ်းလေးစေ့ကာ လေပြည်ငြိမ်သလို ငြိမ်သက်နေ





သည်။ မောင်က ရိုးဘဝကို စာနာငဲ့ကြည့်၍ –

''ရိုး ထင်မြင်တာ, စိုးရိမ်ပူပန်နေတာတွေကို မောင် ကြိုတင်
တွက်ဆပြီးသားပါ၊ ရိုးကပျာဆိုတဲ့ မိန်းကလေးဟာ အဖေ အမေရင်ခွင်နဲ့
ဝေးနေတဲ့မိန်းကလေး၊ ဆင်းရဲတယ်, နွမ်းပါးတယ်, ဒါပေမဲ့ ရိုးကိုယ်ရိုး
ဘားကိုးပြီး ဘဝစင်ကြယ်အောင် နေနေတဲ့ မိန်းကလေးအဖြစ် မောင်
သိယူတယ်၊ မြတ်နိုးတယ်၊ ချစ်တဲ့စိတ်နဲ့လည်း ရိုးမြေကျပေါင်းသွားဖို့
ဆုံးဖြတ်ပြီးမှ လက်ထပ်ဖို့ မောင်ပြောနေတာပါ''

ရိုး ဖျတ်ခနဲ မောင့်ကိုငေးကြည့်ဖြစ်သည်။ မောင့်မျက်ဝန်းမှာ
လည်ခြင်းဖြင့် ရီဝေတောက်ပနေသော်လည်း နိုင်မာလေးနက်သော ခံစား
ချက်တို့ဖြင့် ရဲရင့်နေသည်ဟုထင်ရအောင် လင်းလက်လို့နေသည်။

မောင့်ခြေလှမ်းတွေ ရိုးနဲ့နီးကပ်လာသလို ရိုးလက်ဖျားလေးကို
ဆွဲယူဆုပ်ကိုင်ပြီး –

''အစက မောင်ဟာ ရွှေပါရမီစံအိမ်ရဲ့ ဘုရင်တစ်ဆူဖြစ်ဖို့
အံဝင်ခ..တယ်၊ မျိုးရိုးရဲ့အစဉ်အလာ စည်းဝိုင်းကြီးကို တပ်မက်တယ်၊
အကြောင့် မယ်မယ်စီမံသမျှဟာ မောင့်အတွက် ယစ်မူးစရာကြီး ဖြစ်ခဲ့
တယ်၊ ဒါပေမဲ့ ရိုးကိုချစ်ခဲ့တယ်၊ ရိုးကိုချစ်မိတဲ့နောက်မှာ မောင်ဟာ
စည်းစိမ်ဉစ္စာကို ဖက်တွယ်နေတယ်၊ ပြီးတော့ ရိုးပဲ မေးခဲ့တယ်လေ၊
ရိုးကို မောင်လက်ထပ်ရဲလားလို့''

ရိုးဘဝအတွက် အလေးအနက်မေးခဲ့တဲ့ မေးခွန်း၊ ထိုမေးခွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရှိုးဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ရှိုး ခေါင်းအသာညိတ်၏။ မောင်က ရှိုးလက်ချောင်းတွေကို နောက်လက်တစ်ဖက်နဲ့ ထပ်ဆုပ်အုပ်ကိုင်လျှ ဆက်ပြောသည်။

"ရှိုးမေးတုန်းက မောင်မဖြေရဲခဲ့ဘူး၊ အခုတော့ မောင်ဖြေမယ် ရှိုးကို မောင်လက်ထပ်ရဲတယ်"

"ဘာ ဘာဖြစ်လို့လဲ ဟင်"

"ရှိုးက ဆင်းရဲပေမယ့် သူများစည်းစိမ်ဥစ္စာကို မက်မောတဲ့စိ မရှိဘူး၊ ကိုယ့်ကိုယ်ကိုယ်အားကိုးပြီး ထမင်းနှစ်နပ်ကို သမာအာဇီဝကျ ရှာစားနိုင်တဲ့ စင်ကြယ်တဲ့စိတ်ရှိရုံမက ဘဝကို အားမာန်အပြည့်ရပ်တည် နေနိုင်သေးတာပဲ၊ မောင်က ယောကျ်ားပဲ၊ ဘာလို့မရပ်တည်နိုင်ရမှာလဲ မောင့်မှာ ပညာဂုဏ်ရှိတယ်၊ စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ လုပ်ငန် ကိုင်ရည်ရှိတယ်၊ မောင့်ထမင်း မောင်ရှာစားနိုင်တဲ့ ခွန်အားရှိသလ ရှိုးကိုလည်း ရှာဖွေကျွေးမွေးနိုင်တဲ့ အချစ်စွမ်းအားတွေရှိပါတယ်၊ ဒါကြော ရွှေပါရမီစံအိမ်ထဲက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ဆင်းလာတာ၊ စည်း စိမ်ဥစ္စာနဲ့ အသိုင်းအဝိုင်းကို တကယ်ပြတ်ပြတ်သားသားစွန့်ပြီး လာခဲ့တာ နှလုံးသားထဲက ချစ်စိတ်ရယ်, ဘဝကို လက်တွေ့ကျကျ ထူထောင်ချင်စိ ရယ်ကလွဲပြီး ဘာမှမရှိဘူး၊ နောင်တရဖို့ဆိုတာ ဝေလာဝေးပဲ"

လဲ့လဲ့ကလေးတောက်ပတဲ့ ရှိုးမျက်ဝန်းအစုံက မောင့်ကို စိုက် ကြည့်မိသွားသည်။ မောင်ပြောနေတဲ့စကားလုံးက တကယ်လားပေါ့





မောင်က ဆက်တိုက်ပြောနေသေးသည်။

"ရှိုး တစ်ခုသိထားရမှာက ယောကျ်ားတိုင်းမှာ အချစ်စိတ်ရှိကြပါတယ်၊ ဒါပေမဲ့ ယောကျ်ားတိုင်းရဲ့အချစ်စိတ်ကို လေ့နံမားထစ် သဘောမျိုး ရှိုးသတ်မှတ်လိုက်ရင် လွဲသွားမှာပေါ့၊ လောကကြီးမှာ အချစ်စိတ်အတွက် သာယာမှုကိုပဲ ခုံမင်တပ်မက်ပြီး စည်းစိမ်ဥစ္စာကို မစွန့်လွှတ်ရဲသူရှိသလို, စွန့်လွှတ်စွန့်စား ချစ်ရဲသူလည်း ရှိမှာပဲ"

"ဟင်"

"ရှိုး အံ့သြသွားလား"

တကယ်လည်း အံ့သြကာ မျက်လုံးဝိုင်းလေးနဲ့ ခေါင်းဆတ်မိလေသည်။ မောင်က နှုတ်ခမ်းလေးလှုပ်ခတ်စွာ ကြည်နူးစွာပြုံး၏။ လင်းဖြာမြူးရွှင်သော မျက်လုံးများနဲ့ ရှိုးပါးနုနုလေးကို လေပြည်နွေးလေးနဲ့ ဖွဖွလေးမှုတ်လျက် –

"ရှိုးရယ် ရှိုးလည်းကြားဖူးမှာပါ၊ ဗြိတိသျှနန်းတွင်းမိသားစု သမိုင်းမှာ အဋ္ဌမမြောက် အက်ဒဝပ်ဘုရင်ဟာ အစဉ်အလာကြီးမားတဲ့ သူတို့ရဲ့ နန်းတွင်းထုံးတမ်းစဉ်လာစနစ်အတိုင်း မျိုးတူဂုဏ်တူမိန်းမနဲ့ ရွှေလက်တွဲ ဘိသိက်ခံပြီး ဘုရင်ဖြစ်ဖို့ထက် သူချစ်တဲ့မိန်းမကိုပဲ လက်တွဲဖို့ ရွေးချယ်ပြီး ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ခဲ့တယ်လေ"

ရှိုး သက်ပြင်းမောလေး ရှိုက်မိလေပြီ။ မောင်ဟာ ရှိုးအတွက် တကယ်စွန့်လွှတ်စွန့်စားမယ့် သူရဲကောင်းလေလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"အက်ဒဝပ်ယူမယ့် Wall's Simpson ဆိုတဲ့ မိန်းကလေးဟာ တစ်ခုလပ်မလေးပါ၊ ဗြိတိသျှနန်းဓလေ့အရ ဘုရင်ဟာ တစ်ခုလပ် တစ်လင်ကွာမိန်းမနဲ့ လက်ထပ်ခွင့်ထုံးစံမရှိပါဘူး၊ ဒါပေမဲ့ Wall's Simpson ကိုချစ်တဲ့စိတ်ဟာ ထီးနန်းစည်းစိမ်ကို စွန့်ရဲတဲ့သတ္တိရှိခဲ့တယ် တကယ်လည်း အက်ဒဝပ်ဟာ ဘုရင့်စည်းစိမ်ကို စွန့်ခဲ့တယ်၊ Wall's Simpson နဲ့ လက်ထပ်ပေါင်းသင်းခဲ့တယ်လေ"

"မောင်ရယ်"

ရှီးရင်မှာ ဝမ်းသာကြည်နူးသွားကာ မျက်ရည်များပင် ဝဲလာသည်။ မောင် ရှီးပခုံးလေးကို သိုင်းဖက်လျှင် ရှီးမျက်နှာလေး မောင့်ရင်ခွင်မှာ အပ်မိသွားလေပြီ။

နွေးသော မောင့်ရင်ထဲက စကားလုံးတွေဟာ လေပြည်တိုး လှုပ်ခတ်နေတဲ့ သစ်ရွက်ကလေးများလို နွဲ့ယမ်းလိုက်ဖို့စေလျှက်။

"အက်ဒဝပ်က တစ်ခုလပ်မလေးအတွက် မင်းစည်းစိမ် စွန့်ခဲ့သေးတာပဲ၊ မောင်က ရှီးအတွက် ရွှေပါရမီစံအိမ်ရဲ့စည်းစိမ် ဘာလို့မစွန့်ရဲရမှာလဲ၊ မောင့်ချစ်သူက Wall's Simpson လို တစ်ခုလပ် လေးလည်း မဟုတ်ဘူး၊ အပျိုစင်လေးလေ"

မောင့်စကားလုံးလေးမဆုံးခင် ရှီး နှုတ်ခမ်းအစုံက အချစ်စိတ် ဖြင့် ချိုမြသွားပါသည်။ မောင်က သွယ်ချွန်သော ရှီးမေးဖျားလေး ယုယုယယဆွဲယူကာ ဆက်ပြောသည်က –





"ပြီးတော့ မှုံးက ဆင်းရဲတာကလွဲပြီး စိတ်ဓာတ်မြင့်သလို ကိုယ်ကျင့်တရားလည်း ကောင်းတယ်ပါ၊ တွေးတောဆင်ခြင်ဉာဏ်ကလေးနဲ့ အရာရာကို ချင့်ချင့်ချိန်ချိန် တွေးခေါ်ဆုံးဖြတ်တတ်တဲ့ မိန်းကလေးလေ၊ ရှီးလို မိန်းမကောင်း, မိန်းမမြတ်လေးအတွက် မောင် အရာရာကိုစွန့်လွှတ်ရဲတယ်၊ အထူးသဖြင့် စည်းစိမ်ဥစ္စာနဲ့ ကြီးကျယ်မြင့်မြတ်တယ်ဆိုတဲ့ မောင်တို့မျိုးရိုးအစဉ်အလာကိုလေ၊ မောင်မစွန့်ရဲတာ တစ်ခုပဲရှိတယ်၊ အဲဒါဘာလဲ သိလား"

"ဘာလဲ ဟင်"

"ရှီးရဲ့ ဖြူစင်တဲ့ချစ်ခြင်းကိုပေါ့"

ရှီးနှလုံးသားမှာ ကြည်နူးမြစ်လေး ဖြတ်သန်းစီးဆင်းသွားလေပြီ။

"မောင်ရယ်၊ ရှီးတော့မယုံနိုင်အောင်ပဲ၊ တကယ်"

နှစ်ယောက်သားကြားမှာ လေပြည်နုက ချိုအေးလို့သွားသည်။ ပန်းဝါလေးများ တဝဲလွင့်လွင့် ကြွေသည်က ကောင်းချီးပေးလို့နေသည်အလား။

"ယုံပါ ရှီးရယ်၊ ရှီးကို မောင်တကယ်ချစ်လို့ တကယ်စွန့်လွှတ်ခဲ့တယ်၊ ရှီးမေးတဲ့မေးခွန်းအတိုင်း လက်ထပ်ရဲလို့ ရှီးဆီ မောင်ရောက်ခဲ့တာပေါ့"

ရင်ဖွင့်ဝန်ခံလာတဲ့ မောင်ခံစားချက်တွေဟာ ရှီးသွေးကြောပါ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လှိုင်းကလေးများအဖြစ် လှုပ်ကြွလို့သွားပေသည်။

မောင့်ရင်ခွင်မှာ အပ်ထားမိတဲ့ မျက်နှာလေးကိုခွာသလို ရှုံ့ရှုံ့စားစားမော့ကြည့်၏။ ထိုအခါ မောင် တစ်ခွန်းဆိုချေသည်။

"မောင်တို့ လက်ထပ်ကြစို့ ရိုးရယ် နော်"

ရိုးနှလုံးသားဆီက ယိုစိမ့်ကျနေတဲ့ ချစ်ခြင်းတွေက ဟန်တွေတွေလည်း မဆောင်နိုင်တော့ပါ။

ချက်ချင်းပဲ ခေါင်းညိတ်မိလျှင် ပတ်ဝန်းကျင်တစ်ခုလုံး ပန်းတွေပွင့်ကြွေသွားသယောင်ရှိလေပြီ။

✿ ✿ ✿



## အခန်း (၃၄)

"အင်း၊ ခင်ဗျား နောင်တမရတမ်း ပြတ်သားနိုင်တယ်ဆိုရင်ပြီးရောလေ၊ ကျွန်တော်မကန့်ကွက်ဘူး"

ဝင်းသိုက် လက်နှစ်ဖက်ခါးထောက်လျက် ခပ်တင်းတင်းပဲပြောချသည်။ သူ့ ရိုးလက်ကလေးကို ဖြုတ်ချ၍ ဝင်းသိုက်နဲ့ မျက်နှာချင်းဆိုင်ပြီး

"ကျေးဇူးတင်တယ် ဝင်းသိုက်၊ ကိုယ် နောင်တရစရာလည်းမရှိဘူး၊ ကိုယ် ရွှေပါရမီစံအိမ်က ထွက်ခဲ့ကတည်းက အားလုံးကိုစွန့်ဖို့စိတ်ပြတ်ပြီးသားပါ၊ ရိုးကို ကိုယ် တစ်သက်လုံး ပေါင်းသင်းသွားမှာပါ"

"ဟုတ်ရင်ဟုတ်ပေ့ါ၊ မဟုတ်လို့ကတော့ ခင်ဗျားလည်ပင်းကိုဟောဒီလို တိခနဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



အံ့ကြိတ်သံနဲ့ ဝင်းသိုက်ပြောတဲ့နောက်မှာ ဝင်းသိုက်လက်ချောင်းက သူ့လည်တိုင်ကို လှီးဖြတ်ဟန်လုပ်ပြ၏။

"သိုက်၊ နင်ကလည်းဟယ်"

မိသက် အားနာသလိုဝင်ပြောရင်း ဝင်းသိုက်လက်ကို ဆွဲတားသည်။ ဝင်းသိုက်က ဘာကိုမှအားမနာဘဲ ပြော၏။

"နင် ဘာသိလို့လဲ မိသက်၊ ရိုးဘဝ အစွန်းအထင်းမဖြစ်ဖို့ ငါတို့ အတတ်နိုင်ဆုံး စောင့်ရှောက်ရမှာပဲ"

အက်ကွဲတော့မယ့်အသံနဲ့ ပြောနေတဲ့ သိုက်နှလုံးသားခံစားချက်ကို ရိုးနဲ့ထပ်တူ "သူ"နားလည်မှု ပေးနိုင်ပါသည်။

"စိတ်ချပါကွာ၊ မင်းရဲ့စိတ်, မင်းရဲ့နှလုံးသားကို ကိုယ်လေးစားပါတယ်"

"မလိုပါဘူး၊ ရိုးက ခင်ဗျားကိုချစ်တယ်ဆိုလို့သာ၊ နောက်ဆို"

သိုက် တစ်ဝက်တစ်ပျက်နဲ့ စကားစဖြတ်၏။ တစ်ဆက်တည်းလည်း ရိုးကိုပိုင်ဆိုင်လိုတဲ့ တက်မက်သောချစ်ခြင်းထက် ဖြူစင်မြတ်နိုးသောချစ်ခြင်းဖြင့် ငဲ့ကြည့်လေသည်။

ရိုး မလုံမလဲဖြစ်သလို ရှက်စိတ်ရိုပ်ရိုပ်ကလေးလည်း လှိုက်တက်လာကာ မျက်တောင်လေးများ တဖျတ်ဖျတ် ပုတ်ခတ်မိပြီး -

"သိုက် ရိုးကိုနားလည်ပေးပါဟာ၊ ရိုးလေ မောင့်ကိုချစ်ပါတယ်၊ ဒါပေမဲ့ သိုက်ခွင့်မပြုရင် ရိုး ရှေ့မတိုးရက်ပါဘူးဟယ်၊ ရိုးလေ နင့်ကို





မချစ်နိုင်ပေမယ့်"

"သိတယ်၊ ငါသိတယ် ရိုး၊ နင် ဘာမှမပြောနဲ့တော့၊ ငါ နင့်ကို မချစ်ရပေမယ့် ငါချစ်ရတဲ့နင့်ကို ဘယ်ကောင်ဖြစ်ဖြစ် အစွန်းအထင်းလုပ်သွားမှာ စိုးတယ်၊ ဒါကြောင့် ငါသေချာပြောထားတယ်၊ နင့်နဲ့ပတ်သက်လာရင် ငါ ဘယ်ကောင့်ကိုမှ မမှုဘူး"

ငယ်သံယောဇဉ်နဲ့ နှောင်ဖွဲ့ထားတဲ့ သိုက်ရဲ့ချစ်ခြင်း၊ လေးနက်စင်ကြယ်စိတ်နဲ့ ရိုးဘဝကိုကာကွယ်မှုပေးနေတဲ့ သိုက်ရဲ့စိတ်ဟာ သာမန်ထက် လှပခန့်နားနေတယ် မဟုတ်လား။

မချစ်ရပေမယ့် နေနိုင်တဲ့စိတ်၊ မပိုင်ဆိုင်ရပေမယ့် ကြည်ဖြူစွာ ရက်ရက်ရောရောထိုးပေးနိုင်တဲ့ သိုက်ရဲ့အချစ်စွမ်းအားဟာ တော်တန်ရုံယောကျ်ားများမှာ တွေ့နိုင်ဖို့ ခဲယဉ်းသည်မဟုတ်လား။

သိုက်ဟာလည်း ချစ်သူအတွက် စွန့်လွှတ်ရဲတဲ့ စွန့်လွှတ်အနစ်နာခံဝံ့ရဲတဲ့ ချစ်သူမျိုးပါပဲ။ သူ အဲလိုယူဆကာ -

"အဲဒီအတွက် စိတ်ချ ဝင်းသိုက်၊ ကိုယ့်တို့လူငယ်ချင်းအတွက် ကိုယ်တို့ တာဝန်ယူတယ်"

စစ်ညီနဲ့ဇော်ဝဏ္ဏရောက်လာသည်။ ဇော်ဝဏ္ဏက သိုက်ပခုံးတစ်ဖက်ကိုဆုပ်ကိုင်ပြီး ဦးစွာပြောသည်။

"မျိုးဆက်ရင်ထဲက အချစ်ကို ကိုယ်တို့ အစကတည်းက မြင်တယ်၊ ဒီကောင်က ပထမတော့ ဟန်ဆောင်ချင်သေးတယ်၊ နောင်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း မျှော်သိပ်မခံစားနိုင်တော့ဘူးလေ၊ ဒါကြောင့် ရွှေပါရမီစံအိမ်ရဲ့ ရှင်ဘုရင်ရာထူးကို စွန့်လွှတ်ပြီး ရိုးရှေ့မှောက် ရောက်ခဲ့တာပဲကြည့်''

စစ်ညီကလည်း အမှန်အတိုင်းထုတ်ပြောသည်။ ထိုအခါ သိုက်မှူးကြနာပေါ်က တင်းမာမှုတစ်ရစ် ပြတ်ကျ၏။

''ကိုယ်တို့က အစကတည်းက သူတို့မျိုးရိုးအစဉ်အလာကို သဘောမကျပါဘူး၊ ခုလို ရိုးကဗျာကို ချစ်တဲ့စိတ်နဲ့ မျိုးရိုးအစဉ်အလာထဲက ထွက်ခဲ့တဲ့ မျိုးဆက်နှလုံးသားကို ကိုယ်တို့ချီးကျူးပါတယ်၊ စိတ်ချ ဝင်းသိုက်၊ ရိုးဘဝ အစွန်းအထင်းဖြစ်အောင် ကိုယ့်သူငယ်ချင်း လုပ်ရက်မှာ မဟုတ်ဘူး၊ ကိုယ်သိတယ်''

''အေးလေ၊ ခင်ဗျားတို့တာဝန်ယူတယ်ဆို ပြီးရော''

''စိတ်ချ၊ အစစအရာရာ တာဝန်ယူတယ်၊ ရိုးကို တင့်တောင့်တင့်တယ်ဖြစ်အောင် မျိုးဆက်တာဝန်ယူတယ်၊ ကိုယ်တို့လည်း ကိုယ်တို့သူငယ်ချင်းအတွက် အစွမ်းကုန်ပံ့ပိုးပေးမယ်၊ ခုလောလောဆယ် မယ်မယ်တို့ဘက် လက်မဦးခင် မျိုးဆက်နဲ့ရိုးကဗျာ လက်မှတ်ထိုးထားဖို့လိုမယ်''

''ဒါကတော့ ကိစ္စမရှိဘူး၊ ကျုပ်တို့ရပ်ကွက်ရုံးမှာ လက်မှတ်ထိုးထားလို့ရတယ်''

''အိုကေ လေ''

စစ်ညီ လက်ဖျစ်တီးရင်း ဆိုလေသည်။ ဝင်းသိုက်ရဲ့ နှိုးရိမ်ပူပန်မှုတွေလည်း လွင့်ပြယ်ကာ ရိုးကို ဖြူစင်စွာကြည့်၍ အားပေးပြုံးလေးပြုံး





လေသည်။

ရိုးလည်း ရှက်ပေမယ့် ပြန်ပြုံးမိကာ –

''ကဲ နင်တို့နှစ်ယောက် နောက်ကလိုက်ခဲ့၊ ငါတို့ ရှေ့ကသွားနှင့်မယ်''

ဝင်းသိုက် ဒါပဲပြောပြီး ဦးဆောင်ထွက်သွားလေသည်။ ဝင်းသိုက်နောက်မှ မိသက်နဲ့မောင့်သူငယ်ချင်းတွေပါသွားလေပြီး သူငယ်ချင်းအားလုံး ရပ်ကွက်ရုံးရှိရာ လမ်းသွယ်ဘက်ချိုးဝင်ကြသည်။

ဒီတော့မှ မောင်က ရိုးအနားရောက်လာပြီး ရိုးလက်ဖျားလေးကို ဆွဲယူကာ ချိုမြိန်သောမျက်ရိပ်လေးနဲ့ သွားကြစို့ဟု နှိုးဆော်လျှင် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"အဟင့်၊ မိရိုးကဗျာ ဒင်းက ငါ့မြေးကြီးကို ငါ့ရင်ခွင်ထဲက ခွဲထုတ်သွားတာပေါ့လေ၊ ငါ လုံးဝ မကျေနပ်ဘူး၊ ငါ့မြေးကြီးကို သွားခေါ်ချေ။ သားကြီး မြန်မြန်သွားခေါ်ခဲ့စမ်းပါ"

ဒေါ်စောကေရီ အိပ်ရာပေါ်လဲနေလျက်နဲ့ အသားတဆတ်ဆတ်တုန်ကာ အမိန့်ပေးလေသည်။ ဦးမျိုးမြင့်မြင့် မနေသာတော့ပါ။ မျက်နှာပျက်ပျက်နဲ့ မယ်မယ့်အိပ်ခန်းထဲက ထွက်ခဲ့ပါသည်။ သို့သော်လည်း ခြေလှမ်းတွေက ခွန်အားမပါ။

သွားခေါ်လို့ရမတဲ့လား မယ်မယ်ရယ်။

သားက မိဘနဲ့အသိုင်းအဝိုင်းမျက်နှာ မထောက်၊ ဆွေဂုဏ်





မျိုးဂုဏ်ကို မငဲ့ညှာဘဲ ထင်ရာစိုင်းသွားတဲ့အဖြစ်။

အဖြစ်အပျက်တွေ ပွစာမကြဲခင်ကတည်းက ကိုယ့်သားကိုယ် နှစ်ကိုယ်ကြားတွေ့ပြီး ဖျောင်းဖျခေါ်ယူဖို့ ကြိုးစားပါသေးသည်။

ဒါပေမဲ့ သားပြန်ပြောတဲ့စကားတွေက ဖအေတစ်ယောက်ရဲ့ နှလုံးသားကို ဆွံ့အသွားစေခဲ့တယ်လေ။

ဘာတဲ့ –

"ဖေဖေ သားရွေးချယ်တာ ဖေဖေတို့အမြင်မှာ မျိုးရိုးဂုဏ်ကို ဖျက်တယ် ဖြစ်ချင်ဖြစ်နေမှာပါ၊ ဒါပေမဲ့ ရွှေထီးရွှေနန်းပေါ်မှာ စံစား၊ မချစ်တဲ့မိန်းမမျက်နှာကြည့်ပြီး ပေါင်းဖက်နေဖို့ သား သတ္တိမရှိဘူးဖေဖေ၊ သားချစ်တဲ့သူနဲ့လည်း ပေါင်းပါရစေ၊ သားအတွက် ဂုဏ်ပကာသနမလိုဘူး၊ ကြီးကျယ်မြင့်မြတ်တဲ့ မျိုးရိုးအစဉ်အလာကိုလည်း မလိုအပ်ဘူး၊ သားလိုချင်မက်မောတာ တစ်ခုပဲရှိတယ်၊ အဲဒါဘာလဲဆိုတော့ အချစ်၊ သားချစ်သလို သားကိုပြန်ချစ်နိုင်ခွင့်ပေးနိုင်တဲ့ မိန်းကလေးပဲ ဖေဖေ"

ဦးမျိုးမြင့်မြင့် ဘာပြန်ပြောရမှန်းမသိအောင် ဆွံ့အသွားခဲ့သည်။

"အချစ်တဲ့"

ဒီစကားလုံးက ဦးမျိုးမြင့်မြင့် နှလုံးသားကို အထိမှန်ဆုံးပါပဲ။

ဦးမျိုးမြင့်မြင့် တစ်ခါမှ မခံစားဖူး၊ မတောင့်တဖူးတဲ့ စကားလုံးက အဲဒီအချစ်ဆိုတဲ့စကားလုံးပဲ။

သူ့တုန်းက မယ်မယ်ကိုယ်တိုင် သားမိခင် သင့်သင့်နဲ့ စီစဉ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်လား။ မျိုးရိုးအစဉ်အလာအရ မိဘစီစဉ်ရင် သားသမီးက နာခံရမယ်ဆိုတဲ့ စည်းမျဉ်းအတိုင်း ခေါင်းညိတ်ခဲ့ရသည်။

သင့်သင့်နဲ့ သူ မင်္ဂလာမဆောင်ခင်မှာလား တစ်ခါမြင်ဖူးကြသည်။ တစ်ယောက်နဲ့တစ်ယောက် စိမ်းစိမ်းသက်သက်ရယ်။

နှစ်ဖက်မိဘ အစဉ်အလာကြီးစွာ လက်ဆက်ပေးလို့ လက်တွဲခဲ့တာ ခုချိန်ထိ၊ သမီးနှစ်ယောက်ဆီက မြေးတောင်ရနေပြီ။

သင့်သင့်ကို သူချစ်နေလို့ ပေါင်းနေတာလား၊ ပေါင်းနေလို့ ချစ်တယ်လို့ဆိုနိုင်တာလား။ ကွဲကွဲပြားပြား သူမသိသေးပါ။ သင့်သင့်အပေါ် သစ္စာမပျက်ဆက်ဆံရမှာ မျိုးရိုးရဲ့ဂုဏ်တစ်ခုဆိုတဲ့ စည်းမျဉ်းအတိုင်း သူကျင့်သုံးလာခဲ့တာ ခုချိန်ထိ။

အချစ်က ဘယ်လိုအရသာရှိလဲ၊ ဘယ်လိုခံစားမှုလဲ သေသေချာချာ ရေရေရာရာ သူခံစားလို့မရသေးပါ။

သားက အချစ်ဆိုတာကို ခံစားပြီး စည်းစိမ်ဥစ္စာ၊ မိဘဆွေမျိုးနဲ့ အသိုင်းအဝိုင်းမျက်နှာကိုတောင်မထောက်၊ စွန့်ရဲတဲ့သတ္တိ ရှိနေသတဲ့လား။

သူ တကယ်ငေးမောသွားတာ အဲဒါပါပဲ။

သူ့တုန်းက အချစ်ကို မကိုးကွယ်ဘူး၊ မျိုးရိုးအစဉ်အလာကိုပဲ ကိုးကွယ်ခဲ့သူ။ မျိုးရိုးအစဉ်အလာ စည်းဝိုင်းထဲမှာ အပိုးကျိုးနေခဲ့သူ။

သမီးနှစ်ယောက်ကိုလည်း အစဉ်အလာအတိုင်း စီစဉ်ထိမ်းမြားပေးခဲ့ပြီးပြီ။





သမီးနှစ်ယောက်မျက်နှာ သာသာယာယာမရှိခြင်းက ဒီအချစ်ဆိုတာကြောင့်လား။ ညီအစ်မနှစ်ယောက် ရင်ဖွင့်ပြောကြစဉ်က မထင်မှတ်ဘဲ ကြားရပြီးပြီ။

အခု သားကလည်း ပြောနေပြန်ပြီ။

ချစ်သူနဲ့ပဲပေါင်းပါရစေတဲ့။

သူ ဘာဆက်လုပ်ရမလဲ။ ခွဲပစ်မယ်လို့ မောင်းတင်ခဲ့သမျှဟာ သားပြောစကားနောက်မှာ ခြေလှမ်းတန့်သွားခဲ့သည် မဟုတ်လား။

သားနဲ့သမီးတို့ အချစ်အကြောင်း နှလုံးသားစကား ရင်ဖွင့်သံတွေကြားလေမှ လူမှာ အချစ်ရှိပါလား။

ငါမှာ ဘာလို့ အချစ်မရှိရတာလဲ၊ ဂုဏ်အရှိန်အဝါကို ကိုးကွယ်ခဲ့သတော့ အချစ်ဆိုတာ မလိုအပ်ဘူးအထင်ရောက်နေတာမျိုး ဖြစ်နိုင်တာပဲ။

ဒါကြောင့်မို့ ထင်တယ်။ သူတို့လင်မယားကြား အိမ်ထောင်မှုဆက်ဆံရေးဟာ အေးခဲခဲ၊ စိမ်းသက်သက်နဲ့။

ဆန္ဒရှိရင် လာ၊ ဆန္ဒပြည့်ရင် သွား။

ဒီလိုနဲ့ပေါင်းသင်းလာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ သူ့ဘက်ကလည်း သင့်သင့်ရယ်လို့ ကယုကယင်မရှိသလို သင့်သင့်ဘက်ကလည်း မောင်ရယ် ကိုယ်ရယ်နဲ့ ချစ်အမူအရာ နွဲ့မြူတာလေးတွေလည်း မရှိခဲ့။

ကျောက်ရုပ်ဆန်ဆန် နှလုံးသားမဲ့စွာ ပေါင်းဖက်လာခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးဂုဏ်ကို ထိန်းရေးနဲ့ မျိုးဆက်ပြန့်ပွားရေးပဲ မဟုတ်လား။

သူတို့က မွေးတဲ့သားသမီးတွေက နှလုံးသားထဲကအချစ် ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ခွင့်နဲ့ လွတ်လပ်စွာပြောဆိုခွင့်တွေ ဆင့်ပွားတောင်းဆိုလာကြတာ သူ မဆွံ့အဘဲ မနေနိုင်တော့ပါ။

သေချာတာက အစဉ်အဆက်ထိန်းသိမ်းလာတဲ့ ဆွေဂုဏ်မျိုးဂုဏ်ဟာ သားကြီးလက်ထက်မှာ ပျက်ကိန်းဆိုက်တဲ့အခြေအနေ။

အချစ်စိတ်ကို အပြစ်တင်ရမလား။

သားကြီးကို ကြိမ်းမောင်းရမလား။

လာ လိုက်ခဲ့၊ ဘာအချစ်လဲ၊ ဒါတွေ ဖေဖေ နားမလည်ဘူး မျိုးရိုးအစဉ်ကို မဖျက်ကြနဲ့လို့ ဖအေတစ်ယောက်အနေနဲ့ တားမြစ်ရမလား။

ဒါမှမဟုတ် –

ဖေဖေခွင့်မပြုဘူး၊ လာ လိုက်ခဲ့လို့ အမိန့်ပေးဆွဲခေါ်ရမလား။

လားပေါင်းများစွာနောက်မှာ ဦးမျိုးမြင့်မြင့် ဦးနှောက်ထဲမှာ ရွေးပြိုက်ပြိုက်ကျလာလေသည်။

''ဖေဖေ သားကိုသာ မျိုးရိုးဂုဏ်ဖျက်တဲ့သားဆိုပြီး စွန့်ပစ်လိုက်ပါတော့၊ သားကတော့ ရိုးကဗျာကလွဲပြီး ဘယ်သူ့ကိုမှ လက်မတွဲနိုင်ဘူး ဖေဖေ သားအတွက် ရွှေဘုံနန်းမှာ မစံစားရလည်း ဖြစ်တယ်၊ ဇိမ်ခံကား မစီးဘဲလည်း နေလို့ရတယ်၊ ပကာသနတွေ မပါဘဲနဲ့လည်း ရပ်တည်လို့ရတယ်၊ ဒါပေမဲ့ အချစ်မရှိဘဲဘယ်လိုမှ နေလို့မရဘူး ဖေဖေ၊ ရိုးကလည်း သားကိုချစ်တယ်၊ သားကလည်း ချစ်တယ်၊ ဒါကြောင့် တူနှစ်ကိုယ်ထဲအိုပျက်မှာပဲ နေရရ၊ ထမင်းရည်ပဲသောက်ရရ သားတို့နှလုံးသားအတွက် ပြည့်စုံပါတယ်၊ သားကို ခွင့်မလွှတ်ပါနဲ့ဖေဖေ၊ သားကို အစဉ်အလာလမ်းရိုးထဲက ဖွဲ့ထွက်တဲ့သားမိုက်ဆိုပြီး အမှိုက်တစ်စလို စွန့်ပစ်လိုက်ပါတော့ဗျာ''





သားခံစားပြတဲ့ စကားလုံးတွေနောက်မှာ ဦးမျိုးမြင့်မြင့် ရင်ထဲပိတ် လှည့်ပြန်ခဲ့ရသည့်အဖြစ်။

ဪ အချစ်စိတ်ဆိုတာ ဒါလား။

အက်ဒဝပ်ဘုရင် ထီးနန်းစွန့်ပြီး ချစ်သူရင်ခွင်ကို ရွေးခဲ့တဲ့အဖြစ်က မိုက်မဲလွန်းတယ်လို့ သူတစ်သက်လုံးယူဆထားခဲ့သည် မဟုတ်လား။

ဟော ခုတစ်ခါ သားကြီးသြရသက ထပ်မံမိုက်မဲပြန်ပြီ။

သူ ဘာဆက်လုပ်ရမလဲ၊

ဘယ်လို ရင်ဆိုင်ဖြေရှင်းရမလဲ၊

မယ်မယ့်ကို ဘယ်လို ပြန်ပြောရမလဲ။

ဒါပဲ တွေးကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၆)

"မယ်မယ် အနွယ်သိပ်ရုက်တာပဲ၊ ကိုကို ဘယ်လိုလုပ်လိုက်
လဲဟင်၊ မယ်မယ် ဘာမှ မပြောတော့ဘူးလား"

မြေးချွေးမလောင်းလေး မျက်ရည်စမ်းစမ်းနဲ့ ပြောလာ
ဒေါ်စောကေရီ မာနသွေး ကျိုက်ကျိုက်ဆူလာသည်။

"ဒီကိစ္စ မယ်မယ်ကိုယ်တိုင် ကိုင်တွယ်မယ်၊ အနွယ်
ဘာမှစိတ်မပူနဲ့"

"စိတ်မပူလို့ရမလား မယ်မယ်ရဲ့၊ ခုပဲ အသိုင်းအဝိုင်းကြား
ဘာတွေပြောကုန်ပြီလဲ မယ်မယ်ရယ်၊ ကိုယ့်စံအိမ်က အစေခံမ
ကိုကိုမျက်စိကျတာ အနွယ် ခံပြင်းဆုံးပဲမယ်မယ်၊ ဒါ အနွယ့်ကို အရှ





တာနဲ့ အတူတူပဲ၊ အဟင့် ဟင့်"

အနွယ်တော်ပြောရင်းတန်းလန်းနဲ့ မယ်မယ့်ပခုံးထက် မျက်နှာ
အပ်ရင်း ငိုချလေသည်။ ဒေါ်စောကေရီ မြေးချွေးမကျောကိုပွတ်၍ ချော့
ပေးရင်း အံကြိတ်၏။

"မြေးကြီး၊ တောက် မျိုးရိုးဂုဏ်ကိုဖျက်ရုံမက အဆင့်အတန်း
တွေတဲ့မိန်းမနဲ့မှ မျိုးဆက်ချင်ရတယ်လို့၊ ဒင်းစိတ်နဲ့ ဒင်းလုပ်တိုင်း
ယ်မယ် အသိမှတ်ပြုရမတဲ့လား၊ ဝေးပါသေးတယ်ကွဲ့၊ ဒီမှာ အနွယ်
လေး ဘာမှစိတ်မပူနဲ့၊ မြေးကြီးကို အခိုင်းစေမလက်ထဲက မရရအောင်၊
ပြန်ရအောင် မယ်မယ်လုပ်ဆောင်ပေးပါ့မယ်၊ အနွယ်လေး နားလည်ပေး
ကွယ် နော်၊ မယ်မယ် လုပ်ပေးပါ့မယ်"

"ဟင့် ဟင့် ဟင့်၊ မယ်မယ်က ဘယ်လိုလုပ်ပေးမှာလဲ၊ ကိုကို
က အစေခံမနဲ့ လက်မှတ်ထိုးပြီးပြီးဆို"

အနွယ်တော့်မေးခွန်းကို ဒေါ်စောကေရီ ဒက်ခနဲမဖြေနိုင်တော့
၊ လည်မျိုမှာ တစ်ဆို့ဆို့ကြီး ဖြစ်လို့သွားသည်။

"ပြောလေ မယ်မယ်၊ ကိုကိုတို့ လက်မှတ်ထိုးပြီးပြီဆိုရင် ဟင့်
ဟင့် ဟင့် အနွယ် ဘယ်လိုမျက်နှာနဲ့ အသိုင်းအဝိုင်းထဲ ခေါင်းဖော်ရ
လဲ မယ်မယ်"

"မယ်မယ်လည်း အဲဒီအတွက် နလုံးသားကြေနေပါပြီ အနွယ်
သားရယ်၊ သားသမီးတွေကို အမိန့်နဲ့အုပ်ချုပ်လာခဲ့တာ ဘယ်သားသမီးမှ



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ့်ဆန္ဒကို မလွန်ဆန်ကြဘူး။ မယ်မယ် အားထားရဆုံး၊ မျှော်လင့် ရဆုံး မြေးကြီးကျမှ ဒီလိုဖြစ်ရတယ်လို့ မယ်မယ်ခံပြင်းလှတယ် အနွ[illegible] လေးရယ်''

ဒေါ်စောကေရီ အံတကြိတ်ကြိတ်နဲ့ ထိခိုက်ကြေကွဲစွာ ပြော[illegible] သည်။ တကယ်လည်း မကြေကွဲဘဲ နေနိုင်မတဲ့လား။ သားကြီးက မလွန်[illegible] ဘူးမယ်မယ်လို့ ပြောကတည်းက ထဘီစွန်တောင်ဆွဲပြီး မြေးဆီ အရော[illegible] ဒုန်းစိုင်းသွားခဲ့သည်။

စက်ရုံအလုပ်သမား တစ်သိုက်လည်းပါကာ မြေးကြီးကို ဝ[illegible] မှာတင် ပက်ပင်းဆုံသည်။ ဆုံလျှင်ဆုံချင်း ဘာမှမပြော။ လက်ညှိုးထိုး[illegible] အမိန့်ထုတ်၏။

''ကဲ မြေးကြီးကို ကားပေါ်ဆွဲတင်ကြစမ်း''

အလုပ်သမားတွေ မြေးကြီးအနားသို့ အမိန့်နာခံကာ မြေး[illegible] ဝိုင်းရံလိုက်သည်။ မြေးကြီးက မျက်မှောင်ကြုတ်ကြည့်ပြီး –

''မယ်မယ်'' ဟု ခေါ်သည်။ ဒေါ်စောကေရီ မျက်နှာကိုမော့ထား[illegible] လျက် –

''ဘာမှပြန်မပြောနဲ့ မြေးကြီး၊ အချစ်အကြောင်း၊ အချက်[illegible] ကြောင်း ဘာမှမပြောနဲ့၊ မယ်မယ်လိုချင်တာ ဂုဏ်အဆင့်အတန်း[illegible] ရွှေပါရမီစံအိမ်ရဲ့ မျိုးဆက်သရေကို လက်ဆင့်ကမ်းတာဝန်ယူဖို့ပဲ၊ ခုချ[illegible] ချင်း ကားပေါ်တက်၊ မတက်ဘူးဆိုရင် ဆွဲတင်၊ ဒါပဲ''





ဒေါ်စောကေရီ ပြတ်ပြတ်သားသား အမိန့်ချ၏။ သူမကို ဒီလို အချိုးချိုးလို့မရဘူး။ ကိုယ့်မြေးကြီးက ကိုယ့်ကို ဒီလိုအချိုးချိုးပြီး လှည့်ထွက်သွားလို့ ရမတဲ့လား။ မာနနဲ့ မောင်းတင်ထားတဲ့အတိုင်း လူအင်အား အများကြီးသုံးပြီး မြေးကိုကားပေါ်ဆွဲတင်၊ ရွှေပါရမီစံအိမ်ထဲ သွင်းလိုက်မယ်ဆိုတဲ့ စိတ်ခွန်အားနဲ့ပါ။ တကယ်တမ်းမှာတော့ –

''ခင်ဗျားတို့ ကျုပ်ကို လုံးဝလာမထိနဲ့''

''ဟင်''

အလုပ်သမားတွေ ရှုံ့ခနဲဖြစ်ကုန်သည်။ ဒေါ်စောကေရီ အံကြိတ်ပြီး ကားပေါ်ကဆင်း၏။

''ဟဲ့မြေးကြီး''

''မယ်မယ်''

''ဒီအချိန်မှာ မြေးကို မယ်မယ် ဘာတစ်ခွန်းမှ ပြောခွင့်မပေးနိုင်ဘူး''

''မယ်မယ် တစ်ဖက်သတ်မပြောပါနဲ့''

''အလို''

ဒေါ်စောကေရီ မျက်နှာပြာသွားသည်။ ကိုယ်နိုင်စေတဲ့အလုပ်သမားတွေရှေ့မှာ ကိုယ့်မြေးက ကိုယ့်ကို ဒီလိုပြန်ပြောသတဲ့လား။

ဒေါ်စောကေရီ နောက်ထပ်မာန်တင်းကာ –

''မြေးကြီး'' ဟု ပါဝါကုန်အော်ဟစ်ခေါ်သည်က မယ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ကိုနာခံစမ်းလို့ သွယ်ဝိုက်ပြောချသလို ခေါ်သံက မာကျစ်နေသ[ည်]

ထိုအခါ မြေးကြီးက သူမရှေ့ ခြေလှမ်းတိုးလာပြီး –

"မယ်မယ်"

ဒေါ်စောကေရီမှာ လက်တစ်ဖက်ခါးပေါ်တင်၍ မျက်နှာ[ထား] မော့ထားလိုက်သည်။

"မျိုးရိုးဂုဏ်ဆိုတာ အစဉ်အလာရှိတဲ့အတိုင်း အမိန့်ပေးသမျှ[ကို] နာခံသွားစေဖို့ဆိုရင် အဲဒီအစဉ်အလာမျိုးကို ကျွန်တော်မစောင့်ထိန်းနိုင် ဘူး မယ်မယ်"

"ဟင်"

"ဘာဖြစ်လို့လဲဆိုတော့ သိပ်ကိုကျဉ်းမြောင်းလွန်းတဲ့ အစ[ဉ်အလာ] ကို ပကာသနနဲ့ လွှမ်းခြုံထားတဲ့အတွက် လူပီသတဲ့ ခံစားချက်အားလုံး လက်လွှတ်ဆုံးရှုံးရမှာကို ကျွန်တော့်နှလုံးသားက မခံစားနိုင်လို့ပါ"

"မြေး မြေး ဘာတွေပြောနေတာလဲ"

"ကျွန်တော် ရိုးရိုးလေးပဲ ပြောရပါစေ မယ်မယ်၊ ကျွန်တော် လွတ်လပ်ချင်တယ်၊ ရွေးချယ်ချင်တယ်၊ သာမန်လူတိုင်းလို ချစ်တဲ့သူ[နဲ့] ပေါင်းချင်တယ်၊ မယ်မယ်တို့ လက်ဆင့်ကမ်းသယ်ဆောင်လာတဲ့ အစဉ် အလာအတိုင်း ကျွန်တော်ခေါင်းငုံ့မနာခံချင်တဲ့ တစ်ခုတည်းသော ခံစား ချက်က သာမန်လူများကို ချစ်ခွင့်ကို လွတ်လပ်စွာခံစားချင်တယ် ဒါကြောင့် ရိုးနဲ့ကျွန်တော် လက်မှတ်ထိုးလိုက်တာပါ၊ ခုဆို ကျွန်တော်က





ကျယ်ပြန့်တဲ့ လူသာမန်တို့ရဲ့ အသိုင်းအဝိုင်းထဲရောက်နေပါပြီ၊ အဲဒီ အသိုင်းအဝိုင်းရဲ့ ဂုဏ်သိက္ခာကို ကျွန်တော်ထိန်းရပါတော့မယ်"

"ဘုရားရေ"

ဒေါ်စောကေရီ ပါးစပ်အပွင့်သားဖြစ်ကာ မြေးကြီးမှ ဟုတ်ရဲ့ လားလို့ ပြူးပြူးပြာပြာငေးစိုက်ကြည့်ဖြစ်သွား၏။

"ကျယ်ပြန့်တဲ့လူသာမန်တို့ရဲ့ အသိုင်းအဝိုင်း ဟုတ်လား၊ အဲဒီ အသိုင်းအဝိုင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းရမယ် ဟုတ်လား၊ တမလွန် ရောက်နေတဲ့ ဘိုးဘွားများကြားတော်မူရဲ့လား"

ဟု ဒေါ်စောကေရီ အော်ဟစ်ချင်စိတ် ပေါက်သွားလေပြီး –

"ဒီမှာ မြေးကြီး"

"မယ်မယ် ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့၊ ကျွန်တော့်ဘဝ ကျွန်တော် လူသာမန်လိုပဲ ကြိုးစားမယ်၊ ရုန်းကန်မယ်၊ ကျွန်တော့်ဇနီးကို ကျွန်တော် ဂုဏ်သိက္ခာရှိရှိ တာဝန်ယူပြီး မိသားစုဘဝကို စတင်ပါတော့ မယ်၊ အဲဒီအတွက် မယ်မယ့်ကို တောင်းပန်ပါတယ်၊ ရိုးနဲ့ကျွန်တော့် ဂုဏ်သိက္ခာကို မဖျက်ပါရစေနဲ့"

ဒလဟောပြောချပြီး သူမရှေ့က ဖြတ်ကျော်လျှောက်ထွက်သွား တဲ့ မြေးကြီး၊ လည်ပြန်ပင် လှည့်ကြည့်မသွား။

ဒီဘွားအေကြီး ဘယ်လိုဖြစ်ကျန်ရစ်ခဲ့မလဲဆိုတာ မစဉ်းစားတဲ့ မြေးကြီး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခစားတဲ့ အလုပ်သမားတွေရှေ့မှာ ကိုယ့်အရှက်ကိုယ် ခွဲသလို ဖြစ်ရတဲ့အကြောင်းအင်။

ဒေါ်စောကေရီ ထိခိုက်လို့လား၊ ကြေကွဲလို့လား၊ ဒါမှမဟုတ် ဝမ်းနည်းလို့လား၊ အရှက်ကွဲလို့လား။

ဘာလားညာလား မသိပေမယ့် မျက်ရည်ဝဲကျသွားတဲ့အဖြစ်။ တစ်သက်လုံး ကိုယ်သေဆိုသေ ရှင်ဆိုရှင်တဲ့ မြေးကြီး။ ခုတော့ –

''ဒါ ဒါဆို ကို ကိုက''

အန္တယ်တော် ငိုရှိုက်ရင်း ဇလုံးဗထွေးမေးလေသည်။ မျှော်လင့်ချက်ကင်းမဲ့နေပြီးဖြစ်တဲ့ အဖြစ်အပျက်ကြားမှာ အန္တယ်တော်မေးသံက အနိမ့်အမြင့် မညီ။

''မယ် မယ် လည်း''

ဒေါ်စောကေရီ လည်ပင်းမှာအလုံးကြီး နင်သလို ဆို့အစ်ကာ ဘာသံမှ ထွက်မလာနိုင်တော့ပါ။

သူမကိုယ်တိုင် ဖမ်းဆီးခေါ်ဆောင်လာပြီး ရွှေပါရမီစံအိမ်ရဲ့ အရှင်သခင်အဖြစ် မြေးကို တင်မြှောက်ဖို့ကြိုးစားခဲ့တာ မြေးကြီးက ပြာပုံတိုးတဲ့ခွေးလို ပြာပုံရှိရာ ထသွားလေပြီဆိုတော့ –

''ဟင့် ဟင့် ဟင့် အန္တယ်ရှက်တယ်၊ ဟင့် ဟင့်''

အန္တယ်တော် ရှက်စိတ်နဲ့ငိုချလေပြီ။

မယ်မယ်နဲ့ အန္တယ်တော်ကို မသိမသာ စောင့်ကြည့်နေတဲ့





ဦးမျိုးမြင့်မြင့်နဲ့ ဒေါ်ဂုဏ်ရည်သင့် သက်မအကြိမ်ကြိမ်ချရင်း ရှောင်လွှဲနေလေသည်။

ဝတီသွေးနဲ့သီတာသွေးတို့ ညီအစ်မက အန္တယ်ကို ရှုံ့မဲ့ကြည့်၏။

''ဒင်းကို ယောက်မ မတော်ရတာကိုပဲ ကံကောင်းတယ်''

လို့ အသံတိတ်ဆိုလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ပန်းနုဖျော့ရောင် ဖိတ်စာလေးကိုကြည့်ရင်း မိဘနှလုံးသားမှာ မျက်ရည်ဝဲ၏။

သားက လုပ်ချင်ရာကို ဖွတ်လုပ်နေလေပြီ။

မိဘနဲ့ဘွားအေ သဘောမမျှနိုင်တာကို သိလျက် လက်မှတ်ထိုးရုံနဲ့ အားမရဘဲ မင်္ဂလာဆောင်ညွှဲခံပွဲ လုပ်တော့မလို့တဲ့။ ဖိတ်စာပါ ပို့ခဲ့ချေပြီ။

သားကြီးအတွက် ကြီးကျယ်ခမ်းနားတဲ့မင်္ဂလာပွဲ ဖန်တီးပေးဖို့ အစီအစဉ်ရှိနေလျက်နဲ့ ခုတော့လုပ်ချင်သလို လုပ်နေတဲ့ သား။

အတောင် အလက်စုံလာတော့ မိဘရင်ခွင်ထဲက ထွက်သွားတဲ့





သားမိုက်။

အသိုင်းအဝိုင်းကြားမှာ ခေါင်းမဖော်ရဲအောင် ဖြစ်ရတာက ရွှေပါရမီစံအိမ်က မျိုးဂုဏ်မြင့်တဲ့လူတွေ –

"သင့်သင့်တို့ ဘာလုပ်ရင်ကောင်းမလဲဟင် ကိုမျိုး"

"ဘာလုပ်လို့ရမှာလဲကွ၊ လက်မှတ်ထိုးရုံမက မင်္ဂလာပွဲတောင် လုပ်တော့မှာလေ၊ သင့်သင့် မမြင်ဘူးလား၊ ဒီမှာ ဖိတ်စာ"

ဦးမျိုးမြင့်မြင့် စားပွဲပေါ်က ဖိတ်စာကိုကောက်ယူပြီး ဇနီးသည် ရှေ့ ဆောင့်ချလိုက်သည်။

"တွေ့ပါတယ် ကိုမျိုးရယ်၊ တွေ့ပါပကော"

ဒေါ်ဂုဏ်ရည်သင့်ပြောရင်း ကြေကွဲစွာ မျက်ရည်ကျသည်။ သား ထင်ရာစိုင်းသွားတဲ့ကိစ္စမှာ မိဘဘက်က ချော့ခေါ်လည်း မလာ၊ အမိန့်ပေးတာလည်း မနာခံ။

မယ်မယ်ကိုယ်တိုင် ဖမ်းခေါ်ဖို့ကြိုးစားတာလည်း မအောင်မြင်။

ခုတော့ နှစ်ဦးသဘောတူ မင်္ဂလာညွှဲခံပွဲလုပ်မလို့ မိဘကို ဖိတ်စာပေးပြီး အသိပေးတဲ့အဖြစ်။

တွေးရင်း ရင်နာရသည်မဟုတ်လား။

"မယ်မယ် သင့်သင့်တို့ ဘယ်လိုလုပ်ကြမလဲဟင်၊ သားကို ဒီအတိုင်းလွှတ်ထားရမှာလားဟင်၊ လက်လွှတ်စပယ် ပစ်ထားရတော့မှာ လား၊ ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဂုဏ်ရည်သင့် ဟန်မဆောင်နိုင်တော့ပါ။ ကိုမျိုး ဘုတောနေ့တော့ မယ်မယ်နားပြေးသွားကာ ဖိတ်စာတိုးပြရင်း ပြောသလို ငိုလည်းငိုလေသည်။

ဖိတ်စာမြင်တော့ ဒေါ်စောကေရီ မျက်ဝန်းမှာ မီးတောက်လို့ရဲသွား၏။ အံဖိကြိတ်သလို ဖိတ်စာကိုလည်း မနှစ်မြို့ဖွယ်ကြည့်၏။

"တောက်"

တစ်ကိုယ်လုံးအကြောအခြင်တွေကို တောင့်ထားကာ လက်သီးကျစ်ကျစ်ဆုပ်ရင်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေသည်။

ညှိခန်းထဲ ဂုဏ်တင့်စွာရှိနေတဲ့ ရွှေရုပ်တုကိုမြင်လေ ခံပြင်းလေ၊ မျိုးဆက်သရုပ္ပကို ကြည့်မိလေ ဒေါ်စောကေရီရဲ့ စူးရဲသောမျက်ဝန်းမှာ မာနမျက်ရည်တို့ဝဲလေ။

မြေးကြီးလုပ်ချလိုက်တာ မျိုးရိုးဂုဏ်ဆိုတာကိုလည်း ထုတ်ပြလို့မရတော့။ ငါ့ရဲ့ရွှေပါရမီစံအိမ်ဟာ ဒီလိုအစဉ်အလာကြီးလေးခြင်းဟုလည်းအသိုင်းအဝိုင်းကြားမှာ ပြောလို့မရတော့တဲ့အဖြစ်။

"မယ်မယ်၊ မယ်မယ် တစ်ခုခုကို ဆုံးဖြတ်ပေးပါနော်၊ ဟင့် ဟင့် ဟင့်"

ဒေါ်ဂုဏ်ရည်သင့် မရဲမရဲ တိုးလာပြီးပြောပြန်သည်။

"ငါက ဘာ ဘာ့ကို ဆုံးဖြတ်ပေးရမှာလဲ"

မေးသံနောက်မှာ အရှိန်အဝါထိပါးခံရတဲ့ အဖြစ်အတွက် ဝမ်းနည်းတာလည်းပါကာ ဒေါ်စောကေရီ ငိုသံပင်ပါနေသည်။





"ဟိုလေ"

"မပြောနဲ့သင့်သင့်၊ ငါ့အသည်း ကွဲနေပြီကွဲ့၊ ငါ့မြေးကြီး ရိုးရင်ဘတ်ကို စုံကန်ပြေးထွက်သွားမယ်လို့ ငါ ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ ကြည့်စမ်း"

ခုတော့ ဒေါ်စောကေရီ ပြောမထွက်တော့ပါ။

မြေးကြီးကို ရင်ဘတ်ထဲထည့်၊ ခံတွင်းထဲထည့် ငုံထားမတတ်ချစ်ခဲ့တဲ့ သူမနှလုံးသား။

ဒင်းက ဟိုမိန်းကလေးနဲ့ ပျော်မြူးနေချိန်မယ် မယ်မယ်နဲ့မြေးမိဘနှစ်ပါးဘယ်လောက် ကြေကွဲနေလဲဆိုတာ မငဲ့ညှာတာတဲ့ မြေးကြီး။

တွေးလေ တွေးလေ ဒေါ်စောကေရီ မျက်ရည်ပေါက်ပေါက်ကျလေ။

ဒီမျက်ရည်တွေကို အကျမခံပါဘူးလို့ စိတ်ကိုရုတ်ခြည်း တင်းပစ်၏။ မျက်နှာလေးကိုမော့လျှင် နံရံမှာချိတ်ထားတဲ့ ခင်ပွန်းသည်ဓာတ်ပုံကို တည့်တည့်မြင်လေသည်။

ထိုအခါ ဒေါ်စောကေရီ မျက်မှောင်ကုတ်လျက် စိုက်ကြည့်နေတဲ့ မျက်ဝန်းက ခင်ပွန်းသည်ဆီမှာ ငြိမ်လို့သွား၏။

မျက်လုံးကောင်းကောင်း နှာတံပေါ်ပေါ်နဲ့ ခန့်ညားနေသော



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်သူရိန်။ သားကြီး မျိုးမြင့်မြင့်ရဲ့ ဖေဖေ၊ မြေးကြီးရဲ့ ဘိုးဘိုးတော်

တည်တည်တံ့တံ့ မျက်နှာပေးနှင့် နှုတ်ခမ်းလေးဟဟ ပွင့်နေပုံက သူမကို စကားတွေပြောနေသည့်နှယ်။ ဓာတ်ပုံကို စိုက်ကြည့်လေ အတိတ်ကအရိပ်တွေ ကိုယ်ထင်ပြသလို မြင်ယောင်လာသလို ကြားယောင်လို့လည်း လာချေသည်။

"ဘာလုပ်ဖို့လဲ အစော"

"ဩော် ကိုကို့ပုံကို ရွှေစင်ရုပ်တုထုပြီး ညှိဆောင်မှာထားဖို့လေ"

"မလိုပါဘူးကွာ"

"ဘာပြောတယ် ကိုကို"

"အချိန်အခါနဲ့ ခေတ်ရေစီးကြောင်းအခြေအနေက ပြောင်းလဲနေတယ် မဟုတ်လား အစော၊ ကိုကို အဲဒီလောက်အရှိန်အဝါကြီးနဲ့ ဂုဏ်တင်တာကို မလိုလားတော့ဘူးကွ"

"မလိုလားလို့ ရမတဲ့လား။ ဒါ မျိုးရိုးရဲ့အစဉ်အလာလေ ကိုကို"

ဦးထက်သူရိန် မျက်နှာကို လွှဲပစ်လိုက်သည်က မနှစ်မြို့ဖွယ်အဲဒါကိုပဲ သူမ မကျေနပ်နိုင်။ အသားတဆတ်ဆတ်တုန်လာပြီး –

"ဒီမှာ ကိုကို၊ ဘယ်ခေတ် ဘယ်ကိုပြောင်းပြောင်း၊ ဘယ်အချိန်ဘယ်ကိုရွှေ့ရွှေ့ ရွှေပါရမီစံအိမ်ရဲ့အစဉ်အလာကို ကိုကို့လက်ထက်ကျအပျက်မခံနိုင်ဘူး၊ မိဘဘိုးဘွားတွေ ဆွေစဉ်အဆက်၊ မျိုးစဉ်အညွှန်





ခင်းလာတဲ့လမ်းစဉ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး နောင်မျိုးဆက်တွေအထိ လက်ဆင့်ကမ်းသယ်ဆောင်သွားဖို့က ကိုကို့မှာ တာဝန်ရှိတယ်၊ ဒီတာဝန်ကို ကိုကို ပျက်ကွက်လို့မရဘူး၊ ဟောဒီညှိဆောင်မှာ မျိုးဆက်တိုင်း လက်ဆင့်ကမ်း သယ်ဆောင်ထုလုပ်လာတဲ့ ရွှေစင်ရုပ်တုဟာ ကိုကို့လက်ထက်ကျမှ အတုံးခံလိုက်ရရင် မျိုးနွယ်အသိုင်းအဝိုင်းကြား အစောတို့ ဘယ်မျက်နှာနဲ့ ဂုဏ်ခံလို့ရတော့မလဲ"

"မရရင် မခံနဲ့ပေါ့ကွာ"

"မခံလို့ မရတဲ့လား၊ ဒါ မျိုးဆက်အစဉ်အလာရှင့်၊ ဟောဒီရွှေပါရမီစံအိမ်မျိုးရိုးရဲ့ လက်ရှိအရှင်သခင်ဟာ ဦးထက်သူရိန်ပါလားဆိုတာ အားလုံးသိစေရမယ်လေ၊ နောက်ဆို သူလိုကိုယ်လို ဆွေဂုဏ်မျိုးဂုဏ် အစဉ်အလာမဲ့တဲ့ လူသာမန်တွေရဲ့ညှိဆောင်လို ဖြစ်နေလိမ့်မယ် ကိုကို"

"ဖြစ်ဖြစ်ကွာ"

"ကိုကိုက ဖြစ်ဖြစ်ကွာလို့ လက်လွှတ်စပယ်ပြောတိုင်း အစောက လက်ခံရမတဲ့လား၊ ဝေးသေးတယ်ရှင့်"

ဦးထက်သူရိန် အံကြိတ်၏။ ဒေါ်စောကေရီ ရင်ကော့ထားလျက် ခေါင်းမော့ကာ ဆက်ပြော၏။

"အစောတို့၊ ကိုကိုတို့ မျိုးနွယ်ဟာ လူသာမန်လိုမဟုတ်ဘူး၊ အစဉ်အလာလမ်းရိုးအတိုင်း ဂုဏ်ခံပြီး ခေါင်းမော့ ရင်ကော့နေရတာ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ပြီး ဒီလိုပဲနေသွားရမှာပဲ''

''နေကွ နေ၊ မင်းနေချင်သလိုနေ ဒေါ်စောကေရို၊ အေး တစ်ခုတော့ရှိတယ်၊ ငါမသေမချင်း ငါ ဒီလိုပဲနေသွားမယ်၊ ငါသေရင်တော့ မင်းမက်တဲ့မျိုးရိုးအစဉ်လာအတိုင်း မင်းရုပ်ကိုမင်း ရွှေနဲ့မကလို့ စိန်တွေနဲ့ ခြယ်ခြယ်ပေါ့၊ ဟုတ်ပြီလား''

''ဒါကတော့ ကိုကိုသဘောလေ''

''အေး တစ်နေ့နေ့ တစ်ချိန်ချိန် မင်းမက်တဲ့မျိုးရိုးအစဉ်အလာကို လက်စတုံးဖျက်မယ့် မြေးတွေ, သားတွေပေါ်လာရင် ခံနိုင်ရည်ရှိအောင် မောင်းတင်ထားပေါ့''

''ဟွန်း အစောမသေသရွေ့ အစောကို ဘယ်သူကတွန်းလှန်လို့ရမလဲ၊ စောကေရိုတဲ့ မျိုးရိုးဂုဏ်အတွက် မာနကို ဘယ်တော့မှမချဘူး ဦးထက်သူရိန်''

''အဲဒီမာနကို မချသရွေ့ မင်းအသည်းထဲက မျက်ရည်ကျမယ့် တစ်နေ့ ကြုံကိုကြုံလာမယ်၊ အဲဒီနေ့ မင်း အသည်းကြွေအောင်ခံစားပေတော့''

''အဟင့်''

ဒေါ်စောကေရို တင်းထားတဲ့ကြားက မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလေသည်။

ကိုကိုစကားက ဆေးလိုပါပဲလား။





ထိုပြဿနာတွေ ဖြစ်ပြီး မကြာပါဘူး။ ခင်မွန်းသည် အရောင်ရောင်ရောဂါနဲ့ ကွယ်လွန်သည်။ ခင်မွန်းသည်ကွယ်လွန်တာနဲ့ သူမ မာနအတိုင်း ရွှေစင်ရုပ်တုထုပြီး ဖောဒီခြေသို့ခန်းမှာ ဂုဏ်ခံထားခဲ့တယ်လေ။

ခင်မွန်းသည်မရှိတဲ့နောက် ရွှေပါရမီစံအိမ်ရဲ့ဘုရင်မက သူမ။

ဖရွှယ်ရောက်လာတဲ့ သားကြီးကို မျိုးနွယ်တူစိန်းကလေးဖြစ်တဲ့ ဂုဏ်ရည်သင့်လေးနဲ့ လက်ဆက်ပေးခဲ့သည်။ သားကြီးက မြေးယောက်ျား ဦးဦးမျှားမျှား မွေးလာတော့ ဒေါ်စောကေရို လက်မှေမောင်းခတ်ကာ လက်မ ထောင်ထောင်နဲ့။

သူမ မရှိတော့ရင် မြေးကြီးက ရွှေပါရမီစံအိမ်ရဲ့ ဘုရင်တစ်ဆူအထူးကို ဆက်ခံရမှာလေ။

ခုတော့ -

ကိုကိုရယ် တမလွန်ဘဝကနေ အစောကို လှောင်ပြောင်နေမှာလား။ ပြောပါဦးကွယ်။

ဟစ်သက်သုံး မာနကို သရဖူဆောင်းပြီး ဘုရင်မ,လုပ်ခဲ့တဲ့ သူမ။ သူမရဲ့ရွှေစင်ရုပ်တုကို ငုံကြည့်မိတော့ သရော်ပြုံးနဲ့ တုံ့ပြန်နေသလိုပဲ။

မျိုးဆက်သရဖူကလည်း သူမကို မြွေနှယ် ပါးပြင်းထောင်ပြနေသည့်အလား မြင်ယောင်လာကာ -

''ကိုကို''



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းသည်ကို ရင်ထဲကအော်ဟစ်ခေါ်ရင်း –
ကိုကို့မြေးက ကိုကိုလိုပဲ ဖြစ်နေပါပကောလား။
အစောရင်ကွဲရပါပြီ။
ဟင့် ဟင့် ဟင့် ဒါပေမဲ့ –

✿ ✿ ✿



## အခန်း (၃၈)

"ဟယ် လှလိုက်တာကွယ်"

ပြိုးပြိုးပြက်ပြက် ရဲမှည့်နေသော ပတ္တမြားတစ်ဆင်စာကို ကြည့်ရင်း ရှီးအားရဝမ်းသာပြော၏။

မောင်က ရှီးပခုံးကို ဖွဖွဖက်၍ –

"ရှီး ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့ မောင်ရဲ့၊ ဒါပေမဲ့ အစစ်လား၊ အတုလားဟင်"

ရှီး ခွဲခွဲခြားခြားမသိပါ၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်းပဲ မေးတော့ မောင်က သဘောကျစွာရယ်သည်။ ရယ်ပြီး ရှီးနှဖူးလေးကို ချစ်စနိုးဖြင့် ပွတ်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"**အစစ်ပေါ့ ရှီးရဲ့**"

"**ဟင်**"

ရှီးမျက်လုံး ဝိုင်းသွားကာ ပတ္တမြားတစ်ဆင်စာကို ပြန်ကြည့်၏။ ဘူးလေးထဲမှာ ရဲမှည့်နေတဲ့ရတနာကို မတို့ရဲမထိရဲပါ။

ရှီး လက်ညှိုးလေးနဲ့ ထိုး၍ –

"အစစ်၊ ဟုတ်လား မောင်"

"ဟုတ်တယ်လေ အစစ်၊ ဘာဖြစ်လို့လဲ"

"ဒီအစစ်ကြီး ဘာလို့ငှားလာရတာလဲ မောင်ရယ်"

သိပ်ရိုးသား ဖြူစင်လွန်းတဲ့ ရှီးကို သူ့ချစ်စိတ်နဲ့အသည်းများယားကျိကျိ ဖြစ်လာသည်။

"ငှားလာတာမဟုတ်ဘူး ရှီးလေးရဲ့၊ ဝယ်လာတာ၊ ရှီးအတွက် မင်္ဂလာဦးလက်ဆောင်အဖြစ် မောင်ဝယ်ပေးတာ၊ ရှင်းပြီလား ချစ်လေးရဲ့"

"ဘုရားရေ၊ မောင်ဝယ်ပေးတာ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"မောင် အကုန်အကျတွေ တအားများနေမယ်လေ၊ ခုတောင် မင်္ဂလာဝတ်စုံဝယ်ရ, ညစာခံကျွေးမွေးဖို့, အိပ်ရာခမ်းနားအားလုံးအတွက် ပိုက်ဆံတွေ အများကြီးကုန်နေပြီလေ၊ ဒါကြီးပါ ထပ်ဝယ်လာတော့ မောင် အကြွေးတွေဝိုင်းနေမှာပေါ့လို့"





ရှီးက ကုန်ကျတာကို တွက်ချက်ရင်းပြောပြတော့ သူ မကြည်နူးဘဲ မနေနိုင်။ ရှီးဆံနွယ်လေးကို ယုယုယယ သပ်တင်ပေးရင် –

"ရှီး စိတ်မပူပါနဲ့၊ အကြွေးတင်ရင် ရှင်ဘုရင်ဆပ်မယ်လို့ သဘောထားလိုက်"

"အလို ရှင်ဘုရင်ဆပ်မယ်၊ ဘယ်က ရှင်ဘုရင်လဲ"

"ဒီမှာလေ"

သူ့ကိုယ်သူ လက်မနဲ့ထိုးပြကာ ရှီးကမျက်နှာလေး ရှုံ့တွကာ ရယ်လေပြီး –

"မောင်နော် ရှီးက ချင့်ချင့်ချိန်ချိန် ပြောနေတာပါ၊ မင်္ဂလာပွဲလေး လုလုပပပြီးသွားရင် ပြီးပြီပေါ့၊ ဒီလောက်ထိ မလိုဘူးလေ၊ ရှီးက အဲဒါတွေ မမက်ဘူး၊ ညစာခံပွဲမှာဆင်ဖို့ မိသက်နဲ့ အလှပြင်ဆိုင်က ဖွင့်ညှိတောင် ငှားထားပြီးလေ၊ ရှီးကြောင့် မောင်ရုန်းကန်ပြီး အကြွေးဆောင်ပုံရာပုံဆပ်ရမှာကို ရှီး မကြည့်ရက်ဘူး၊ ရှီးအတွက် ပတ္တမြားစစ်စစ်မပေးလည်း ရှီးကျေနပ်ပါတယ်၊ ဒါကြီး ဆိုင်ပြန်သွင်းလိုက်နော် မောင်နော်"

"ရှီးက သိပ်ပြီးပူပန်တာပဲကွာ"

"ပူပန်ရတာပေါ့၊ မင်္ဂလာဦးမှာ အကြွေးတွေဝိုင်းသွားရင် မောင်ရော ရှီးပဲစိတ်ဆင်းရဲရမှာ"

"စိတ်ချပါ၊ ရှီး စိတ်မဆင်းရဲစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း စိတ်မဆင်းရဲရပါဘူးတဲ့၊ ဟုတ်ရဲ့လား၊ ဒါကြီးဝယ်လာတာ မောင့်သူငယ်ချင်းတွေဆီက ပိုက်ဆံချေးပြီးတော့ မဟုတ်လား"

"အဲလိုလည်း မဟုတ်ပါဘူးကွ၊ ရိုး စိတ်မပူပါနဲ့၊ ရိုးလေး ပူပင်သောကများရအောင် မောင်မလုပ်ပါဘူး၊ ဒါက ငွေချေးပြီးဝယ်ထားတာ မဟုတ်ဘူး၊ ရိုးကိုချစ်မိလာတည်းက ရိုးအတွက်ရည်ရွယ်ပြီး ပန်းတိမ်မှာ ငွေပေးပြီးအပ်ထားတာ ကြာပြီးလေ၊ အခုမှ ပန်းတိမ်က လာယူလို့ ပြောတာနဲ့ သွားယူလာတာ၊ မောင်နဲ့ရိုးရဲ့ မင်္ဂလာဦးအထိမ်းအမှတ်ဖြစ်သွားတဲ့သဘောပေါ့"

မောင်က ရှင်းပြသလို ပြောလေသည်။

"ရိုး မငြင်းရဘူးနော်"

"မောင်ရယ်"

ရိုး ဘယ်လိုငြင်းရက်တော့မှာလဲ။ ဖြိုးဖြက်တောက်ပနေတဲ့ ပတ္တမြားလိုပဲ မောင့်အချစ်တွေ တောက်ပနေတယ် မဟုတ်လား။ မောင်က ကတ္တီပါဘူးလေး ဖွင့်ပိတ်၍ ရိုးလက်ထဲ ထည့်ပေး၏။

ရိုး ဝမ်းသာတုန်ယင်စွာ ဆုပ်ကိုင်၍ –

"ရိုးကလေ မောင့်ကို ခုလို ရတနာတွေ့ဘာတွေလည်း လက်ဆောင်မပေးနိုင်ဘူး"

"ဘာဖြစ်လို့"

"ရိုးမှာမှ ပိုက်ဆံအများကြီးမရှိတာ၊ မောင့်ဖို့ ရွှေလက်စွပ်လေး





တစ်ကွင်းတောင် ရိုးက ပြန်ပြီး လက်ဆောင်မပေးနိုင်ဘူးလေ"

"ဒါပေမဲ့ ပေးနိုင်တာ တစ်ခုရှိတယ်"

"ဘာလဲ ပြောလေ၊ ရိုးမှာရှိတာဆို ရိုး ချက်ချင်းပေးမယ်"

"တကယ်လား"

ရိုး မျက်စောင်းလှလှလေး ချစ်စဖွယ်ထိုးတော့ မောင့်ကမျက်နှာလေးမော့ကာ ရယ်လေသည်။ ရယ်တာမရပ်သေးဘဲ၊ ရိုးကို ပွေ့ဖက်၏။ ရိုးလည်း မောင့်ရင်ခွင်ထဲ ခိုဝင်လျက် –

"တကယ်ပေါ့ မောင်ရဲ့"

"တကယ်ဆိုရင်"

မောင်ကပြောရင် ရိုးပခုံးနှစ်ဖက်ကို ဖွဖွကိုင်၍ မောင့်ရင်ခွင်ထဲက ဆွဲခွာပြီး မျက်နှာချင်းဆိုင်သည်။ ပြီးတော့ မောင့်နှုတ်ခမ်းလေး စူချွန်ပြကာ အနမ်းလေးပေးပါလို့ ချစ်မျက်ဝန်းက အသံတိတ်ပြောလေသည်။ ရိုးမျက်နှာ နူးညံ့ပျော်ဝင်သွားသလို ရှက်လည်းရှက်ပြီး –

"မောင်က မဟုတ်က ဟုတ်က"

"ဘာလို့ မဟုတ်ရမှာလဲ၊ ရိုးပေးမယ့်အနမ်းက မောင့်အတွက် ဟောဒီပတ္တမြားတစ်ဆင်ဆာမက ကမ္ဘာလောကကြီးထက် တန်ဖိုးကြီးတယ်၊ ကဲပါ ပေးစမ်းပါ"

မောင်က ပြောရင်းဆိုရင်း ပါးပြင်ထိုးပေး၏။ ပါးမွေးရာတွေနဲ့ ယောက်ျားပီသသော မောင့်ပါးပြင်စိမ်းစိမ်းလေးကို အနီးကပ်မြင်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ရိုးနှုတ်ခမ်းလွှာလေက ဘယ်ကဘယ်လို စရမှန်းမသိဖြစ်ကာ။

မောင်ကသာ ရိုးပါးကို မွှေးနေကျ။ ခုမှ မောင်က ရိုးကို မွှေးမွှေးပေးနိုင်းလာတော့ ရိုး ရင်တွေခုန်ကာ ချစ်စိတ်ကြောင့် တုန်တကြွကြွ။ ပွင့်ဟဟဖြစ်နေသော ရိုးနှုတ်ခမ်းလွှာလေး မရဲတရဲနှင့် မောင့်ပါးကို မွှေးမွှေးပေးဖို့ ရှေ့တိုးမိ၏။ ထိုအခိုက် –

''ဟား ဟား ဟား''

''ဟေ့ ငါတို့လာနေပြီကွ''

ရယ်သံတွေနဲ့ သူငယ်ချင်းဖော်ဝဏ္ဏပြောသံနောက်မှာ သူ့ပါးပြင်မှာ ချစ်သူနှုတ်ခမ်းလေး ပန်ဆင်ခွင့်မရတော့ပါ။ မောင့်သူငယ်ချင်းနှစ်ယောက်နောက်က ဝင်းသိုက်ပါ ရယ်ပြီးပါလာတော့ ရိုးမျက်နှာလေး ပတ္တမြားလိုရဲမှည့်ကာ ရှက်ရှက်နဲ့ ရင်ခွင်ထဲမှ ရုန်းထွက်ရှောင်ပြေးသွားတဲ့ ရိုးလေးကို ဆွဲထားချိန်မရလေသည်။

ကျွတ် နတ်ဆိုးတွေ။

သူ ကျိန်ဆဲတော့ သူငယ်ချင်းနှစ်ယောက် လက်ခုပ်လက်ဝါးတီးသလို ကရော်ကရော်လုပ်၏။ ဝင်းသိုက်က မျက်နှာပူပူနဲ့ပဲ ရယ်သည်။ သူငယ်ချင်းတွေဆိုတာကတော့ ဒီလိုပါပဲ။ ဘာရယ်မဟုတ်သော်လည်း သူ့ရင်မှာ ခံခက်ခက်ကြီး ဖြစ်သွားသည်။

နေနှင့်ဦး၊ မင်းတို့ကောင်တွေ အလှည့်ကျမှ ကြိမ်းကာ။



BURMESE CLASSIC .com

အခန်း (၁၉)

ပန်းနုသွေးရောင် ချိတ်ဝမ်းဆက်လေး ဝတ်လိုက်တော့ ရိုးအလှလေးက ဖူးတဲ့နေရာဖူး၊ ကြွတဲ့နေရာကြွနဲ့ တအားကြည့်ကောင်းနေသည်။

ဆံပင်ရှည်တွေကို နောက်မှာသိမ်းစု၍ နောက်တွဲလေးထုံးဖွဲ့ထားသဖြင့် ပတ္တမြားဆွဲကြိုး ဆင်ထားသည်။ လည်တိုင်ဖွေးဖွေးမှာ ထင်းဝင်းလျက်။

မာမိုး စိတ်တိုင်းကျပြင်ဆင်ပေးနေတဲ့ ရိုးကိုကြည့်ရင်း မိသက်ပင် အားကျချင်ချင်ဖြစ်လာသည်။

ဟုတ်တယ်လေ။

မိသက်လည်း မိန်းကလေးပဲ။ ချစ်သူနဲ့လက်တွဲပြီး မင်္ဂလာပဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရင် ခုလိုပဲ အလှုပြင်ရမှာမဟုတ်လား။

အဲ၊ မိသက်တာသာ တွေးမိရင်း တစ်ကိုယ်တည်းရှက်သွားသလို ရင်လည်းခုန်လာသည်။

မာမီစိုးက ရိုးနှုတ်ခမ်းလေးကို ပန်းသွေးရောင်ရင့် ဒိုသွားအောင် စုတ်တံလေးနဲ့ ဆေးဆိုးပေးလို့ကောင်းနေသေးသည်။

ထိုအခိုက် ဝင်းသိုက်က သတင်းစာတစ်စောင်ကိုင်ပြီး ရောက်လာသည်။

"ရိုး ဒီမှာကြည့်ဦး"

ဒီနေ့ထုတ် ကြေးမုံသတင်းစာ နောက်ဆုံးရဲ့ တတိယစာမျက်နှာကို ထိုးပြသည်။ နှုတ်ခမ်း ဆေးဆိုးနေရင်းတန်းလန်း ရိုးက ကြည့်သည်။

မိသက်လည်း စိတ်ဝင်တစားကြည့်လျှင် ဟင့်ခနဲဖြစ်လေသည်။ စာမျက်နှာလုံးပြည့်ကြော်ငြာထားတဲ့ စာလုံးတွေ –

မြေးကြီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ပန်းခရေလမ်း၊ ရွှေပါရမီစံအိမ်နေ ဒေါ်စောကေရီ၏ မြေးကြီးဖြစ်သော မောင်မျိုးဆက်သွေးသည် ရွှေပါရမီစံအိမ်၏ မျိုးရိုးစဉ်လာကို ချိုးဖောက်သွားပါသဖြင့် ရွှေပါရမီစံအိမ်၏ အမွေခံထိုက်သော မြေးကြီးအဖြစ်မှ သေတစ်ပန်သက်တစ်ဆုံး စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။





ငှင်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်မယူ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်။

ဒေါ်စောကေရီ (မယ်မယ်)

ရွှေပါရမီစံအိမ်

"ဟင်"

ကြေငြာလေးဖတ်ပြီးတော့ ရိုးရင်မှာ မောလျှသွားသည်။ မောင့်အတွက်လည်း ရင်ထဲမှာ မကောင်းဖြစ်မိကာ –

"ရိုးရေ ပြင်လို့ပြီးပြီလား"

မေးသံရှင်ရှင်လေးနဲ့အတူ ဖျူတီပါလာထဲ လှမ်းလာတဲ့မောင်ရယ်။ ပန်းနုသွေးရောင် မြန်မာဝတ်စုံနဲ့ ကျက်သရေရှိနေရှာတဲ့ မောင့်ကို ရိုး ငေးမကြည့်အား၊ ဝင်းသိုက်လက်ထဲက သတင်းစာကို ရိုးဆွဲယူပြီး

"ဒီမှာ ကြည့်ပါဦး မောင်"

ဟု အလောတကြီးပြလေသည်။

"ဘာလဲ ရိုးလေး"

မောင်မေးလျှင် ရိုးသတင်းစာကြော်ငြာကို ဖြစ်လေသည်။ မောင်ကဖတ်ကြည့်ရင်း မျက်နှာရောင်မပြောင်းလဲ။ ကြိုတင်သိထားနှင့်သလိုနှင့် –

"ဘာများလဲလို့ ရိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



''မောင် ဝမ်းနည်းနေမလားလို့''

ရှိုးကိုစိုက်ကြည့်၍ မောင်ပြုံး၏။

မောင့်အပြုံးက နေရောင်ခြည်လို နွေးထွေးကာ ရှိုးလက်ထဲက သတင်းစာကို မောင်ဆွဲယူလေသည်။

သူငယ်ချင်းအားလုံးက သူ ဘာလုပ်မလဲဆိုတာပဲ အသက်မရှူ စတမ်း ငေးကြည့်နေလျှင် သူဆွဲယူထားတဲ့ သတင်းစာကို ဖွင့်ထားတဲ့ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်လွှင့်ပစ်၏။

''ဟင်''

အားလုံးမျက်ဝန်းမှာ ဝမ်းသာစွာ ကျယ်ပြောသွားလေသည်။ မောင်က ရှိုးလက်ဖျားလေးကို တယုတယဆွဲယူပြီး -

''မိုးကောင်းကင်ကြီးအောက်မှာ မောင် အလိုချင်ဆုံးနဲ့ အမက် မောဆုံးက ရှိုးရဲ့အချစ်ကိုပဲ၊ တခြားဘာမှမလိုဘူး၊''

''မောင်ရယ်''

ရှိုးနှလုံးသားမှာ ကြည်နူးမှုတ်သိပ်သွားကာ ဝမ်းသာလွန်းလို့ ရင်ခုန်မျက်ရည်များပင် ဝေ့လေသည်။

''ကျေးဇူးပဲ မျိုးဆက်သွေး''

ဝင်းသိုက်က သူ့ပန်းကို ခွန်အားအပြည့်နဲ့ ယုံကြည်စွာဆုပ်ကိုင်၍ ပြောကာ -

''ကဲ မင်းတို့စုံတွဲ လိုက်ခဲ့ပေတော့''





ဝင်းသိုက်ပြောပြီး ယုံကြည်စိတ်ချ ရှောင်ထွက်သွားလေသည်။

''မာမီစိုးရေ ပြီးပြီလား''

''လက်စသတ်ဖို့ ကျန်သေးတယ်''

''မြန်မြန်လက်စသတ်မှ''

မောင်ပြောရင်း ရှိုးကို မာမီစိုးလက်ထဲ ပြန်အပ်သည်။ မာမီစိုးက နှုတ်ခမ်းနီဆိုးပြီးတော့ ဇာပဝါလေးခြုံပေးကာ လက်ကိုင်ပန်းစည်းလေးပါ ခနစ်တကျပြင်သည်။

အချစ်ကြောင့် အစွမ်းကုန်လှပဝင့်ကြွနေတဲ့ သတို့သမီးလေးကို ကြည့်ရင်းသူ့ရင်ခုန်သံ မြန်ပါ၏။

''ကဲ သတို့သားလောင်း ပြီးပါပြီတော်၊ ဟောဒီ သတို့သမီး လက်ကို ချိတ်ပေတော့''

မာမီစိုးက ရှိုးလက်တစ်ဖက်ကို ဆွဲယူ၍ မောင့်လက်မောင်းမှာ ချိတ်ဆက်ပေးလေသည်။

နူးညံ့ယောက်သား လက်ချင်းတွဲချိတ်မိလျှင် နှလုံးသားမှာ အချစ် ခွန်အားတို့ ပြည့်လျှမ်းလေသည်။ ခံစားချက်တူတဲ့ မျက်ဝန်းနဲ့ အပြန် အလှန်စိုက်ကြည့်မိနေစဉ် -

''ကဲ မင်္ဂလာစုံတွဲလေး နောက်မှအကြည်စိုက်ကြ ဧည့်သည်တွေ ရောက်နေပြီ၊ မြန်မြန်လာ''

ရောင်စုံပဲကြီးလှလှလေးတွေနဲ့ အလှခြယ်ထားတဲ့ အဖြူရောင်



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာကားမောင်းသူနေရာမှ စစ်ညီလှမ်းပြောလေသည်။ ထိုအခါ ချစ်သူနှစ်ယောက် ပြုံးကာ အကြည့်တွေကို ခေတ္တရုပ်သိမ်းလေသည်။

မင်္ဂလာကားပေါ် သတို့သမီးလေးကို တယုတယတင်ရင်း ညည်းပွဲရှိရာ ကြီးမေရဲ့အိမ်ဝိုင်းလေးဆီ ဦးတည်လို့သွားလျှင် မိသက်ရင်မှာ ကြည်နူးမြူးကြွလို့ သွားလေသည်။

နှလုံးသားအတွက် အချစ်ဆိုတဲ့ ရင်ခုန်အာဟာရရယ်။

ဘဝအတွက် ချစ်သူလက်တစ်ဖက်ကို ယုံကြည်စွာ ဆုပ်ကိုင်သွားဖို့ရယ်။

ဒါမှလည်း လှပစွဲငြိဖွယ်ကောင်းတဲ့ သက်တံရောင်ခြယ်ဘဝကို ဘိသိက်ခံခွင့်ရမယ် မဟုတ်လား ချစ်သူများရယ်။

BURMESE CLASSIC .com

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး
အမှတ် ၄၅ (6-A)၊
ဦးလွန်းလမ်း၊ အရှေ့ကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၄၉၈၀၅၇၁၀, ၀၉၇၃၂၀၆၁၉၂

www.burmeseclassic.com